

www.burmeseclassic.com
တက္ကသိုလ်
တင်မြင့်
ပန်းချစ်သည့်ဂာ
တစ်ပွင့်တည်း
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ် တင်မြင့်

# ပန်ချင်တာက တစ်ပွင့်တည်း

စာမူခွင့်ပြုချက်အမှတ်

၅၀၀၃၅၆၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၃၉၇၀၅၁၂

၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉) ၁၃-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

တက္ကသိုလ်တင်မြင့် ၈၉၅. ၈၃

ပန်ချင်တာက တစ်ပွင့်တည်း၊ တက္ကသိုလ်တင်မြင့်၊ရန်ကုန်။

စေတနာစာပေ၊ ၂၀၁၁

၃၁၂-စာ၊ ၁၂×၁၈ စင်တီ

(၁) ပန်ချင်တာက တစ်ပွင့်တည်း။

8 - JUL 2012

www.burmeseclassic.com

www.burmeseclassic.com







# တက္ကသိုလ် တင်မြင့်




စီစဉ်သူ


မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## အခန်း(၁)

"ဟိုဘက်ခြံက တိုက်အိမ်ကြီးက လူမနေဘူးလား မောင်စိန်၊ အရင်တစ်ခေါက်လာပြီး အလုပ်လက်ခံတုန်းကလည်း ပိတ်ထားတာပဲတွေ့တယ်"

"ဟုတ်ကဲ့ ဆရာကြီး၊ လူမနေပါဘူး၊ နေရဲတဲ့လူလည်း အဲဒီကမ္ဘာမှာ ရှိမှာမဟုတ်ဘူး"

"ဟော ... ဘာလို့"

ဦးသင်းမောင်သည် ဌာနဆိုင်ရာအရာရှိအဖြစ် ဤမြို့သို့ ပြောင်းရွှေ့ခဲ့သည်။

ပထမ ဦးသင်းမောင်တစ်ယောက်တည်း လာခဲ့သည်။ လက်ရှိအရာရှိနှင့် အလုပ်လွှဲပြောင်းရသည်။ အလုပ်လွှဲပြောင်းချိန် သီတင်းတစ်ပတ်အတွင်း မိမိ၏မိသားစု ပြောင်းရွှေ့နေထိုင်ရန် သီးသန့်အိမ်ငှားရသည်။ ပထမအရာရှိတုန်းကတော့ ရုံးဖွင့်ထားရာ တိုက်ကြီး၏အပေါ်ထပ်မှာနေသည်။

ဦးသင်းမောင်က ရုံးနှင့်အိမ် ဒွန်တွဲနေခြင်းကို မနှစ်သက်။ မိမိတွင် သမီးပျိုရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီး ရွှေစင်က ငယ်သေးသည်။ ခုမှ (၁၈)နှစ်ပြည့်ရန် (၄)လလိုသေးသည်။

သမီးရွှေစင်လေး လှသလား မမေးနှင့်။

မွေးကင်းစကတည်းက သူ၏ အသားရောင်လေးက ဖြူ မှက ဝင်းနေသည်။

ထို့ကြောင့် နေ့သင့်နံသင့်တွေ၊ ဗေဒင်ဆရာမေး၊ တွက်ချက်ပေးတဲ့နာမည်တွေကို မစဉ်းစားတော့ဘဲ သမီးလေးကို ရွှေစင်ဟုပင်ခေါ်ခဲ့သည်။

ကလေးဘဝက ရွှေစင်လှပသည်မှာ ကော်ပတ်ရုပ်လေးလို လှသည်ဆိုပါစို့။

အပျိုမလေးဖြစ်လာတော့ ရွှေစင်လှသည်မှာ မျက်နှာလေးသာမကတော့၊ လက်ရာမြောက်ပန်းပုဆရာ၏ ဆောက်ပြားလေးတွေ၊ ဆောက်လုံးလေးတွေနှင့် စိတ်ကြိုက်ထုထားသော ပန်းပုရုပ်လို ကိုယ်ခန္ဓာအချိုးအဆစ်၊ အစို့အပို့လေးတွေက ပြေပြစ်ကြော့ရှင်းလှသည်။

အဲ ... ရွှေစင်လေး ဆိုးသလားလည်း မမေးနှင့်။ ဆိုးမှဆိုး။

တစ်ဦးတည်းသော သမီးလေးမို့ အလိုလိုက်သမျှ ရွှေစင်သည် ဘာကိုမျှ မကြောက်တတ်တော့။

အချို့မိန်းကလေးတွေ သရဲကြောက်သည်။ ရွှေစင် သရဲမကြောက်၊ တစ္ဆေမကြောက်။

များသောအားဖြင့် မိန်းကလေးတွေသည် ကြွက်ကို ကြောက်သည်။ ကြွက်နှင့်တွေ့လျှင် ငယ်သံပါအောင် အော်တတ်ကြသည်။ ရွှေစင်က ကြွက်တွေ့လျှင် ကြွက်ကိုမိအောင် ဖိကုတ်ဖမ်းသည်။



မိလည်း မိတတ်သည်။ သုံးခါဖမ်းလျှင် နှစ်ခါကိုပင်မိအောင် ရွှေစင် ဖမ်းနိုင်သည်။

ကြွက်ဆိုသည့်ကောင်သည် အလွန်လျင်မြန်သော အကောင်ဖြစ်သည်။ ရွှေစင်က ကြွက်ထက်ပင် လျင်သေးပါ၏။

မာလကာပင်၊ သရက်ပင်၊ မန်ကျည်းပင် တက်ရမလား။ ရွှေစင်တက်သည်။ ချိုချိုချဉ်ချဉ်လေး မန်ကျည်းကြက်ဆူဆိုလျှင် ရွှေစင် အရမ်းကြိုက်သည်။

သစ်ပင်တက်တက်၊ မတက်တက် အောက်ခံပင်တီနိုင်လွန်ဘောင်းဘီလေးတော့ ဝတ်ထားသည်ပေါ့။ သို့သော် အောက်မှမော့ကြည့်လျှင် အမြင်မတော်လေးတွေ ဖြစ်ရသည်။ ဒီကြားထဲ သမီးရွှေစင်လေးသည် ကားပေါ်တက်တက်၊ လှေကားတက်တက် လွှားနဲ့လွှားနဲ့ ခြေသလုံးပေါ် ဒူးဆစ်ပေါ်လေးတွေ ဖြစ်တတ်သည်။

မေမေဒေါ်ချိုမာက သမီးလေး ရွှေစင်ကို မဆုံးမ၍လားဟု မေးစရာဖြစ်လာသည်။

တိုးတိုးတစ်လှည့်၊ ကျယ်ကျယ်တစ်လှည့်၊ ကြိမ်းမောင်းလိုက် ချော့လိုက်ဖြင့် အခါမလပ်ဆုံးမပါ၏။

သို့တစေ ဂျစ်တူးမလေးရွှေစင်သည် ဆုံးမတုန်းတစ်ခဏသာ ဆင်ခြင်သည်။ ပြီး နဂိုပုံစံပင် ပြန်ဖြစ်သွားသည်။ ငယ်စဉ်ကတည်းက အလိုလိုက်ခဲ့သဖြင့် အကျင့်ကို ဖြုန်းခနဲ ဖျောက်၍မရခြင်းဖြစ်ပေမည်။ မနာခံသည်မျိုးမဟုတ်၊ ဖြုန်းခနဲ မေ့မေ့လျော့လျော့ လွှားလိုက်မိခြင်း၊ ခုန်လိုက်မိခြင်းသာဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အဲ ... ရွှေစင်ကို ကျောင်းက ဆရာ ဆရာမတွေက အစ ကျောင်းသူကျောင်းသားအားလုံး ရိုးမွမ်းကြသည်လည်းရှိသည်။ ကျောင်းစပို့(ကစားပွဲ)ဆိုလျှင် ရွှေစင်က ပြိုင်ပွဲဝင်သမျှ ပထမ၊ ဒုတိယချိတ်သည်ချည်းပင်။ ကျောင်းပေါင်းစုံ ပြေး၊ ခုန်၊ ပစ် ပြိုင်ပွဲလုပ်ပြီဆိုလျှင် ရွှေစင့်ကြောင့် ကျောင်းဂုဏ်တက်ရသည်။

နောက်တစ်ခု ရွှေစင်သည် အပျိုချောလေးဆိုပြီး မေတ္တာစကားပြောတာတွေ၊ မေတ္တာစာပေးတာတွေ သွားမလုပ်လေနှင့်။ ပထမဆရာ၊ ဆရာမတွေကို တိုင်သည်။ ဒါမှ နောက်ထပ်ကဲလာလျှင် ရွှေစင်က ထီးနှင့်ရိုက်၊ ဖိနပ်နှင့်ရိုက်အထိ စွာသည်။

ရုပ်ရော၊ ကိုယ်လုံးလေးရော သိပ်လှသည့် ရွှေစင်က ယခုလို ကျောင်းနေစဉ် အပိုဆာဒါးစိတ်တွေ မထားသောအခါ အခြားတော်ရုံမိန်းကလေးတွေ ချစ်သူမထားရဲ၊ ရည်းစားမထားရဲဖြစ်ရသည်။ ဆရာတွေ ဆရာမတွေကလည်း ကျောင်းသူ အပျိုလေးတွေကို ဆုံးစကားဆိုလျှင် ရွှေစင်ကို နမူနာထား၍ ဆုံးမတတ်သည်။

ယခုလည်း မိသားစုအားလုံး ပြောင်းလာကြပြီး ပရိဘောဂများ နေရာချထားရာတွင် ရုံးလုလင် မောင်စိန်က ဆရာသမားအတွက် အလုပ်သမားစီစဉ်ပေးခြင်း၊ ပရိဘောဂများ နေရာချထားရာတွင် ကြပ်မတ်ပေးခြင်းများ ပြုလုပ်ပြီးစီး၍ အနားယူနေစဉ် ဆရာဦးသင်းမောင်က မိသားစုနေကြရမည့် မိမိအိမ် ပတ်ဝန်းကျင်အကြောင်း မေးခြင်းဖြစ်ပါ၏။

ယခုပြောနေသော ဟိုဘက်ခြံဆိုသည်မှာ ခြေရင်းဘက်မှ အမြဲတံခါးပိတ်ထားသော ခြံအကြောင်းဖြစ်ပါ၏။



"ပြောပါဦးကွ၊ ဘာလို့ လူမနေရဲတာလဲ"

မောင်စိန်က အနီးတွင်ထိုင်နားထောင်နေသော ရွှေစင်ကို တစ်ချက်ကြည့်သည်။ မိခင်ဒေါ်ချိုမာက ထမင်းစားခန်းတွင် ရေခဲသေတ္တာချဖို့ နေရာရွေးနေသဖြင့် စကားဝိုင်းနှင့် ဝေးနေသည်။

"ဆရာ့သမီးလေး ကြောက်လိမ့်မယ် ဆရာ"

"ဟာ ... ပြော မောင်စိန်၊ ငါ့သမီးက မွေးကတည်းက နဂါးမကြောက်၊ ဂဠုန်မကြောက်တဲ့သမီးကွ"

"ဒါဆို အဲဒီခြေရင်းခြံက တိုက်အိမ်ဟာ သိပ်သရဲခြောက်တယ် ဆရာ"

"ယော"

"ဒါပေမဲ့ မပူနဲ့ဆရာ၊ သူခြောက်ပုံက သူ့အိမ်နဲ့ သူ့ခြံထဲမှာသာခြောက်တာ၊ လမ်းထွက်မခြောက်ဘူး၊ ခြံကူးပြီးမခြောက်ဘူး၊ အဲ ... အချိန်မတော် သူ့ခြံထဲဝင်ရင်တော့ တီးထည့်လိုက်တာပဲ ဆရာ"

"ဟ ... ဘယ်လိုတီးတာလဲကွ"

"လက်ဝါးကြီးနဲ့ရိုက်တာ ဆရာ၊ ဟုတ်တယ် ... လက်ဝါးကြီးနဲ့"

"လက်တွေ့အရိုက်ခံရတဲ့လူ ရှိဖူးလို့လားကွာ"

"နှစ်ယောက်တောင်ရှိပြီ ဆရာ၊ ပထမကောင်လေးက ချာလီတဲ့"

"ချာလီ ... ဟုတ်လား၊ အနောက်တိုင်းနာမည်ပါလား"

"ဟုတ်တယ် ဆရာ၊ ခရစ်ယာန်ဘာသာဝင်[illegible]ဂ်လို၊ အင်ဒီးယန်း ကပြားလေးပဲ၊ တစ္ဆေမယုံ၊ [illegible]ရှိမယုံလူစားလေး၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့လူငယ်သူငယ်ချင်းသုံးယောက် အလောင်းအစားလုပ်ပြီး ညသန်းခေါင်ကို ချာလီက ခြံထဲဝင်တာလေ၊ ကျန်တဲ့နှစ်ယောက်က ခြံပြင်မှာ စောင့်နေတယ်၊ သက်သေအဖြစ် ခြံထဲကမာလကာပင်က မာလကာသီး ခူးခဲ့ရမယ်တဲ့"

"သူ့ခြံထဲမှာ မာလကာသီး ရှိလို့လား"

ရွှေစင်က ဝင်မေးသည်။

"ဟာ ... ပြွတ်နေတာပဲ၊ မာလကာပင်မှ သုံးပင်တောင်ရှိတယ်၊ သီးလိုက်တာလည်း ရာသီမရွေးသီးတယ်၊ သီးတဲ့အသီးကျတော့လည်း ကောင်းသလားမမေးနဲ့၊ ပန်းသီးကျနေတာပဲ၊ တကယ်ပြောတာ၊ အစေ့နည်းပြီး အသားတွေချည်းပဲ၊ ချိုမှချို"

"မင်းစားဖူးလို့လား၊ ခြံထဲ မင်းဝင်ရဲလို့လား"

"ဘကြီးဖိုးမှီ ရှိတုန်းကတော့ ကျွန်တော်တို့ ဝင်ထွက်ပြီး မာလကာသီး တောင်းစားနေတာပဲ ဆရာ၊ အဲဒီတိုက်နဲ့ခြံက ဘကြီးဖိုးမှီ ပိုင်တာကိုး"

"အဲဒီ ဘကြီးဖိုးမှီက အခု ဘယ်ရောက်သွားလို့လဲ မောင်စိန်"

"မကြာခင်က ဆုံးသွားတယ် ဆရာ၊ တချို့ပြောတော့ ဘကြီးဖိုးမှီဟာ သူ့ခြံနဲ့သူ့တိုက်ကို စွဲလမ်းပြီး သရဲဖြစ်နေတာလို့လည်း ပြောကြရဲ့"

"ဘကြီးဖိုးမှီ သေပြီးတဲ့နောက် ဒီတိုက်နဲ့ခြံကို အမွေဆက်ခံမယ့်သူ မရှိဘူးလားကွာ"



"ရှိတယ် ဆရာ၊ ဘကြီးဖိုးမှီမှာ သားတစ်ယောက်ရှိတယ်၊ စစ်တပ်မှာ၊ တပ်ကြပ်ကြီးဖြစ်နေတယ်၊ ဘကြီးဖိုးမှီ ဆုံးတော့ ရောက်လာတယ်၊ ခွင့်ကြာကြာမရလို့ ရက်လည်ဆွမ်းကျွေးပြီးတာနဲ့ အိမ်ကိုသော့ခတ်ပြီး ပြန်သွားတာပဲ ဆရာ"

"အဲဒီတပ်ကြပ်ကြီးကိုကော မင်း မသိဘူးလား မောင်စိန်"

"မသိဘူး ဆရာ၊ သူက ဒီမြို့ကို ဘကြီးဖိုးမှီဆုံးတုန်းက တစ်ခေါက်ပဲ လာဖူးတာ"

"အင်း ... သရဲခြောက်တာ ဆက်ပြောပါဦး၊ ချာလီ ဘယ်လိုဖြစ်သွားသလဲ"

"ဟုတ်ကဲ့ ဆရာ၊ ခြံထဲကို ချာလီဝင်သွားပြီး ဆယ်မိနစ်လောက်ကြာတယ်၊ အောင်မယ်လေးဗျ၊ ကြောက်ပါပြီဗျနဲ့ ချာလီ ငယ်သံပါအောင်အော်ပြီး ခြံထဲကထွက်ပြေးလာတာ၊ ခြံပြင်ဘက်လည်းရောက်ရော ဗုန်းဆိုလဲပြီး သတိမေ့သွားတယ်၊ သူ့သူငယ်ချင်းတွေက အတင်းချီပြီး သူ့အိမ်ပို့ပေးတယ်၊ သူ့အိမ်က ချာလီကို ညတွင်းချင်း ဆေးရုံတင်တယ်၊ ချာလီ့ပါးမှာ လက်ငါးချောင်းရာကြီး နီရဲပြီးကျန်ခဲ့တယ်၊ ဆရာဝန်ကပြောတယ်၊ ချာလီက ပါးအရိုက်ခံရတဲ့လက်ဝါးဒဏ်ကြောင့် သတိမေ့တာမဟုတ်ဘူးတဲ့၊ အကြောက်လွန်ပြီး သတိမေ့သွားတာတဲ့၊ ချာလီသတိရတော့ ခြံထဲမှာ ဘယ်လိုဖြစ်လာသလဲလို့ မေးကြတယ်၊ ချာလီက မျက်လုံးပြူးနဲ့ လက်ဝါးကာပြပြီး ဟာ ... သိပ်ကြောက်ဖို့ကောင်းတယ်၊ သရဲက မည်းမည်းကြီး၊ သူ့ကုပ်ကိုကိုင်ပြီး မိုးပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထိမြှောက်တယ်၊ မြေကြီးပေါ်ပစ်ချတယ်၊ ပြီးမှ ပါးရိုက်တယ်တဲ့ ဆရာ"

"အင်း ... ကြောက်စရာပဲ၊ တော်တော်ကြမ်းသားပဲ"

"ဟုတ်တယ် ဆရာ၊ တော်တော်ကြမ်းတယ်၊ သူခိုးပေသီး သူခိုးဘဝက ကျွတ်သွားအောင်ကို ကြမ်းတာ"

"ပြောပါဦး၊ သူခိုးပေသီးက ဘယ်လိုဖြစ်ပြန်လဲ"

"ကိုပေသီးဆိုတဲ့ သူခိုးလေ၊ ဘကြီးဖိုးမှိုဆုံးသွားပြီး တစ်ဂလောက်အကြာမှာ ဒီအိမ်ကြီးကို အဝင်ရချောင်ရဲ့ဆိုပြီး ဝင်ခိုးတာ၊ ညဉ့်နက်သန်းခေါင်ကျော်ကြီး၊ အောင်မယ်လေး ဗျ သေပါပြီဗျ၊ ကယ်ကြပါဦး၊ သရဲကြီး ... သရဲကြီးနဲ့ အသံနက်ကြီးရော ငယ်သံပါနဲ့ရော အော်တာ၊ အခု ဆရာတို့အိမ်ခေါင်းရင်းခြံက ဦးအေးသုန်တို့၊ အိမ်ရှေ့အိမ်က ဦးလှထွန်းဖြူတို့၊ သေနတ်ကိုယ်စီကိုင်ပြီး တပည့်တွေနဲ့ လက်နှိပ်ဓာတ်မီးတွေထိုးပြီးဝင်ကြရတယ်၊ တုံးလုံးကြီးလဲနေတာတွေ့ရတယ်၊ ဆေးရုံပို့ရတော့တာပါပဲ၊ သူခိုးကိုပေသီး ကျောပြင်မှာရော၊ ပါးနှစ်ဖက်မှာရော လက်ငါးချောင်းရာကြီးတွေ ထပ်နေတာပဲ ဆရာ၊ သရဲက စိမ်ပြေနပြေတီးထားတာလေ၊ အဲဒီကတည်းကစပြီး သူခိုး ကိုပေသီးဟာ သူခိုးအလုပ်ကို စွန့်လိုက်တယ်၊ ပခုံးထမ်းမုန့်ဟင်းခါး ရောင်းစားတော့တာပဲ ဆရာ"

"ဘယ်ဆိုးလို့လဲ မောင်စိန်ရဲ့၊ သရဲက သူခိုးကို သူခိုးဘဝကကျွတ်အောင်လုပ်လိုက်တာ၊ ဒါထက် နေပါဦးကွာ၊ ငါငယ်ငယ်ကတည်းကကြားဖူးတာတော့ သရဲဆိုတာ ကုပ်ချိုး



တယ်၊ တံတောင်နဲ့ထောင်းတယ်လို့သာ ကြားဖူးပါတယ်၊ အခု ဒီသရဲက လက်ဝါးနဲ့ချည်း ဆော်နေပါလား"

"ဟုတ်တယ် ဆရာ၊ ဒါကြောင့် ဒီမြို့က လူငယ်တွေက အနောက်အပြောင်နဲ့ ဒီသရဲကို 'မင်းလက်ဝါး'လို့တောင် နာမည်ပေးထားတယ်၊ ကလေးအမေတွေက ကလေးငိုတာ ချော့မရရင် တိတ် ... တိတ် ... ဟိုမှာ မင်းလက်ဝါးကြီး လာနေပြီလို့တောင် ကလေးအငိုတိတ်အောင် လုပ်ရတယ်"

"သူခိုးပေသီး ခံသွားရတဲ့နောက် ချာလီက ထပ်လုပ်ရဲတာ အံ့သြစရာပဲနော် ဖေဖေ"

"ဟာ ... ချာလီက တမင်မယုံလို့ ဝင်တာပဲ ညီမရဲ့"

ဟု မောင်စိန်က ဝင်ပြောလိုက်သည်။

"နေဦးကွ၊ ခုန မင်းပြောတဲ့အထဲမှာ တို့ရဲ့ခေါင်းရင်းခြံက ဦးအေးသုန်တို့၊ မျက်နှာချင်းဆိုင်တိုက်က ဦးလှထွန်းဖြူတို့ ဆိုတာက ဘယ်လိုပုဂ္ဂိုလ်တွေလဲကွာ"

"ပင်စားတွေ ဆရာ၊ ဦးအေးသုန်က ဒုတိယရဲမင်းကြီးဟောင်း၊ သူ့မှာ သားတစ်ယောက်ရှိတယ်၊ နိုင်ငံခြားသဘောလိုက်နေတယ်"

"ဦးအေးသုန်က ဒီမြို့ဇာတိလား"

"မဟုတ်ဘူး ဆရာ၊ ဦးအေးသုန် ရဲဝန်ထောက်ရာထူးနဲ့ တုန်းက ဒီမြို့မှာ တာဝန်ကျဖူးတယ်၊ အဲဒီကတည်းက ဒီမြို့ကို သဘောကျသွားပြီး ပင်စင်ယူတဲ့အခါ အဲဒီခေါင်းရင်းကခြံနဲ့တိုက်ကို ဝယ်ပြီး လာနေတာပဲ၊ ဦးအေးသုန်ရဲ့ဇနီးက ဒေါ်ရည်မွန်တဲ့၊ သဘောကောင်းကြတယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟို ... အိမ်ရှေ့အိမ်က. ဦးလှထွန်းဖြူကကောကွာ"

"ဦးလှထွန်းဖြူကလည်း ပင်စင်စားပဲ ဆရာ၊ အင်ဂျင်နီယာကြီးတစ်ယောက်ပဲ၊ ဦးအေးသုန်လိုပဲ၊ ပင်စင်ယူမှ ဒီမြို့မှာလာနေတာ၊ ဦးလှထွန်းဖြူရဲ့ဇနီးက ဒေါ်ဥမ္မာတဲ့၊ သားတစ်ယောက် သမီးတစ်ယောက်ရှိတယ်၊ ဒါပေမဲ့ သားအကြီးက ရန်ကုန်စက်မှုတက္ကသိုလ်မှာ တက်နေတယ်၊ အငယ်မကတော့ ဆရာ့သမီး မရွှေစင်လို ဆယ်တန်းပဲ ဆရာ၊ ဦးလှထွန်းဖြူတို့ကတော့ မာနကြီးတယ်လို့ လူပြောများတယ် ဆရာ၊ ပိုက်ဆံလည်း ချမ်းသာတယ်တဲ့"

"အေးပေါ့ကွာ၊ ကိုယ်နဲ့အိမ်နီးနားချင်းနေရာမှာတွေမို့ ငါက သူတို့အကြောင်း တင်ကြိုမေးထားတာပါ၊ အကြောင်းသိထားတော့ပေါင်းရသင်းရမှို့ ကြိုတင်ပြင်ဆင်ထားနိုင်တာပေါ့ကွာ"

"ဆရာကော ပင်စင်ယူရင် ဒီမြို့မှာပဲနေပါလား ဆရာ၊ ဒီမြို့ကို လူတွေက သိပ်သဘောကျကြတယ်၊ နွေဆိုရင် အပူမပြင်းဘူး၊ ဆောင်းတွင်းဆို အရမ်းသာယာတယ်၊ မိုးတွင်းမှာတော့ မိုးနည်းနည်းများတယ်၊ ဒါပေမဲ့ ဒီမြို့က ကုန်းမြင့်ပိုင်းရောက်နေတော့ မိုးရေမတင်ဘူး ဆရာ၊ အနိမ့်ကို ရေတွေဆင်းသွားလို့ မိုးတွင်းကျလည်း မြို့က စိုစိုစွတ်စွတ်ကြီး မဟုတ်ဘူး"

"အေးကွာ၊ နေကြည့်သေးတာပေါ့၊ ယေဘုယျအားဖြင့်တော့ တို့ နယ်ပြောင်းပြီဆိုရင် ဒီမြို့ဒီနယ်မှာ အနည်းဆုံးသုံးနှစ်တော့ နေရတာပဲလေကွာ"



ဒေါ်ချိုမှာ ထွက်လာသည်။ ပစ္စည်းတွေအားလုံး နေသားတကျလည်း ရှိသွားပေပြီ။

"ဒါဆို ကျွန်တော် ပြန်မယ် ဆရာ"

"အေး ... အေး၊ ကျေးဇူးပဲ မောင်စိန်၊ အခုရောက်ခါစ ဒီမြို့နဲ့ပတ်သက်လို့တော့ မင်းကိုပဲ အားကိုးရမှာပဲ"

"ရတယ် ဆရာ၊ နယ်ဖြန်မနက်စောစော ကျွန်တော့်မိန်းမ စော့မှုကို လွှတ်လိုက်မယ်၊ ဆရာကတော် ဈေးသွားဖို့အတွက် လိုက်ပြပေးဖို့နဲ့ ဈေးခြင်းဆွဲဖို့"

"အေး ... အေး၊ ကျေးဇူးပဲကွာ"

မောင်စိန်နှင့် အလုပ်သမားတွေ ပြန်သွားကြပေသည်။

"ဖေဖေ"

"ဆို ... ရွှေစင်၊ သမီး"

"ကိုမောင်စိန်ကြီး ပြောတာ ဖေဖေ ဘယ်လိုသဘောရလဲဟင်"

"နားထောင်ကောင်းသားပဲ"

"မဟုတ်ဘူးလေ ဖေဖေရ၊ သူပြောတဲ့ မင်းလက်ဝါးသရဲကို ဖေဖေ ယုံသလားလို့"

"အင်း ... ခက်သားပဲ၊ ယုံတစ်ဝက်၊ မယုံတစ်ဝက်ပဲ သမီး"

"အိုး ... သူက ဒီမြို့ပေါ်မှာ ခုချိန်ထိအသက်ရှိနေတဲ့ သူခိုးဦးပေသီးနဲ့ချာလီကို သက်သေပြသွားတာပဲ ဖေဖေ၊ ရာနှုန်းပြည့် ယုံကြည်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"တချို့ သရဲ၊ ပြိတ္တာဆိုတာမျိုးက ရုပ်အသွင်ဖန်ဆင်းနိုင် ပေမယ့် တကယ့် ထုဒြပ်အားဖြင့်မရှိဘူး၊ ဝိညာဉ်လောက က ဝိညာဉ်တွေလို့ဆိုထားတယ် သမီး၊ ခုဟာက အခြောက် ခံရတဲ့လူရဲ့ကိုယ်ပေါ်မှာ လက်ငါးချောင်းရာကြီးတွေ ကျန် ခဲ့တာကို အထင်အရှားမြင်ရတယ်ဆိုတော့ ယုံရခက်သလား လို့"

"ဒါပေမဲ့ သရဲအကြောင်းပြောကြတဲ့အထဲမှာ သရဲက တံ တောင်နဲ့ထောင်းတာတို့၊ တင်းပုတ်နဲ့ထုတာတို့ပါသားပဲ၊ တချို့သရဲတွေဆို မွေးထားတဲ့ သခင်ကို နင်းပေးတာတို့၊ ကိုယ့်သခင် ဈေးဝယ်ရင် ချိန်ခွင်မှာ အလေးထည့်တဲ့ဘက် က ဖိပေးတာတို့၊ ပိုရတာတို့ ကြားဖူးသားပဲ ဖေဖေ"

"အိမ်း ... ဒါကြောင့် ယုံထက်ဝက် မယုံထက်ဝက်လို့ ဖေဖေ ပြောတာပေါ့၊ ဒါမျိုးတွေက သိပ္ပံနည်းနဲ့ရှာလို့မရတဲ့ ဝိဇ္ဇာပိုင်းဆိုင်ရာတွေဆိုတော့ ပြောရခက်သားပဲ သမီး"

* ❉ *



## အခန်း(၂)

ဒီနေ့ စနေနေ့၊ ညပိုင်းတွင် ရွှေစင်တို့အိမ်၌ ဘုရား ကိုးဆူ ပူဇော်သည်။

ရုံးမှဝန်ထမ်းအားလုံးကိုဖိတ်သည်။ မိမိတို့၏ နေအိမ် လမ်းဖြစ်သော မာလာမြိုင်လမ်းမှ အိမ်တွေကိုလည်းဖိတ်သည်။

အန္တ ရာယ်ကင်းလည်းဖြစ်၊ လမ်းမှာလည်း လူသစ် အနေနှင့် မိတ်ဖြစ်ဆွေဖြစ်သဘော သက်ရောက်သည်။

ယခုလို ဘုရားကိုးဆူပူဇော်ပွဲလုပ်ပြီး ခေါင်းရင်းအိမ် မှ ဦးအေးသုန်၊ ဒေါ်ရည်မွန်စုံတွဲ၊ အိမ်ရှေ့အိမ်မှ ဦးလှထွန်းဖြူ၊ ဒေါ်ဥမ္မာတို့စုံတွဲနှင့် သမီးလေး ကေခိုင်ဖြူတို့အား အရင်းအချာ သဘောထားကာ လမ်းမှ လာကြသူများဖြင့် လူသစ် ဦးသင်းမောင်၊ ဒေါ်ရှိမှာ၊ သမီးလေး ရွှေစင်ကို မိတ်ဖွဲ့ကြတော့သည်။

ရွှေစင်နှင့် ကေခိုင်ဖြူတို့လည်း ယနေ့ ဘုရားကိုးဆူ ပူဇော်ပွဲကျမှပင် ရင်းနှီးခင်မင်သွားကြသည်။

ပို၍ ခင်မင်စရာဖြစ်သွားသည်မှာ နှစ်ယောက်စလုံး သည် ဆယ်တန်းတစ်နှစ်ကျချင်း တူညီနေခြင်းကြောင့်ဖြစ်ပါ၏။ မနှစ်က (၁၀)တန်းအတူတူကျကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျောင်းပိတ်ထားဆဲဖြစ်သည်။ ကျောင်းဖွင့်လျှင် ကေခိုင်ဖြူက ကျောင်းသူဟောင်း၊ ရွှေစင်က ကျောင်းသူသစ်အဖြစ် တစ်ကျောင်းတည်း အတူတက်ကြရမည်ဖြစ်ပါ၏။

ရွှေစင်တို့ပြောင်းလာသည်မှာ (၁၀)ရက်ခန့်ရှိပြီဖြစ်သော်လည်း အိမ်နီးချင်း ပြုံးပြရုံ၊ နေကောင်းရဲ့လား၊ စားပြီးပြီလား ဟူသည့် နှုတ်ခွန်းဆက်လေးများသာရှိခဲ့သည်။

ယနေ့ ဘုရားကိုးဆူကျမှ အိမ်နီးနားချင်းကို အားကိုးအားထားပြုခြင်းဖြင့် ရင်းနှီးသွားကြခြင်းဖြစ်သည်။

ကြက်သားဟင်းနှင့် ပလာတာကျွေးသည်။ ဘိလပ်ရည်အေးပုလင်း ကျူတံစုပ်တိုက်သည်။ ဧည့်ခံကျွေးမွေးမှုအဆင့်မြင့်ပါ၏။

လမ်းရှိလူကုန် ဆင်းရဲချမ်းသာမရွေး ဖိတ်သည်။ ဧည့်ပရိသတ်အားလုံး ကျေနပ်မှုရှိပါ၏။

ဒေါ်ချိုမာတို့ ရွှေစင်တို့ ဘာမှ ဝင်လုပ်ပေးစရာမလို။ ရုံးဝန်ထမ်းများနှင့် သားသမီးများ ဝိုင်း၍လုပ်ဆောင်ပေးသည်။

"ဆရာတို့မိသားစု ဧည့်ကြိုဧည့်ခံပွဲလုပ်ပါ၊ နောက်ပိုင်း ဘာမှ ပြန်မကြည့်ပါနဲ့"

ဆိုသည့်အတိုင်း အကွက်စေ့စေ့လုပ်ပေးကြသည်။

လမ်းရှိအိမ်များမှလာသော ဧည့်သည်များ တဖွဲဖွဲလာပြီး တဖြည်းဖြည်း နှုတ်ဆက်ပြန်သွားကြသည့်အချိန် ည(၁၀)နာရီနောက်ပိုင်းအထိ ဦးအေးသုန်စုံတွဲ၊ ဦးလှထွန်းဖြူတို့မိသားစု



အားလုံး မပြန်သေးဘဲ ဧည့်စဲမှ အားလုံး ဧည့်ခန်းတွင် ဝိုင်းထိုင်ကာ စပ်မိစပ်ရာပြောကြသည်။

"ဟဲ ဟဲ ... ဦးသင်းမောင်က 'ဦး'တပ်ပြီးသာ ခေါ်ရမယ်၊ အသက်ကတော့ ငါးဆယ်တောင် မပြည့်သေးဘူးထင်ပါ"

ဦးအေးသုန်က စကားစသည်။

"ဟုတ်ကဲ့၊ ကျွန်တော် လေးဆယ့်ရှစ်နှစ်၊ ချိုမာက လေးဆယ့်ငါးနှစ်၊ ရွှေစင်ကတော့ ဆယ့်ရှစ်နှစ်ဆိုပါတော့၊ တင်းတင်းပြည့်ဖို့ လေးလလောက်လိုသေးတယ်ထင်ပါရဲ့ အစ်ကို"

"အေးဗျာ၊ ကျုပ်ကတော့ ခြောက်ဆယ့်သုံး ရှိသွားပြီ၊ ဦးလှထွန်းဖြူနဲ့ ဒီမြို့ကိုပြောင်းလာတာ ရှေ့ဆင့်နောက်ဆင့်ပဲနော်"

"ဟုတ်သပေါ့၊ ဦးအေးသုန်က တစ်နှစ်ပိုစောတယ်လေ"

"အေးဗျာ၊ ဦးသင်းမောင်ကိုကြည့်ပြီး အဲဒီအရွယ်တုန်းက အလုပ်ခွင်ထဲမှာ ပျော်ခဲ့တာတွေ သွားသတိရမိတယ်၊ မင်းပျိုမင်းလွင်ဘဝမှာ တယ်လုပ်လို့ကိုင်လို့ကောင်းတာပဲ၊ ဒါထက် ဦးလှထွန်းဖြူရဲ့သားကြီးက ရန်ကုန် အာရ်အိုင်တီမှာ ဘယ်ရီးယားရောက်နေပြီလဲ၊ နာမည် ဘယ်သူ၊ မေ့တောင်သွားပြီ"

"သားကြီးက အောင်ခိုင်ဖြူလေ၊ စတုတ္ထနှစ်ရောက်နေပြီ၊ ကောင်ကြီးက ဆယ်တန်းမှာ သရီးဒီနဲ့ ရှစ်ချင်းပေါက်ဆွဲသွားတာလေ၊ ဟောဒီ မိကေခိုင်သာ ဒီနှစ်ကျသွားတာ"

www.burmeseclassic.com

www.burmeseclassic.com



“အတူတူပါပဲ ဦးလှထွန်းဖြူရေ၊ သမီး ရွှေစင်လည်း မိဘက ဒီသမီးလေးတစ်ယောက်တည်းဆိုပြီး အလိုလိုက်ထားတာ၊ ကိုးတန်းအထိတော့ ဟုတ်လို့၊ လပတ်စာမေးပွဲတွေမှာ ပထမ၊ ဒုတိယတွေနဲ့ တကယ်လည်းဖြေရော ကျတာပဲ၊ သူ့မှာ သစ်ပင်တက်တာနဲ့၊ ကြိုးခုန်တာနဲ့၊ ကရာတေးကစားတာနဲ့၊ စာမေးပွဲလည်းဖြေရော ကျရောပဲ”

ကေနိုင်ဖြူနှင့် ရွှေစင်တို့ နှစ်ယောက်သည် မိဘအသီးသီး သူတို့အသုံးမကျကြောင်း ပြောနေကြသည်ကို တစ်ယောက်နှင့်တစ်ယောက် ကြည့်ပြီး တခစ်ခစ်ရယ်ကြပါလေ၏။

“ဦးအေးသုန်ရဲ့သား ရဲမင်းသုန်ကော သင်္ဘောထွက်သွားတာ ဘယ်တော့ပြန်လာမလဲ၊ လိုက်သွားတကော ကြာပြီနော်”

“တစ်နှစ်နဲ့နှစ်လရှိပြီလေ၊ သား ရဲမင်းသုန်က ဘီအီးလျှပ်စစ်နဲ့အောင်ထားတော့ သင်္ဘောမှာ လျှပ်စစ်အင်ဂျင်နီယာရာထူးရတယ်၊ တစ်လကို အမေရိကန်ဒေါ်လာ ရှစ်ရာရတယ်လေ”

“အင်း … သားသမီးအကြောင်းပြောရတာ မောပါတယ်ဗျာ၊ ဦးသင်းမောင်က လူသစ်ဆိုတော့ ခြေရင်းကခြံနဲ့ တိုက်နဲ့အကြောင်း၊ မင်းလက်ဝါးအကြောင်း ကြိုတင်ပြောထားရင်ကောင်းမယ်၊ ခြံစည်းရိုးချင်း ဆက်နေတယ်မဟုတ်လား”

“ကျွန်တော့်ရုံးက မောင်စိန်ပြောပြလို့ သိသင့်သလောက်သိပြီးပါပြီ”



“ဘယ်လောက်ထိသိလဲ ဦးသင်းမောင်”

ဦးသင်းမောင်က မောင်စိန် ပြောပြသလောက် ပြန်ပြောပြသည်။

“အင်း … တော်တော်သိထားပြီပဲ၊ ဒါပေမဲ့ ခြံနဲ့တိုက်ပိုင်ရှင် ကိုဖိုးမှိုအကြောင်းတော့ မပြည့်စုံသေးဘူး”

“ဒါဆို ပြောပါဦး ဦးအေးသုန်”

“ဒီလို ကိုသင်းမောင်၊ အဲလေ … ဦးသင်းမောင်”

“ကိုသင်းမောင်လို့ပဲခေါ်ပါ၊ ကျွန်တော်က ညီအရွယ် တူအရွယ်ပဲဟာ”

“အင်းလေ၊ ရာထူးအရ ဦးခေါ်ရပေမယ့် ကိုသင်းမောင်က အရွယ်ငယ်သေးတော့ ‘ကို’လို့ပဲခေါ်မိတယ်”

“ရပါတယ် ဦးအေးသုန်၊ ဦးဖိုးမှို အကြောင်းသာ ပြောပြပါ”

“ကိုဖိုးမှိုက လူကြမ်းကြီးကွယ်၊ ဒီအနီးပတ်ဝန်းကျင်မှာတော့ စရိုက်အကြမ်းဆုံးလူကြီးပဲ၊ အရက်သောက်တာလည်း နေ့မလင်း ညမလင်းပဲ”

“သူ့ဇနီးကော”

“အေး … ကျုပ်တို့ သူ့ကိုတွေ့တဲ့အချိန်မှာ သူ့ဇနီး မရှိတော့ဘူး၊ သူ့ဇနီး ဘယ်သူဆိုတာ ဒီမြို့မှာ ဘယ်သူမှမသိဘူး၊ အရက်မူးပြီး အော်ဆဲတယ်၊ သူ့ခြံထဲဝင်ပြီး မာလကာသီး၊ သရက်၊ မရန်းသီးခိုးတဲ့ ခူးတဲ့ ကလေးတွေဆို နားရင်းအုပ်လွှတ်တယ်၊ စွာတဲ့မိဘက သူတို့ကလေး နားရင်းအတီးခံရလို့ လာပြောရင် နင်တို့ ဘာလုပ်ချင်လဲ၊ ငါနဲ့

www.burmeseclassic.com

www.burmeseclassic.com



ရန်ဖြစ်ချင်လား၊ ဆိုင်ရာကိုသွားတိုင်မလား၊ ကြိုက်တာလုပ်၊ ရန်ဖြစ်ချင်လည်း နင်တို့ဆွေမျိုးတွေ သွားခေါ်ဦး၊ ငါတစ်ယောက်တည်းနဲ့ချမယ်၊ ဘာမှတ်လဲ၊ ဖိုးမိုတဲ့၊ ကျွန်းပြန်ယောတဲ့"

"ဩော် ... ဩော် ... သူက တစ်ကျွန်းပြန်လူမိုက်ကြီးကိုး၊ တစ်ကျွန်းက ဘယ်လိုလွတ်လာတာလဲ"

"အစိုးရ နေ့ကြီးရက်ကြီးတစ်ခုမှာ ရွေးပြီး ထောင်ကလွှတ်ပေးတာတို့၊ ကျွန်းကလွှတ်ပေးတာတို့၊ အဲဒီ လူလွှတ်ပေးတဲ့အထဲမှာ ဦးဖိုးမို ပြန်လွတ်လာတာတဲ့၊ ဘယ်နေ့ ဘယ်ရက်ရယ်လို့တော့ မမှတ်မိဘူး"

"ကျွန်းကပြန်လာမှ ဒီခြံနဲ့ဒီတိုက်ကို ဝယ်တာလား ဦးအေးသိန်း"

"အင်း ... အဲဒီလိုပဲ ပြောကြတာပဲ၊ ကျုပ်တို့ပြောင်းလာတော့ ကိုဖိုးမိုက ရောက်နှင့်နေပြီးသားလေ၊ ဟုတ်မဟုတ်တော့ မသိဘူးပေါ့ဗျာ၊ ကျွန်းကပြန်လာပြီးမှ ကျွန်းမကျခင်က သူဝှက်ထားတဲ့ပစ္စည်းတွေဖော်ပြီး ဒီတိုက်နဲ့ခြံကို ဝယ်တာတဲ့"

"ဝှက်ထားတဲ့ပစ္စည်းတွေဆိုတာက ..."

"အေး ... ဘာပစ္စည်းတွေမှန်းတော့ ဘယ်သူမှမသိဘူး၊ ဦးဖိုးမိုက ဟိုတုန်းက ပင်လယ်ဓားပြခေါင်းဆောင်ကြီးလို့လည်းပြောကြရဲ့၊ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာ တိုက်ခိုက်နေတဲ့ ဓားပြဗိုလ်ကြီးလို့လည်း ပြောကြရဲ့၊ ဓားပြတိုက်ရာမှာ လူသတ်မိလို့ တစ်ကျွန်းကျသွားတာတဲ့"



"တစ်ကျွန်းမကျခင် သူက ပစ္စည်းတွေ ဝှက်ထားခဲ့တယ်ဆိုတော့ တစ်ကျွန်းကလွှတ်လမ်းကို သူက တင်ကြိုတွက်ထားလို့လား မသိဘူးနော်"

"လူက မိုက်ခဲကြီးပဲ ကိုသင်းမောင်ရာ၊ ကျွန်းကျနေတာက ထွက်ပြေးဖို့ တင်ကြိုဆုံးဖြတ်ချက်ချချင်ချထားမှာပေါ့၊ ဒါမှမဟုတ်လည်း ဝစ်သက်တစ်ကျွန်းဆိုပေမယ့် အနှစ်နှစ်ဆယ်ပဲ ကျတာပဲ၊ အသက်သုံးဆယ်နဲ့ကျရင် အသက်ငါးဆယ်မှာလွတ်မှာပဲ၊ အဲဒီလို တွက်ကိန်းထားချင်လည်း ထားမှာပေါ့"

ထိုညက စကားဝိုင်းသည် ထိုမျှလောက် ပြောကြပြီး နှုတ်ဆက်ကာ လူစုခွဲကြသည်။

ကောခိုင်ဖြူနှင့် ရွှေစင်တို့သည် မိန်းမပျိုငယ်ငယ်လေးတွေ၏သဘာဝအတိုင်း အဆန်းပေါ်အဝတ်များအကြောင်း၊ အလှပြင်ပစ္စည်းအမျိုးမျိုးများအကြောင်း ထိုညက မပြောဖြစ်ကြ၊ လူကြီးတွေ၏စကားဝိုင်းတွင် နားထောင်ရင်း ကြောက်သလိုလို လန့်သလိုလို ရင်တဖိုဖိုခံစားရသဖြင့် တခြားအကြောင်း မပြောဖြစ်ကြခြင်းပါတည်း။

❋ ❊ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ရွှေစင် အိပ်မပျော်။

ညနေက အိမ်ရှေ့အိမ်မှ ကောနိုင်ဖြူထံသို့ ရွှေစင် သွားခဲ့သည်။ နက်ဖြန် ကျောင်းဖွင့်တော့မည်မို့ နှစ်ယောက်အတူ ကျောင်းတက်ရေးကို သွားရောက်တိုင်ပင်ခြင်းဖြစ်သည်။

ဦးလှထွန်းဖြူတို့၌ ကိုယ်ပိုင်ကား ပါပလစ်ကာ ပစ်ကပ်ကားနီလေးရှိသည်။

ရွှေစင်တို့မှာလည်း တိုယိုတာကော်ရိုလာ ကားအဝါလေးရှိသည်။

မည်သူ့ကားနှင့် သွားကြမည်လဲ ဆိုသည်ကို သွားတိုင်ပင်ခြင်းဖြစ်သည်။

ကောနိုင်ဖြူ၊ ရွှေစင်တို့နေသည့် မာလာမြိုင်လမ်းက မြို့မြောက်ပိုင်း အစွန်ကျသဖြင့် ကျောင်းနှင့် အတော်အတန်လေး ဝေးသည်။

"ဟိုတုန်းကတော့ ကောနိုင် စက်ဘီးနဲ့ပဲ ကျောင်းတက်တယ် ရွှေစင်၊ ကားနဲ့တက်တာ ထည်ဝါသလားလို့၊ နောက်ပြီး



ဓာတ်ဆီကုန်လည်း သက်သာအောင်လို့ပါ၊ ကောနိုင့်ဖေဖေ တို့က ပင်စင်စားဆိုတော့ ချွေတာတယ်လေ"

"ရှိသင့်သလောက်တော့ ရှိပါတယ်၊ ဒါပေမဲ့ ဖေဖေက စည်းကမ်းကြီးတယ်၊ သုံးသင့်တာဆိုသုံးတဲ့၊ ဖြုန်းရာမရောက် စေနဲ့တဲ့"

"ဟုတ်တာပေါ့၊ ဒါဆို တို့လည်း စက်ဘီးနဲ့ပဲ တက်မှာ ပေါ့"

"ရွှေစင့်မှာ စက်ဘီးပါလာလို့လား"

"ပါတယ်လေ၊ အခု နောက်ဆုံးပြောင်းခဲ့ရတဲ့ ပဲခူးမှာတုန်း ကလည်း တို့စက်ဘီးနဲ့ပဲ ကျောင်းတက်တာပဲ၊ အခု ကားနဲ့ တက်ဖို့ လာညှိတာက ကောနိုင်တို့ကားနဲ့တက် သလားလို့"

"စက်ဘီးနဲ့ပဲ အတူတူတက်ကြတာပေါ့ ရွှေစင်၊ အဲ ... တစ်ခုတော့ရှိတယ်၊ ယောဒီ မာလာမြိုင်လမ်းအဝင် လမ်းဆုံး မှာ တဲတားအုတ်ခုံ ဟိုဘက် ဒီဘက်နှစ်ခုရှိတယ်၊ အဲဒီမှာ လမ်းသရဲလိုလို ကောင်းလေးအုပ်စု အမြဲထိုင်တယ် ရွှေစင်၊ တို့လိုမိန်းကလေးတွေကို စတယ်၊ ပြောင်တယ်၊ ရည်းစား စကားအတင်းပြောတယ်"

"အမယ် ... လူပါးဝလို့"

"လူပါးဝတာတော့ အမှန်ပဲ ရွှေစင်၊ ဒါပေမဲ့ ကြည့်ကျောင်း တယ်၊ တောင်းပန်သင့် တောင်းပန်ရတယ်"

"ရဲကို မိဘတွေကတစ်ဆင့် တိုင်ရင်ကော"

ကောနိုင်က ပခုံးလေးတွန့်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တိုင်တုန်း သုံးလေးရက်မှာ ရဲက လာစောင့်ကြည့်တယ်၊ နောက်ထပ် ရဲတွေလည်းမလာရော သူတို့က အုတ်ခုံပေ ပြန်ရောက်လာပြန်တယ်၊ ဖေဖေကပြောတယ်၊ ရဲအနေနဲ့က လက်ပူးလက်ကြပ်မိတာ မဟုတ်ရင် ထိထိရောက်ရောက် ဘာမှမလုပ်နိုင်ဘူးတဲ့၊ ကောင်းတာက သူတို့လိုပဲ လူငယ် ထက်ထက်မြက်မြက်ထဲက ပေါ်လာပြီး သူတို့ မှတ်သွား ကြောက်သွားအောင် ဆုံးမပေးနိုင်ရင် ကောင်းမယ်တဲ့"

ဒီနောက် နက်ဖြန် စက်ဘီးကိုယ်စီနဲ့ပင် ကျောင်း တက်ရန် ဆုံးဖြတ်လိုက်ကြသည်။

"ဒါထက် ရွှေစင်၊ ညညကျရင် ခြေရင်းဘက်က အိမ်ကြီး ကို လှမ်းမကြည့်မိဘူးလား"

"ဟင့်အင်း ... မကြည့်မိဘူး"

"ကေနိုင်က ညကျရင် အအိပ်နည်းတယ်၊ ညဦးအိပ်ပြီးလို့ သန်းခေါင်ကျော် လင်းအားကြီးလောက် ပြန်နိုးရင် ပြန်အိပ် လို့မရတော့ဘူး၊ တစ်ခါတလေ ကေနိုင် တစ်ရေးနိုးတဲ့အချိန် မှာ ဦးဖိုးမှိုရဲ့တိုက်အိမ်က ပတ္တလားတီးသံ ထွက်တတ် တယ်"

"ပတ္တလားတီးတယ် ဟုတ်လား၊ သရဲက ပတ္တလားတီးတာ လား"

"ဒါပဲဖြစ်မှာပေါ့၊ ဒီအိမ်နီးနားတစ်ဝိုက်မှာ ပတ္တလားတီးတဲ့ လူ ရှိမှမရှိတာ၊ ဦးဖိုးမှိုကြီး မသေခင်က တစ်ခါတလေ ပတ္တလားတီးပြီး သူ့အသံဟိန်းကြီးနဲ့ သီချင်းဆိုတယ်လို့ ပြောကြတယ်"



"ကေနိုင်က ထ,မကြည့်ဘူးလား"

"ဝေးသေး ... ကြောက်လို့ ဣတိပိသောတွေ၊ သံဗုဒ္ဓေတွေ အိပ်ရာထဲက ရွတ်ရတယ်၊ ဒီလိုပါ၊ တို့မေးတာက ရွှေစင် အိပ်တဲ့အိပ်ခန်းဟာ ခြေရင်းဘက်ကျတာဆို၊ ဘုရားကိုးဆူ နေ့က တို့သတိထားမိတယ်"

"ဟုတ်တယ်လေ၊ ဖေဖေနဲ့မေမေက ခေါင်းရင်းခန်းယူတာ ပဲပေါ့"

"ဒါဆို ရွှေစင် ရောက်လာပြီးမှ ပတ္တလားတီးသံ တစ်ခါမှ မကြားမိဘူးလား"

"ဟင့်အင်း ... တီးချင်လည်း တီးမှာပေါ့၊ ဒါပေမဲ့ တို့က အိပ်ပုပ်ကြီးတယ်၊ အိပ်ရာထဲဝင် ခေါင်းချတာနဲ့ မိုးလင်း တစ်ရေးပဲ"

"တကယ်လို့ ညအချိန်မတော်ကြီး ရွှေစင် ပတ္တလားတီးသံ ကြားရင် ဘာလုပ်မလဲ"

"ပြတင်းပေါက်က ထ,ကြည့်မှာပေါ့"

"ရွှေစင် မကြောက်ဘူးလား၊ တို့တော့ ရွှေစင်တို့ကို ခြံချင်း ကပ်လျက်နေတာမပြောနဲ့၊ မာလာမြိုင်လမ်းကြီးခြား နေတာတောင် ထ,မကြည့်ရဲဘူး"

"အင်းဟဲ့ ... အဲဒါ တစ်ခုတော့ တို့ ငယ်ငယ်ကတည်းက မကြောက်တတ်ဘူး၊ ကြွက်တို့၊ မြွေတို့လည်း တို့ မကြောက် ဘူး ကေနိုင်"

"ရွှေစင်က သိပ်သတ္တိကောင်းတာပဲ၊ ဒါဆို မာလာမြိုင်လမ်း ဆုံက လမ်းသရဲအုပ်စုနဲ့တွေ့လို့ သူတို့ကရင် ရွှေစင် ဘာလုပ်မလဲဟင်"

www.burmeseclassic.com

www.burmeseclassic.com



"အနှောင့်အယှက်မပေးဖို့ ပြောမှာပေါ့၊ ပြောလို့မှမရရင် ဘိုင်စကယ်က လေထိုးတံဖြုတ်ပြီးရိုက်မှာပဲ"

"အမယ်လေး ... တို့တော့ ကြောက်တယ်၊ ဒီသတ္တိမျိုး၊ ဒီရုပ် ဒီကိုယ်နဲ့ ရွှေစင်ကတော့ တို့ကျောင်းမှာ ကွင်(န်)ဖြစ်မှာသေချာတယ်၊ သီဂီဝင်းတော့ ရာထူးပြုတ်တော့မယ် ရွှေစင်"

"ဘယ်သူလဲ သီဂီဝင်း ဆိုတာ၊ သူက ဘာရာထူးပြုတ်မှာလဲ ကေနိုင်"

"သီဂီဝင်းက တို့တစ်ကျောင်းလုံးမှာ စူပါစတားလေ၊ ရုပ်ရော၊ ကိုယ်လုံးကိုယ်ထည်ရော တော်တော်လှတယ်၊ ကောင်လေးတွေက သီဂီဝင်းကို အက်(စ်)အက်(စ်)သီဂီလို့ ခေါ်ကြတယ်၊ အက်(စ်)အက်(စ်)ဆိုတာ စူပါစတားပေါ့၊ ဒါပေမဲ့ ရွှေစင်ကို တို့မသိသေးခင် အဝေးက လှမ်းမြင်ကတည်းက ဟဲ့ ... အရမ်းလှပါလားလို့ စိတ်ထဲထင်နေတာ၊ ဘုရားကိုးဆူညက အနီးကပ်ကြည့်မှ အက်(စ်)အက်(စ်)ရာထူးတော့ သီဂီဝင်းဆီကပြုတ်ပြီး ရွှေစင့်ဆီ လာချိတ်တော့မှာပဲလို့ မှတ်လိုက်မိတယ်"

"ဒီလောက်လည်းမမြှောက်နဲ့ ကေနိုင်၊ တို့က မြှောက်ပေးရင် ကွေးနေအောင်ကတဲ့အကျင့် ရှိတယ်နော်"

နှစ်ယောက်သား ရယ်ကြသည်။

"တို့ မမြှောက်ပါဘူး၊ တကယ် အသေးစိတ်ကြည့်ပြီးမှ ပြောတာ၊ သီဂီဝင်းက ရွှေစင်နဲ့ယှဉ်လိုက်တော့ ခါးပိုတုတ်တယ်၊ ခြေသလုံးပိုကြီးတယ်၊ ဒါတွေက ကျောင်းအားကစားပွဲတွေကျတော့ အားကစားဆောင်းဘီဝတ်တဲ့အခါ ထင်းခနဲပေါ်တာမျိုးလေ၊ ပြီး သီဂီက အခြယ်အသများပြီး လှတာ၊ ရွှေစင်က ဒီအတိုင်း ပင်ကိုချောတာ"

"ကဲ ... တို့ အမြှောက်ခံရလွန်းလို့ မိုက်ဆောလာပြီ၊ ပြန်တော့မယ် ကေနိုင်"

ယခု အိပ်မပျော်သည်မို့ ညနေက ကေနိုင်နှင့် ပြောခဲ့သော စကားတွေကို ပြန်စဉ်းစားနေမိသည်။

တစ်အိမ်လုံး အိပ်မောကျနေပေသည်။

ထမင်းစားခန်းနှင့် ကပ်လျက်သားရှိသော ဒေါ်ကြီးစု အခန်းမှ ဒေါ်ကြီးစုဟောက်သံကို ရွှေစင် သဲ့သဲ့ကြားနေရသည်။

ခါတိုင်း ရွှေစင် အိပ်ပြီဆိုလျှင် မိုးလင်းတစ်ရေးဖြစ်ပါလျက် ယနေ့ည ဘာကြောင့် အိပ်မပျော်လေသနည်း။

"ဟော ..."

ရွှေစင်သည် 'ဟော ...'ဟု အာမေဋိတ်သံလေး ထွက်သွားရင်း ခြေရင်းပြတင်းပေါက်သို့ လှဲနေရာမှ လှမ်းကြည့်မိသည်။

ပတ္တလားသံဖြစ်ပါ၏။

တုံတုံတောင်တောင်ဖြင့် ညအကာလ တိတ်ဆိတ်လွန်းသည့်အချိန်မို့ ပတ္တလားသံသည် ပီပီပြင်ပြင် ကြားနေရသည်။

ရွှေစင် မကြောက်တတ်။

အိပ်ရာမှထကာ ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခန်းဆီးစကို ဘေးတွန်းပြီး ဟိုဘက်ခြမ်မှ တိုက်အိမ်သို့ လှမ်းကြည့်သည်။

အင်္ဂလိပ်လ ဒီဇင်ဘာ၊ မြန်မာလ နတ်တော်မို့ ဆောင်းဦးပေါက်ချိန်လေး ဖြစ်ပေသည်။

နှင်းမှုန်လေးတွေကျနေသည်။ ဟိုဘက်တိုက်အိမ်ကို ပီပီပြင်ပြင်ကြီး မဟုတ်စေကာမူ ဝိုးတဝါးထက် သာလွန်သော အမြင်ဖြင့် လှမ်းမြင်နေရသည်။

ဟိုဘက်တိုက်အိမ်ထဲတွင် အလင်းရောင် အလွန်အားနည်းသော ငါးတိုင်အား မီးသီးတစ်လုံးတလေ ထွန်းထားသည် ထင်ရသည်။

ထိုတိုက်အိမ် မှန်ပြတင်းကိုဖောက်ပြီး အိမ်ထဲမှ စိမ်းဖန့်ဖန့်လိုလို၊ ပြာလဲ့လဲ့လိုလို မှုန်မှားသောအရောင်ရှိနေသည်ကို ရွှေစင် တွေ့ရသည်။

မီးစိမ်းလေး ထွန်းထားသလား။

မီးပြာလေး ထွန်းထားသလား။

ပတ္တလားသည် သံစဉ်တစ်ခုကို ခပ်ဖွဖွလေး တီးခတ်နေသံဖြစ်သည်။

ဤသံစဉ်မျိုးကို ရွှေစင် ကြားဖူးနားဝရှိထားသည်။ တီဗီမှဖြစ်ဖြစ်၊ ရေဒီယိုမှဖြစ်ဖြစ် ဤသံစဉ်တေးသွား မကြာခဏ လွှင့်ပေးတတ်သည်။ သီချင်းကြီးဆန်သော မြန်မာသံစဉ်မျိုးတို့ကို ရွှေစင် ဟက်ဟက်ပက်ပက် မရှိလှ။ မေဆွိတို့၊ မေခလာတို့၊ ဟေမာနေဝင်းတို့ သီချင်းတွေကိုသာ ရွှေစင် အရမ်းနှစ်သက်သည်။



ယခု ပတ္တလားတီးနေသော တေးသံစဉ်ကို ရွှေစင် ရင်းနှီးနေသည်။ သို့သော် ဘာမှန်းတော့ တိတိပပမသိ။

ထိုစဉ်မှာပင် ပတ္တလားတီးသံနှင့်အတူ အုပ်အုပ်ဖွဖွ တိုးတိုးညင်းညင်း သီဆိုသောအသံကိုပါ ရွှေစင် ကြားရပြန်သည်။

"ရေကြည်သောက်ရင်
မြင်ရမလောက်ပင်
လည်တိုင်သေးပြီး
အဝေးကြည့်က သာလို့ယဉ်"

အဲတော့ ... သရဲက သီချင်းဆိုတယ်တဲ့လား။

ဒီလောက်ပဲဆိုပြီး ဆိုသံပျောက်သွားပြန်သည်။ တီးသံကတော့ တတုံတုံ တတောင်တောင် ဆက်ထွက်နေပါ၏။

ရွှေစင် လှမ်းကြည့်နေရသည်မှာ အားမရ။ နှင်းမှုန်လေးတွေက မှန်ပြင်ကို လာကပ်သဖြင့် ဝိုးဝါးနေသည်။

ရွှေစင် မှန်ပြတင်းပေါက်ဖွင့်ပြီး ခေါင်းပြူကာ လှမ်းကြည့်သည်။ တီးသံပါ ရပ်သွားသည်။

ရွှေစင် ဆက်ပြီးရပ်ကာ နားစွင့်နေသည်။

ငါးမိနစ်၊ ဆယ်မိနစ်၊ ... မိနစ်တွေ ကြာသည်အထိ ပတ္တလားသံရော၊ သီဆိုသံရော ဘာမှ ထွက်မလာတော့။

ထွက်မလာသည့်အပြင် စောစောက စိမ်းဖန့်ဖန့်လိုလို ပြာလဲ့လဲ့လိုလို အိမ်တွင်းမှ အလင်းရောင်လေးပင် ဖျတ်ခနဲ ပျောက်သွားကာ အိမ်ထဲတွင် မှောင်မှောင်မည်းမည်းကြီး ဖြစ်သွားတော့သည်။

သရဲက ပတ္တလား တီးသတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

သရဲက သီချင်းဆိုသတဲ့လား။

ဟုတ်သေးပါဘူး။ သရဲ ပတ္တလားတီးဦးတော့၊ ဒီလို သာသာယာယာနဲ့ နားထောင်လို့ကောင်းအောင် တီးတတ်မတဲ့လား။

သရဲ သီချင်းဆိုတယ်ထားပါဦး။ အသံနက်ကြီးနဲ့ဆိုမှာပေါ့။ အခုဆိုတာက အသံသာလိုက်တာ။ အုပ်အုပ်တိုးတိုးလေးဆိုလို့ နားထောင်ရတာတောင် အားမရဘူး။

ရွှေစင်သည် ပြတင်းပေါက်ကို ပြန်ပိတ်သည်။ တွန်းဖယ်ထားသော ခန်းဆီးစကို ပြန်ဆန့်သည်။

ပြီး အိပ်ရာဆီ ပြန်လာကာ လှဲအိပ်လိုက်သည်။

လူလား။ သရဲလား။

လူဆိုလျှင် ဘာလို့ အထင်ကရမနေဘဲ တိတ်တိတ်ပုန်းနိုအောင်းနေရသနည်း။

သရဲဆိုလျှင် အဆိုတော်၊ အတီးတော် လူ့ဘဝကသေပြီးလို့ အဆို အတီး အစွဲအလမ်းနှင့် တီးလိုက် ဆိုလိုက်ခြင်းလား။

သရဲဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ရွှေစင် မကြောက်။

ဒါပေသိ သရဲမှန်းမသိ၊ လူမှန်းမသိနဲ့ ဇဝေဇဝါကတော့ ဦးနှောက်ခြောက်လှပါ၏။

* ❆ *



## အခန်း(၄)

ကောနိုင်၏ဗိုက်ထဲတွင် ပုရွက်ဆိတ်(?)... ကောနိုင်၏ဗိုက်ထဲတွင် ပုရွှားလေးရှိသည်။ ဖေဒင်အရမ်းမှန်ပါ၏။

ရွှေစင် ကျောင်းတက်သည့်နေ့မှာပင် (၈)တန်းမှ (၁၀)တန်းအထိ ကျောင်းသားပျိုလေးတွေ ဂနာမငြိမ်ဖြစ်သွားကြသည်။

"မိတယ်ကွာ၊ တကယ် ... တကယ် အရမ်းပဲ"

"ငါ့ဒီတစ်သက်မှာ ဒီတစ်ခါပဲ မြင်ဖူးတယ်ကွာ"

"အေးကွ၊ ရှောတာကိုက သခင်လို ပိတောက်လိုကွ"

"ဟ ... ဖိုးအောင်၊ မင်း တင်စားချက်ကို မင်း ရှင်းပြပါဦး၊ သခင်လို ပိတောက်လိုဆိုတဲ့ မင်းရဲ့သီအိုရီကြီးကို"

"သခင်ဟာ ပွင့်ကတည်းက ဖြူဖြူသန့်သန့်လေးနဲ့ သခင်လိုလှပြီးသားကွ၊ သခင်ဖြူဖြူသန့်သန့်လေးကို ပိုလှအောင်ဆိုပြီး နီ ပြာ ဝါတွေ ထပ်ခြယ်ပေးဖို့ မလိုဘူး"

"နိပ်ဟ"

www.burmeseclassic.com

www.burmeseclassic.com



"ပိတောက်လည်း ဒီလိုပဲကွ၊ ပွင့်ကတည်းက ရွှေဝါရောင်ကွ၊ ငုအဝါလိုမတောက်ဘူး၊ မကလက်ဘူး၊ အေး ... ပိတောက်ဟာ သူ့အခါနဲ့သူ လှနေပြီးသားကို ပိုလှအောင် စိုပြီး အစိမ်း၊ အနီ၊ အပြာ၊ အဖြူတွေ ထပ်မခြယ်နဲ့ မလိုဘူးလေကွ၊ အေး ... ရွှေစင်ရဲ့အလှဟာ ထပ်ပြီး ခြယ်စရာမလိုတဲ့ သဘာဝပင်ကိုအလှလို့ ငါဆိုလိုတာ"

"ရှိုး ... ဖြောင်း ... ဖြောင်း"

သူငယ်ချင်းတွေက လက်ခေါက်မှုတ်၊ လက်ခုပ်တီးလိုက်ကြပေသည်။

"တို့ရဲ့ မဟာအက်(စ်)အက်(စ်) သီဂီဝင်းကော့ ဒိုင်ပွဲရပ် ရှုံးသွားပြီကွ"

"အေးနော် ... ကျောင်းသူသစ် ရွှေစင် ရောက်လာတာ၊ သီဂီဝင်း ဘယ်လောက်ခံပြင်းမလဲပဲ"

"ဟိုကောင် ဖေသန်းမောင်ကော ခြေလှမ်းတွေ ဘယ်လိုပြောင်းဦးမလဲ မသိဘူးနော်ကွာ၊ သီဂီဝင်းကိုခွာပြီး ရွှေစင်ရဲ့နောက်ကို လိုက်ဦးမလားပဲ"

"ဟာ ... ဒီတော်သလင်းကောင်တော့ ပြောမနေနဲ့၊ ဒါပေမဲ့ ရွှေစင် ကြည့်ရတာက မျက်လုံးလည်းမကစားဘူး၊ အနေအထိုင်လည်း ရှိုးတိုးရှန့်တန့်မရှိဘူးကွ၊ မင်းတို့ မြဲမြံမှတ်ထား၊ ယောက်ျားလေးတွေ့ရင် ရှက်သလိုလို လုပ်တာတို့၊ လက်မခံတဲ့သဘောမျိုးပြတာတို့၊ တွန့်တွန့်လိမ်လိမ် လုပ်ပြတာတို့၊ အဲဒီလိုမိန်းကလေးက ပိုလွယ်တယ်ကွ၊ ရွှေစင့်ပုံစံက ပတ်ဝန်းကျင်လည်း သူ့ဟာသူနေ၊ ငါလည်း ငါ့ဟာငါ နေတတ်သလိုနေမယ် ဆိုတဲ့ပုံစံကွ"



"ဟာ ... ဖိုးအောင်၊ ဒီနေ့ မင်းစကားတွေက ကြီးလည်းကြီးတယ်၊ ကျယ်လည်းကျယ်တယ်၊ လေးနက်မှုလည်းရှိနေတယ်၊ မင်း ဘယ်စာရေးဆရာရဲ့ဝတ္ထုထဲက ခိုးချထားတဲ့စာသားတွေလဲဟင်"

"အဲဒါ မင်းတို့ခက်တာပေါ့၊ ထောင်တန်တဲ့စကား ..."

"ထောင်တန်တဲ့စကား အရှုပ်ထဲကတစ်ဆင့် သွားရတယ်လေ ဖိုးအောင်"

ဝိုင်းရယ်ကြသည်။

ဖိုးအောင် ဂရုမစိုက်။

"အဲဒါ ခက်တာပေါ့ ဖိုးသန်း၊ မင်းတို့က ပေါ့ပေါ့နေ ပေါ့ပေါ့စားကောင်တွေပဲ၊ ငါက ဘယ်သူ့ကိုမဆို မြင်တာနဲ့ ဗဟိဒ္ဓပြင်ပရုပ်သဏ္ဌာန်ကို စိတ်ပိုင်းဆိုင်ရာပညာမျက်စိနဲ့ ကြည့်လိုက်တာ၊ အဲဒီ ဗဟိဒ္ဓပြင်ပရုပ်မှတစ်ဆင့် အရူပ အတွင်းသဘောကို ထပ်ဆင့်ကြည့်တယ်"

"ထပ်ဆင့်ကြည့်တော့ ဘာမြင်လဲ ဖိုးအောင်၊ ကောင်မလေးတွေရဲ့အတွင်းမှာ ဘရာစီယာတို့၊ ဘောဒစ်(စ်)တို့နဲ့ ပင်တီဘောင်းဘီလေးတွေ ဝတ်ထားတာပဲဟာ"

"ဟာ ... ဒီကောင် ငကြောင်၊ ပေါက်ကရ လျှောက်ပြောမကောင်းတာတွေ ပြောတော့မယ်၊ ငါဆိုလိုတာက မျက်နှာကိုကြည့်လိုက်တာနဲ့ အဲဒီလူရဲ့ အတွင်းစိတ်သဘောကို အကဲခတ်နိုင်တယ်လို့ ပြောတာကွ"

"ဟေး ... ဟေး ... အားလုံးတိတ်၊ ရှူး ... ရှူး ... ဟိုမှာ ရွှေစင်နဲ့ ကေခိုင် လာနေတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖိုးသန်းကပင် လှမ်းကြည့်ရင်း သတိပေးစကားပြော လိုက်သည်။

အားလုံး မီးရေဖျန်း၊ ရှဲခနဲ ညံရာက ပကတိတိတ် ဆိတ်သွားပြီး ရွှေစင် လာရာသို့ သိသိသာသာ ကြည့်သူကကြည့် သည်။ မသိမသာ သူ့နိုးကြည့်ကြည့်သူက ကြည့်သည်။

ကေနိုင်ဖြူက သူတို့လူသိုက်အနီး ရောက်သည်နှင့် ခေါင်းငုံ့လျှောက်သည်။

ရွှေစင်က လျှောက်ရိုးလျှောက်စဉ်အတိုင်း ခြေလှမ်း မပျက်။ လက်လွှဲမပျက်လျှောက်ရင်း သူတို့လူသိုက်ကိုပင် ဝေ့ကြည့် လိုက်သေးသည်။ ရွှေစင် ကြည့်ပုံမှာ လမ်းလျှောက်သွားရင်း အမှတ်မထင် လက်ဝဲလက်ယာ ဝန်းကျင်ကို ဘာရယ်မဟုတ် ကြည့်ခြင်းဖြစ်သည်။

"ဟေး ... မကေနိုင်"

"ဘာလဲ ကိုအောင်သူ"

အောင်သူ ဆိုသူမှာ သူတို့အချင်းချင်း ဖိုးအောင်ဟု ခေါ်သူဖြစ်သည်။ ရောက်ကိုင်းအနက်ပါဝါမျက်မှန် တပ်ထားရသည်။ အသားညိုသည်။ အရပ်ပုသည်။ ပါးစပ်ပြဲသည်။ ရယ်လိုက်လျှင် ဖြူဖွေးသောသွားတွေ စီစီရီရီ ထင်းခနဲ တွေ့ရသည်။ အမြဲလည်း ရယ်ပြုံးနေတတ်သူဖြစ်သည်။ သဘောကောင်းပြီး အနွံအတာခံတတ် သဖြင့် ကျောင်းသူလေးတွေကလည်း အောင်သူနှင့်ကျတော့ အရော ဝင်သည်။ ကျောင်းသားအချင်းချင်းကလည်း ဖိုးအောင်ဆိုလျှင် အလိုလို ခင်နေကြသည်။



"ဒီလိုလေ၊ တို့ကျောင်းကို ကျောင်းသူသစ်တစ်ယောက်လာ တယ်၊ မကေနိုင်က ကျောင်းသူဟောင်းအနေနဲ့ တို့ တစ် တန်းတည်းသားချင်းတွေ မိတ်ဆက်ပေးပါလား"

"အဲ ... အဲဒါက၊ ဒီက ရွှေစင်က လက်ခံဦးမှကိုး"

"ဟာ ... လက်ခံပါတယ် ကေနိုင်၊ ရွှေစင်က လူသစ်ဆို တော့ မိတ်ကောင်းဆွေကောင်း ပိုပြီး လိုချင်တာပေါ့၊ သူတို့ဟာ မိတ်ကောင်းဆွေကောင်း ဖြစ်နိုင်တယ်ဆိုရင် မိတ်ဖွဲ့ပေးပါ ကေနိုင်"

"ဟိုက် ... အရိကတော"

ဖိုးအောင်ခေါ် အောင်သူသည် ရွှေစင်၏ စကားကို နားထောင်ပြီး မျက်မှန်ကြီးထဲမှ မျက်လုံးများပြူးပြဲကာ ပါးစပ် မှ အော်မိအော်ရာ အော်လိုက်သည်။ တကယ်တော့ ဖိုးအောင် အော်သော အရိကတောဆိုသည်မှာ ဂျပန်စကားဖြစ်ပြီး ကျေးဇူး တင်ပါတယ်ဟု အဓိပ္ပာယ်ဆောင်ပေသည်။

ဖိုးအောင်၏ အရိကတောသည် ကျေးဇူးတင်ပါတယ် ဆိုလိုခြင်းမဟုတ်၊ အာမေဍိတ်သံအဖြစ် အားပါးပါး အားယိုယိုဟု အော်သလို ပါးစပ်ထဲဝင်လာသော အာမေဍိတ်သံပြုလိုက်ခြင်းသာ ဖြစ်ပါ၏။

"ဟောဒါ ကိုအောင်သူတဲ့၊ ကေနိုင်တို့လိုပဲ ဒုတိယနှစ် ဆယ်တန်း၊ နှစ်ကြီးသမားလေ"

"မိတ်ဆွေဖြစ်ရတာ ဝမ်းသာတယ် ကိုအောင်သူ"

"ဟာ ... တို့ကလည်း ရွှေစင်နဲ့ မိတ်ဆွေဖြစ်ရတာ အရမ်း ဝမ်းသာတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဒါဆို ကိုအောင်သူကြီးကပဲ ကျန်တဲ့ မိတ်ကောင်းဆွေကောင်းတွေကို ဆက်ပြီး ရွှေစင်နဲ့ မိတ်ဆက်ပေးလိုက်"

"ရတယ် ကေခိုင်၊ ဒီကောင်က သန်းဇော်တဲ့၊ တို့လိုပဲ နှစ်ကြီးသမား၊ သန်းဇော် ကျတာကတော့ အလကားနေ စာမကျက်ဘူး၊ ဂစ်တာတီးတယ်၊ အမယ် ... အတီးတော့ အတီးကောင်းဗျာ၊ တစ်နေ့ကျမှ မီးပုံပွဲလုပ်ပြီး ရွှေစင့်ကို ဖိတ်ပြမယ်၊ ဒီကောင် သန်းဇော်က အဆိုရော အတီးရော ဦးဝင်းဦးထက် မညံ့ဘူး"

"ဟာကွာ ... ဖိုးအောင်၊ မင်းဟာက လိုတာထက် ပိုသွားပြီ၊ ဘရိတ်ပေါက်မနေနဲ့ ဒီပြင်ကောင်တွေနဲ့ မိတ်ဆက်ပေးဦး"

ဟု သန်းဇော်က ရှက်ရမ်းအသံဖြင့် ဖိုးအောင်ကို ငေါက်လိုက်ပေသည်။ ဖိုးအောင်က သန်းဇော် ဘာပြောပြော ဂရုမစိုက်သည့်ပုံစံဖြင့် ဆက်၍ မိတ်ဆက်ပေးပြန်သည်။

ဒီတစ်ခါတော့ တစ်ယောက်ချင်း မပြောတော့ဘဲ လက်ညှိုးကို မိတ်ဆက်ခံရသူ၏ ရင်ဘတ်ကိုထိအောင်ထိုးပြီး မိတ်ဆက်သည်။

"ဒီကောင်က ဗညားသွင်"

"ဒီကောင်က အောင်ကိုလတ်"

"ဒီကောင်က လွမ်းဝေ"

"အေးဗျာ၊ ဒီလိုပြိုပြီး သုံးယောက်ပြူးကြီးကို လက်ညှိုးထိုးမိတ်ဆက်ပေးတော့ မရွှေစင် ဟုံသွားမှာပေါ့၊ ဘယ်မှတ်မိတော့မလဲ"



"မှတ်မိပါတယ် ကိုအောင်၊ ရွှေစင် ပြန်ရွတ်ပြမယ်၊ ဟော ဒါက ကိုဗညားသွင်၊ ဟောဒီ အလယ်က ကိုအောင်ကိုလတ်၊ ဟောဒါကျတော့ ကိုလွမ်းဝေတဲ့၊ ဟုတ်ရဲ့လား"

"ဟုတ်ဗျာ၊ သိပ်ဟုတ်တာပေါ့၊ ဒါပေမဲ့ လူတစ်ယောက်ကို မိတ်ဆက်တယ်ဆိုတာ သူ့ရဲ့ထူးခြားတဲ့ သဘောတလေးတွေနဲ့ ပူးတွဲပြီးမှတ်ရင် မမေ့တော့ဘူး၊ ဟောဒီကောင် ဗညားသွင်ရဲ့သဘောတက ရာဇဝင်ထဲက ဗညားတွေကတော့ တကယ့်သူရဲကောင်းတွေပဲ ရွှေစင်၊ ကဲ ... ကျုပ်တို့ရဲ့ ဗညားသွင်ကျတော့ ဆန့်ကျင်ဘက်သာမှတ်ထား၊ ဒီကောင်က လေးဖက်တွားသတ္တဝါဆိုရင် ချေးလည်းကြောက်တယ်၊ ကြောင်လည်းကြောက်တယ်၊ ကျားနဲ့တွေ့ရင် မိုင်းခနဲလဲပြီး တက်သေမယ့်ကောင်"

ရွှေစင် ရယ်လေသည်။ ကေခိုင်လည်း ရယ်သည်။ ကေခိုင်ကတော့ ပါးစပ်ကို လက်ကိုင်ပဝါလေးအုပ်ပြီး ရယ်သည်။ ရွှေစင်ကတော့ ဒီအတိုင်း ပကတိအတိုင်းရယ်သည်။ ရွှေစင်ရယ်လေမှ သွားဖြူလေးများက ပုလဲလုံးစီပြီး ပို၍ လှသွားပြန်သည်ဟု ပုရိသငါးယောက်စလုံး ယူမှတ်ကြသည်။

ကျောင်းသားငါးယောက်လည်း ရယ်ကြသည်။ ဖိုးအောင်၏ဟာသသည် မြူးစရာ ရွှင်စရာ ဖြစ်ရပါ၏။

"ဒီကောင် အောင်ကိုလတ်ကျတော့ တကယ့်အဆိုတော် ကိုအောင်ကိုလတ်သာ နာမည်တူရှိမှန်းသိရင် ပိုက်ာ အဆိုတော် တစ်သက်လုံး သီချင်းမဆိုတော့ဘူး၊ အဝိဇ္ဇာနှင်ဝင်သွားမှာ သေချာတယ်၊ ကျုပ်တို့ အောင်ကိုလတ် သီချင်းဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီဟောဆိုရင် အိမ်မှာ နိုအောင်းနေကြတဲ့ ကြွက်တွေတောင် လွတ်ရာကျွတ်ရာ ထွက်ပြေးတယ်"

"ဒီကောင်ကျတော့ လှမ်းဝေတဲ့၊ အားအားရှိ အလှမ်းလေးနဲ့ မျက်ရည်ဝဲမယ်မထင်နဲ့ မရွှေစင်၊ မနှစ်က သူ့အဖေသေတာ မသာအိမ်မှာ ဒီကောင် တဟီးဟီး တဟားဟားနဲ့ ရယ်နေလို့ လူကြီးတွေက မသင့်တော်ဘူး၊ အခြားမှာသွားရယ်လို့ နှင်ထုတ်ရတယ်"

အားလုံး ထပ်မံရယ်ကြပြန်ပါ၏။

လှမ်းဝေက ရယ်မောရင်းပင် ...

"ဒါတော့ ဖိုးအောင်ရာ၊ မနှစ်က သေတာက ပထွေးကိုကွ၊ ပထွေးသေရင် မယားပါသား အူမြူးတာပေါ့ကွ"

ဘာပဲပြောပြော ရွှေစင်နှင့် ကျောင်းသားငါးယောက် ရှိုးရှိုးသားသားလေး မိတ်ဆွေဖြစ်သွားကြသည်။

ကျောင်းတက်ခေါင်းလောင်းထိုးပြီမို့ ဝင်ကြသည်။

"ကဲ ... တပည့်တို့၊ အခု ကျောင်းတက်တက်ချင်း စသင်ရမယ့်ဘာသာက အချိန်ဇယားအရ ဆရာမ ဒေါ်စိန်စိန်ရဲ့ သင်္ချာချိန်ပဲ၊ ဒါပေမဲ့ ဆရာမ ဒေါ်စိန်စိန်ကို ဆရာက တောင်းပန်ပြီး ဒီနေ့တော့ အချိန်ချင်းလဲလိုက်တယ်၊ ဆရာက ဒီအတန်းရဲ့အတန်းပိုင်ဆရာဖြစ်နေတော့ ကျောင်းစတက်တက်ချင်း အခုရောက်လာတဲ့ ကျောင်းသူအသစ်တစ်ယောက်နဲ့ ဆရာ့တပည့်ဟောင်းတွေကို မိတ်ဆက်ပေးရမယ့်တာဝန်ရှိတယ်၊ ကဲ ... ရွှေစင် ထစမ်း"

ရွှေစင် ထရပ်သည်။



"ကျောင်းသားကျောင်းသူတွေဘက်ကို လှည့်ပြစမ်း"

"အဲဒါ ပဲခူးအထက်တန်းကျောင်းက ပြောင်းလာတဲ့ ရွှေစင်တဲ့"

"ဖြောင်း ... ဖြောင်း ... ဖြောင်း"

ဖိုးအောင်ကစပြီး လက်ခုပ်တီးရာ ကျောင်းသားအားလုံး လက်ခုပ်တီးကြသည်။ ကျောင်းသူထဲကတော့ လက်ခုပ်တီးသူများရှိသလို မတီးသူများလည်း ရှိကြသည်။

ဖိုးအောင်က လက်ခုပ်တီးပြီး မျက်မှန်နှာထိပ်ကို ပင့်တင်ပြီး နေရာမှထလိုက်သည်။

"မရွှေစင်ကို ကြိုဆိုပါ၏"

ဖိုးအောင်ကစပြီး တိုင်တည်သံပြုလိုက်ရာ ကျောင်းသားတွေကလည်း 'မရွှေစင်ကို ကြိုဆိုပါ၏'ဟု သံပြိုင် အော်ကြပေသည်။

သီဂီဝင်းသည် မသိမသာလေး မဲ့လိုက်သည်။ တန်းပိုင်ဆရာက ရွှေစင်ကို အရေးပေးလွန်းသည်ဟု ထင်မိသည်။

"ဆရာက ဘာလို့ တစ်တန်းလုံးနဲ့ မိတ်ဆက်ပေးရသလဲ ဆိုတာ ဆက်ရှင်းပြမယ်၊ တကယ်လို့ ရွှေစင်ဟာ တို့မြို့မှာပဲနေပြီး တို့ကျောင်းကို ပြောင်းလာတာ ဆိုရင်တော့ မင်းတို့အချင်းချင်း တစ်မြို့တည်းသား အတူတူပြီး ကျွမ်းပြီးသားတွေဖြစ်နေမယ်၊ အထူးမိတ်ဆက်ပေးရာမလို ဘူး၊ အခု ရွှေစင်တို့မိဘတွေက အစိုးရအမှုပိတာဝန်နဲ့ ပြောင်းလာရတာ၊ ဆရာတို့မှာ အထက်ကညွှန်ကြားချက်

www.burmeseclassic.com

www.burmeseclassic.com



ရှိထားတယ်၊ တာဝန်နဲ့ပြောင်းလာတဲ့ အစိုးရအရာထမ်း၊ ဝန်ထမ်းတို့ရဲ့ သားသမီးတွေကို ကျောင်းအပ်ရင် ဘယ်အချိန်မဆို လက်ခံရမယ်တဲ့၊ နောက်ပြီး လူမှုရေးအရပြောင်းလာတဲ့ လူသစ်ကို ဒေသခံတွေနဲ့ ရင်းနှီးခင်မင်အောင် ဆောင်ရွက်ပေးရမယ်တဲ့၊ အခု ဆရာမိတ်ဆက်ပေးတာဟာ အထက်ကညွှန်ကြားချက်အရလို့ တပည့်တို့ယူဆပါ၊ ကဲ ... ရွှေစင်ထိုင်၊ မောင်အောင်သူလည်းထိုင်"

ဖိုးအောင်က ဆရာ့အမိန့်အတိုင်း ထိုင်ခါနီးတွင် သူငယ်ချင်းတွေဘက် မျက်စပစ်လိုက်ပြီး ...

"အက်(စ်) အက်(စ်)"ဟု တိုင်ပေးရာ ကျောင်းသားတွေက ...

"စူပါစတား"ဟု ဝိုင်းအော်လိုက်ကြသည်။ ပြီး "ကျူးယူအီးအီးအင်ကွင်း"ဟုလည်း ဆက်အော်သည်။

ပြုံးဖြီဖြီ ဖိုးအောင် ပြန်ထိုင်ပါ၏။

သီဂီဝင်း မျက်နှာလေး နီသွားသည်။ ရင်ထဲတွင် ဆတ်ဆတ်ခါတုန်သွားသည်။ တခြားဘာမဆို သီဂီဝင်း ခံနိုင်ရည်ရှိပါ၏။

ယခု ရွှေစင်မရောက်ခင်က မိမိကိုသာ'ကွင်း'၊ မိမိကို သာ 'စူပါစတား'ဟု မှတ်ယူထားကြရာမှ ယခု ယနေ့နံနက်မှ စတင်မြင်ရသော ကျောင်းသူသစ် ရွှေစင်ကို ဘွဲ့ပြောင်းပေးလိုက်သည့်အတွက် သီဂီဝင်း၏ရင်ထဲတွင် တစစ်စစ် နာကျင်သော ဝေဒနာကို ခံစားရတော့သည်။



စူပါစတားတို့ ကွင်းတို့ဆိုသည်မှာ ကျောင်းမှ ဆရာကြီး၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးအဖွဲ့က ပေးခြင်းမဟုတ်။ ကျောင်းသူကျောင်းသားတွေက အလိုအလျောက် တညီတညွတ်တည်း သတ်မှတ်ပေးအပ်သောဘွဲ့ဖြစ်သည်။

ယခု ဖိုးအောင်က ခေါင်းဆောင်ပြီး ရွှေစင်ကို စူပါတွေ ကွင်းတွေ ပေးလိုက်လေပြီ။ ကျောင်းသူကျောင်းသားအများကလည်း သဘောတူကြသည့် မျက်နှာအမူအရာတွေ ယှက်သန်းနေကြသည်။

သီဂီဝင်း မျက်ရည်ဝဲသည်။ အံကြိတ်မိသည်။

"ကဲ ... တပည့်တို့၊ ကျောင်းပိတ်ရက်လေး နည်းနည်းများသွားပြီ၊ ကျောင်းပြန်တက်စနေ့ဆိုရင် အိယော အိယောနဲ့၊ ဆရာ ဆရာမတွေက စာသိပ်မသင်သေးဘူးလို့ တော်တော်များများတပည့်တွေက ထင်နေကြတယ်၊ ကဲ ... ဆရာကတော့ လက်တွေ့ပြမယ်၊ ကျောင်းပိတ်ရက်မှာ စာကျက်မပျက်တဲ့လူ သိသာအောင် ဆရာသင်ပြီးတဲ့ စာတွေထဲက မေးခွန်းတွေ မေးသွားမယ်၊ တစ်ယောက်စီ ဖြေရမယ်"

"ဟိုက် ... အမယ်လေး ... ထိပြီ"

ဟု ဖိုးအောင်တို့အသိုက်ထဲမှ အသံသေးလေးဖြင့် ပြောသံထွက်လာသဖြင့် ကျိတ်၍ ရယ်သံလေးတွေ ထွက်လာပြန်ပါ၏။

တန်းပိုင်ဆရာက အင်္ဂလိပ်ဘာသာသင်သည့်မို့ အင်္ဂလိပ်စာ၏ သင်ခဲ့ပြီးသည့်အထဲမှ မေးခွန်းတစ်ခု ကောက်မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ကဲ … ကျောင်းသူသစ် မရွှေစင်က ဖြေစမ်း”

ရွှေစင် ထိုင်ရာမှထသည်။ ဆရာမေးသည့် မေးခွန်းကို ဒိုးဒိုးဒေါက်ဒေါက်ပင် ဖြေလိုက်သည်။

“မဆိုးဘူး၊ မှန်တယ်၊ ကျောင်းပိတ်ရက်မှာ စာဖတ်သလား”

“မဖတ်မိဘူး ဆရာ၊ ဆယ်တန်းနှစ်ကျမို့ စာကြေနေပြီး ရတဲ့သဘောပါ”

ရယ်မောကြသည်။ ရွှေစင်က မရှက်မရွံ့ ပွင့်ပွင့်လေးပြောတတ်ပုံကိုလည်း သဘောကျကြသည်။

“မရွှေစင် ထိုင်၊ ကဲ … မောင်အောင်သူ ထစမ်း”

ဆရာက မေးခွန်းတစ်ခုမေးသည်။

အောင်သူ မျက်မှန်နှာသီးထိပ် မျက်မှန်ပင့်တင်သည်။

“ဟို … အဲ … ဟဲ … ဟဲ … ကျွန်တော် ဆရာ့မေးခွန်းကို နက်ဖြန်ကျရင် ဖြေနိုင်မှာပါ ဆရာ”

ဝါးခနဲ တစ်တန်းလုံး ရယ်ကြပြန်သည်။

“အေး … မင်းလည်း ဆယ်တန်းနှစ်ကျပဲ၊ စာမကြေဘူး၊ ဒီနှစ်ဆက်ကျမယ်နော်၊ နှစ်နှစ်ကျပြီးရင် ညကျောင်းရောက်သွားမယ်”

“ကျွန်တော် ကြိုးစားပါ့မယ် ဆရာ”

“အေး ထိုင်၊ မောင်သန်းဇော် အခု မောင်အောင်သူ မရတဲ့မေးခွန်းကို ဆက်ဖြေပါ”

သန်းဇော်ကျတော့ ဒိုးဒိုးဒေါက်ဒေါက်ပင် ဖြေသွားနိုင်သည်။

“မှန်တယ်၊ ထိုင်၊ မောင်ဖေသန်းမောင် ထပါ”



ဆရာက နောက်ထပ်မေးခွန်းတစ်ခု ထပ်မေးသည်။

ထုံးစံအတိုင်း မတ်တတ်ရပ်၍ ဖြေရသော ကျောင်းသားကို ကြည့်ကြသည့်အလေ့အရ တစ်တန်းလုံး ဖေသန်းမောင်ကို ကြည့်ကြသည်။

ကျောင်းသူ ကျောင်းသားတိုင်း အင်္ကျီအဖြူ လုံချည်အစိမ်းဝတ်သော်လည်း ဖေသန်းမောင် ဝတ်မလာ။ ချောကလက်နုနုရောင် စပို့ရှပ်ဝတ်ထားသည်။ ချည်ဖြူပွင့်လေးများ ဖောက်ထားသော အောက်ခံ ငါးရှဉ့်သွေးရောင် ပနက္ကူလုံချည် ဝတ်ထားလေသည်။

မြင်ရသည်ကတော့ ဖေသန်းမောင်သည် လူချောလူလုတစ်ဦးဖြစ်သည်။

“ကျွန်တော် စာမကျက်ထားရသေးဘူး ဆရာ၊ မဖြေနိုင်ပါဘူး”

ဖေသန်းမောင်က ဆရာ့ကို ပြန်ပြောပြီး ဆရာက ထိုင်မိန့်မပေးခင် သူ့ဟာသူ ထိုင်ချလိုက်သည်။

တန်းပိုင်းဆရာက ဖေသန်းမောင်ကို တစ်ချက်ကြည့်လိုက်ပြီး ပြုံးလိုက်သည်။

“ကေခိုင်ဖြူ ထပါ၊ မောင်ဖေသန်းမောင် မဖြေနိုင်တဲ့မေးခွန်းကို ဆက်ဖြေပါ”

ကေခိုင်ဖြူက အထစ်အငေါ့မရှိ ဖြေပြလိုက်သည်။

“တော်တယ်၊ ထိုင်ပါ”

“အေး … သင်ခန်းစာဟောင်းမေးပြီးတဲ့နောက် သင်ခန်းစာအသစ် ထပ်မတက်ခင် ဆရာက တပည့်တို့ကို ပုံပြင်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

ပြောပြမယ်၊ ပုံပြင်က ရှိးနေပြီဖြစ်တဲ့ ပုံပြင်မို့ တပည့်တို့ ကြားဖူးပြီးသားဖြစ်ချင်လည်းဖြစ်မယ်၊ ဒါပေမဲ့ ဒီနေ့ အခု သင်နေတဲ့အချိန်မှာ ဒီပုံပြင်လေးဟာ ပြောပြဖို့ လိုအပ်တယ် ထင်လို့ပြောပြတာပဲ”

ဆရာက စားပွဲရှေ့သို့ထွက်လာခဲ့သည်။ စားပွဲပေါင် (ဘောင်)စွန်းပေါ် တင်ပါးမှေးရင်း ဆက်ပြောသည်။

“ဟိုးရှေးတုန်းက နွားကျောင်းသားတစ်ယောက်ဟာ နွားကျောင်းနေစဉ်မှာပဲ ချောင်းစပ်မှာရှိနေတဲ့ ဗျိုင်းတစ်ကောင်ကိုတွေ့တယ်၊ ဗျိုင်းက ဘာလုပ်နေသလဲဆိုတော့ ရေထဲက ငါးတစ်ကောင်မိတိုင်း ချက်ချင်း မျိုမချဘဲ သူ့နှုတ်သီးနဲ့ အပေါ်မြှောက်တင်လိုက်၊ ပြန်ကျလာတဲ့ငါးကို နှုတ်သီးနဲ့ ပြန်ဖမ်းလိုက် အကြိမ်ကြိမ်လုပ်ပြီးမှ နောက်ဆုံးကျမှ ငါးကိုမျိုချသတဲ့၊ ဒါကို နွားကျောင်းသားကမြင်ပြီး သိပ်သဘောကျတယ်၊ ဗျိုင်း ဆရာလုပ်သွားတဲ့အတိုင်း သူ့ရဲ့နွားကျောင်းရင်းကိုင်တဲ့ ကြိမ်တုတ်လေးကို မိုးပေါ်မြှောက်လိုက်၊ ပါးစပ်ဟပြီး သွားနဲ့ ကိုက်ဖမ်းလိုက်လုပ်ပြီး နွားကျောင်းတစ်ချိန်လုံး နေ့စဉ်လေ့ကျင့်တယ်၊ ကြိမ်တုတ်ကလေးနဲ့ကျင့်တာ အောင်မြင်သွားတော့ တစ်ဆင့်တက်ပြီး ဓားနဲ့ကျင့်၊ လှံနဲ့ကျင့် ကျင့်တယ်ဆိုပဲ၊ ကြာတော့ ဓားသွားထိပ် လှံသွားထိပ်ကို ဆီးခံပြီး သွားနဲ့ကိုက်ထားလိုက် လုပ်ပြနိုင်တယ်၊ အဲဒီနောက် ကျေးတောသား နွားကျောင်းသားဟာ ဘုရားမင်းရှိရာ နေပြည်တော်ကို တက်လာပြီး သူ့အတတ်ပညာကို ပြပွဲလုပ်တာ၊ လူတွေဟာ သောင်းသောင်းဖြဖြ ဩဘာပေး



ကြပြီး ဒီလူကို ဘုရင်ကြီးရှေ့မှောက် အခစားဝင်စေတယ်၊ ဘုရင်ကြီးကို ပျော်တော်ဆက် သူ့အတတ်ပညာနဲ့ ပြစေတယ် ...

ဓားကို ဖမ်းကိုက်လိုက်၊ လှံသွားကို ဖမ်းကိုက်လိုက် ဘုရင်ကြီးဟာ အသည်းတယားယား၊ ရင်တဖိုဖိုနဲ့ကြည့်ရလို့ အင်မတန်သဘောကျပြီး ဆုတော်လာဘ်တော်တွေ ပေးသနားဖို့ ရည်ရွယ်တယ်တဲ့ ...

ဆုတွေ လာဘ်တွေ မပေးခင် ဘုရင်ကြီးက အမောင်ကျေးတောသား၊ သင်သည် ဤအတတ်ပညာကို မည်သို့သောဆရာတစ်ပါးပါးထံမှ သင်ယူတတ်မြောက်ခြင်းလော လို့မေးတယ်တဲ့ ...

ကျေးတောသားစိတ်ထဲမှာ ဒီပညာကို တတ်မြောက်စေတဲ့ အရင်းခံဆရာကတော့ ဗျိုင်းပဲ၊ ဒါပေမဲ့ ကျွန်တော်မျိုးကြီးရဲ့ဆရာဟာ ဗျိုင်းပါလို့ အဟိတ်တိရစ္ဆာန်ကို ဆရာတစ်ပါးလို တင်ပြရမှာ သိပ်ရှက်တယ်ဆိုပဲ ...

ဒါနဲ့ ကျေးတောသားက မှန်လှပါ ဘုရား၊ ကျွန်တော်မျိုး ဤအတတ်ပညာ တတ်မြောက်ခဲ့ခြင်း မည်သည့်ဆရာတစ်ပါးမျှမရှိခဲ့ပါ၊ ကျွန်တော့်ဘာသာ ကြိုးစားလေ့ကျင့်တတ်မြောက်ခဲ့ခြင်းပါဘုရားလို့ ဖြေသတဲ့ ...

ဒီတော့ အိမ်း ... အမောင် တော်လေစွ၊ အမောင်ကို ဆုတော်လာဘ်တော်တွေ မချမီ နောက်ဆုံး ငါကိုယ်တော်မြင်ရှုစားလို၍ နောက်တစ်ကျော့ ပြန်ကစားစေလို့ အမိန့်ချမှတ်တယ် ...

www.burmeseclassic.com

www.burmeseclassic.com



ကျေးတောသားဟာ ဘုရင်ကြီးရဲ့အမိန့်အတိုင်း နောက်တစ်ကျော့ ပြန်ကစားပြရာမှာ လုံသွားကို သွားနဲ့ ကိုက်ဖမ်းတာ မမိလိုက်တော့လို့ လုံသွားဟာ အာခေါင်ထဲ ဝင်စူးပြီး ကျေးတောသားခမျာ ပွဲချင်းပြီး သေဆုံးရတယ်တဲ့ ...

ဒီမှာတပည့်တို့၊ လောကကြီးမှာ ဆရာမရှိတဲ့ အတတ်ပညာရယ်လို့ ဘာတစ်ခုမရှိဘူးကွယ့်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဆိုတဲ့ ဆရာသုံးပါးမှာ တစ်ပါးပါးကတော့ ရှိစမြဲပဲ၊ ဗျိုင်းဟာ ကျေးတောသားရဲ့ သင်ပြတဲ့ဆရာမဟုတ်ပေမယ့် အမြင်နဲ့ပြတဲ့ ဆရာခေါ်တယ်၊ အဲဒီမြင်ဆရာကို ပြစ်မှားမိတာနဲ့တောင် ကျေးတောသားဟာ အာခေါင်လုံစူးပြီးသေပွဲဝင်ရတာပဲ၊ အဲဒီပုံပြင်လေးမှာ နောက်ဆက်တွဲ ကာရန်စာပိုဒ်လေးတောင် ပါသေးတယ်ကွယ့်၊ ကာရန်စာပိုဒ်က- ဆရာကာပြန် အာခေါင်းလုံစူးတဲ့”

အားလုံးသော ကျောင်းသားကျောင်းသူများသည် ဖေသန်းမောင်ထိုင်ရာသို့ လှမ်းကြည့်ကြသည်။

ဖေသန်းမောင် ခေါင်းငုံ့ထားသည်။ ပေါင်ပေါ်သို့ တင်ထားသော လက်နှစ်ဖက်သည် လက်သီးဆုပ်ထားပါ၏။ အံကြိတ်ထားသဖြင့် မေးရိုးနှစ်ဖက် ဖူးကြွနေသည်ကိုတော့ မြင်ကြရပေသည်။

“ကဲ ... တက်(စ်)ဘုတ်(ခ်)ထုတ်ကြ၊ သင်ခန်းစာအသစ်တက်မယ်”



ဆရာသည် သင်ခန်းစာသစ်ကို တစိုက်မတ်မတ် သင်သွားပေသည်။

နေ့လယ်မုန့်စားဆင်းပြီး ပြန်တက်ချိန် အတန်းထဲ ထိုင်မိပြီး ဆရာမဝင်လာသောအခါ ကေခိုင်ဖြူက ရွှေစင်ကို ပေါင်ကုတ်သည်။

“ဘာလဲ ကေခိုင်”

“သီဂိဝင်း နေ့ခင်း ကျောင်းပြန်မတက်တော့ဘူး၊ ဖေသန်းမောင်လည်း မတက်ဘူး၊ သူတို့နေရာတွေ လပ်နေတယ်၊ မြင်တယ်မဟုတ်လား”

“အင်း”

“သူတို့ ချိန်းတွေ့ကြတာ နေမှာပေါ့”

“ဒါ တို့အပူမှမဟုတ်တာ ကေခိုင်ရယ်”

“မဟုတ်ဘူးဟဲ့၊ ငါက စိုးရိမ်လို့”

“ဘာကိုလဲ”

“ဖေသန်းမောင်က မိဘချမ်းသာတယ်၊ အပြင်မှာ အပေါင်းအသင်းစုံတယ်၊ သီဂိဝင်းနဲ့ သူနဲ့လည်း ကြိုက်နေကြတယ်၊ ဒီနေ့ မနက်ပိုင်း သီဂိဝင်း တော်တော်မကျေမနပ်ဖြစ်သွားတယ်၊ သူတို့နှစ်ယောက် တိုင်ပင်ပြီး ကျောင်းမှာ ရွှေစင့်ကို တစ်ခုခုအပုပ်ချဖို့ တိုင်ပင်ကြသလားမှ မသိတာ”

“ရပါတယ်ဟယ်၊ ဖြစ်လာလည်း ရင်ဆိုင်ရုံပေါ့၊ ကိုယ်ကောင်းရင် ခေါင်းမရွေ့ဘူးပေါ့”

“ဟော ... ဆရာမ ဘလက်ဘုတ်ပေါ်မှာ စာရေးနေပြီ လိုက်ကူးကြရအောင်”

❋ ❈ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၅)

"ဟေး … ဟေး … ကျေးဇူးပြု၍ ခဏရပ်ပါဦး"

ကေခိုင်နှင့် ရွှေစင်တို့ စက်ဘီးကိုယ်စီဖြင့် မာလာမြိုင်လမ်းထိပ်ရောက်သည်နှင့် အုတ်ခုံပေါ်မှ ကောင်တစ်ကောင် ဆင်းလာသည်။ ကျွန်နှစ်ယောက်က ထိုင်မြဲထိုင်ပြီး သံသေးသံကြောင်ဖြင့် စတီရီယိုတေးတစ်ပုဒ်ကို သံပြိုင်ဟစ်နေကြသည်။

လမ်းအလယ်ပိတ်ပြီး ခြေကား လက်နှစ်ဖက်ဘေးတန်းထားလိုက်သဖြင့် မရှောင်သာဘဲ ကေခိုင်ရော ရွှေစင်ပါ စက်ဘီးပေါ်မှဆင်းလိုက်ကြသည်။

"ညီမလေးတို့ ကျောင်းဆင်းလာပြီလား"

"ဟုတ်ကဲ့ … ဆင်းပါပြီရှင်"

ရွှေစင်က အတွန့်ဆုတ်မရှိ မျက်နှာမပျက်ဘဲ သူသူငါငါ နှုတ်ဆက်စကားပြောသလိုပင် ပြန်ဖြေလိုက်သည်။

ထိုအချိန်တွင် မာလာမြိုင်လမ်း အတွင်းဘက်မှ လူတစ်ယောက်သည် အုတ်ခုံလမ်းအထွက်သို့ လျှောက်လာသည်။ ဟောင်းမြည့်နေသော အနားပတ်ပါသည့် ဦးထုပ်ဖြူရော်ရော် ပြာ



နမ်းနမ်းကို နဖူးအုပ် ဆောင်းထားသည်။ အင်္ကျီမှာ နဂိုက လက်ပါသောအင်္ကျီအား အရင်းမှဖြုတ်ထားပုံရသည်။ လက်ပြတ်အင်္ကျီဘ၀ရောက်ကာ လက်အနားချည်စတွေ ဖွာနေသည်။

ဘောင်းဘီရှည်ကလည်း ဒူးဆစ်အောက်တွင် ချည်စတွေ ဖွာနေသည်။ တွဲလို့တွဲလောင်း အိတ်ကြီးတစ်အိတ် လွယ်ကာ လက်ထဲတွင် လမ်းလျှောက်တုတ်လို တုတ်တစ်ချောင်း ကိုင်ထားသည်။ ပလတ်စတစ် ကောက်သူတစ်ယောက်နှင့် တူပါ၏။

"အမယ်မင်း … ဟော့ … အပေါင်းအသင်းတို့၊ ရွှေစင်က ရပ်ချောသလောက် အပြောယဉ်ကျေးတယ်ကွာ၊ ဟုတ်ကဲ့၊ ဆင်းပါပြီ ရှင်တဲ့လေ"

"ရှင်တို့က ကျွန်မနာမည်ကို သိနေလား"

"သိပ်သိတာပေါ့၊ ဒီလောက်သတင်းကြီးတဲ့ ရွှေမင်းသမီးကို အစ်ကိုတို့မသိရင် အစ်ကိုတို့ ခေတ်တစ်ခေတ် နောက်ကျသွားမှာပေါ့"

"ကဲ … ဒါဆိုလည်း လူကြီးမင်းက အမိန့်ရှိပါ၊ ဘာကိစ္စ စက်ဘီးရှေ့က တားသလဲ ဆိုတာ"

"ချစ်လို့လေ ရွှေစင်၊ ချစ်လို့၊ ဟဲ့ … ဟိုဘက်က ကေခိုင်ဖြူ ပြန်တော့လေ"

ကေခိုင်ဖြူက ဘာလုပ်ရမည်မှန်းမသိ၊ အကြောက်ပိုကာ မျက်နှာလေး သွေးဆုတ်နေပါ၏။

"ဩော် … ကျွန်မကိုချစ်လို့ လက်တားပြီး ချစ်စကားပြောတာပေါ့နော်"

"မှန်စစ်ပေါ့ ရွှေစင်ရာ"

www.burmeseclassic.com

www.burmeseclassic.com



"ချစ်တယ်၊ ခင်တယ်ဆိုတာ မင်္ဂလာတရားထဲက တစ်ပါး အပါအဝင်ပဲ၊ ဒါပေမဲ့ ကျွန်မက ရှင်တို့ကို မြင်လည်းမမြင် ဖူးဘူး၊ ခင်မင်ချင်စရာကောင်းတဲ့ လူတွေလို့လည်း မယူဆ ဘူး၊ ကျွန်မသွားမယ့်လမ်းမှာ အနှောင့်အယှက် ဖြစ်လာ တယ်၊ ဖယ်ပါ"

"မဖယ်နိုင်လို့ပါ ရွှေစင်ရာ"

လူက လက်ဘေားကားပြီး ထုပ်ဆီးတိုးသလို ရွှေစင် ၏စက်ဘီးရှေ့မှ ကာဆီးထားပေသည်။

"ကဲ ... မဖယ်ချင်ဦး"

ရွှေစင်က စက်ဘီးကို ရှေ့သို့အားဖြင့် ဆောင့်တွန်း လိုက်သည်။

"အမယ်လေးဗျ"

စက်ဘီးရှေ့ဘီးက ထိုသူ၏ပေါင်ခွသို့ တည့်တည့် ကြီး တိုးဝင်သွားသည်။

"အမယ် ... ဒီကောင်မ တယ်စွာပါလား"

အုတ်ခုံပေါ်မှနှစ်ယောက် ပြေးဆင်းလာသည်။ ရွှေစင့် ကို တစ်ယောက်တစ်ဖက် ဆွဲလိုက်ရာ ရွှေစင့်စက်ဘီး လက်မှ လွတ်ပြီး လဲကျသွားသည်။

ရွှေစင် ရုန်းသည်။

ယောကျ်ားနှစ်ဦး တစ်ဖက်တစ်ချက် ဆွဲထားသည်မို့ မလွတ်။

"ကြည့်မကောင်းဘူး ထင်တယ် အပေါင်းအသင်းတို့၊ အမျိုးသမီးကို လွှတ်ပေးလိုက်ပါလားဗျာ"



"ဘာကွ ... မင်းက ဘာကောင်လဲ"

ဦးထုပ်ငိုက်စိုက်၊ အင်္ကျီလက်နား အဖွာ၊ ဘောင်းဘီ အစုတ်နှင့်လူ အနီးရောက်လာပြီး ရွှေစင်ကို လွှတ်လိုက်ဖို့ပြော လိုက်ရာ ...

"ကျုပ်က ဘာကောင်မှ မဟုတ်ပါဘူးဗျာ၊ လမ်းမကြီးမှာ အမြင်မတော်လို့ ဝင်ပြောတာ၊ နောက်ပြီး ကြည့်မကောင်းဘူး လေ၊ ယောကျ်ားသုံးယောက်က မိန်းကလေးတစ်ယောက် ကို အနိုင်ကျင့်တာ ဘယ်တရားမလဲ"

"အေး ... ဒါဆို မင်းကို တရားပြလိုက်မယ်၊ ဟေ့ ... ဇာဝီ၊ မင်း လက်အားနေတာပဲ၊ ဒီပလတ်စတစ်ကောက်တဲ့ကောင် ကို တရားပြလိုက်စမ်း"

ဇာဝီဆိုသူမှာ ပေါင်ခွကို စက်ဘီးနှင့် အဆောင့်ခံ ရသူဖြစ်သည်။

ဇာဝီက လွှားခနဲခုန်ကာ အစုတ်အပြတ်ငနဲ၏ ဝမ်းဗိုက်ကို မြားဦးစိုက်ကန်နည်းဖြင့် ကန်လိုက်သည်။

အစုတ်အပြတ် ရှောင်ပုံက ညင်သာလှသည်။ ကိုယ် ကို ဘေးတစ်ခြမ်းစောင်း လှည့်လိုက်ရုံမျှဖြင့် ဇာဝီ၏မြားဦးခြေ ထောက်ကြီး လေထဲတွင် တန်းနေသည်။

"ဒေါက် ... ဒေါက်"

"အမယ်လေးဗျ"

တန်းနေသော ဇာဝီ၏ခြေထောက်မှ ညှိသကျည်း ကို အစုတ်အပြတ်က သူ့လက်ထဲမှ တုတ်လေးဖြင့်နှစ်ချက်ဆင့် ရိုက်လိုက်သည်။ ဘယ်လိုသစ်သားဖြင့် လုပ်ထားသောတုတ်မှန်း

www.burmeseclassic.com

www.burmeseclassic.com



မယ်။ ဇာဝီ အမယ်လေးတကာ လက်နှစ်ဖက်ဖြင့် အရိုက်ခံရသော ညို့သကျည်းကို အုပ်ကိုင်ရသည်။

ဇာဝီ ဖင်ထိုင်၊ ခေါင်းငုံ့၊ ညို့သကျည်းကို ဆုပ်ထားစဉ် ဖြန်းခနဲ ဇာဝီ၏ပါးပြင်ကို ရိုက်လိုက်သည်။

ဇာဝီ ခွေခနဲ လဲကျသွားသည်။

ရွှေမင်ကိုလွှတ်ကာ နှစ်ယောက်စလုံး အစုတ်အပြတ်ထံ ပြေးဝင်ကြသည်။

လက်ဝဲဘက်မှ ဝင်လာသူ၏ လည်မျိုကို တုတ်ဖြင့် ပင့်ရိုက်လိုက်ရာ ကိုင်မြှောက်လိုက်သလို အပေါ်မြောက်တက်သွားပြီး ဖင်ထိုင်ကျသွားသည်။

လက်ယာလူနှင့် တစ်ယောက်ချင်းပွဲမှာ စက္ကန့်ပိုင်းသာကြာသည်။ အစုတ်အပြတ်၏လက်ဝါးက ကျန်တစ်ယောက်၏ ပါးပြင်ကို ဆင့်ရိုက်ရာ လဲကျသွားတော့သည်။

သုံးယောက်စလုံး နာသွားပြီ။

ရွှေစင်ကို ချုပ်ကိုင်ခဲ့သူနှစ်ယောက်မှာ လူးလူးလဲလဲ ထထိုင်နိုင်သော်လည်း ပထမဆုံးလူမှာ သတိလစ်ပြီး တုံးလုံးကြီး လဲနေပါ၏။

အစုတ်အပြတ်က တုတ်လေးကိုကိုင်ရင်း ထထိုင်သူနှစ်ဦးဆီသို့ တိုးကပ်သွားသည်။

"ဘယ်လိုလဲ ပွဲဆက်ဦးမလား၊ ဆက်ချင်သေးရင် ထကြလေ"

ထိုင်နေလျက်က ကြောက်လန့်သည့် အမူအရာတွေ ပေါ်လွင်စွာဖြင့် နှစ်ယောက်စလုံး ဦးခေါင်းခါပြကြသည်။



"ဒါဆိုလည်း လဲနေတဲ့လူကို တွဲခေါ်ပြီး သွားကြတော့"

ရွှေစင်ရော၊ ကောနိုင်ဖြူရော လူကြမ်းနှစ်ယောက်က သတိမေ့နေသည့် သူတို့အဖော်အား တစ်ဖက်တစ်ချက် တွဲခေါ်သွားသည်ကို ကြောင်ရှုကြည့်နေပြီးမှ သတိတရ အစုတ်အပြတ်ဘက်သို့ လှည့်ကြည့်သည်။

အစုတ်အပြတ်သည် အုတ်ခုံဟိုဘက် လမ်းမကြီးဆီသို့ ရောက်နေပေပြီ။

"ဒီမယ် ... ဒီမယ်"

ရွှေစင်က အပြေးကလေးလိုက်ပြီး ခေါ်လိုက်သည်။

ရွှေစင် ခေါ်သံကြောင့် အစုတ်အပြတ် ရပ်နေသည်။

"အရမ်း ... အရမ်းကို ကျေးဇူးတင်တယ်"

"ရပါတယ်၊ အမြင်မှ မကောင်းတာ"

အစုတ်အပြတ်က သံပြတ်နှင့်ပင် ပြန်ပြောသည်။ သူ၏ ငိုက်ထားသောဦးထုပ်ကို ပင့်တင်ပြီး ရွှေစင်ကို ငုံ့ကြည့်သည်။

ရွှေစင်ကလည်း သူ့ကိုမော့ကြည့်ရသည်၊ ရွှေစင်၏ အရပ်သည် (၅)ပေ(၄)လက်မ ရှိသည်။ မြန်မာအမျိုးသမီးအနေနှင့် အလောတော်အရပ်ဖြစ်သည်။ ပုသည် ရှည်သည် မပြောသာ။ ရွှေစင်ကပင် မော့ကြည့်ရသည်မို့ ထိုသူသည် အနည်းဆုံး (၅)ပေ (၈)လက်မ ရှိနိုင်သည်။

ပခုံးကျယ်ပြီး စုတ်ပြဲနေသော အင်္ကျီလက်ပြတ်အနားမှ လက်မောင်းကြီးတွေမှာ ကြွက်သားမျှောင်းကြီးတွေ ထနေသည်။ ဝမ်းဗိုက်စူပူခြင်းမရှိဘဲ ကျောပြင်လို တပြေညီရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘာပဲပြောပြော ရွှေစင်ထက် အသက်ပိုကြီးသည်မှာ တော့ သေချာသည်။ အသက်(၂၂)နှစ်နှင့် (၂၅)နှစ်ကြားတွင် ရှိအံ့သည်ဟု ရွှေစင် မှန်းသည်။ ရွှေစင့်တွင် အစ်ကိုရှိလျှင် သူ သည် အစ်ကိုအရွယ်လောက် ရှိနေပါ၏။

"အစ်ကို့နာမည် ဘယ်သူလဲဟင်"

"ဘာလို့မေးတာလဲ"

"သိချင်လို့ပါ"

"သိချင်ရင် ပြောမယ်၊ တို့နာမည် 'ဒုက္ခ'တဲ့"

"အဲ ... မဟုတ်က ဟုတ်က"

ကေခိုင်သည် ယခုမှ မရဲတရဲလေး ရွှေစင်တို့အနီး သို့ ကပ်လာသည်။

"ဒုက္ခ"ဆိုသူက ရယ်လိုက်သည်။

ဝတ်စားထားသည်ကသာ ပလတ်စတစ်ကောက် သမားလို စုတ်တီးစုတ်ပြတ်။

ရယ်လိုက်တော့ ဒုက္ခ၏မျက်နှာမှာ ထင်းခနဲပေါ်လွင် လာသည်။ ထူအမ်းသယောင် နှုတ်ခမ်းစုံကို ဖွင့်ရယ်သည်မှာ ပွင့် ဖတ်ထူသော ပန်းတစ်ပွင့် ပွင့်လာသလိုရှိသည်။ အပေါ်အောက် သွားဖြူတန်း ပေါ်လာသည်။ အပေါ်သွားဖြူတန်း၏ ဟိုဘက် ထောင့် ဒီဘက်ထောင့်တွင် သွားစွယ်လေးတစ်ချောင်းစီရှိနေသည်။

ဆွဲဆောင်မှုအား ကောင်းလှသော အရယ်အပြုံးပါပေ။

"နာမည်ဆိုတာက အမှတ်သညာ တစ်ခုပဲ၊ အသားဖြူလို့ မောင်ဖြူလို့ မှည့်တယ်၊ အသားမည်းလို့ မောင်မဲလို့မှည့် တယ်၊ ရွှေလိုဝင်းနေလို့ ရွှေစင်လို့ မှည့်တယ်"



"အယ် ..."

"မအယ်နဲ့ဦး၊ တို့ဆက်ပြောမယ်၊ တို့နာမည် 'ဒုက္ခ'လို့မှည့် ရတာလဲ တို့နဲ့ပတ်သက်တဲ့လူမှန်သမျှ ဒုက္ခရောက်သွားတာ ချည်းပဲ၊ ခုပဲ ဟိုသုံးယောက် နာသွားရှာပြီလေ၊ ပြီး တို့ ကိုယ်တိုင်မှာလည်း နေ့စဉ်နဲ့အမျှ ဒုက္ခကို ရင်ဆိုင်နေရ တယ်၊ ဒုက္ခဆိုတာ ဆင်းရဲခြင်း မဟုတ်လား၊ စိတ်ရဲ့ဆင်းရဲ ခြင်း၊ ကိုယ်ရဲ့ဆင်းရဲခြင်း အားလုံးဟာ ဒုက္ခချည်းပဲ၊ ဒါဆို ဘာလို့ တို့နာမည် 'ဒုက္ခ'လို့မှည့်ထားမှန်း သဘော ပေါက်ရောပေါ့"

"ပေါက်ပါတယ် ကိုဒုက္ခ"

"အား ... ကိုဒုက္ခတဲ့လား၊ အမှန်တော့ ဒုက္ခကို ဒုက္ခခေါ် မှ မှန်ကန်တယ်၊ ဒုက္ခရှေ့မှာ 'ကို'မရှိဘူး၊ 'ဦး'မရှိဘူး၊ 'မောင်'မရှိဘူး၊ ဒါတွေ တစ်ခုခု ရှေ့ကတပ်လိုက်ရင် သဘာဝမှန် အရောင်မရှိတဲ့ရေကို ဆေးရောင်တစ်ခုခု ထည့်လိုက်သလို သဘာဝမှန် ပျက်သွားတယ်"

"ဗုဒ္ဓဘာသာဝင်တိုင်းဟာ ကိုယ့်ထက် တစ်နေ့၊ တစ်ရက်၊ တစ်မနက်ကြီးတဲ့ လူကိုတောင် ရိုသေလေးစားရတယ်၊ ရှေ့က 'ကို'တပ်ခေါ်တာ လေးစားမှုပါ ကိုဒုက္ခ"

ဒုက္ခက ခေါင်းညိတ်ပြသည်။

"ဒါလည်း မှန်တာပါပဲ၊ ကဲ ... ဘာမေးစရာ၊ ဘာပြော စရာရှိလဲ၊ တို့ သွားစရာရှိလို့"

"ဒီကနာမည် ရွှေစင်ပါ ကိုဒုက္ခ၊ ရွှေစင့်ကို သိနေသလား ဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … မသိပါဘူး"

"ခုန ကိုဒုက္ခပြောတဲ့အထဲမှာ ရွှေစင့်နာမည် ပြောလိုက်လို့"

"ဒါ သိလို့ပြောတာမှ မဟုတ်တာ၊ ဖြူတဲ့လူ မောင်ဖြူ၊ မည်းတဲ့လူ မောင်မဲလို့ နာမည်နဲ့ သင်္ကေတတွဲနေတာကို ပြောတာပါ။ ဩော် … ဩော် … မင်းက ရွှေစင်တဲ့လား၊ လိုက်သားပဲ၊ နာမည်နဲ့လေ"

"ကိုဒုက္ခရဲ့နေရပ်ကော၊ အိမ်ကျ ဖေဖေနဲ့မေမေကို အကျိုးအကြောင်းပြောပြီး ကျေးဇူးဆပ်ချင်လို့ မေးတာပါ"

"တို့မှာ နေရပ်လိပ်စာမှ မရှိတာ"

"ရှင်"

ရွှေစင် အံ့ဩသွားသည်။ မည်သည့် ပျံကျအလုပ်သမားတစ်ဦးဖြစ်စေ သူသည် ဘယ်ဘုန်းကြီးကျောင်းမှာ နေပါသည်ဟု လိပ်စာကိုတော့ ပြောနိုင်ရပေမည်။

"မအံ့ဩပါနဲ့ မရွှေစင်၊ တို့နေတာက ဘုန်းကြီးမရှိတဲ့ကျောင်းတို့၊ လူမရှိတဲ့ဇရပ်တို့၊ လူမနေတဲ့အိမ်တို့၊ အဲဒါမျိုးမှာနေတာ၊ အတည်တကျမှ မဟုတ်တာ"

"ကျေးဇူးဆပ်ချင်လို့ပါ၊ ဒါဆို ရွှေစင်ရဲ့အိမ်လိပ်စာကို ယူထားပြီး ရွှေစင်တို့အိမ်ကို ညနေမိုးချုပ်ခါနီး လာခဲ့ပါလားဟင်၊ ဖေဖေက ညနေငါးနာရီ၊ ခြောက်နာရီဆို ပြန်ရောက်ပါတယ်"

"လုပ်မနေပါနဲ့၊ ဒါလောက်လေးဟာ ကျေးဇူးလို့ ခေါ်စရာမှမလိုတာ၊ ရုပ်ရှင်ထဲကလို မင်းသမီး ဒုက္ခရောက်ချိန် မင်းသားက လွှားခနဲ ဒိုင်ဗင်ထိုးရောက်လာပြီး ကယ်တာမျိုး



မှမဟုတ်တာ၊ တို့သွားတဲ့လမ်းမှာ အမြင်မတော်တာတွေ့လို့ အမြင်တော်သွားအောင် လုပ်ပေးလိုက်တာပဲ၊ နောက်ပြီး ရွှေစင်နဲ့တို့ဟာ အခု လမ်းခွဲတာနဲ့ တစ်ယောက်ကိုတစ်ယောက် မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြမယ့် တကယ့်သူစိမ်းတွေပဲ၊ ကဲ … ကဲ … သွားကြတော့၊ တို့လည်းသွားပြီ"

ပြောပြောဆိုဆို ဒုက္ခသည် သွားရန်ဟန်ပြင်ရင်း လွယ်ထားသောအိတ်ကြီးကို ဒီဘက်ပခုံးမှ ဟိုဘက်ပခုံးပြောင်းလိုက်ရာ အိတ်၏အပြင်ပေါက်မှ ပစ္စည်းတစ်ခု အောက်သို့ကျသွားပေသည်။ ကိုဒုက္ခ မသိဘဲ ရှေ့လှမ်းလိုက်သည်။

"ဒီမှာ … ကိုဒုက္ခ အိတ်ထဲက ကျသွားတာ"

ရွှေစင်က ပစ္စည်းလေးကို ကောက်ယူကြည့်ရင်း လှမ်းပြောလိုက်သည်။

"ဩော် … ကြေးစည်ထုတဲ့ တုတ်လေးပါ၊ တို့ဘဝက တစ်ခါတလေကျတော့ ကြေးစည်လေး လျှောက်ထုရင်း အလှူခံစားရတယ်လေ"

ဒုက္ခက တုတ်လေးကိုပြန်ယူ၊ အိတ်ကြီးထဲထည့်ကာ ရွှေစင်နှင့် ကေခိုင်ဖြူကို လုံးဝလှည့်မကြည့်တော့ဘဲ ထွက်သွားတော့သည်။

"တစ်မျိုးပဲနော် ရွှေစင်"

"ဟုတ်တယ်၊ တစ်မျိုးကြီးပဲ"

"နာမည်ကလည်း ကိုဒုက္ခတဲ့၊ ဟုတ်မဟုတ်ရဲ့လား ရွှေစင်ရယ်၊ တမင်လုပ်ပြောသွားတဲ့ နာမည်လား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တစ်သက်နဲ့တစ်ကိုယ် ဒုက္ခဆိုတဲ့ နာမည်မျိုးရှိတဲ့လူရယ်လို့ ဒီတစ်ခါပဲ ကြားဖူးသေးတာပဲ ကေနိုင်"

"လာကွာ ... ရွှေစင်၊ သွားစို့"

နှစ်ယောက်စလုံး စက်ဘီးပေါ် ပြန်မစီးကြတော့ဘဲ တွန်း၍သွားရင်း စကားပြောကြသည်။

"ရွှေစင် စဉ်းစားမိလားဟင်"

"ဘာကိုလဲ ကေနိုင်"

"တို့ နေ့ခင်း မုန့်စားဆင်းပြီး ကျောင်းပြန်တက်တော့ ကိုဖေသန်းမောင်နဲ့ သိဂ်ီဝင်းတို့ ပြန်မတက်ကြဘူးလေ"

"အင်း"

"တို့ စဉ်းစားကြည့်တယ်၊ ခုန လူဆိုးသုံးယောက်ဟာ ကိုဖေသန်းမောင် စီစဉ်လိုက်တဲ့ လူဆိုးသုံးယောက်များ ဖြစ်နေမလားလို့"

"ဟိုအရင်ကလည်း ဒီအုတ်ခုံပေါ်မှာ လမ်းသရဲလိုလူတွေ ရှိတတ်တယ်ဆို"

"ရှိတာတော့ မှန်တယ်၊ ဟိုအရင်တွေ့ခဲ့တဲ့ လူတွေက ခုလောက် မဆိုးဘူး၊ ပါးစပ်ကပဲ နောက်လိုက် ပြောင်လိုက်လုပ်တယ်၊ အလွန်ဆုံး သူတို့လုပ်ရင် ပဲလှော်စေ့တို့ မြေပဲဆန်စေ့တို့နဲ့ ပေါက်တယ်၊ ခုလို စက်ဘီးရှေ့က လက်တားတာတို့၊ ဆွဲလား ဝင်လား လုပ်တာတို့ မရှိဘူး၊ ခုဟာက သက်သက်မဲ့ ရွှေစင့်ကိုရွေးပြီး ရန်ရှာတာ၊ အရှက်ခွဲတာလို့ ထင်စရာ ဖြစ်နေတယ်၊ တို့ကျတော့ ဘာမှမလုပ်ဘူးလေ"



ဒါလည်း ဟုတ်လောက်ပေသည်။ သို့သော် ရွှေစင့်အဖို့ စိမ်းသေးသော ဒီမြို့၊ ဒီလူတွေအကြောင်း ဘာသိဦးမည်နည်း။

"ကိုဖေသန်းမောင်က ကျောင်းသားဆိုပေမယ့် အပြင်ဘက်မှာ အပေါင်းအသင်းစုံတယ်၊ မိဘကချမ်းသာပြီး ပိုက်ဆံသုံးတာကအစ အငြိလိုက်ထားတော့ နောက်က ကျောင်းမနေတဲ့လူတွေ၊ ကလေကလွင့် ရှယ်တူတွေက ဖေသန်းမောင်ရဲ့တပည့်တွေ ဖြစ်နေတယ်၊ ပြီးခဲ့တဲ့နှစ်က လက်တွေ့တစ်ခု ရှိတယ် ရွှေစင်"

"ဘယ်လိုလဲ ကေနိုင်"

"မနှစ်က ကိုစန်းမြိုင်ဆိုတဲ့လူက သိဂ်ီဝင်းကို ချစ်ပါတယ် ကြိုက်ပါတယ်လို့ ပြောတယ်လေ၊ ကိုစန်းမြိုင်ကလည်း ဒီမြို့မှာ သူ့မိဘက အတော်အသင့် ချမ်းသာတာပဲ၊ တကယ်မေတ္တာရှိလို့ ပြောတာဖြစ်မှာပါ၊ ကိုစန်းမြိုင်က ရိုးတယ်၊ အေးတယ်၊ စာကြိုးစားတယ်၊ ရုပ်ရည်ကလည်း ဖေသန်းမောင်နဲ့ မကွာဘူး၊ တစ်မျိုးစီ ကြည့်ကောင်းတာပဲ၊ အဲဒါ သိဂ်ီဝင်းက သူ့ကိုယ်သူ အမှတ်ယူချင်တဲ့အနေနဲ့ ဖေသန်းမောင်ကို တိုင်တယ်လေ၊ အဲဒါ တစ်ညမှာ ကိုစန်းမြိုင်ကို ကောင်တစ်သိုက်က ဝိုင်းရိုက်တာ ဆေးရုံငါးရက်တက်ရတယ်၊ အဲဒီနောက် ကိုစန်းမြိုင် ကျောင်းတက်ကျောင်း[illegible]ကို ကားနဲ့ကြိုတယ်၊ ပို့တယ်၊ သူတို့ အလုပ်သ[illegible]ယောက် အစောင့်ထည့်ပေးတယ်"

"အဲဒီ ကိုစန်းမြိုင်ကကော အခု ..."

www.burmeseclassic.com

www.burmeseclassic.com



"အောင်သွားတယ်၊ သရီးဒီနဲ့ အောင်သွားပြီ၊ စက်မှု တက္ကသိုလ် အမှတ်မီလို့ ရန်ကုန်စက်မှုတက္ကသိုလ်မှာ သွားတက်နေတယ်"

ရွှေစင်သည် သေချာနားထောင်ပေးသည်၊

"ဒါဆို တို့အတွက် နေ့တိုင်း ကျောင်းတက်ရတာတောင် အန္တရာယ်ရှိနေမလားပဲ ကေနိုင်၊ ဒီနေ့လည်း ကိုဒုက္ခရောက်လာလို့"

"ဟုတ်တယ်၊ ရွှေစင့်အဖို့ ကိုဒုက္ခလို လူတစ်ယောက် ဘေးကစောင့်ရှောက်ပေးဖို့ လိုနေမလားပဲ"

"ဘယ်လွယ်ပါ့မလဲ ကေနိုင်ရယ်၊ နေရပ်လိပ်စာ အတည်မရှိတဲ့လူပဲ"

"ကိုဒုက္ခဟာ စိတ်ဓာတ်လည်း မဆိုးဘူး၊ သူ့ပုံစံက လမ်းမှာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် အမြင်မတော်တာတွေ့ရင် ဝင်ရှင်းမယ်ဆိုတဲ့ စိတ်မျိုးရှိတယ်၊ နောက်တစ်ခုက သူဟာ ပလတ်စတစ်ကောက်သမား တစ်ယောက်လို ဆင်းရဲပေမယ့် ရွှေစင် ကျေးဇူးဆပ်ချင်ပါတယ် ဆိုတာကို မက်မက်မောမောရှိပုံမပြသွားဘူး၊ တကယ်လည်း မမက်မောလို့ ရွှေစင့် အိမ်လိပ်စာကိုတောင် သူ မှတ်မထားတာပေါ့"

"ဟုတ်တယ်နော် ကေနိုင်၊ ကိုဒုက္ခကိုကြည့်ရတာ တစ်မျိုးပဲ၊ ကေနိုင် သေချာကြည့်မိလား"

"ဟင့်အင်း ... တို့က အဝေးမှာ ရပ်နေမိတယ်လေ၊ ကြောက်လို့"



"သူဝတ်စားထားတာ စုတ်ပြတ်ပေမယ့် အဝတ်အစားက လျှော်ဖွပ်ပြီးသား သန့်သန့်ပြန့်ပြန့်ပဲ၊ နောက်ပြီး သူ့ရုပ်ရည်လေ"

"သူ့ရုပ်ရည်က ဘာပြုလဲ"

"သန့်တယ်တဲ့၊ မျက်ခုံးထူထူ၊ နှုတ်ခမ်းထူထူနဲ့ ရယ်လိုက်ရင် အပေါ်သွား အောက်သွား စိစိရိရိပေါ်လာတယ်၊ ဖြူဖွေးပြီး ပုလဲရောင်တောက်နေတယ်၊ အပေါ်သွားရဲ့ ဟိုဘက်ဒီဘက်ထောင့်မှာ သွားစွယ်လေးတစ်ချောင်းစီနဲ့ ရယ်လိုက်ရင် တော်တော်ကြည့်ကောင်းတယ်"

"ဟယ် ... ရွှေစင်ကလည်း သေချာကြည့်တာပဲလား၊ တို့တော့ ကြောက်တာနဲ့ ဘာမှမကြည့်မိဘူး၊ အဲ ... တစ်ခုပဲ ကြည့်မိတယ်"

"ဘာကြည့်မိတာလဲ"

"ကိုဒုက္ခ ဟိုလူသုံးယောက်နဲ့ ထိုးဟယ် ရိုက်ဟယ်ကို ကြည့်တာ၊ လွှားခနဲ လွှားခနဲ သိပ်ပေါ့တာပဲ၊ သူ့ကိုယ်လုံးကိုယ်ထည်ကလည်း သူ့ခြေတံလက်တံတွေနဲ့ သိပ်ကြည့်ကောင်းတာပဲ ရွှေစင်"

စက်ဘီးတွန်းလာရင်းပင် အသီးသီး အိမ်ရှေ့သို့ ရောက်လာကြသည်။

"ဒီအတိုင်းဆို တို့နှစ်ယောက် ကျောင်းကို ကားနဲ့တက်ရမလား ရွှေစင်"

"ထည့်ဝါလွန်းနေမလားလို့ ကေနိုင်၊ ဒီမြို့မှာ ကျောင်းကို ကားနဲ့တက်တဲ့သူ မရှိသလောက်ပဲ၊ နေဦးလေ၊ ဒီနေ့ တို့

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနဲ့ တိုင်ပင်ကြည့်မယ်၊ ပြီး တို့ ကေခိုင်ဆီ ဖုန်းဆက်လိုက်မယ်လေ”

“အေး ... အေး”

မျက်နှာချင်းဆိုင်အိမ်မို့ ကိုယ့်အိမ် အသီးသီး ဝင်လိုက်ကြတော့သည်။

* ❄ *



## အခန်း(၆)

မာလာမြိုင်လမ်းထောင့်အုတ်ခုံတွင် ရဲတစ်ယောက် အစောင့်ချပေးထားသည်။ နံနက်(၈)နာရီမှ (၁၀)နာရီအထိ၊ ညနေ (၃)နာရီမှ (၅)နာရီအထိ၊ ကျောင်းသွားချိန်၊ ကျောင်းပြန်ချိန် ချပေးခြင်းဖြစ်ပါ၏။

ဦးလှထွန်းဖြူကရော၊ ဦးသင်းမောင်ကရော သမီးတွေ ကျောင်းအပြန်တွင်ဖြစ်ခဲ့သည်ကို သက်ဆိုင်ရာရဲစခန်းသို့ အကြောင်းကြားတိုင်ကြားသဖြင့် ရဲက စောင့်ရှောက်ပေးခြင်းဖြစ်ပါ၏။

ဤသို့ ကျောင်းသူများကို အနှောင့်အယှက်ပေးခြင်းကို ရဲက စောင့်ဖမ်းမည်။ ချောင်းဖမ်းမည်။ လက်ပူးလက်ကြပ်မိပါက ထိရောက်စွာ မှတ်လောက်သားလောက်အောင် အရေးယူပေးမည်ဟုလည်း စခန်းမှူးက အားတက်သရော ပြောလိုက်ပါ၏။

ကေခိုင်နှင့် ရွှေစင် စက်ဘီးနင့်ပင် ဆက်တက်သည်။

“ဟော့ ... မကေခိုင်နဲ့ ရွှေစင်၊ ယူတို့နှစ်ယောက်အိုင် တို့ ငါးယောက် ပြောချင်လွန်းလို့ စောင့်နေတယ်၊ အခု ကျောင်းတက်ဖို့ ရှစ်မိနစ်ပဲလိုတော့တယ်”

www.burmeseclassic.com

www.burmeseclassic.com


"ဘာများလဲ ကိုအောင်သူ"

"ယူတို့နှစ်ယောက် မနေ့က ကျောင်းအပြန် မာလာမြိုင်လမ်းအကွေ့မှာ သရဲသုံးကောင်ရဲ့ အနိုင်ကျင့်ခံရတယ်ဆို"

"အနိုင်တော့ ကျင့်ဖို့ကြိုးစားတယ်၊ ဒါပေမဲ့ ကေခိုင်တို့မခံရဘူး၊ အဲဒီသရဲသုံးကောင်ပဲ ခံသွားရတယ်"

"အေး ... တို့လည်း ဒီလိုပဲကြားပါတယ်၊ လူစွမ်းကောင်းတစ်ယောက်က ဝင်ကယ်တာဆို"

"အဲဒီလိုပဲပြောရမှာပဲ ကိုအောင်သူ၊ အဲဒီလူက ပလတ်စတစ်ကောက်သမားပုံစံပေမယ့် တော်တော်လည်း ကိုယ်ခံပညာကျွမ်းတယ်၊ လူကလည်း ရည်မွန်တယ်"

"နိုင်ငံခြားဝတ္ထုတို့၊ ဗီဒီယိုတို့၊ ရုပ်ရှင်တို့ထဲကလို ရဲစုံထောက်တို့၊ လူဆိုးထိန်းရဲတို့က သူတောင်းစားယောင်ဆောင်၊ ပလတ်စတစ်ကောက်သမားယောင်ဆောင်ထားတာများလား မချွေစင်ရာ"

"ဒါဆို သရဲသုံးကောင်စလုံးကို ဖမ်းသွားမှာပေါ့၊ အခုတော့ အလဲတီးပြီး သူ့ဟာသူ ထွက်သွားတာပဲ၊ တို့က ကျေးဇူးဆပ်ပါရစေ ဆိုတာတောင် လက်မခံဘူး"

"လူတစ်မျိုးပဲနော်၊ သူ့နာမည်က ဘယ်သူတဲ့လဲ မချွေစင်"

"ဒုက္ခတဲ့"

"ဗျာ ... နာမည်က ဒုက္ခတဲ့"

"ဟုတ်တယ် ကိုအောင်သူ၊ အဲဒီလိုပဲ သူပြောသွားတာ၊ ကေခိုင်လည်း ကြားသားပဲ"

"ဟုတ်တယ်၊ ကေခိုင်လည်း ကြားတယ်"

"ဗုဒ္ဓေါ ... မြတ်စွာဘုရား၊ ဒီနာမည်မျိုး ဒီတစ်ခါကြားဖူးတယ်"

"သူ့နေရပ်လိပ်စာက ပိုဆိုးသေး၊ ဘုန်းကြီးမရှိတဲ့ကျောင်း၊ လူမခိုတဲ့ရေပ်၊ လူမနေတဲ့ အိမ်တွေဟာ သူ့လိပ်စာပဲတဲ့"

"လူက လူဆန်းပဲ၊ နေရပ်လိပ်စာကတော့ ထားပါတော့၊ ဒီလိုလူတွေက အဲဒီလိုနေရာတွေမှာ ညအိပ်ညနေ နေကြတာပဲ၊ ဒါပေမဲ့ ဒုက္ခ ဆိုတဲ့နာမည်ကတော့ သူ့ဟာသူ တမင်ထွင်ပေးထားတဲ့နာမည်ပဲ ဖြစ်မှာပါ"

"ချွေစင်တို့လည်း ဒီလိုပဲထင်တာပဲ"

"အင်း ... သူ့နာမည် ဒုက္ခဆိုတာ ထားဦး၊ ဟော့ကောင် ... ဗညားကြီး၊ မင်းပြောပြမှာ ပြောပြလိုက်လေကွာ"

ဗညားသွင်က ဝင်ပြောပါ၏။

"တို့က အောင်တော်မူရပ်ကွက်ထဲမှာနေတယ်၊ တို့ရပ်ကွက်ထဲမှာ ဇာဝီ ဆိုတဲ့ကောင်တစ်ကောင်ရှိတယ်၊ လမ်းထဲမှာတော့ လမ်းသရဲလိုလိုလို၊ လမ်းလူမိုက်လိုလိုနေတဲ့ ကောင်ပေါ့"

ကေခိုင်ဖြူက ချွေစင့်ကို လှမ်းကြည့်သည်။ ချွေစင်ကလည်း ဇာဝီ ဆိုသည့်နာမည်ပါလာကတည်းက ကေခိုင်ကို လှည့်ကြည့်ပြီးသား ဖြစ်နေပါ၏။

"ဇာဝိကို သူ့သူငယ်ချင်းတွေ တွဲလာပြီး သူ့အိမ်ထဲ ခေါ်သွားတယ်၊ နောက်မကြာဘူး၊ ရပ်ကွက်ထဲကလူတွေ ကြားသံကြားရတာပဲ၊ ဇာဝိပါးပြင်မှာ လက်ငါးချောင်းရာကြီး ထင်းခနဲ နီရဲဖုပိမ့်ကျန်ခဲ့တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ကိုဗညားကိုယ်တိုင် သွားမကြည့်ဘူးလား"

"မကြည့်ဘူး ရွှေစင်၊ ဘာလို့လဲ ဆိုတော့ တို့ရပ်ကွက်ထဲမှာ ဇာဝီကို အပေါင်းအသင်းမလုပ်ဘူး၊ ဒါကြောင့် သွားမကြည့်တာ၊ ဟော့ကောင် ... အောင်ကိုလတ်၊ မင်းတို့ရပ်ကွက်ထဲ ကကောင်အကြောင်း ပြောပြလိုက်ဦးလေကွာ"

အောင်ကိုလတ်က သူတို့ရပ်ကွက်ထဲတွင် မနေ့ညနေကအဖြစ်ကို ဆက်ပြောပြန်သည်။

"တို့ရပ်ကွက်က ပြည်သာယာရပ်ကွက်လေ၊ တို့ရပ်ကွက်ထဲမှာလည်း အရက်သောက်၊ ဖဲရိုက်၊ ကြက်တိုက်နဲ့ လူမိုက်လိုနေတဲ့ နိဝင်းဆိုတဲ့ကောင်ရှိတယ်၊ မနေ့ညနေက နိဝင်းကို သူ့အမေမုဆိုးမကြီး ဗိန္ဓောဆရာကြီးဦးစံဝကို ခေါ်ပြီးကုရတယ်ဆိုပဲ၊ နိဝင်းရဲ့ပါးနှစ်ဖက်စလုံးမှာ လက်ငါးချောင်းရာကြီးတွေဟာ ဖောင်းကြွနေတာပဲတဲ့"

အောင်သူက စကားဆက်ထဲ ဝင်ပြောပြန်သည်။

"အဲဒါ ရပ်ကွက်ထဲက လူကြီးတွေပြောတာဟာ အောင်တော်မူရပ်ကွက်ကရော ပြည်သာယာရပ်ကွက်ကရော ပြောတာချင်း တူနေတယ် ရွှေစင်"

"ဘယ်လိုတူတာလဲ"

"မကေခိုင်တို့ မရွှေစင်တို့နေတဲ့ မာလာမြိုင်လမ်းထဲက လူမနေတဲ့တိုက်အိမ်နဲ့ ခြံဝင်းကြီးတစ်ခုမှာ သရဲကြီး မင်းလက်ဝါး ဆိုတာ ရှိတယ်တဲ့၊ ဇာဝီနဲ့ နိဝင်း ခံရတာဟာ သရဲမင်းလက်ဝါးရဲ့လက်ချက်နဲ့ သိပ်တူနေတယ်တဲ့"



ထိုစဉ်မှာပင် ကျောင်းတက်ခေါင်းလောင်းသံ ထွက်လာတော့သည်။

ကေခိုင်က ရွှေစင်ကို လက်ကုတ်ခေါ်ပြီး အတန်းထဲဝင်ခဲ့ရင်း သူမ၏ ထင်မြင်ချက်ကို ပြောပြသည်။

"ရွှေစင် ဘယ်လိုသဘောရလဲ၊ ဇာဝီနဲ့နိဝင်းပါးမှာ လက်ဝါးဒဏ်ရာကြီး ရတယ်ဆိုတာနဲ့ ရွှေစင်တို့အိမ်ခြေရင်းက မင်းလက်ဝါးသရဲ ဆိုတာလေ"

"တိုက်ဆိုင်မှုဖြစ်မှာပေါ့ ကေခိုင်၊ တချို့ယောက်ျားလေးတွေဟာ လက်ဝါးပြင်းတတ်တာပဲ၊ အိမ်ကဖေဖေလည်း လက်ဝါး ပြင်းတယ်၊ တစ်ခါတလေ တို့ကို ကျီစယ်ပြီး ချစ်စနိုးပါး ကို ရိုက်တာတောင် လက်ငါးချောင်းရာကြီးထင်ပြီး တို့ ငိုရတယ်"

ရွှေစင်တို့အတန်းမှ ခုံတွေသည် Deak ခေါ် နှစ်ယောက်ထိုင်ခုံစောင်းမျိုးမဟုတ်။ (၅)ယောက်ထိုင်ခုံရှည်ကြီးဖြစ်သည်။ ထိုင်ခုံနှင့် အသေတွဲလျက်သားဖြစ်ပါ၏။

ကေခိုင်ဖြူနှင့် ရွှေစင် အတူပူးထိုင်သည်။

သက်ဆိုင်ရာဘာသာပြဆရာ မဝင်လာသေးသောကြောင့် စကားပြောခွင့် ရသေးသည်။

ကေခိုင်က သူမ၏လွယ်အိတ်ထဲမှ ထည့်ယူလာသော ပစ္စည်းတစ်ခုကို လူမမြင်အောင် ထုတ်ယူပြီး ...

"ဒီမှာကြည့် ရွှေစင်"

"ဟဲ့ ... အဲဒါ ကြေးစည်ထုတဲ့တုတ်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မယ် အားကြီးကြီး၊ အဲဒါ ပတ္တလားတီးတဲ့ခတ်တံတဲ့"

"အဲ ..."

"တို့ဖေဖေမှာ မှန်စီရွှေချအိမ်နဲ့ ဝါးပတ္တလားကြီးတစ်လုံးရှိတယ်၊ ဖေဖေ စိတ်လိုလက်ရရှိတဲ့အခါ တီးတယ်၊ ဒီတုတ်ဟာ ကြေးစည်တီးတဲ့တုတ်မဟုတ်ဘူး၊ ပတ္တလားတီးတဲ့အတံ"

"ဟဲ့ ... ဒါဆို ကိုဒုက္ခအိတ်ထဲက ထွက်လာတဲ့တုတ်တံနဲ့ အခုအသံ အတူတူပဲနော် ကေခိုင်"

"အဲဒါကို တို့ပြောချင်တာပဲ ရွှေစင်၊ ဟိုတလောက ရွှေစင် ခြံရင်းတိုက်က သန်းခေါင်ကျော်ကြီး ပတ္တလားတီးသံကြားတယ်ဆို"

"အေး ... နေဦး၊ ကေခိုင်တို့ဖေဖေ တစ်ရေးနိုးထတီးတာ ကောမဖြစ်နိုင်ဘူးလား၊ အသံဆိုတာက လေသင့်သလို လာတာ"

"ဟယ် ... မဟုတ်တာ၊ ဖေဖေ ပတ္တလားမတီးဘဲနေတာ တစ်နှစ်လောက်တောင်ရှိရောမယ်၊ တစ်နေ့ကတောင် မေမေက ပတ္တလားကြီးကို ကြက်မွေးနဲ့ ခါသန့်စင်ပေးရင်း မတီးတာလည်းကြာပြီ၊ နေ့တိုင်းဖုန်သုတ်ရတာ အမောပဲလို့တောင် ပြောသံကြားသေးတယ်"

ဆရာဝင်လာသဖြင့် အားလုံး မတ်တတ်ထကြသည်။

ပြန်အထိုင်တွင် ကေခိုင်က ရွှေစင်၏ပေါင်ကို ကုတ်ပြောသည်။



"ကိုဖေသန်းမောင် ထိုင်တဲ့နေရာ လပ်နေတယ်၊ ကျောင်းမတက်ဘူး ရွှေစင်၊ သီဂီဝင်းတော့တက်တယ်၊ ဒါပေသိ သီဂီဝင်း မျက်နှာမကောင်းဘူး၊ လှမ်းကြည့်ပါလား"

"မကြည့်ပါဘူးဟယ်၊ မနာလိုလို့ကြည့်တယ် ထင်နေပါဦးမယ်"

ဆရာက သင်ခန်းစာ စ,ပြီမို့ ကေခိုင်စကားပြောရပ်သွားတော့သည်။

ရွှေစင် စာထဲ စိတ်မဝင်စားတော့ပေ။

ကိုဒုက္ခ၊ ပတ္တလားတီးသံ၊ သီဆိုသံနှင့် မင်းလက်ဝါးသရဲအကြောင်း တွေးနေမိသည်။

* ❆ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

ယနေ့ ရွှေစင် ကျောင်းကပြန်အလာတွင် အိမ်ဧည့်ခန်းထဲ၌ ဧည့်သည်တွေ ရောက်နေသည်။

ခေါင်းရင်းခြံမှ ဘဘဦးအေးသုန်နှင့် အန်တီ ဒေါ်ရည်မွန်တို့နှင့်အတူ အသက်(၂၇) သို့မဟုတ် (၂၈)နှစ်ခန့် လူရွယ်တစ်ဦးပါလာသည်။

ဘဘဦးအေးသုန်နှင့် အန်တီဒေါ်ရည်မွန်မှာ ရွှေစင့်အဖို့ လူရင်းလူကျက် ဖြစ်နေစေကာမူ ပါလာသော လူရွယ်မှာ တစ်ခါမျှမမြင်ဖူးသေးသည့် လူစိမ်းသက်သက်ဖြစ်ပါ၏။

မေမေလည်း ဧည့်ခန်းတွင် အတူထိုင်နေသည်။

သူတို့လူကြီးသုံးဦးက ရွှေစင် ကျောင်းလွယ်အိတ်လေးနှင့် ပြန်လာသည်ကို ပြုံး၍ နှုတ်ဆက်ကြသည်။ လူရွယ်က ရွှေစင့်အား၊ မပြုံးမရယ် စိုက်ကြည့်ပြီး သူ့ဟာသူ ဣန္ဒြေဆည်သလို ဦးခေါင်းပြန်လှည့်သွားသည်။

"သမီးလေး ပြန်လာပြီလား"

"ဟုတ်ကဲ့ အန်တီမွန်"



"လာ ... ထိုင်ပါဦးကွယ်၊ ဟောဒီက အန်တီမွန့်သားနဲ့ မိတ်ဆက်ပေးချင်လို့"

ရွှေစင်က မေမေ ဒေါ်ချိုမာ့ကို လှမ်းကြည့်သည်။ ဒေါ်ချိုမာက ခေါင်းညိတ်ပြရင်း ...

"ထိုင်ဦးလေ သမီး၊ ခဏပေါ့ကွယ်၊ ပြီးမှ ရေမိုးချိုးပေါ့"

ရွှေစင် ဝင်ထိုင်သည်။ ဖေဖေက အလုပ်ကပြန်မရောက်သေးဖြစ်မည်။ မေမေက မိတ်ဆက်ပေးပါ၏။

"ဟောဒါ သမီး ဘဘနဲ့ အန်တီမွန်တို့ရဲ့သား မောင်ရဲမင်းသုန်တဲ့၊ ဒီနေ့ နေ့ခင်းပိုင်းကပဲ ပြန်ရောက်လာတယ်၊ နိုင်ငံခြားသင်္ဘောလိုက်နေတယ်လို့ သမီးရဲ့ဘဘ ပြောထားတဲ့ သားလေ"

"အဲဒါ ရွှေစင်က ဘာပြန်ပြောရမလဲ မေမေ"

လူကြီးသုံးယောက်သား ရွှေစင့်ပြောပုံကို ရယ်ကြသည်။ ရဲမင်းသုန်က ပြုံးသည်။ ရွှေစင်က ရွဲ့ပြောခြင်းမဟုတ်။ တကယ်ပင် မိတ်ဆက်ပေးသည်ကို ဘာပြန်ပြောရမှန်းမသိသော အမူအရာလေးက မျက်နှာတွင် ပေါ်လွင်နေသည်။

"ဩော် ... သမီးရယ်၊ မေမေက မိတ်ဆက်ပေးနေတာပဲ၊ သမီးဟာက တစ်ခါမှ ဘယ်သူနဲ့မှ မိတ်မဆက်ဖူးသေးတဲ့ မိန်းကလေးကျနေတာပဲ"

"ခါတိုင်း မိတ်ဆက်တာတွေက ကိုယ်နဲ့ရွယ်တူ၊ အတန်းတူတွေပဲ မေမေ၊ အခုဟာက နိုင်ငံခြားသင်္ဘောအရာရှိကြီး တစ်ယောက်ဆိုတော့ ရှိသေရမလိုလို၊ လက်ပိုက်ပြောရမလိုလိုနဲ့ သမီး ဘာပြန်ပြောရမှန်းမှ မသိတာ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတွေ ထပ်မံ ရယ်ကြပြန်သည်။

ရဲမင်းသန်းက ရွှေစင့်ကို ငေးကြည့်နေမိသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ အိမ်နီးနားချင်း မိတ်ဆွေဖြစ်နေလို့ ပိုပြီး ဝမ်းသာပါတယ်ပေါ့ သမီးရယ်"

"ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ်၊ အိမ်နီးချင်း မိတ်ဆွေဖြစ်နေလို့ ပိုပြီး ဝမ်းသာပါတယ် ဦးရဲမင်းသုန်"

ဒေါ်ရည်မွန်က သားကို လှမ်းကြည့်လိုက်သည်။

"အဲဒါ ရွှေစင်လေ သား၊ ဦးသင်းမောင်နဲ့ ဒေါ်ချိုမာတို့ရဲ့ တစ်ဦးတည်းသော သမီးလေး၊ ဒီနှစ် (၁၀)တန်းဖြေရမယ်"

"ဝမ်းသာပါတယ် ရွှေစင်၊ တို့မှာလည်း သားဆိုလို့ တို့ တစ်ယောက်တည်းနဲ့ သိပ်လုံးတီးဆန်တာပဲ၊ ရွှေစင် ရောက်လာတော့ တို့အဖို့ ညီမလေးတစ်ယောက် ရသလိုပေါ့၊ တို့ကို အစ်ကိုလို့ခေါ်ပေါ့၊ ဦးရဲမင်းသုန်လို့ခေါ်တာက စိမ်းလွန်းပါတယ် ရွှေစင်"

"ဟုတ်ကဲ့၊ ကြုံတဲ့အခါ အစ်ကိုလို့ခေါ်ပါ့မယ်၊ ကဲ ... ရွှေစင် ငြီးစီစီကြီးဖြစ်နေလို့ လဲလိုက်ပါဦးမယ်"

ရွှေစင် ထွက်သွားသည်။

ရွှေစင်၏နောက်ပိုင်းကို ရဲမင်းသုန် ငေးစိုက်ကြည့်နေပါသည်။

ဦးအေးသုန်က သူ၏သားပေါင်ကို ပုတ်လိုက်သည်။

"လောကကြီးမှာ ယောကျ်ားဆန်လွန်းသော ယောကျ်ားဟာ ချီးကျူးစရာကောင်းပေမယ့် မိန်းမဆန်လွန်းသော မိန်းမကျတော့ ချီးကျူးစရာမကောင်းဘူး သားရဲ့"



"ဖေဖေ့စကားက ပဟေဠိပဲ"

"ယောကျ်ားဆန်လွန်းသော ယောကျ်ားဆိုတာ သတ္တိရှိတယ်၊ သစ္စာရှိတယ်၊ သမာဓိရှိတယ်၊ လူကျင့်ဝတ်သိက္ခာကို စောင့်စည်းတယ်၊ သဘောထားကြီးမားတယ်၊ ကိုယ့်ထက်အားနည်းသူကို ကြင်နာတယ်၊ တစ်ဖက်သားကို ကိုယ်ကျိုးမကြည့်ဘဲ ကူညီတယ်၊ ယောကျ်ားတို့တတ်အပ်တဲ့ ကာယပညာ၊ ကိုယ်ခံပညာကို လိုက်စားတယ်၊ တစ်ကိုယ်ကောင်းစိတ်မရှိဘူး၊ အေး ... မိန်းမဆန်လွန်းသော မိန်းမကျတော့ အုတိုတယ်၊ တစ်ဖက်သားရဲ့ မကောင်းသတင်းပြောဖို့ စိတ်သန်တယ်၊ ပြင်ပမျက်နှာမှာ တစ်မျိုးဟန်ဆောင်ပြီး ဝမ်းတွင်းစိတ်ထားကျတော့ ကောက်ကျစ်တယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ မငိုချင်ဘဲ မျက်ရည်ထွက်အောင် ငိုပြတယ်၊ မရယ်ချင်ဘဲ ဟားတိုက်ရယ်ပြတတ်တယ်၊ အလှအပကို လိုတာထက်ပိုပြီး နှစ်သက်တယ်၊ လောဘရမ္မက်ကြီးတယ်"

"ဖေဖေက အဲဒါတွေ ဘာလို့ ကျွန်တော့်ကို ပြောပြနေတာလဲ ဖေဖေ"

"အေး ... ရွှေစင်ဟာ မိန်းကလေးထဲမှာ မိန်းမဆန်တာတွေ အများကြီး ရှိနေလို့ပဲ၊ ဒါကြောင့် ချီးကျူးစရာကောင်းတဲ့ မိန်းကလေးလို့ ဖေဖေက ပြောချင်တာပါ၊ အိမ်နီးချင်းပဲ ကြာလာတော့ ရွှေစင့်အကြောင်း သားမြင်တွေ့လာမယ်၊ သိလာပါလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းသုန်က ရွှေစင်ဝင်သွားသော အခန်းဆီသို့ လှမ်းကြည့်မိသည်။ ဝင်သွားပြီးနောက် ယခုအချိန်ထိ ပြန်ထွက်မလာတော့ပေ။

ရဲမင်းသုန်သည် ရွှေစင်နှင့်တွေ့ပြီး ကိုယ့်ဟာကိုယ်ပင် ဆန်းစစ်ကြည့်မိသည်။

မိမိသည် ရန်ကုန်စက်မှုတက္ကသိုလ်မှ ဘီအီး(လျှပ်စစ်)နှင့် ဘွဲ့ရပြီးသူ။ ယခု တစ်လလျှင် အမေရိကန်ဒေါ် ရှစ်ရာရသော နိုင်ငံခြားသင်္ဘောမှာ လက်ထောက်အင်ဂျင်နီယာ။ မိမိရုပ်ရည်သန့်သည်။ လူတိုင်းက ကြည့်ကောင်းသည်ဟု ပြောကြသည်။

တော်တော်များများ မိန်းကလေးများနှင့် မိတ်ဖွဲ့လေတိုင်း သူမတို့၏ လိုလိုလားလားရှိလှသော မျက်နှာမျိုးကို အမြဲတွေ့မြင်နေကျဖြစ်သည်။ မိတ်ဖွဲ့ပြီးသွားသော မိန်းကလေးများကလည်း မိမိနှင့်ဆက်လက်ရင်းနှီးမှုရရန် ဆန္ဒရှိကြသူများနှင့်ချည်း တွေ့ခဲ့ရသည်။

ကိုယ့်တိုင်းပြည်မှာ မဆိုထားနှင့် အခြားနိုင်ငံများမှာပင် မိန်းကလေးများနှင့် ပတ်သက်လာပါက ရဲမင်းသုန် စန်းပွင့်ခဲ့သည်။

ယခု ရွှေစင့်ကျမှ မိမိကို အလေးအနက်ထားဟန်မတူသည်ကို တွေ့ရသည်။

အကယ်၍ အခြားမိန်းကလေးတစ်ယောက်သာဆိုလျှင် ယခုလို မိတ်ဖွဲ့ပေးသည်နှင့် မိမိမပြန်မချင်း အိမ်ထဲကိုဝင်သွားမည်မထင်။ မဝင်မဖြစ်၍ ဝင်သည်ပဲထား၊ ပြန်ထွက်လာမှာသေချာသည်။



ပြန်ထွက်လာပါကလည်း အနည်းဆုံး မျက်နှာကိုပေါင်ဒါလေး ကမန်းကတန်းရိုက်၊ နှုတ်ခမ်းနီလေး မသိမသာဆိုးလာမည် ဖြစ်ပါ၏။

ရဲမင်းသုန် စိတ်မခံချင်သလိုလေး ဖြစ်လာမိသည်။

သို့သော် ...

ရွှေစင် ကျောင်းကပြန်လာပြီး ဧည့်ခန်းထဲ ဝင်လာသည်ကို မြင်လိုက်ကတည်းက ရဲမင်းသုန် ရင်ထဲ တစ်မျိုးဖြစ်သွားသည်။

တစ်နေ့လုံး ကျောင်းတက်ထားသဖြင့်၊ ကပိုကရိနွမ်းနွမ်းနယ်နယ် အသွင်လေးရှိနေသည်။ မနက်က လိမ်းသွားသော သနပ်ခါးမှာ မျက်နှာတွင် ကွက်တိကွက်ကျားလေးတွေသာ ရှိတော့သည်၊ အခြယ်အသဖြင့်ပြီးသော အလှအပမျိုး ရွှေစင့်တွင်မရှိ။ သူမ၏ပင်ကိုသဘာဝအလှသာ ရှိနေသည်။ ဤသည်ပင်လျှင် ရဲမင်းသုန်၏ မျက်စိထဲတွင် ဆွဲဆောင်မှုအပြည့် ရှိနေသည်။

ရဲမင်းသုန်သည် မကြာခဏ ရွှေစင် ဝင်သွားသော အခန်းသို့ ကွက်ကြည့် ကွက်ကြည့်လေး ကြည့်မိသည်။ ရွှေစင် ပြန်ထွက်လာလေမလား။

ရွှေစင်က သူမ၏အိပ်ခန်းထဲရောက်သည်နှင့် အပြင်ဘက်မှ ဧည့်သည်တွေအကြောင်း သူမ၏ဦးခေါင်းထဲတွင်မပါလာတော့။ အိပ်ခန်းတံခါးက ဖွင့်ပြီးလွှတ်လိုက်လျှင် စပလိန်ဆွဲအားဖြင့် သူ့ဟာသူ ပြန်ပိတ်သွားသော တံခါးဖြစ်သည်။

ရွှေစင်သည် လွယ်အိတ်ကို စာကြည့်စားပွဲပေါ် ပစ်တင်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအင်္ကျီရင်ဖုံးလက်ရှည်ဖြူနှင့် ကျောင်းထဘီစိမ်းကိုချွတ်သည်။ ကြည်ပြာရောင် အားကစားဝတ်စုံကို ဝတ်တာလုပ်နေကျအတိုင်း ကာယလေ့ကျင့်ခန်းများ စတင်လုပ်နေပါသည်။

လေ့ကျင့်ခန်း လုပ်နေစဉ်မှာပင် သူမ၏ခေါင်းထဲသို့ သရဲမင်းလက်ဝါး၊ ပတ္တလားတီးသံနှင့် ကိုဒုက္ခတို့အကြောင်း ဝင်လာပြန်သည်။

ယနေ့လည်း ကျောင်းတွင် ရွှေစင် စာသင်ရသည်မှာ စိတ်မဝင်စားဘဲ ကိုဒုက္ခ၊ မင်းလက်ဝါးနှင့် ပတ္တလားတီးတံကိုပဲ စိတ်ဝင်စားနေခဲ့မိသည်။

ခက်ပါ့။

လေ့ကျင့်ခန်းတစ်ခု ပြီးအသွားတွင် ရွှေစင် နားလိုက်သည်။

အိုက်စပ်စပ်ရှိလာသည့်မို့ ခြေရင်းပြတင်းပေါက်မှ ခန်းဆီးကို ဘေးတွန်းကာ မှန်ပြတင်းပေါက်ကို ဖွင့်လိုက်သည်။

မျက်စိလည်း အလိုလိုပင် ခြေရင်းမှ တိုက်အိမ်သို့ ကြည့်လိုက်မိသည်။

"ဟိုက် ... ဟိုမှာ"

ရွှေစင့်ရင်ထဲမှ အလိုလို အာမေဍိတ်သံ ထွက်သွားပါ၏။ အကြောင်းမူ ဘေးတိုက်တည့်ရှိနေသော ခြေရင်းတိုက်မှ ပြတင်းပေါက်သုံးပေါက်တွင် အလယ်မှ ပြတင်းပေါက်၏တံခါးရွက်တစ်ခုသည် ပွင့်နေသည်ကို တွေ့ရသောကြောင့်ပင်။



ဘယ်တော့ကြည့်ကြည့် ပြတင်းပေါက်တံခါးတွေအားလုံး ပိတ်ထားသည်ကိုပဲ တွေ့ရပါလျက် ဒီနေ့မှ ထူးထူးခြားခြား ပြတင်းတံခါးရွက် ပွင့်နေသည်ကို တွေ့ရသည်။

"ရွှေစင်ရေ ... ဒီမှာ သမီးအန်ကယ်တို့၊ အန်တီတို့ ပြန်ကြတော့မလို့ နှုတ်ဆက်နေပြီ"

"ဟုတ်ကဲ့ မေမေ၊ လာပါပြီ"

အားကစားဝတ်စုံမှာ ဘောင်းဘီရှည်၊ အင်္ကျီလက်ရှည်ဖြစ်သည်။ လုံလုံလဲလဲ အလွန်ရှိသည်မို့ ရွှေစင် ဒီအတိုင်းထွက်လာခဲ့သည်။

"သြော် ... သြော် ... သမီးလေး ရွှေစင်က ကာယလေ့ကျင့်ခန်း ယူနေတာကိုး၊ ဒါကြောင့် ထွက်မလာတာပါလား"

ရွှေစင်က ပြုံးရုံပြုံးပြသည်။

"ဟုတ်တယ် မမွန်ရေ့၊ ရွှေစင်က ကျောင်းကပြန်တာနဲ့ လေ့ကျင့်ခန်းလုပ်တာ သူ့အကျင့်ပဲ"

"ကောင်းတယ် ... ကောင်းတယ်၊ ဒါကြောင့်လည်း သမီးရွှေစင်က ကျစ်ပြီး ခန္ဓာကိုယ်လေး အချိုးကျ ပြေပြစ်နေတာ"

ဟု ဒေါ်ရည်မွန်က သဘောကျ ချီးကျူးစကားပြောဆို၏။

"တွေ့လား သား၊ မင်းလည်း လေ့ကျင့်ခန်းလေး အားကစားလေး လုပ်ဦးကွ၊ ဒီတစ်ခေါက် မင်းပြန်လာတော့ ဗိုက်နည်းနည်း ရွှဲချင်လာတယ်"

www.burmeseclassic.com

www.burmeseclassic.com


ဦးအေးသုန်က သူ့သားအား ပြောလိုက်သည်။ ရဲမင်းသုန်က ဖခင့်အား ခေါင်းညိတ်ပြလိုက်ပါ၏။

"ရွှေစင် ... တို့ ပြန်မယ်၊ ဒီနေ့တော့ ပဏာမမိတ်ဆက်ပေါ့၊ နောက်နေ့တွေကျရင် ကာယလေ့ကျင့်ခန်းတွေနဲ့ပတ်သက်ပြီး တို့ နိုင်ငံခြားဗဟုသုတတွေနဲ့ သင်ပေးပါ့မယ်"

"ရွှေစင် လေ့ကျင့်နေတာက အမျိုးသမီးကာယအလှပဲ၊ ကိုရဲမင်းသုန်က ယောက်ျားကြီးပဲဟာ"

ရဲမင်းသုန် မဲ့သွားပြန်ပါ၏။

အားလုံး နှုတ်ဆက်ပြန်သွားကြသည်။

ရွှေစင်သည် ကပျာကယာပင် အခန်းထဲ ပြေးဝင်လာပြီး ပြတင်းပေါက်သို့ ကြည့်လိုက်သည်။

ပိတ်သွားလေပြီ။

ခြေရင်းတိုက်အိမ်၏ စောစောကပွင့်နေသော ပြတင်းတစ်ရွက် ပြန်ပိတ်သွားလေပြီ။

လေတိုက်သဖြင့် ဖွင့်လိုက် ပိတ်လိုက် ဖြစ်နေသလား။

ခဏကြာအောင် ရွှေစင် စောင့်ကြည့်သေးသည်။ ဟိုဘက်အိမ်မှ ပြတင်းတံခါး ပြန်မပွင့်ပါလေတော့။

* ❉ *

## အခန်း(၈)

ယနေ့ စနေနေ့။

စနေ၊ တနင်္ဂနွေ ရွှေစင်တို့ ကျောင်းပိတ်သည်။ ရုံးတွေလည်း ပိတ်တော့ ပိတ်ပါ၏။ သို့သော် ဖေဖေ့အတွက် ရုံးပိတ်ရက် အားလပ်သည်ဟု မရှိပါလေခဲ့။

မိမိရုံးကိစ္စ အစည်းအဝေး ရှိသည့်အခါရှိသည်။ သို့မဟုတ် ဌာနဆိုင်ရာအားလုံး စည်းဝေးပွဲရှိတတ်သည်။ သို့မဟုတ် ဌာနပေါင်းစုံ ကွင်းဆင်းလေ့လာခြင်းများလည်း ရှိတတ်သည်။

ရွှေစင်က စနေ၊ တနင်္ဂနွေဆိုလျှင် အိပ်ရာမှထ၊ ရေချိုး၊ ကော်ဖီသောက်၊ ပြီးသည်နှင့် ခြံထဲဆင်းသည်။

ရွှေစင်တို့ ခြံထဲတွင် ယခင်က ပန်းတွေဘာတွေ စိုက်ပျိုးခဲ့ခြင်းမရှိ။ ရွှေစင်တို့ ပြောင်းလာမှ မေမေက ဝါသနာနှင့် စိုက်ထားသော နှင်းဆီအချို့ရှိသည်။ ကောင်းကောင်းမပွင့်တတ်သေး။

ထုံးစံအတိုင်း ရွှေစင်သည် ခြံတံခါးတွင် ချိတ်ထားသော စာတိုက်ပုံးကိုဖွင့်ပြီး ရောက်ရှိနေသော စာများကိုယူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟေး ... ရွှေစင်"

"သြော် ... ကိုရဲမင်းသုန်"

"ရွှေစင် ဒီနေ့ အားနေတာပေါ့နော်"

ခြံစည်းရိုးမှာ သံဆန်ကာပေါက် စည်းရိုးမို့ ဟိုဘက် ဒီဘက် မြင်နေရသည်။

ရဲမင်းသုန်သည် ရွှေစင် ခြံထဲဆင်းအလာကို တစေ့တစောင်း ချောင်းနေခဲ့သည်။

ယနေ့ စနေနေ့နံနက်ပိုင်းတွင် ရွှေစင် ဆင်းလာကတည်းက မြင်ပြီးသားဖြစ်သည်။

သိက္ခာဆည်သည့်အနေနှင့် ယခုမှ တိုက်ဆိုင်သလိုလို ရွှေစင် စာတွေ့ယူလာပြီးမှ လှမ်းနှုတ်ဆက်ခြင်း ဖြစ်ပါ၏။

"ဒီနေ့ စနေလေ၊ ကျောင်းပိတ်တော့ အားတာပေါ့၊ စနေ တနင်္ဂနွေ ကျောင်းပိတ်တာပဲဟာ"

"အားရင် ကိုယ်တို့အိမ်ဘက် လာလည်ပါလား ရွှေစင်၊ ဘုရားတင်ဖို့ ပန်းတွေလာခူးပါလား"

"မေမေ ဈေးကဝယ်လာမှာပါ"

"တို့ဆီမှာ နိုင်ငံခြားပါလာတဲ့ အထူးအဆန်းပန်းလေး တွေရှိတယ် ရွှေစင်"

"ဘယ်လိုထူးဆန်းလို့လဲ"

"ဖန်ပေါင်းချောင်ထဲမှာ ဂါဝန်ကားကားလေးနဲ့ သိပ်လှတဲ့ ကချေသည်မလေးဟာ ဖန်ပေါင်းချောင်လှုပ်အောင် နေရာရွှေ့လိုက်တာနဲ့ သူ့တီးလုံးလေး မြည်လာပြီး ထကတဲ့ အရုပ်မျိုးလေ"



"အဲဒါမျိုး ရွှေစင့်မှာရှိတာ ဟိုတစ်နှစ်ကျော်ကျော်ကတည်း ကပဲ၊ ဖေဖေ့သူငယ်ချင်း နိုင်ငံခြားက လက်ဆောင်ပို့တာ လေ"

ရဲမင်းသုန် ခေါင်းကုတ်ရသည်။

"ဒါဆို တီဗီဂိမ်း(မ်) လာကစားပါလား ရွှေစင်၊ တို့မှာ နောက်ဆုံးပေါ် လိတ်တက်(စ်)ဂိမ်း(မ်)တွေ ပါလာတယ်"

"အိမ်မှာရှိသားပဲ၊ အဲဒါ စကားတော့ သိပ်အချိန်ပုပ်တာ၊ နောက်ပြီး ဂိမ်း(မ်)အခွေတွေက စစ်သားတွေ စစ်တိုက်တာ တို့ လေယာဉ်ကိုပစ်ချတာတို့နဲ့ ရွှေစင် စိတ်မဝင်စားဘူး"

"ရွှေစင် စိတ်ဝင်စားတဲ့ ဇာတ်လမ်းက ဘယ်လိုဇာတ်လမ်း လဲ ... ဟင်"

"ရွှေစင် စိတ်ဝင်စားတာက အမျိုးသားတစ်ဦးက ကောင်မလေးကို ကြိုက်တယ်၊ ကောင်မလေးက အဲဒီအမျိုးသားကြီး ကို မကြိုက်ဘူး၊ ဒါပေမဲ့ အမျိုးသားကြီးက ဓွတ်အတင်း ကောင်မလေးကို ရင်းနှီးဖို့ ကြိုးစားတယ်၊ အတင်းဆွဲလား ရန်လား ဖြစ်နေတုန်း တကယ့်ဇာတ်လိုက် ဘွားခနဲရောက် လာပြီး ဓွတ်ဆွဲတဲ့ အမျိုးသားကြီးကို ထိုးတယ်၊ သတ်ပုတ် တယ်၊ အမျိုးသားကြီး ရှုံးသွားရော၊ အဲဒီဇာတ်လမ်းမျိုးမှ ရွှေစင်က ကြိုက်တာ"

"အာ"

"ရွှေစင် သွားတော့မယ်၊ ပဲခူးက သူငယ်ချင်းတွေ ထည့် လိုက်တဲ့စာတွေ အများကြီးပဲ၊ အဲဒါတွေ အိပ်ရာထဲမှာ ဇိမ်နဲ့ဖတ်လိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရဲမင်းသုန် ပါးပ်ကြီး ဟကျန်ခဲ့သည်။

ရွှေစင် အိမ်ပေါ်သို့ ပြေးတက်ခဲ့ပါ၏။ အိမ်ထဲရောက်မှ ညှော်ခန်းထဲတွင် မိုက်ကို လက်ဝါးလေးနှိပ်ကာ တခစ်ခစ်ရယ်တော့သည်။

ရွှေစင့်တွင် ဘာဖန်ပေါင်းချောင်နှင့်မှ ကချေသည်အရုပ်မျိုးမရှိ။ တီဗီဂိမ်းစက် သုံးဝမရှိ။ အိမ်တွင် တီဗီနှင့် ဗီဒီယိုအောက်စက်သာရှိသည်။ ဒါလည်း မနှစ်က ဆယ်တန်းကျသည့်အကြောင်းထဲတွင် ဗီဒီယိုကြည့်လွန်းတာ ကျောင်းစာအကျက်နည်းသွားသည့် တစ်ကြောင်းလည်း ပါသည်မို့ ဒီနှစ်ဗီဒီယိုကို တစ်လတစ်ခါပင် မကြည့်ဖြစ်အောင် နေလိုက်သည်။

"ဟဲ့ ... မိရွှေစင်၊ စောစောစီးစီး ဘာအရူးသပြီး တခစ်ခစ် ရယ်နေတာလဲ"

မေမေ ဈေးသွားဖို့ ထွက်အလာတွင် ခစ်ခစ်ရယ်နေသော ရွှေစင့်ကို မေးလိုက်သည်။

"ဟို ... ဟို ... ဖန်ပေါင်းချောင်နဲ့ ကချေသည်လေး မေမေ"

"ဘာရယ်"

"နောက်ပြီး ကောင်လေးနဲ့ ကောင်မလေးပါတဲ့ တီဗီဂိမ်း(မ်) ဓာတ်လမ်း မေမေ"

"ဟာ ... ဒီအရူးမ ခက်နေပြီ၊ မေမေ ဈေးသွားမယ်၊ ဖေဖေနိုးရင် ကော်ဖီတွေ ဘာတွေ အားလုံး အဆင်သင့်ပဲ၊ ဖေဖေလိုတာတွေ လုပ်ပေးလိုက်၊ ဒီနေ့ ညည်းဖေဖေ မနက်ဆယ်နာရီ အစည်းအဝေး သွားရမယ် ပြောတယ်"

"ဟုတ်ကဲ့ မေမေ၊ စိတ်ချသွား"



မေမေ ဈေးသို့ ဒရိုင်ဘာကိုဘခက်ကြီး ခေါ်၍ ကားနှင့်ထွက်သွားသည်။

ကနဦးကတော့ သူငယ်ချင်းထံမှ စာတွေကို အိပ်ရာထဲမှာ လှဲပြီးဖတ်မည်ဟု စိတ်ကူးသည်။

ယခု မေမေက ဖေဖေ့တာဝန်ကို ပေးခဲ့သဖြင့် ရွှေစင် ညှော်ခန်းမှာပင် ထိုင်ချပြီး စာတစ်စောင်ပြီးတစ်စောင် ဖောက်ဖတ်သည်။

သူငယ်ချင်းတွေထံမှ စာဆိုတော့ ပဲခူးကို ပြန်လည်သတိရမိသည်။

ရွှေသာလျောင်းကိုယ်တော်ကြီးနှင့် ရွှေမော်ဓောစေတီတော်ကြီးများကို မျက်စိထဲ အလိုလို ပြန်မြင်မိသည်။

"ဟဲ့ ... ဒီစာက အဆန်းပါလား၊ စာတိုက်တံဆိပ်လည်း မပါဘူး၊ တံဆိပ်ခေါင်းလည်း ကပ်မထားဘူး"

စာအိတ်ပေါ်တွင်လည်း လမ်းနာမည်၊ အိမ်နံပါတ်၊ မြို့အမည် မပါဘဲ ရွှေစင်ဟုသာ ရေးထားသည်။

ကြေနှ ဒီမြို့ကလူပင် စာတိုက်ပုံးထဲ စာလာထည့်သွားခြင်းဖြစ်မည်။

လိပ်စာလည်း ရွှေစင်ဟုသာ တပ်ထားသဖြင့် မရှိးသားသောစာမှန်း ရွှေစင် အကဲခတ်မိသည်။ သို့သော် ဖောက်ဖတ်ကြည့်သည်။

"ရွှေစင် ...

ဖျိုင်းငှက်ဟာ လှပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းမင်းနဲ့ ယှဉ်လိုက်တော့ ဗိုင်းငှက်ရဲ့အလှဟာ မှေးမှိန်သွားတယ်။

ရွှေစင် ...

ကြေးဟာ ရွှေးချွတ်ပြီး အရင်တင်ထားရင် ဝင်းဝင်း ဝါဝါပါပဲ။

တကယ့် ရွှေအစစ်နဲ့ ယှဉ်လိုက်တော့ ကြေးရဲ့အဝင်း အဝါဟာ မှေးမှိန်သွားပါတယ်။

ရွှေစင် ...

နှင်းဆီဟာ လှပါတယ်။

သဇင်နဲ့ ယှဉ်လိုက်တော့ နှင်းဆီရဲ့အလှဟာ ပူလောင်ပြီး သဇင်ရဲ့အလှက အေးမြလွန်းတယ်။

ရွှေစင်ဟာ ဥဒေါင်းမလေးပါ။ ရွှေစင်ဟာ ပရိုဒ်ခေါက် ရွှေအစစ်ပါ။ ရွှေစင်ဟာ ပန်းသဇင်ပါ။

တို့ ရွှေစင့်ကို သိပ်ချစ်တယ်။

မြင်မြင်ချင်းကို ချစ်မိတာပါ။

တို့ဟာ အရာရာမှာ ရွှေစင်နဲ့ လိုက်ဖက်ညီရပါစေမယ်။

ရွှေစင့်ကို ဖူးဖူးမှုတ် လိုလေသေးမရှိ ထားနိုင်သူပါ။

တို့မိဘတွေအကြောင်း ရွှေစင် စုံစမ်းကြည့်ပေါ့။ ဦးပန်းမောင်နဲ့ ဒေါ်သူဇာတဲ့။ တို့ ဘယ်သူဆိုတာ ပြောမယ်နော်။

တို့ ဖေသန်းမောင်ပါ။

ရွှေစင့်ကို သိပ်ချစ်နေရသူပါ။



ဖတ်ပြီး ရွှေစင် မဲ့လိုက်သည်။ ဖေသန်းမောင်၏ ရည်းစားစာမို့ ဖေသန်းမောင်ကို ရွှေစင် အရမ်းထင်သေးပစ်လိုက်သည်။

သူသည် သိင်္ဂီဝင်းနဲ့ မေတ္တာမျှထားသူ ဖြစ်ပါလျက် ငါးစိမ်းကိုမြင်၍ ငါးကင်ကို ပါးစပ်မှလွှတ်ချသည့် ခွေးမိုက်ဖြစ်သည်ဟု ရွှေစင် တစ်ချက်တည်း ယူဆလိုက်သည်။

ရွှေစင် တယ်လီဖုန်းဆီသို့ လျှောက်သွားသည်။ ကေနိုင်တို့အိမ်သို့ ဆက်လိုက်သည်။

"ကေနိုင်လားဟေ့၊ တို့ ရွှေစင်ပါ"

"ပြော ... ရွှေစင်"

"ကေနိုင်နဲ့ စကားပြောချင်တယ်ကွာ"

"လာခဲ့လေ၊ ခြေတစ်လှမ်း အပြင်ထွက်တာနဲ့ ကေနိုင်တို့ အိမ်ကို ရောက်တာပဲဟာ"

"မေမေ ဈေးသွားတယ်ကွ၊ ဖေဖေနိုးရင် ဖေဖေ ကော်ဖီ သောက်ဖို့နဲ့ ဝေယျာဝစ္စလေးတွေလုပ်ပေးဖို့ တို့ကို တာဝန် ပေးခဲ့လို့၊ နောက်ပြီး ဖေဖေက အစည်းအဝေးသွားမှာ"

"ဒါဆို ရွှေစင် အိမ်ကစောင့်၊ တို့ လာခဲ့မယ်၊ နာရီဝက် လောက်တော့ ကြာဦးမှာနော်"

"ရတယ် ကေနိုင်၊ ရွှေစင် စောင့်နေမယ်"

ရွှေစင် ညှော်ခန်းမှာ ပြန်ထိုင်သည်။

ရွှေစင့် စိတ်ထဲတွင် ယောကျ်ားတွေကို တော်တော် အံ့ဩမိသည်။ အထူးသဖြင့် ဒီမြို့က ယောကျ်ားနှစ်ဦးဖြစ်သူ ကိုရဲမင်းသုန်နှင့် ကိုဖေသန်းမောင်ကို ရွှေစင် ပို၍အံ့ဩရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပဲခူးတုန်းကလည်း ရွှေစင့်ကို မေတ္တာရှိသူတွေ အများကြီး ရှိခဲ့ပါ၏။ သို့သော် ဤမျှ မြန်မြန်ဆန်ဆန် ရဲရဲတင်းတင်း မဖော်ထုတ်ကြဘဲ အချိန်အပိုင်းအခြားကိုစောင့်ပြီးမှ မေတ္တာဆိုတတ်ကြသည်။

အခု ကိုရဲမင်းသုန် ကြည့်မလား။ တွေ့ဖူးတာဖြင့် ရက်ပိုင်းသာ ရှိသေးသည်။ သူ့အိမ်သို့ ရွှေစင်လာဖို့ ဖိတ်ခေါ်နေသည်။ အတော်ကြောက်စရာကောင်းသည့်လူ။

သူ့အိမ် သွားမိလျှင် ဘယ်လောက်ထိများ လက်ရဲဇက်ရဲနိုင်လိုက်မည်မသိ။

ကိုဖေသန်းမောင်ကို ကြည့်ဦး။

သီ'ဂီဝင်းနှင့် မေတ္တာရှိနေသည့် ကြားကပင် ယခု သီ'ဂီဝင်းကို ဖျိုင်းငှက်လို၊ ကြေးသတ္တုလို၊ နှင်းဆီပန်းလို ဥပမာပေးပြီး မိမိကို မေတ္တာစကား အတိအလင်း ဆိုလိုက်ချေသေးသည်။ တော်တော်မျက်နှာပြောင်တဲ့လူ။

ပြီး ကိုရဲမင်းသုန်နှင့် ကိုဖေသန်းမောင်တို့ နှစ်ဦးတွင် တူညီသော အချက်တစ်ခု ရွှေစင် သတိထားတွေ့ရှိရသည်။

သူတို့ကိုယ်ကို အထင်ကြီးကြခြင်းပင်။

ဘယ်မိန်းကလေးမဆို သူတို့က ချစ်ရေးဆိုလျှင် ရစေရမည်ဟု အထင်ကြီးနေကြပုံရသည်။

ရဲမင်းသုန်သည် ကိုယ်တိုင်အားဖြင့် ရုပ်ရှိသည်။ ပညာတတ်။ ဘီအီးဘွဲ့ရပြီး ဖြစ်သည်။ လက်ရှိ သင်္ဘောလိုက်နေသည်။ မိဘဂုဏ်ဒြပ်ရှိသည်။



ဖေသန်းမောင်က ရဲမင်းသုန်ထက်ပင် အသက်ပိုငယ်ပြီး ပို၍ရုပ်သာသေးသည်။ ရုပ်ချောခြင်းနှင့် မိဘချမ်းသာခြင်းကို အခြေခံကာ ဘယ်မိန်းကလေးကိုမဆို သူပြောလျှင် ရလိမ့်မည်ဟု ထင်ထားပုံရသည်။ သူ့စာထဲတွင် သူတို့ ကြွယ်ဝမှုများကို မသိမသာ ဖော်ပြရင်း ရွှေစင့်ကို ဖြားယောင်းထားသည်ပဲ ဖြစ်သည်။

"ဟော ... ဖေဖေ နိုးပြီ"

ဖေဖေ၏ အိပ်ရာထမှ ရုံးသွားသည်အထိ ဝေယျာဝစ္စအားလုံးကို ရွှေစင် လုပ်ပေးသည်။

ဖေဖေ ထွက်သွားပြီးနောက် ဆယ်မိနစ်အတွင်းမှာပင် ဖုန်းသံမြည်လာသည်။

ရွှေစင် ပြေးကိုင်သည်။ ကေနိုင့်ထံမှဖုန်း ထင်သောကြောင့်ဖြစ်ပါ၏။

"ကေနိုင်လား ... ကြာလိုက်တာဟယ်၊ လာမယ်ဆိုလို့"

"ဟဲ ... ဟဲ ... ကိုယ်က ဖေသန်းမောင်ပါ ရွှေစင်"

"ဩော် ..."

"မအံ့ဩပါနဲ့ ရွှေစင်၊ တို့က ရွှေစင့်ကို တိတ်တခိုးမျက်ခြည်မပြတ် ကြည့်နေသူပါ၊ စောစောက ရွှေစင် ခြံထဲဆင်းပြီး စာပုံးထဲကစာတွေ ယူသွားတာရယ်၊ ခေါင်းရင်းအိမ်က လူပျိုကြီးနဲ့ စကားလှမ်းပြောနေတာရယ်၊ ရွှေစင့်မေမေ ဈေးထွက်သွားတာရယ်၊ ရွှေစင့်ဖေဖေ ရုံးသွားတာရယ် အားလုံး တို့က မှန်ဘီလူးတစ်လက်နဲ့ လှမ်းကြည့်ပြီး မြင်နေတာပါ၊ အဲ ... ရွှေစင် အိမ်ထဲမှာ ဘာတွေလုပ်နေတယ် ဆိုတာတော့ မမြင်နိုင်ဘူးပေါ့လေ...

www.burmeseclassic.com

www.burmeseclassic.com



အခြားမိန်းကလေးတစ်ယောက်သာ ဖြစ်ဘိမူ ရင်ထဲကလည်း မနှစ်သက်နေသည်မို့ ဖေသန်းမောင်မှန်း သိသည်နှင့် တယ်လီဖုန်းကို ခွပ်ခနဲ ချလိုက်မည်ဖြစ်ပါ၏။

"ဩော် ... တင်ကြိုတောင်းပန်ပါတယ် ရွှေစင်၊ တယ်လီဖုန်း ပြန်မချပါနဲ့နော်၊ ချပစ်လည်း တို့ကပြန်ခေါ်မှာ"

"မချပါဘူး၊ ကျွန်မက နားထောင်ရင်း စဉ်းစားနေလို့ ချက်ချင်း အသံပြန်မပေးတာပါ"

"ရွှေစင် နားထောင်ရင်း ဘာတွေစဉ်းစားလဲဟင်၊ တို့သိချင်လိုက်တာ"

"သိရပါတယ်၊ ကိုဖေသန်းမောင်က မှန်ဘီလူးကြီးနဲ့ လှမ်းကြည့်နေတာ နောက်ဆုံး ဖေဖေ ရုံးသွားတဲ့အထိတောင်ဆိုတော့ အကြာကြီးကို စောင့်ကြည့်နေရတာပဲ၊ ပင်ပန်းလိုက်တာနော်"

"ဘယ့်နှယ်လုပ်မလဲ ရွှေစင်၊ နှလုံးသားရဲ့ စေခိုင်းချက်ကြောင့် လုပ်ဆောင်ရသမျှဟာ ပင်ပန်းတယ်လို့ ဘယ်ထင်နိုင်မှာလဲ၊ ဒါထက် ခုလောက်ဆို တို့ ရေးပို့ထားတဲ့စာ ရွှေစင် ဖတ်ပြီးရောပေါ့နော်"

"ဖတ်ပြီးပြီပဲ"

"အဲဒါ ဘယ်လိုလဲ ရွှေစင်"

"အရေးအသား မဆိုးပါဘူး၊ ဆက်ကြိုးစားရင် မဂ္ဂဇင်းသုံးကဗျာအဆင့်အထိ ရနိုင်ပါတယ်"

"ဟိုက် ... ဘာတွေ ပြောနေတာလဲ"



"သိဘူးလေ၊ ရေးသားထားတဲ့ စာပေကို ဝေဖန်နိုင်းတာလားလို့"

"မရိုပါနဲ့ ရွှေစင်၊ တို့စာဟာ တို့အသည်းနှလုံးထဲက ပေါက်ကွဲလာတဲ့အတိုင်း ဖော်ပြတာပါ၊ တကယ်ပြောတာပါ၊ ရွှေစင်ရဲ့အဓိကလှပတဲ့ ရုပ်နဲ့ခန္ဓာကို ထည့်မပြောသေးဘဲ ရွှေစင်ရဲ့သွားလာလှုပ်ရှားပုံလေးတွေကပဲ တို့ရင်ထဲမှာ အစွဲကြီးစွဲနေတာပဲ ရွှေစင်၊ အဲဒါ့ တို့ ရင်ဖွင့်တဲ့စာအပေါ်မှာ ရွှေစင် ဘယ်လိုသဘောထားသလဲဆိုတာ သိပါရစေ"

"သိရပါတယ် ကိုဖေသန်းမောင်"

"ဟုတ် ... ဟုတ်ပြီ၊ ပြောပါ ရွှေစင်"

"ဒီမြို့မှာတော့ ဒီလိုရည်းစားစာပေးတာ ကိုဖေသန်းမောင်ဆီက တစ်စောင်ရသေးတယ်"

"တို့ထက် သူများဦးသွားမှာစိုးလို့၊ တို့ပဲ ပထမလူဖြစ်အောင် ပေးလိုက်တာပဲ ရွှေစင်"

"ပဲခူးတုန်းကတော့ အဲဒီလိုရည်းစားစာတွေ ခဏ ခဏ ရတယ်၊ ပေးတာကို ရွှေစင် ယူပါတယ်၊ ဖတ်ပါတယ်၊ ဖတ်ပြီးရင် စာကြည့်စားပွဲအောက်မှာထားတဲ့ ပလတ်စတစ်အမှိုက်ခြင်းလေးထဲ ထည့်ထားလိုက်တယ်၊ တစ်စောင်လာလိုက်၊ ဖတ်ပြီးပစ်ထည့်လိုက်နဲ့ နှစ်ကုန်သွားလို့ ကျောင်းပိတ်တဲ့နေ့မှာ အဲဒီခြင်းထဲက စာတွေအားလုံး အတန်းထဲက သူငယ်ချင်း ခင်ကျော့မှူးကို အပြီးအပြတ် လက်ဆောင်ပေးလိုက်တယ် ကိုဖေသန်းမောင်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ကျော့မှူး ဆိုတာက ဘာလဲ၊ သူ့ကို ရွှေစင်ရဲ့ရည်းစား စာတွေ ဘာလို့ပေးပစ်တာလဲ"

"ခင်ကျော့မှူးရဲ့မိဘတွေက ဆေးလိပ်ခုံထောင်ထားတယ်လေ၊ ပဲခူးမှာတော့ ဆေးလိပ်ခုံတွေက ဖောခြင်းသောခြင်းပဲ၊ အဲဒါ ခင်ကျော့မှူးက ရွှေစင်ပေးတဲ့ စာတွေကို ဆေးပေါ့လိပ်ဖင်အစီခံ လုပ်တယ်တဲ့"

"ဟာ ... သေလိုက်ပါတော့"

"မသေပါနဲ့ ကိုဖေသန်းမောင်၊ ဒီမြို့မှာ ဆေးလိပ်ခုံ ဘယ်မှာရှိမှန်း ရွှေစင် မသိဘူး၊ ကျောင်းမှာ ဆေးလိပ်ခုံက သားသမီးတွေနဲ့လည်း အပေါင်းအသင်း မဖြစ်သေးဘူး၊ နောက်ပြီး အမှိုက်ခြင်းထဲမှာ ကိုဖေသန်းမောင်ရဲ့ စာတစ်စောင်ပဲ ရှိသေးတယ်၊ ဒီတော့ ကိုဖေသန်းမောင်ရဲ့စာကို ဖင်စီခံလုပ်ဖို့ မပေးပါဘူး"

"ဒီမယ် ... ရွှေစင်"

"ရှင် ... ပြောပါ၊ နားထောင်နေသားပဲ"

"ရွှေစင့်စကားတွေက တို့ကို သိပ်စော်ကားနေပြီ"

"ဟုတ်လား၊ အဲဒါကို ရွှေစင်မှ မသိတာ၊ ကိုဖေသန်းမောင်ရဲ့စာကိုဖတ်ပြီးရင် ဘယ်လိုသဘောထားလဲလို့ သူကမေးလို့ပဲ ဒီက အရှိအတိုင်း မုသားတစ်လုံးမှမပါဘဲ ပြောနေတာပဲဟာ"

"ဒီမယ် ... ရွှေစင်၊ မင်း မာနကြီးလွန်းတယ်"

"ဒီမယ် ကိုဖေသန်းမောင်၊ ရှင် သစ္စာမဲ့လွန်းတယ်၊ သိင်္ဂီဝင်းဟာ တို့ရဲ့ရန်သူမဟုတ်သလို မိတ်ဆွေလည်းမဟုတ်



ဘူး၊ ဒါပေမဲ့ မိန်းမချင်း တို့ ကိုယ်ချင်းစာတယ်၊ နောက်တစ်ချက်က ကိုဖေသန်းမောင်ဟာ ကုဋေရှစ်ဆယ်သူဌေးသား ဖြစ်ပါစေ၊ မိုးပေါ်ကနတ်သားလို ချောပါစေ၊ ရှင့်ကို ကျွန်မနှလုံးသားထဲက နေရာမပေးဘူး၊ ဘယ်တော့မှ မပေးဘူး၊ ကျွန်မနှလုံးသားက မျှော်လင့်ထားပြီး ကျွန်မမျက်စိထဲမြင်နေတဲ့ ချစ်သူဆိုတာက မိဘဆင်းရဲတာ ချမ်းသာတာ မပါဘူး၊ ယောကျ်ားဆန်တဲ့ ယောကျ်ားပုံစံ၊ ယောကျ်ားပီသတဲ့ တကယ့်ယောကျ်ားရုပ်၊ ယောကျ်ားစစ်စစ်တွေမှာ ထားရှိလေ့ရှိတဲ့ ယောကျ်ားစိတ်ဓာတ်၊ သတ္တိရှိသင့်တဲ့နေရာမှာ တကယ့်သတ္တိရှိတဲ့ယောကျ်ား၊ ယောကျ်ားသိက္ခာနဲ့ ယောကျ်ားကိုယ်ကျင့်တရားကို ထိန်းသိမ်းနိုင်တဲ့ ယောကျ်ား၊ ကိုယ့်အတတ်ပညာ တစ်ခုခုနဲ့ ဘယ်သူ့မှ မမှီခိုတဲ့ အိမ်ထောင်ဦးစီးနိုင်တဲ့ ယောကျ်ား၊ အဲ ... အဲဒါမျိုးမှ ရွှေစင်တို့ကချစ်မှာ၊ အခု ကျွန်မပြောတဲ့အချက်တွေနဲ့ ကိုဖေသန်းမောင် ကိုက်ညီရဲ့လားလို့ ကိုဖေသန်းမောင် ကိုယ့်ဟာကိုယ် ပြန်ဆန်းစစ်ကြည့်ပါ၊ အဲ ... ကိုဖေသန်းမောင် မျှော်လင့်ချင်သေးတယ် ဆိုရင်တော့ ကျွန်မ အမှန်အတိုင်းပြောလိုက်မယ်၊ ခုန ကျွန်မရဲ့နှလုံးသားက မျှော်လင့်ထားပြီး ကျွန်မမျက်စိထဲ အလိုလိုမြင်နေတဲ့ယောကျ်ားပုံစံမျိုးကို ခုချိန်ထိ တစ်ယောက်မှ မတွေ့သေးလို့ ကျွန်မဟာ ခုချိန်ထိပဲ ရည်းစားတစ်ခါမှမထားဖူးသေးဘူးဆိုတာပဲ၊ ဒါပါပဲ ကိုဖေသန်းမောင်၊ ကိုဖေသန်းမောင် ကျန်းမာပါစေ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က နောက်ထပ် ဟိုဘက်မှ ထပ်အပြောမခံတော့ဘဲ ဖုန်းကို အရင်ဦးစွာ ဘုသီးလေးနှိပ်လိုက်သည်။ လိုင်းပြတ်သွားပြီးနောက် ဖုန်းတံကို နဂိုအတိုင်း ပြန်တင်မထားဘဲ အောသို့ချထားလိုက်သည်။ ဖေသန်းမောင် ထပ်ဆက်လည်း ဖုန်းက ကလင်ကလင်မြည်ပြီး မခေါ်နိုင်တော့ပေ။

ရွှေစင်သည် ဧည့်ခန်းဘက်ပြန်လာပြီး ဆိုဖာတွင် ခဏထိုင်သည်။

ဖေသန်းမောင် တစ်ယောက် တောက်ခေါက်နေသလား၊ အံကြိတ်နေသလား၊ လက်သီးဆုပ်နေသလား၊ တစ်ခုခု တော့လုပ်နေပေမည်။ ဒါမှမဟုတ်လည်း သုံးခုလုံးကို တစ်ပြိုင်တည်း လုပ်ချင်လည်း လုပ်နေပေမည်။

ရွှေစင့်စကားလုံးတွေက ဖေသန်းမောင်အဖို့ မြွေပွေးပိုးထိသလို အခံရခက်လှချိမ့်မည်။

ဆယ်မိနစ်လောက်ကြာပြီးမှ ရွှေစင်က ဖုန်းဆီပြန်သွားကာ ဘုသီးလေးနှစ်ခုကိုနှိပ်ရင်း ကေခိုင်ဖြူတို့အိမ်သို့ ဆက်လိုက်သည်။

"ပြောပါ ကေခိုင်ဖြူပါ"

"ဟယ် ... ကေခိုင်ရယ်၊ တို့အိမ်လာမယ်ဆိုလို့ ဒီက စောင့်နေတာ"

"ဆောရီးပဲ ရွှေစင်၊ လာမလို့ အင်္ကျီဟောင်း ထဘီဟောင်းတောင် အသစ်လဲပြီးပြီ၊ အဲဒါ မေမေက ဖြန်းခနဲ အပြင်သွားစရာရှိလို့ဆိုပြီး ထွက်သွားတယ်၊ မီးဖိုချောင်မှာ မေမေ တန်းလန်းထားခဲ့တာတွေ ဆက်လုပ်နေတာပေါ့၊ ဒါပေမဲ့



တို့မလာနိုင်သေးတဲ့အကြောင်း ရွှေစင့်ဆီကို ဖုန်းဆက်တာ နှစ်ခါတောင်ရှိပြီ၊ အင်ဂေ့(ဂျ်)ဖြစ်နေတာချည်းပဲ၊ ရွှေစင်တို့အိမ်ကို ဘယ်သူဆက်နေလို့ ဒီလောက်အကြာကြီး အင်ဂေ့(ဂျ်)ဖြစ်နေရတာလဲ ကွာ"

"ဖေသန်းမောင်ပေါ့ ကေခိုင်"

"ဟယ် ... ကိုဖေသန်းမောင် ဟုတ်လား၊ ဟဲ့ ... ရွှေစင်၊ ဘယ်လိုတွေဖြစ်တာလဲ၊ ရွှေစင်နဲ့ ဖေသန်းမောင်ဟာ ခုချိန်ထိ မိတ်ဆက်ပေးတဲ့လူလည်းမရှိ၊ မိတ်ဆွေလည်း မဖြစ်သေးဘဲနဲ့"

"သူက တို့စာတိုက်ပုံးထဲ စာထည့်ထားတယ်လေ၊ ရည်စားစာပေါ့ ကေခိုင်"

ရွှေစင်က ဖြစ်ကြောင်းကုန်စင် အားလုံးကို ဖုန်းဖြင့်ပင် စကားပြောလိုက်ပေသည်။

"အဲ ... မှတ်ကရော"

ဟု ကေခိုင်ထံမှ ရွှေစင့်စကားအဆုံးတွင် အားရပါးရ မှတ်ချက်ပြုသံ ထွက်လာပေသည်။

"ဒီတစ်ချီတော့ ကိုဖေသန်းမောင် တစ်ယောက် အပွဲပွဲနွှဲခဲ့သမျှ ဒီပွဲကျမှ နပ်ပစ်ခံရတာလို ဖြစ်သွားပြီ"

"အဲဒါထားဦး ကေခိုင်၊ ကိုဖေသန်းမောင်ကိစ္စက အာကရုံ ပါကရုံပါ၊ နောက်တစ်ခု တို့ပြောချင်တာက ခြေရင်းအိမ် အကြောင်းဟဲ့"

"ခေါင်းရင်းအိမ်အကြောင်းကိုကော မပြောတော့ဘူးလား ရွှေစင်၊ တို့အိမ်က အိမ်ဖော်မိပိန်လေး အရပ်ထဲမှာ ဘာ

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီဆို သူ ရှေ့ဆုံးက သတင်းကြားတတ်တယ်၊ မနေ့က ရွှေစင်တို့ခေါင်းရင်းအိမ်က သဘော်အရာရှိ ကိုရဲမင်းသုန် ပြန်ရောက်နေပြီတဲ့၊ မနေ့ကညနေပဲ သူတို့မိသားစုသုံးယောက် ရွှေစင်တို့အိမ် သွားလည်ကြတယ်တဲ့၊ အဲဒါ ဟုတ်လား ရွှေစင်”

“ဟုတ်သားပဲ၊ တို့အိမ်ကို သူ့သားနဲ့ လာမိတ်ဆက်ပေးတာတဲ့”

ကေခိုင်ဖြူ့ဘက်မှ အသံခဏတိတ်သွားသည်။ စကားပြောရင်း အခြားကိစ္စတစ်ခုခု စိမ်ရ၍ စကားခဏတန့်သွားသည်ဟု ရွှေစင် ထင်သည်။

“ဟင် ... ရွှေလမ်းငွေလမ်းဖောက်ကြမလို့တဲ့လား ရွှေစင်၊ အန်ကယ်သုန်နဲ့ အန်တီမွန်က သူ့သား ပြန်မရောက်ခင်ကတည်းက ရွှေစင့်ကို ချွေးမဖမ်းဖို့ ရည်ရွယ်ထားပြီထင်တယ်၊ ရွှေစင်တို့ ကုသိုလ်ကတော့ တကယ်ဟယ်”

ကေခိုင်၏အသံလေးမှာ နဂိုအသံ မဟုတ်တော့ဘဲ တိုးတိမ်သွားသလိုလို၊ တုန်ယင်နေသလိုလိုဟု ရွှေစင် ထင်လိုက်မိသည်။

“အယ် ... မဟုတ်တာ၊ တောက်တီးတောက်တဲ့၊ တို့ကျောင်းက ပြန်မရောက်ခင်ကတည်းက သူတို့ရောက်နေတာပါ၊ လူကြီးချင်း ခင်တဲ့သဘောပါ၊ အိုကွာ ... ငါ ဒါတွေ စိတ်မဝင်စားပါဘူး၊ အဲဒါ ကိုရဲမင်းသုန်ဆိုတဲ့လူကိုလည်း ငါ့ရင်ထဲမှာ သုညနဲ့အနုတ်လက္ခဏာပုံစံကြီးပါ၊ ဖေသန်းမောင်လိုပဲ ဆိုပါတော့”



“အေးလေဟယ် ... ငါက ကိုရဲမင်းသုန် ပြန်ရောက်နေတယ်ဆိုတာ ယုံတောင်မယုံဘူး၊ မိပိန်က မေမေ့ရှေ့မှာ မဟုတ်ကဟုတ်က အရပ်သတင်းတွေ ပြောလွန်းလို့ မေမေ ထိပ်ခေါက်တာခံရကတည်းက မေမေ့ရှေ့မှာဆို မပြောတော့ဘူး၊ အခု မေမေ အပြင်ထွက်သွားမှ ကိုရဲမင်းသုန် ပြန်ရောက်တာရော၊ ရွှေစင်တို့ အိမ်ကို မနေ့က သူတို့ အလည်သွားတာရော ပြောပြတယ်၊ တို့က မဟုတ်နိုင်ဘူး၊ ကိုရဲမင်းသုန် ရောက်လာရိုးမှန်ရင် တို့အိမ်ကိုမလာဘဲ နေမှာမဟုတ်ဘူးလို့တောင် ပြောမိသေးတယ်၊ အခုအတိုင်းဆိုရင် ရွှေစင်ကိုယ်တိုင် တွေ့တယ်ဆိုတော့ ကိုရဲမင်းသုန် မနေ့က ရောက်လာတာ သေချာသွားတာပေါ့”

“အေး ... ရောက်လာတာတော့ သေချာတယ်၊ ဒီမယ် ကေခိုင်၊ ငါ သိပ်ပြောချင်နေတာက ခေါင်းရင်းအိမ်က အကြောင်းမဟုတ်ဘူးဟဲ့၊ ခြေရင်းအိမ်အကြောင်း ပြောချင်တာ”

“အင်းပါ၊ တို့စကားစပ်မိလို့ ခေါင်းရင်းအိမ်အကြောင်း ထည့်မေးမိတာပါ၊ ရွှေစင် စိတ်မဝင်စားဘူးဆို ခေါင်းရင်းအိမ်အကြောင်း ဘေးချိတ်၊ ကဲ ... ခြေရင်းအိမ်အကြောင်း ပြော”

ကေခိုင်၏အသံပြန်၍ မှုမှန်သွားသည်ကို ရွှေစင် သတိထားလိုက်မိပါ၏။ သို့သော် သူမက သတိထားမိလိုက်မှာ ပေါ့ပေါ့ဆဆ သဘောသာဖြစ်ပြီး မနေ့က ရွှေစင် ပေါ့ကျင့်ခန်းလုပ်နေစဉ် ခြေရင်းအိမ်မှ ပြတင်းတံခါးတစ်ချက် ပွင့်နေပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



သူမအလစ်ပြန်၍ တံခါးပိတ်သွားပုံကို စိတ်အားထက်သန်စွာ ပြောပြလိုက်ပေသည်။

ရွှေစင်၏ စကားအဆုံးတွင် ...

"အဲဒါ ဘာပြုလဲ ရွှေစင်"

ဟု ကေခိုင်ဖြူက ပေါ့ပေါ့တန်တန်သဘော ပြန်မေးလိုက်သည်ကို ရွှေစင်က အားမလိုအားမရလေသဖြင့် ...

"ဟာ ... မိကေခိုင်ရယ်၊ အဲဒါကို အလေးအနက်ပဲ စဉ်းစားကြည့်ဖို့ပေါ့ဟယ်"

"ဘယ်လိုစဉ်းစားရမှာမှန်းမှ မသိတာ"

"ဟဲ့ ... သရဲတစ္ဆေက တံခါးကို ဖွင့်လိုက်ပိတ်လိုက် လုပ်မတဲ့လား"

"ဒါဆို ဘယ်သူက လုပ်မှာတဲ့လဲ"

"အဲဒါကို တို့က အလေးအနက် ပြောနေတာပေါ့၊ လေတိုက်လို့ ပွင့်တယ် ပိတ်တယ် ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ်ရင်တော့ ဘယ်သူက တံခါးကို ဖွင့်လိုက်ပိတ်လိုက် လုပ်သလဲဆိုတာ"

"တို့ ဘာပြောတတ်မလဲ ရွှေစင်ရယ်"

"မှန်တယ်၊ ဘယ်သူကကော ပြောတတ်မှာလဲ၊ သတ္တိရှိရင် အဲဒီခြေရင်းအိမ်ထဲကို ဝင်ကြည့်လိုက်ရုံပဲ"

"မြတ်စွာဘုရား ... ဒီအိမ်ထဲ ဘယ်သူဝင်ရဲမတဲ့လဲ၊ သရဲကြီး မင်းလက်ဝါးရဲ့လက်ဝါးစာ မိသွားမှာပေါ့"

ရွှေစင်က ဘာဆက်ပြောရမည်မှန်း မသိသဖြင့် နှုတ်ပိတ်နေလိုက်သည်။

"သြ ... ရွှေစင် ... ဟော ... ရွှေစင်"



"ပြောဟယ်၊ နားထောင်နေသားပဲဟာ"

"တို့ အခု ပြောရင်းနဲ့ ရွှေစင့်ကိုပြောဖို့ မေ့နေတာ၊ တစ်ခုထပ်ပြောဖို့ သတိရလို့"

"ဘာများလဲ ကေခိုင်"

"ဟိုကွာ ... စောစောက ရွှေစင့်ဆီကို တို့ဖုန်းဆက်မရလို့ ဖုန်းကိုချထားတုန်း သိင်္ဂီဝင်းဆီက တို့ဆီကို မဆက်စဖူး ဖုန်းဆက်တယ်ဟဲ့"

"ကေခိုင့်ဆီဆက်တာ တို့နဲ့မှ မဆိုင်တာ"

"ဆိုင်တယ်ဟဲ့ ရွှေစင်၊ သိင်္ဂီဝင်းဆက်တဲ့ အဓိကအချက်က ရွှေစင်နဲ့ သူ့ကို တို့က မိတ်ဆက်ပေးပါ၊ သူက ရွှေစင့်ကို သိပ်ပြီး မိတ်ဆွေဖြစ်ချင်နေလို့ပါတဲ့"

"ရသားပဲ ကေခိုင်၊ မိတ်ဖြစ်ဆွေဖြစ် မိတ်ဆက်တာ ဆန်းတာမှမဟုတ်တာ၊ တနင်္လာနေ့ ကျောင်းပြန်ဖွင့်တော့ မိတ်ဆက်တာပေါ့ဟာ"

မေမေလည်း ဈေးကပြန်လာပြီမို့ ကေခိုင့်ကို နှုတ်ဆက်စကားဆိုကာ ဖုန်းချလိုက်တော့သည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

ရွှေစင် ခြံထဲသို့ ပြန်ဆင်းခဲ့သည်။

ယခုအပတ် စနေနေ့တွင် ရွှေစင် မီးဖိုထဲသို့ မေမေနှင့်အတူ ဝင်ချင်စိတ်မရှိ။

စနေ၊ တနင်္ဂနွေနှင့် အခြား ဂေဇက်ဝင် ကျောင်းပိတ်ရက်များတွင် မေမေက သမီးရွှေစင်အား မီးဖိုချောင် ချက်ရေးပြုတ်ရေးကိစ္စလေးတွေ သင်ပေးလေ့ရှိသည်။

ခိုင်းချင်သည့်သဘောမဟုတ်၊ တတ်စေချင်သည့်သဘောသာဖြစ်သဖြင့် ရွှေစင်စိတ်မပါ၍ မဝင်သည့်အခါ မေမေက အပြစ်မပြောပေ။

ဒီတစ်ခါတော့ ရွှေစင်က ခေါင်းရင်းဘက်သို့ လုံးဝမသွားဘဲ ခြေရင်းဘက်သို့သာ လာခဲ့သည်။

"ဟယ် ... ကြည့်စမ်း၊ မာလကာသီးတွေ"

ရွှေစင်သည် ခြေရင်းခြံထဲတွင် မြစိမ်းရောင် ဝင်းနေသော မာလကာသီးများကို ငေးကြည့်နေသည်။



အကျင့်ကိုက သရက်သီး၊ မာလကာသီး၊ မရန်းသီးများဝင်းပြီဆိုလျှင် တက်ခူးချင်သည်မှာ ရွှေစင်၏ငယ်ကျင့်ဖြစ်ပါ၏။

ရွှေစင် ဟိုဘက်ခြံကိုကူးရန် ခြံစည်းရိုးနားကပ်ကာ အပေါက်ရှာသည်။

"ဟော ... တွေ့ပြီ"

မျောက်လက်နှင့် သော့ခတ်ထားသော တံခါးပေါက်ဖြစ်သည်။ ယခင်နေခဲ့သူများ လက်ထက်က ဟိုဘက်အိမ် ဒီဘက်အိမ်ကူးရန် လမ်းဘက်မှထွက်၍ အိမ်ရှေ့ပေါက်မှမဝင်ဘဲ ဤအား တံခါးကို အသုံးပြုခဲ့ဟန်တူသည်။

ဦးဖိုးမှို မသေမီကပဲလား။ ဒီအိမ်တွင် ဦးဖိုးမှို သေပြီးမှ နေသူများကပဲလား။

တံခါးကို သော့လောက်ပိတ်ထားသည်မှာ မည်မျှကြာလေပြီနည်း။

သော့ခလောက်မှာ တရုတ်လုပ် စိန်တံဆိပ် အပေါစားထဲကဖြစ်သည်။ သံချေးများပင် တက်နေပေပြီ။

ရွှေစင်က အနီးတွင် အသင့်တွေ့သော ကျောက်ခဲတစ်လုံးယူကာ သော့ခလောက်ကို ထုလိုက်သည်။ သုံးချက်ပင်ထုရသေးသည်။ သော့ခလောက်မောင်း ပြုတ်သွားပါ၏။

မျောက်လက်ကို ဆွဲဖွင့်တော့လည်း အလိုက်သင့် တံခါးပွင့်သွားသည်။

ရွှေစင် ခြေရင်းခြံသို့ ကူးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင် မကြောက်တတ်သော်လည်း ဒီခြံထဲတွင် သရဲရှိသည်ဆိုထားသော အသိစိတ်က ရွှေစင့်အား အနည်းအပါး ထိတ်ချင်လန့်ချင်မိပါ၏။

ဆောဘက်ဝိုက်ပြီး မာလကာပင်များရှိရာသို့ ရွှေစင် ဝင်လာခဲ့သည်။

"သရဲဆိုတာ နေ့ခင်းမခြောက်ပါဘူး၊ ချာလီဆိုတဲ့လူနဲ့ ကိုပေသီးဆိုတဲ့သူခိုးကို လုပ်လိုက်တာ ညဘက်မှာချည်းပဲ"

ရွှေစင်သည် သူမဘာသာစိတ်တင်းပြီး မာလကာ ပင်အောက်ရောက်လာခဲ့သည်။

မာလကာပင်က တစ်ပင်တည်းမဟုတ်။ သုံးပင် စီရရီပေါက်နေခြင်းဖြစ်သည်။ အပင်နိမ့်မျိုးမဟုတ်ဘဲ ပင်စည်ကြီး ကိုင်းကြီးအမြင့်မျိုးဖြစ်သည်။

အလယ်ကအပင် ထက်ဝက်လောက်တွင် မာလကာ သီးအပွတွေ အဝင်းတွေ ရှိနေသည်။

ဘာဘာညာညာတွေ၊ စိတ်ထဲမသိုးမသန့်တွေ ဆော ချိတ်ပြီး ရွှေစင် မာလကာပင်ပေါ်သို့ တက်လိုက်သည်။

တက်ရန်လည်း မခက်လှ။ ရင်ညွန့်အမြင့်လောက် တွင် ခွဆုံရှိနေသဖြင့် ရွှေစင်က အပေါ်ကိုင်းလှမ်းဆွဲပြီး ခွဆုံသို့ ခြေနစ်ဖက် အလွယ်လေးတင်ရပ်လိုက်သည်။ ဒီနောက် တစ်ကိုင်း ပြီးတစ်ကိုင်း တက်သွားသည်။

ကောင်းလိုက်သည့် မာလကာသီး။

မှည့်သည်လည်း မဟုတ်သေး။ စိမ်းဖန့်ဖန့်မှလည်း ကျော်လွန်လာသည်။ ဝမ်းပျဉ်းဟုခေါ်မလား။



အရွယ်အစားကလည်း လက်သီးဆုပ်လောက်ရှိ သည်။

ရွှေစင်သည် ပထမဆုံး စိတ်ကြိုက်တစ်လုံးရွေးကာ ကလေးလို အင်္ကျီရင်ဘတ်နှင့်ပင် မာလကာသီးကိုပွတ်ပြီး ကိုက် စားလိုက်သည်။

ခလွတ်ဆိုသည့်အသံ ထွက်လာအောင် မာလကာသီး က မွမွရွရွလေးရှိနေသည်။

ရွှေစင် မာလကာသီး ကြိုက်သည်။ မာလကာသီး တကယ်ကောင်းပြီဆိုလျှင် ရွှေစင်က ပန်းသီးနှင့်ပင် မလဲချင်။

ခလွတ် ... ခလွတ်နှင့် ကိုက်စားရင်းပင် ရွှေစင် မာလကာသီးတက်ရွေးသည်။ သုံးလုံးလောက်ရွေးမိတော့ ကိုင်ဖို့ လက်မနိုင်။ ပြန်ဆင်းလျှင်လည်း လက်ချောင်းများက သစ်ကိုင်း များကိုင်ပြီး ဆင်းရမည်။ ဒီတော့ အောက်သို့ ပစ်ချထားပြီး အောက်ရောက်မှ ကောက်မည်။

သုံးလုံးကို အောက်ပစ်ချလိုက်သည်။

"ဟိုက် ... ခွေးကြီး"

မာလကာသီးသုံးလုံးကို အောက်ပစ်ချမှ သစ်ပင် အောက်သို့ ရွှေစင်ကြည့်မိသည်။

သစ်ပင်အောက်တွင် ခွေးနက်ကြီးတစ်ကောင် ခြသေ့် ထိုင်ထိုင်ကာ ရွှေစင့်ကို မော့်ကြည့်နေသည်။

ရွှေစင် သေချာငုံ့ကြည့်သည်။

တစ်ကိုယ်လုံး နက်မှောင်နေသော ခွေးနက်ကြီးဖြစ် သည်။ ပါးစပ်ဟထားပြီး လျှာထုတ်ထားရာ အာခေါင်နှင့် လျှာ

www.burmeseclassic.com

www.burmeseclassic.com



မှာ နီရဲနေသည်။ သွားတွေနှင့် အစွယ်လေးချောင်းမှာ အဝါရောင်သမ်းနေသည်။ မျက်လုံး၏ မျက်အိမ်ကလည်း ဝါနေပြီး မျက်ဆန်က မည်းနက်နေသည်။

ရွှေစင့်ကို မော့်ကြည့်နေသည်မှာ စိုက်နေသည်။

တစ်ချက်လေး ဝူးဝူးဝေါင်ဝေါင် မဟောင်ပေ။ ဟိန်းသံတစ်ချက်မှ မပြုပေ။

ရိုးရိုးခွေးမှ ဟုတ်ပါလေစ။ ခွေးသရဲများဖြစ်နေသလား။ ယေဘုယျအားသဖြင့် ခွေးသဘာဝမှာ မာန်ဖီဟိန်းသံထွက်သည်။ ဟောင်သံထွက်သည်။ ပြီးမှ ကိုက်ချင်ကိုက်တော့သည်။

ယခု ခွေးနက်ကြီးက ကျောက်ရုပ်လို ငြိမ်သက်စွာထိုင်နေသည်။ ဆင်းလာမှ ကိုက်မည့်သဘောပေပဲလား။

ရွှေစင် ဘာလုပ်ရမည်မှန်းမသိ။

ထိုစဉ်မှာပင် ကျလိ ... ကျလိ ... ကျလိဖြင့် စာကလေးတစ်ကောင်၏ငယ်သံပါအောင် အော်သံ ရွှေစင့် ခေါင်းအထက်မှ ကြားရသဖြင့် ရွှေစင် မော့်ကြည့်သည်။

ဘုရား ... ဘုရား။

ဝါဆိုဖယောင်းတိုင် လုံးပတ်လောက်ရှိသော ဦးခေါင်းပြားပြား မြွေစိမ်းတစ်ကောင်က သစ်ပင်လာနားသော စာကလေးကို လှမ်းကိုက်သည်။ စာကလေး၏ဖင်မြီးပိုင်းကို မိထားသဖြင့် စာကလေးမှာ အတောင်နှစ်ဖက်ခတ်ရင်း ကျလိ ကျလိ အော်နေခြင်းဖြစ်သည်။

ဖျတ်ခနဲ စာကလေး လွတ်သွားသည်။ မြွေစိမ်း၏ပါးစပ်ထဲတွင် စာကလေး၏ဖင်မြီးအမွေးတွေ ကျန်ခဲ့သည်။



ဤမြွေစိမ်းမျိုးသည် သစ်ပင်ပေါ်တက်ပြီး ယင်းသို့ အစာရှာသောအကျင့်ရှိသည်။ ငှက်သိုက်ထဲမှာ ငှက်ပေါက်စလေးတွေတွေ့လည်း စားမျိုသည်။ ငှက်ဥတွေ့လည်း ဖောက်မျိုသည်။

မြွေ၏အစိမ်းရောင်ကိုက သစ်ရွက်စိမ်းနှင့် အရောင်တူနေသဖြင့် မြွေကို ရုတ်တရက်မြင်ရန် မလွယ်တတ်ပေ။

ဤမြွေစိမ်းတွင် အဆိပ်ရှိသည်။ တချို့က ဤမြွေစိမ်းမျိုးကိုက်လျှင် သေသည်ဟုလည်း ပြောကြသည်။ တချို့ကလည်း အသက်တော့မသေ။ ဤမြွေစိမ်းကိုက်လျှင် အဆစ်အမြစ်တွေကစပြီး တစ်ကိုယ်လုံး ဖောရောင်လာတတ်သည်ဟုလည်း ပြောကြသည်။

မြွေစိမ်းသည် မိပြီးသားအစာ စာကလေး လွတ်သွားသည်ကို ဒေါသဖြစ်ပုံရသည်။ သူ့ခေါင်းပိုင်းအရှည်ကြီးကို အောက်သစ်ကိုင်းရှိရာသို့ ဆန့်လာပြီး အမြီးပိုင်းက အပေါ်ကိုင်းကို ပတ်ထားသည်။

မြွေစိမ်း၏ဒေါသထဲတွင် ရွှေစင့်ကြောင့် စာကလေးလွတ်သွားရသည်ဟုများ စွဲချက်ပါရှိနေမည်လား မပြောတတ်။

ယခင်က မကြောက်တတ်သော ရွှေစင်သည် ယခုတစ်ချိတော့ တကယ်ပင်ကြောက်မိသည်။ အသားတွေတုန်ပြီး ခြေမမြဲ လက်မမြဲ ဖြစ်လာသည်။

အပေါ်မှာ မြွေစိမ်း။

အောက်မှာ ခွေးနက်ကြီး။

ရိုးရိုးသားသားတွေမှ ဟုတ်ရဲ့လား။ သရဲတွေ တစ္ဆေတွေလား။

www.burmeseclassic.com

www.burmeseclassic.com

ရွှေစင် မှင်တက်မိပြီး ကျောပိုင်းရှိ သစ်ကိုင်းကို မှီကာ ကျောက်ရုပ်ကြီးလိုငြိမ်ပြီး မြွေစိမ်းကို မျက်ဝန်းစုံဖြင့် ငေးကြည့်နေသည်။

"ဖန်း ..."ဟု အသံတစ်ချက် ထွက်လာပြီး အောက်ကို တန်းလန်းကိုင်းကူးနေသော မြွေစိမ်းမှာ ကိုင်လှုပ်လိုက်သလို ခါယမ်းသွားသည်။ မြွေစိမ်းခေါင်းမှာ သွေးအနီးများ စီးကျလာပြီး တစ်ခဏအတွင်း ဖုတ်ခနဲ သစ်ပင်အောက် ကျသွားသည်။

ထိုအခါမှ ရွှေစင် သတိပြန်ဝင်လာပြီး ဟိုဟိုဒီဒီ လိုက်ကြည့်သည်။

တိုက်အိမ်၏ခြေရင်းဘက်တွင် ကွယ်၍ ထိုင်နေသူ တစ်ဦးကို လှမ်းတွေ့ရသည်။ သူ့လက်ထဲတွင် ပစ္စတိုသေနတ် အသေးစားတစ်လက်ရှိနေသည်။

မြွေစိမ်းကို လှမ်းပစ်ပြီးနောက် သူ၏သေနတ်ကို အသာပင် ဘေးသို့ချထားသည်ကို လှမ်းတွေ့ရသည်။

ထိုလူက အနားပြားကြီးသော ဦးထုပ်ကြီးဆောင်းထားသဖြင့် မာလကာပင်ပေါ်မှ ရွှေစင်မှာ သူ့မျက်နှာကို မမြင်ရ။ ဦးထုပ်ကိုသာ မြင်ရသည်။

ရွှေစင် အောက်ဆင်းရန် အောက်ငုံ့ကြည့်ပြန်သည်။

ခွေးနက်ကြီးသည် နေရာမရွေ့ ထိုင်နေသည်။ သေနတ်မှန်ပြီး အောက်တွင် တွန့်လိမ်နေသော မြွေစိမ်းကို ခွေးနက်ကြီး ထိုင်ရာမထ စိုက်ကြည့်နေသည်။

ရွှေစင် အောက်ကို မဆင်းရဲသေး။



"ဟော့ကောင် ... အရိုင်း၊ မြွေကို ယူသွားပြီး ခြံနောက်ဖေး သွားပစ်လေကွာ၊ မြွေသေသွားလည်း ပုပ်စော်နံတာပဲ အရိုင်းရ"

တိုက်ဘေးတွင် ထိုင်နေသူ၏ ပြောသံအဆုံးတွင် ခွေးနက်ကြီးသည် ချက်ချင်းထကာ တွန့်လိမ်နေသော မြွေစိမ်းဆီသို့ သွားကာ မြွေ၏ဦးခေါင်းအောက် လည်မျိုနေရာကို ကိုက်ချီကာ ခြံနောက်ဘက်သို့ ထွက်သွားတော့သည်။

ထိုအခါကျမှ ရွှေစင်လည်း သစ်ပင်ပေါ်မှ ရဲရဲတင်းတင်း ဆင်းလာတော့သည်။

သေနတ်နှင့်ပစ်သည်။ စကားပြောသည်။ သရဲတစ္ဆေ မဟုတ်နိုင်တော့။ တကယ့်လူနှင့် တကယ်ခွေးပင်ဖြစ်ရမည်။

ခွေးနာမည်ပင် အရိုင်းဟု ခေါ်သံကြားရသေးသည်။

ရွှေစင် တိုက်ဘေးတွင် ထိုင်နေသော ဦးထုပ်နှင့် လူဆီသို့ လျှောက်သွားသည်။

ထိုသူသည် ဒူးနှစ်ဖက်ထောင်ထားပြီး ဒူးဆစ်နှင့် ခြေသလုံးအကြေးကို လက်နှစ်ဖက်ရစ်ပတ်ကာ သူ၏မေးဖျားကို ဒူးဆစ်ထိပ်တွင် တင်ထားသည်။

ရွှေစင်လာသည်ကိုလည်း မော့မကြည့်။ သို့သော် ရွှေစင်သည် သူ့အဝတ်အစားနှင့် သူ့ပုံပန်းကို အနီးကပ်မြင်သည်နှင့် ချက်ချင်းသိလိုက်သည်။

"ရှင် ... ကိုဒုက္ခ"

သူ မော့ကြည့်သည်။ ပြုံးပြသည်။

"တို့ကို ရွှေစင် မှတ်မိသားပဲ"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်မှတ်မိတာပေါ့၊ ဒီနှုတ်ခမ်းနဲ့ ဒီသွားစွယ်မျိုးဟာ ရွှေစင်မြင်ဖူးသမျှ ယောက်ျားတွေထဲမှာ ကိုဒုက္ခ တစ်ယောက်မှာပဲ ရှိတာပဲ၊ နောက်ပြီး ရွှေစင်ရဲ့အရှက်ကို ကယ်တင်ကာကွယ်ပေးဖူးတဲ့လူကို ရွှေစင် ဘယ်မေ့မလဲ၊ အစုလည်း ရွှေစင့်ကို မြွေစိမ်းကိုက်မယ့်ဆဲကရော ခွေးကိုက်ခံရမယ့်ဆဲကရော ကိုဒုက္ခပဲ ကယ်တင်ပေးပြန်ပြီ၊ ရွှေစင့်အပေါ် ကျေးဇူးတွေ ထပ်ပြန်တလဲလဲ ...

"မြွေကတော့ ကိုက်ချင်ကိုက်မလားပဲ၊ တို့ မွေးထားတဲ့အကောင်မှ မဟုတ်တာ၊ အရိုင်းကတော့ မကိုက်ပါဘူး၊ အရိုင်းက တို့က ကိုက်ခိုင်းတဲ့လူကိုမှ ကိုက်တာ"

"ခွေးကြီးနာမည်က အရိုင်းတဲ့နော်"

"ခွေးလို့ မခေါ်ပါနဲ့၊ အရိုင်းဟာ လူတွေထက်ပိုပြီး သစ္စာရှိတယ်"

ဒုက္ခက သူ့ခွေးအား ခွေးဟုခေါ်သည်ကို မကြိုက်မှန်း သိသာသည်။ အသံဆတ်ဆတ်ဖြင့် ပြောလိုက်သည်ကို ထောက်ကြည့်နိုင်ပါ၏။

"နို့ ... ဘယ်လိုခေါ်ရမလဲ"

"အရိုင်းကို အရိုင်းလို့ပဲ ခေါ်ပါ"

"ဟုတ်ကဲ့ရှင့်၊ အရိုင်းဟာ သိပ်လိမ္မာတာပဲနော်"

"စကားပြန်မပြောတတ်တာကလွဲရင် သင်ပေးသလောက်တတ်တယ်၊ အရိုင်းနဲ့ တို့ကြားမှာ နားလည်မှုတွေ အများကြီးရှိတယ်"

ထိုစဉ်မှာပင် အရိုင်း ပြန်လာသည်။



ရွှေစင်နှင့် ဒုက္ခတို့ စကားပြောနေသည်ကို တွေ့ရသဖြင့် အရိုင်းက ဆယ့်လေးငါးပေ အကွာခန့်တွင် ရပ်လိုက်သည်။

"လာပါကွ အရိုင်းရ၊ ရွှေစင်ဟာ တို့မိတ်ဆွေပဲ ဖြစ်မှာပါ၊ ရန်သူဖြစ်သွားလည်း တစ်မျိုးပေါ့ကွာ"

ဒုက္ခ၏စကားအဆုံးတွင် အရိုင်းသည် ဖြည်းညင်းစွာပင် ရှေ့သို့တိုးလာပြီး ဒုက္ခ၏ဘေးတွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။ အရိုင်း၏နှာခေါင်းသည် ရွှေစင်၏အနံ့ကို မှတ်သားနေသည့်နှယ်ရှိသည်။

ရွှေစင်သည် မတ်တတ်ရပ်နေရာမှ ပုဆစ်တုပ်လေးထိုင်လိုက်သည်။

"ကိုဒုက္ခ ဒီအိမ်မှာနေသလားဟင်၊ တစ်ခါတလေ ပတ္တလားကော တီးသလား"

"တို့ ပြောဖူးသားပဲ၊ တို့ဟာ ဘုန်းကြီးမရှိတဲ့ကျောင်း၊ လူမခိုတဲ့ဇရပ်၊ လူမနေတဲ့ အိမ်မျိုးတွေမှာ နေတတ်ပါတယ်လို့၊ ဒီအိမ်ကြီးမှာ လူမနေဘူးလေ၊ ဒီတော့ တို့နေလို့ရတာပေါ့"

"ဒီအိမ်မှာ မင်းလက်ဝါးဆိုတဲ့ သရဲရှိသတဲ့"

"ဟုတ်လား ရှိချင်လည်း ရှိမှာပေါ့၊ သရဲတစ္ဆေ ဆိုတာက နာနာဘာဝပဲ၊ နာနာဘာဝဆိုတာ ဘုန်းကြီးမရှိတဲ့ကျောင်း၊ လူမခိုတဲ့ဇရပ်၊ လူမနေတဲ့ အိမ်မျိုးတွေမှာ နေတတ်တာပဲ"

"အယ် ... ကိုဒုက္ခ စကားက တစ်မျိုးကြီးပဲ၊ ကိုဒုက္ခကိုယ်တိုင် နာနာဘာဝ ဖြစ်သွားသလိုပဲ"

ဒုက္ခက အသံထွက်အောင်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အတူတူပဲပေါ့ မရွှေစင်၊ နာနာဘာဝဆိုတာ အပယ်ခံဘဝပဲ၊ လူတွေဟာ နာနာဘာဝကို ကြောက်တယ်၊ မုန်းတယ်၊ ဘယ်သူက ထမင်းစားပါဦးခေါ်လဲ၊ ဘယ်သူက အိမ်ကိုလာလည်ပါဦး ခေါ်သလဲ၊ တွေ့ရင် ရှောင်ပြေးတဲ့သူချည်းပဲ"

"ကိုဒုက္ခက တစ်မျိုးကြီးပဲ"

"ကဲ ... ရွှေစင် ပြန်ပေတော့၊ ခူးထားတဲ့ မာလကာသီးတွေလည်း ပြန်ကောက်သွားပေါ့၊ တို့နဲ့ အရိုင်းလည်း ထမင်းဆာပြီ၊ မနက်စာ စားတော့မယ်"

"အိမ်ကိုလိုက်ခဲ့ပါလား ကိုဒုက္ခ၊ အိမ်မှာ မနက်စာစားမယ်လေ"

"ဟာ ... မဟုတ်တာ"

"တကယ် ခေါ်တာပါ၊ အရင်တစ်ခါ မာလာမြိုင်လမ်းထောင့်မှာ ကိုဒုက္ခ ကယ်တင်ခဲ့တာကို ဖေဖေနဲ့ မေမေ့ကို ပြောပြလို့ တစ်အိမ်လုံးက ကျေးဇူးတင်နေတာပါ၊ အခုတစ်ခါ မြွေကိုက်ခံရမယ့်ဘေးက ကယ်လိုက်တာကိုပြောရင် ဒါကမှ တကယ်အသက်ဘေးမို့ ..."

ဒုက္ခက ဘာမျှပြန်မပြောပေ။

သူ့ဘေးတွင် ချထားသော အိတ်ကြီးထဲသို့ လက်နှိုက်သည်။ ပလတ်စတစ်ဘူးနှစ်ဘူး ထွက်လာသည်။

တစ်ဘူးကို အဖုံးဖွင့်ကာ အရိုင်းရှေ့သို့ ချပေးလိုက်သည်။

ခေါက်ဆွဲကြော်တွေ ဖြစ်ပါ၏။



"မဖိတ်အောင်စားနော် အရိုင်း၊ ဘေးဖိတ်ကျတာ တစ်ခုတွေ့ရင် တစ်ချက်အဆော်ပဲ"

နောက်ပလတ်စတစ်ဘူးကိုမဖွင့်။ အိတ်ကြီးထဲနှိုက်ပြန်သည်။ စတီးရောင် ဇွန်းတစ်ချောင်း ထွက်လာသည်။

ဘူးဖွင့်လိုက်သောအခါ အရိုင်းကဲ့သို့ပင် ခေါက်ဆွဲကြော်တွေပဲဖြစ်သည်။

ဇွန်းဖြင့် ခေါက်ဆွဲကိုမွှေပြီး တစ်ဇွန်းစားလိုက်ပြီး ရွှေစင့်ကိုကြည့်ကာ ဘူးမြှောက်ပြလိုက်သည်။ အဓိပ္ပာယ်မှာ "စားပါဦးလား"ဟု ဖိတ်ခေါ်သည့်သဘော ဖြစ်ပါ၏။

ရွှေစင်က ပြုံးပြီး ခေါင်းခါပြသည်။

"ရွှေစင်က ကျောင်းနေတုန်းပဲ၊ မိဘအုပ်ထိန်းခြင်း ကင်းလွတ်သေးတာမှ မဟုတ်တာ"

"အဲဒီတော့ ဘာဖြစ်လဲ ကိုဒုက္ခ"

"တို့ကို အရှက်ကယ်တင်ရင်၊ အသက်ကယ်တင်ရင်မို့ ကျေးဇူးတွေများစွာဖြင့်ပေါ့ကွာ၊ အိမ်ခေါ်သွားရော၊ အိမ်ကျတော့ မိဘတွေက သမီးလေးရဲ့ကျေးဇူးရှင်မို့ ကျေးဇူးတင်တယ်ထား၊ တို့လိုလူ ရွှေစင်တို့ဧည့်ခန်းထဲ ဝင်ထိုင်တာအတွင်းအစ္စတ္တ စိတ်တွေထဲမှာ ဘယ်လိုခံစားရမလဲ၊ ထမင်းစားခန်းက စားပွဲမှာ တို့ကို ထမင်းကျွေးဦးတော့ ရင်ထဲမှာ ဘယ်လိုခံစားရမလဲ၊ တို့ ဧည့်ခန်းထိုင်နေတုန်း၊ တို့ထမင်းစားခန်းထဲက စားပွဲမှာ စားနေတုန်း ရွှေစင်တို့နဲ့ သွေးတူရည်တူ မိတ်ဆွေတစ်ယောက်ယောက် လာတာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံသွားရင် ရွှေစင်တို့မိဘအဆင့်ကလူတွေရဲ့ ရင်ထဲမှာ ဘယ်လိုခံစားရမလဲ”

“အို … ဒါကတော့ …”

“တို့ပြောတာ ဆက်နားထောင်ပါ ရွှေစင်၊ လောကမှာ ကျေးဇူးတင်တာက တင်တာတခြား၊ အဆင့်အတန်း ကွာခြားတာက ကွာခြားတာ တခြားပါ၊ တကယ်လို့သာ တို့ဟာ ရွှေစင်တို့ကျောင်းက ဖေသန်းမောင်လို၊ ဒါမှမဟုတ် ရွှေစင်တို့ ခေါင်းရင်းအိမ်က ရဲမင်းသုန်လို လူတစ်ယောက်ဆိုရင်တော့ … ဟဲ … ဟဲ”

ကိုဒုက္ခက ရယ်လိုက်သေးသည်။ ပြီး ဆက်ပြောသည်။

“ဒါပေါ့ သမီးလေးရွှေစင့်ကို ကယ်လိုက်တာ မောင်ရဲမင်းသုန်လေ၊ သူ့မိဘတွေက အငြိမ်းစားရဲမင်းကြီးလေ။ မောင်ရဲမင်းသုန်က ရန်ကုန် စက်မှုတက္ကသိုလ်ကတဲ့ ရပြီး သင်္ဘောလိုက်နေတာ၊ ဟဲ … ဟဲ … ပြောစရာလေးတွေ ဂုဏ်ယူစရာလေးတွေနော်”

ရွှေစင်သည် ကိုဒုက္ခကို ငေးကြည့်နေမိသည်။

“ဟောဒါ မောင်ဖေသန်းမောင်လေ၊ သမီး ရွှေစင်တို့နဲ့ တစ်ကျောင်းတည်း အတူနေပေါ့၊ သူ့မိဘတွေက ဒီမြို့မှာ လူချမ်းသာတွေလေ၊ သမီးလေ ကံကောင်းလို့ မောင်ဖေသန်းမောင် ဝင်ကယ်လို့၊ ဟင်း … ဟင်း … မဟုတ်ဘူးလား မရွှေစင်”



“အို … ရွှေစင့်ကိုကယ်တာ သူတို့မှ မဟုတ်တာ၊ ကိုဒုက္ခပဲဟာ”

“အင်းလေ … အဲဒါ ခက်သွားတာပေါ့၊ တို့ကျတော့ ဘယ်လိုပြောမလဲ၊ ဟောဒါပေါ့ သမီးရွှေစင်ကို ကယ်တင်တာ၊ သူ့နာမည် မောင်ဒုက္ခတဲ့၊ သူ့မိဘတွေက ဘယ်သူတွေမှန်း မသိပါဘူး၊ သူကလည်း အိမ်ခြေရာခြေ အတည်တကျ မရှိပါဘူး၊ ပုံသဏ္ဌာန်ကို ကြည့်ဦးလေ၊ ပလတ်စတစ်ကောက်တဲ့လူပုံစံ၊ ဒီတော့ တို့ကပဲ ရွှေစင်ကကျေးဇူးဆပ်ချင်ပါတယ်ဆိုတာကို ငြင်းရမယ် ရွှေစင်”

ရွှေစင်သည် ကိုဒုက္ခပြောသည်ကို ငေးရှုနားထောင်နေသည်။ ပြီး ကိုဒုက္ခ ပြောသည်တို့မှာ လေးနက်လှသည်ဟုလည်း ရင်ထဲက မှတ်ချက်ချမိသည်။

“သဘောကတော့ ဒါပဲ၊ လူတွေမှာ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုတာ ရှိတယ်၊ တို့က ဒူးနေရာမှာ ရောက်နေတဲ့လူ၊ ရွှေစင့်ကို တို့က ကြုံတုန်းကြုံခိုက် ကူညီလိုက်တယ်၊ ရွှေစင်က တို့ကို ကျေးဇူးတင်တယ်၊ ဒါဆို လုံလောက်ပြီ၊ တို့က ဒူးနေရာမှာ နေရတဲ့လူပဲ၊ တို့ကြောင့် ရွှေစင်တို့ မိသားစု ဂုဏ်သိက္ခာ ဘာလို့အညှိုးနွမ်းခံမလဲ”

ရွှေစင်သည် ဒုက္ခ၏စကားတွေကို နားထောင်ရင်း သနားသလိုလို ခံစားရသည်။ ငိုချင်စိတ်လည်း ပေါက်လာမိသည်။

ကိုဒုက္ခ ပြောသည်တို့မှာ မှန်လှသည်ဟုလည်း ဆင်မိသည်။ အကယ်၍ ကိုဒုက္ခ လိုက်မည်ဆိုလျှင် အိမ်ခေါ်သွားလည်း မေမေ၏ရင်ထဲတွင် ယခုလို ကိုဒုက္ခ ပြောသလိုပင်ဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com



သေချာသည်။ ကျေးဇူးတင်သည်မှာ အမှန်မို့၊ ရော့ ... အင့် ... တစ်ထောင်ယူသွား၊ နှစ်ထောင်ယူသွားပေးဖို့ မေမေက လက်နှေးမည် မဟုတ်သော်လည်း ကိုဒုက္ခ ညှော်ခန်းဝင်ထိုင်သည်ကို မေမေ့ရင်ထဲတွင် ဘဝင်ကျမည် မထင်။

ကိုဒုက္ခကို ရွှေစင် အစဉ်းစားရ ခက်လှသည်။ လူကြည့်တော့ ပလတ်စတစ်ကောက်သူသဏ္ဍာန် ရှိနေပြီး စောစောက မြွေစိမ်းကို သေနတ်နှင့် ပစ်ခဲ့သည်။

ပစ်သည်ကလည်း လက်ဖြောင့်မှဖြောင့်၊ မြွေ၏ ဦးခေါင်းကိုပင် ထိအောင်ပစ်နိုင်သည်။ ပြီး ဤသေနတ်ကို သူ ဘယ်ကရသနည်း။ လိုင်စင်မရှိသော သေနတ်ကို ကိုင်ဆောင်လျှင် ဥပဒေအရ အရေးယူခံရမည်ကို သူ မသိလေသလား။

"ဟော ... ဟိုမှာ ရွှေစင်ရဲ့မေမေ ဒီဘက်ကို မျှော်ကြည့်နေတယ်၊ ရွှေစင် ပြန်သင့်ပြီ"

ဟိုဘက်ကကြည့်လျှင် တိုက်ဆောင်းတွင် ထိုင်နေသဖြင့် သူတို့ကို မမြင်နိုင်ပေ။

ရွှေစင်က မြင်သာအောင် အပြင်ထွက်ပြီး မေမေ့ဟု လှမ်းခေါ်ပြီး ပြေးထွက်သွားတော့သည်။

ဒုက္ခသည် ရွှေစင် ပြေးသွားသည်ကို ခေါင်းပြူကြည့်ရင်း ရွှေစင်၏နောက်ပိုင်းလှုပ်ရှားသွားပုံကို စိုက်ကြည့်နေမိသည်။

ဒုက္ခ သက်ပြင်းချမိပါ၏။

❋ ❋ ❋



## အခန်း(၁၀)

တနင်္ဂနွေနေ့။

ညသန်းခေါင်ကျော်တွင် ဝုန်းဒိုင်းကြဲနေသော အသံတွေ ပေါ်ထွက်လာသည်။

ဦးဖိုးမှိ၏ခြံထဲမှ ထွက်လာသော အသံတွေဖြစ်ပါ၏။

တစ်ယောက်နှင့်တစ်ယောက် သတ်ပုတ်သံတွေလည်း ကြားသည်။

ခွေးတစ်ကောင်၏ မာန်ဖီကိုက်ခဲသံလည်း ကြားသည်။ သေနတ်သံတွေလည်း ကြားသည်။

အမယ်လေး ... သေပါပြီဗျ ဆိုသည့် အသံလည်း ကြားသည်။

ဖေဖေ ဦးသင်းမောင်က ခေါင်းအုံးအောက်မှ သေနတ်ကိုဆွဲကာ အပြင်ထွက်ရန်ပြုသည်။

"မသွားနဲ့ ကိုသင်းမောင် မသွားနဲ့၊ ချိုမာတို့က ဒီမြို့မှာ လူစိမ်းတွေပဲ ဖြစ်နေသေးတယ်၊ ဘာမှန်းမသိ ညာမှန်းမသိနဲ့"

www.burmeseclassic.com

www.burmeseclassic.com



မေမေ ဒေါ်ချို့မှာ အတင်းဆွဲထားသဖြင့် ဦးသင်းမောင် သွားမရ ဖြစ်နေသည်။

"ဟုတ်သားပဲ မေမေ၊ ဒီမြို့မှာ မေမေ့ကို လူတိုင်းသိကြသေးတာ မဟုတ်ဘူး၊ တော်ကြာ မှားယွင်းပြီး ပစ်မိခတ်မိမယ် မေမေရယ်"

ရွှေစင်ကလည်း ဆွဲထားသည်။

ထိုစဉ်မှာပင် မော်တော်ကားသံတွေ ကြားရသည်။

ရဲအရာရှိ၏ အော်ဟစ်ပြောဆိုသံလည်း ကြားရသည်။

"ဗိုလ် ... ဦးပန်းမောင်၊ ခင်ဗျားတပည့်တွေနဲ့ အတူတူ လက်နက်ချပြီး ထွက်ခဲ့ပါ၊ ခင်ဗျားတို့ကို ပတ်ပတ်လည် ရဲအဖွဲ့က ဝိုင်းထားပြီ၊ လက်နက်မချခင် ကျုပ် တကယ် ပစ်မိန့်ပေးရမယ်"

ထို့နောက် သေနတ်ပစ်သံများ တဒိုင်းဒိုင်း ဆူညံသွားသည်။

(၁၀)မိနစ်ခန့်အကြာတွင် ပစ်သံခတ်သံတွေ တိတ်သွားပြီး အချင်းချင်း စကားပြောသံတွေ၊ ရဲအရာရှိက အမိန့်ပေးသံတွေ ထွက်လာသည်။

အိမ်ရှေ့အိမ်နှင့် ဘေးအိမ်များမှ သွားရောက်ကြည့်လေသလား မကြည့်လေသလားတော့ မသိ။ မေမေ ဦးသင်းမောင်ကိုမူ သားအမိ အတင်းဆွဲထား၍ မသွားဖြစ်ပေ။ အိမ်ထဲမှာပင် မီးမထွန်းဘဲ ခြေရင်းအိမ်ဘက်သို့ ပြတင်းမှ လှမ်းကြည့်ကြသည်။



လက်နှိပ်ဓာတ်မီးရောင်တွေ ခြံထဲတွင် တဝင်းဝင်း တွေ့ရသည်။ တိုက်အိမ်ပေါ်တွင် မီးဖွင့်ထားသော်လည်း မီးချောင်းမဟုတ်ဘဲ မီးလုံးများမို့ သိပ်လင်းလင်းမမြင်ရ။ ရဲကားပေါ်သို့ လူနှစ်ယောက်ကို ထမ်းတင်နေသည်ကို တွေ့ရသည်။

တချို့လူများကို ကားပေါ်သို့ တွန်းထိုးတင်နေသည်ကို တွေ့ရသည်။

လက်ထိတ်ခတ်ခံထားရသူများ ဖြစ်ပေသည်။

ခြံထဲသို့ ရဲက မည်သူ့ကိုမျှ ဝင်ခွင့်ပေးဟန် မတူပေ။ ခြံအပြင်တွင် အနီးအပါးမှလူတွေ ရှိနေကြပြီး ခြံထဲသို့ လှမ်းကြည့်နေကြသည်။

နာရီဝက်ခန့်အကြာ ရဲကားတွေ မောင်းထွက်သွားသည်။

ခြံအပြင်တွင် လူတွေလည်း မရှိတော့။

ဦးသင်းမောင်တို့ မိသားစုလည်း အိပ်ရာသို့ အသီးသီး ပြန်ဝင်ကြသည်။

မနေ့က စနေနေ့တွင် မိမိ မာလကာသီးခူးစဉ်က ထိုခြံထဲတွင် ကိုဒုက္ခ ရှိနေသည်။ မိမိ အိမ်ပြန်လာပြီးနောက် ထိုခြံထဲတွင် ကိုဒုက္ခ ဆက်၍ရှိနေသလား။ မရှိတော့ဘဲ ထွက်သွားလေသလား ရွှေစင် မသိတော့။

ယနေ့ည ဝရန်းသုန်းကား ပစ်ခတ်ကြရာတွင် ကိုဒုက္ခများ ပါဝင်နေသလား။ သူ့လက်ထဲတွင် သေနတ်တစ်လက်ရှိနေသည်ကို ရွှေစင် တွေ့ခဲ့ပြီးသားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဒုက္ခကိုများ သူခိုးမှားပြဆိုပြီး ရဲကဝိုင်းပစ်ကြ ဖမ်းကြတာလား။

ရွှေစင် ရင်ကလေး ခုန်ရသည်။ ကိုဒုက္ခ တစ်ခုခု ဖြစ်သွားမည်ကို ရွှေစင် စိုးရိမ်မိသည်။

"နင်က ဒုက္ခနဲ့ပတ်သက်ပြီး ဘာလို့ စိုးရိမ်ရတာလဲ" ဟု ကိုယ့်ဟာကိုယ် ပြန်မေးသည်။

"အို ... ကိုဒုက္ခဟာ ရွှေစင့်ရဲ့အရှက် ကယ်တင်သူ၊ အသက် ကယ်တင်သူ မဟုတ်လား"ဟုပင် ကိုယ့်ဟာကိုယ် ပြန်ဖြေမိပြန်သည်။

ရွှေစင် စိတ်လှုပ်ရှားပါဘိ။

စဉ်းစားရင်းပင် ရွှေစင် ဖျတ်ခနဲ သတိရလိုက်မိသည်။ စောစောက ဝရုန်းသုန်းကား ဖြစ်နေစဉ် ရဲအရာရှိက ... "ဗျို့ ... ဦးပန်းမောင်၊ ခင်ဗျားတပည့်တွေနဲ့အတူတူ လက်နက်ချပြီး ထွက်ခဲ့ပါ"ဟူ၍။

ဒါဆို ညက ရဲတွေနှင့် ပစ်ကြ ခတ်ကြသည်မှာ ကိုဒုက္ခကို ဦးတည်ချက်ထားသည် မဖြစ်နိုင်။

ဦးပန်းမောင် ... ဦးပန်းမောင်။

ယင်းနာမည်သည် ရွှေစင်၏နားနှင့်မစိမ်းဘဲ ကြားဖူးသလိုလိုရှိသည်။

ဖြန်းခနဲတော့ စဉ်းစားမရ။

ရွှေစင့် ခေါင်းထဲတွင် တောင်တွေး မြောက်တွေးများ ပလုံစီနေသည်။

အိပ်မပျော်တော့။



မျက်စိကြောင်ပြီး ခြင်ထောင်အမိုးဖြူဖြူကို ငေးကြည့်နေစဉ်မှာပင် ပတ္တလားတီးသံ ထွက်ပေါ်လာသည်။ ခြေရင်းအိမ်ဘက်မှ ထွက်လာသောအသံပင် ဖြစ်ပါ၏။

ရွှေစင် ထ၍ ပြတင်းပေါက်ဆီသို့ သွားမိပြန်သည်။ အခန်းဆီးကိုဖယ်ပြီး ပြတင်းချပ်ကို ဖွင့်ကြည့်လိုက်သည်။ သီချင်းဆိုသံပါ ကြားရပါ၏။

"သံသာလေ ကမ်းတိုင် ... တူပြိုင်လေ ကူးမယ် ...
ဆုထူးငယ် ... ပန်းရွှယ်သွန်း ...
ချစ်လို့ရယ်မကုန် ... ဝသုန်ဤမြေ ...
သိကြားစေ သက်သေညွှန်း ..."

ဤသီချင်းကိုတော့ ရွှေစင် ကောင်းကောင်းကြားဖူးသည်။ ကျက်လည်း ကျက်မိသည်။ ဖေဖေ အလွန်နှစ်သက်သောသီချင်း ဖြစ်ပါ၏။ စိတ်အားလူအားရှိသော နေ့ဆိုလျှင် ကိုဝင်းဦး သီဆိုသည်ကို သွင်းထားသည့် ဤ"ချစ်သမျှ"ကို ကက်ဆက်ခွေကို ဖေဖေဖွင့်ပြီး နှစ်နှစ်ခြိုက်ခြိုက် နားထောင်ရုံမက လက်ဖျစ်တီး၊ စည်းလိုက်ကာ ခြေဖျားခတ် စည်းချသည်အထိဖြစ်သည်။ တစ်ခါတလေ ရေချိုးရင်း ဖေဖေကိုယ်တိုင် ဆိုတတ်ပါသေး၏။

"ချစ်ချင်းငယ်ပြိုင် ... မြစ်မင်းပိုင်အဏ္ဏဝါက ...
ပြန်မသာကဲ ...
ယွင်းစေဝသုန် ... ငွေသော်တာယုန်သို့ ...
ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ ...
ဘယ်မေ့လိမ့်လဲ"

www.burmeseclassic.com

www.burmeseclassic.com

သဖြန်အဆုံးတွင် သို့ဆိုသံရပ်သွားပြီး ပတ္တလားသံဖြင့် လိုမ့်ဆင်း အဆုံးသတ်လိုက်ပေသည်။

နောက်ထပ် ဘာသံမျှ မကြားရတော့။

ရွှေစင် အိပ်ရာထဲ ပြန်လှဲလိုက်သည်။

အိပ်ပျော်သည်ဖြစ်ဖြစ်၊ အိပ်မပျော်သည်ဖြစ်ဖြစ် မိုးလင်းလျှင် တနင်္လာနေ့မို့ ကျောင်းတက်ရပေမည်။

* ❋ *



တစ်မြို့လုံး ညကအကြောင်း ပြောကြသည်။

လက်ဖက်ရည်ဆိုင်မှာလည်း ဤစကား။

ဈေးထဲမှာလည်း ဤစကား။

မော်တော်ကားဂိတ်၊ မြင်းလှည်းဂိတ်၊ ဆိုက်ကားဂိတ်မှာလည်း ဤစကား။

ကျောင်းမှာလည်း ဤစကားပင်။

ဤမြို့တွင် ဤစကားကလည်း လူတွေအားလုံးမပြောဘဲ မနေနိုင်သောစကား ဖြစ်နေပါ၏။

ဦးပန်းမောင်၊ ဒေါ်သူဇာ ဆိုသည်က ဤမြို့တွင် ပြိုင်ဘက်မရှိ လူချမ်းသာအနေဖြင့် လူတကာသိနေကြသည်။

ညက ယင်း ဦးပန်းမောင်နှင့် တပည့်လေးယောက်ကို ရဲက မိမိရရ ဖမ်းဆီးလိုက်သည်။ လက်ပူးလက်ကြပ် ဖမ်းဆီးလိုက်သည်။ တပည့်နှစ်ယောက် သေနတ်ဒဏ်ရာဖြင့် အချုပ်ဆေးရုံပို့ရသည်။ ဦးပန်းမောင်ကို ဤမြို့မှ ရဲအချုပ်မှာပင် မထားဘဲ ညတွင်းချင်း မန္တလေးထောင်ကြီးသို့ ခေါ်ဆောင်သွားသည်။

ဖြစ်မှုမှာ ငွေစက္ကူအတုလုပ်သည်ကို စက်ပစ္စည်းအစုံအလင် သက်သေအထောက်အထားများဖြင့် လက်ပူးလက်ကြပ် ဖမ်းမိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရဲကို တရားမဝင်လိုင်စင်မဲ့သေနတ်များဖြင့် ခုခံခြင်း အပြစ်လည်းပါသည်။

ရွှေစင်နှင့် ကေခိုင် ကျောင်းသို့ စက်ဘီးယှဉ်စီးရင်း ကေခိုင်က လူကြီးများထံမှ သူသိသမျှ ပြောပြပေသည်။

"ဦးပန်းမောင်ဆိုတာ ကိုဖေသန်းမောင်ရဲ့အဖေလေ"

"အဲ ... ဟုတ်သားပဲ၊ ကိုဖေသန်းမောင်က တို့ကိုပေးတဲ့ စာထဲမှာ သူ့အဖေနာမည် ပါနေတာပဲ၊ ဒါကြောင့် ညက တို့စဉ်းစားလိုက်တာလေ၊ ဦးပန်းမောင် ဆိုတဲ့နာမည် တို့ သိနေသလိုပါပဲလို့"

"ညက တို့ဖေဖေရော၊ ဘဘဦးအေးသုန်ရော၊ ကိုရဲမင်းသုန် ရော အဲဒီခြံရှေ့ ရောက်သေးတယ်၊ ဘဘဦးအေးသုန်ကို တော့ ခြံထဲကို ရဲအရာရှိက ဝင်ခွင့်ပေးတယ်၊ ဘဘက ရဲမင်းကြီးဟောင်းဆိုတော့ အခုအရာရှိတွေက သူ့တပည့် ဖြစ်ခဲ့ဖူးတာတွေ များတယ်တဲ့"

"ကေခိုင်တို့ဖေဖေက ကေခိုင်ကို ဘာတွေပြန်ပြောပြလဲ"

"ဦးဖိုးမှိ သေသွားတဲ့နောက် ဦးပန်းမောင်က ဦးဖိုးမှိရဲ့ခြံ နဲ့တိုက်ထဲမှာ ငွေစက္ကူအတုလုပ်တဲ့စက် တည်ထားတယ်တဲ့၊ ခြံထဲမှာရော တိုက်အိမ်မှာရော သေသွားတဲ့ ဦးဖိုးမှိဟာ မကျွတ်ဘဲ သရဲဖြစ်နေတယ်ဆိုတဲ့ သတင်းက တစ်မြို့လုံး ပြန့်နေတော့ ဘယ်သူမှ ဦးဖိုးမှိရဲ့ခြံနဲ့တိုက်အိမ်ထဲ မဝင်ရဲ တာကို အခွင့်ကောင်းယူတာတဲ့၊ သူ့ငွေစက္ကူစက် တည်ပြီး တဲ့နောက် ဦးဖိုးမှိ သရဲခြောက်တယ်ဆိုတဲ့ သတင်းတွေရော၊ ဦးဖိုးမှိ မသေခင်နဲ့ ဒီမြို့ကိုမရောက်ခင်က တကယ့်လူဆိုး



ဓားပြ လူကြမ်းကြီးဖြစ်ခဲ့တယ်ဆိုတဲ့ သတင်းတွေရော ဦးပန်းမောင်ကပဲ တီးတိုးသတင်းပြန့်စေတာတဲ့၊ ဒီကြားထဲ ရှာလီနဲ့ သူ့မိုးကိုပေသီးတို့ ခြံဝင်းထဲဝင်တော့ တမင် လက်သွားရာထင်အောင်ရိုက်တာ၊ ဦးပန်းမောင်ကပဲ သရဲလို ခြောက်လှန့်ပြီး ရိုက်လိုက်တာတဲ့၊ ဒီနောက် ဦးဖိုးမှိဟာ မင်းလက်ဝါးသရဲကြီး ဖြစ်နေတယ်ဆိုတဲ့ သတင်းတွေ ထပ်လွှင့်တော့ နေ့ခင်းကြောင်တောင် နွားကျောင်းသား တောင် အဲဒီခြံထဲ မဝင်ရဲတဲ့အထိ ဖြစ်သွားတာတဲ့၊ ဒါမှ သူ့လုပ်ငန်း အောင်မြင်မှာကိုးတဲ့"

စက်ဘီးယှဉ်စီးပြီး ကေခိုင် ပြောလာရာ ထိုမျှနှင့်ပင် ကျောင်းသို့ရောက်လာသဖြင့် စကားပြတ်သွားပေသည်။

ကျောင်းရောက်၍ ကျောင်းမတက်သေးမီတွင် ကိုယ့်အဖွဲ့ကျရာ သူငယ်ချင်းအုပ်စု ဟိုတစ်စု ဒီတစ်စုသည် ညက အကြောင်းပင် ပြောနေကြသည်။

အထူးသဖြင့် ကျောင်းသားကျောင်းသူတွေက ပို၍ စိတ်ဝင်စားသေးသည်။

အကြောင်းမှု ဖေသန်းမောင်က ဤကျောင်းမှကျောင်း သား ဖြစ်နေသောကြောင့် ဖြစ်ပါ၏။

အောင်သူ၊ သန်းဇော်၊ အောင်ကိုလတ်၊ ဗညားသွင်၊ လွမ်းဝေတို့လူသိုက် ပြောနေကြသည်ကို ရွှေစင်နှင့် ကေခိုင်ပင် နားထောင်သည်။

"သိပ်ဟုတ်တာပေါ့ကွာ၊ ဦးပန်းမောင်ကြီးက ... မှအတတ် မှာ တကယ်တော်တဲ့ လူကြီးပဲ၊ သူထောင်ထားတာတွေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒီမြို့မှာ ကြည့်ပါလား၊ ဆန်စက်ကွာ၊ ဆီစက်ကွာ၊ တွင်ခုံကွာ၊ နောက်ပြီး ရွှေပန်းထိမ်ကွာ"

"ဒီလောက်ချမ်းသာနေတာတောင် ငွေစက္ကူအတုလုပ်ချင်သေးသတဲ့ကွာ၊ အံ့ရော"

"ဟာ ... တချို့လူတွေဟာ ချမ်းသာလေ ပိုပြီး လောဘကြီးလေ၊ ငွေရဖို့ ဖြတ်လမ်းလိုက်လေကွ"

ကျောင်းတက်ခေါင်းလောင်း ထိုးသွားသဖြင့် ကိုယ့်အတန်းကိုယ့်ခုံအသီးသီးတွင် ဝင်ထိုင်ကြသည်။

ကျောင်းသူကျောင်းသား အားလုံးလိုလိုသည် ဆရာဝင်မလာမီ ဖေသန်းမောင်ထိုင်သည့်ခုံနေရာသို့ လှမ်းကြည့်ကြသည်။

ဖေသန်းမောင် ကျောင်းမတက်ပေ။

ဆရာရောက်လာပြီး သင်ခန်းစာ သင်ချပေးနေစေကာမူ ရွှေစင်၏စိတ်တို့သည် ကျောင်းစာတွင် အာရုံစိုက်၍မရ။

ကောနိုင်ပြောသည်ရော၊ ကိုအောင်သူတို့လူသိုက် ပြောသည်ရော ညက အဖြစ်အပျက်တွင် အပေါ်ယံကြော်မျှသာဖြစ်နေသည်။

သူတို့ အဓိကပြောသည်မှာ ဦးပန်းမောင် ငွေစက္ကူအတုလုပ်၍ ရဲကဖမ်းသည်။ ဦးပန်းမောင်က ငွေစက္ကူအတုလုပ်ရာတွင် ဦးဖိုးမှို၏ခြံနှင့် တိုက်အိမ်ကို တိတ်တခိုးအသုံးပြုသည်ဆိုသည့်သဘောသာရှိသည်။

သူတို့ပြောသည့်အထဲတွင် ကိုဒုက္ခဆိုသည့်လူ၏အကြောင်း တစွန်းတစမပါ။

အရိုင်းဆိုသည့် ခွေးနက်ကြီးအကြောင်းမပါ။



ညက ရဲအဖွဲ့မှ အားလုံး [illegible]သွားပြီးနောက် ချစ်သမျှကိုသိချင်းကို ပတ္တလားတီးပြီး သီဆို[illegible]အကြောင်းမပါ။

အင်းလေ ... ဒါတွေ သူတို့မှမသိတာ။

ရွှေစင်သာ စနေနေ့က မာလကာသီးခူးရင်း ကိုဒုက္ခတစ်ယောက် ထိုခြံထဲ ရောက်နေကြောင်း သိသူဖြစ်သည်။ ညက သီဆို ပတ္တလားတီးသည်ကိုလည်း ကြားမိသူ ရွှေစင်တစ်ယောက်သာဖြစ်ချိမ့်မည်။

* ❄ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၁)

"ဖေဖေ … မေမေရောပေါ့လေ"

ညနေစာ ထမင်းဝိုင်းတွင် ရွှေစင်က ဖေဖေရော မေမေရော နှစ်ယောက်လုံးကို ခေါ်လိုက်သည်။

ဖေဖေနှင့်မေမေက ရွှေစင့်ကို ပြိုင်တူကြည့်ကြပါ၏။

"ပြော … သမီး"

"ထမင်းစားပြီးရင် ဘဘသုန်တို့အိမ်ကို သွားလည်ကြရအောင်လား"

မေမေက ပြုံးသည်။ ပြုံးရင်းပင် ဖေဖေ့ကို လှမ်းကြည့်ပါ၏။ မေမေ ပြုံးပုံနှင့် ဖေဖေလှမ်းကြည့်ပုံ ရွှေစင် အကဲခတ်မိသည်။

မေမေက ရွှေစင့်ကို ကိုရဲမင်းသုန်နှင့် သဘောတူချင်နေသည်။ ဦးအေးသုန်နှင့် ဒေါ်ရည်မွန်ကိုယ်တိုင်က ရွှေစင့်ကို ချွေးမတော်ချင်နေရုံမက ရဲမင်းသုန်ကိုယ်တိုင် ရွှေစင့်ကို လိုလားနေမှန်း မေမေ အသိဆုံးဖြစ်သည်။

"သွားတာပေါ့ သမီး"



မေမေက ရယ်ရယ်မောမောပင် အလွယ်တကူ လိုက်လျောလိုက်သည်။

ဖေဖေကတော့ သမီးရွှေစင့်ကို အကဲခတ်သလို တစ်ချက်ကြည့်သည်။

"ထူးထူးဆန်းဆန်းပါလား သမီး၊ ခါတိုင်း ဖေဖေတို့ အလည်သွားလို့ ခေါ်တာတောင် သမီး မလိုက်ဘူး၊ အခု သွားချင်တာ သမီးမှာ အကြောင်းတစ်ခုခု ရှိနေလား"

"ဪ … ကိုသင်းမောင်ရယ်၊ ကလေးကို ဘာတွေမေးနေတာလဲ၊ ဒီမြို့မှာ ရွှေစင် လည်ပတ်စရာအိမ် ဘယ်မှာများများစားစားရှိသေးလို့လဲ၊ ကေနိုင်တို့အိမ်နဲ့ ခေါင်းရင်းအိမ်ပဲရှိတာ၊ ဪ … နေ့ခင်းက မောင်ရဲမင်းသုန်ကတောင် အမွှန့်ကိုပြောနေသေးတယ် ကိုသင်းမော်"

"မောင်ရဲမင်းသုန်က အမွှန့်ကို ဘာပြောသလဲ"

"ဪ … သမီးရွှေစင် ဆယ်တန်းမှာ မလိုက်နိုင်တဲ့ဘာသာရှိသလားတဲ့၊ ရှိရင်ပြောပါတဲ့၊ သူ သင်ပေးနိုင်ပါတယ်တဲ့၊ သူ့ကို အားမနာပါနဲ့တဲ့၊ ကျူရှင်သဘောပေါ့လေ"

"ဟင့်အင်း … ကျူရှင်မလိုပါဘူး မေမေ၊ ရွှေစင် ဘာသာတိုင်းမှာ စာကြေနေပါတယ်၊ မနှစ်ကလို ပေါ့မှမပေါ့တာ၊ ရွှေစင် ဒီနေ့သွားချင်တာက မနေ့ညက ခြေရင်းအိမ်မှာဖြစ်တာတွေ အသေးစိတ်သိချင်လို့ပါ၊ ဘဘသုန်တို့မနေ့ညက ခြံထဲအထိ ဝင်ကြည့်ရတယ်တဲ့ မေမေ၊ ဘဘသုန်က အသေးစိတ်သိနေမှာ၊ အဲဒါ ရွှေစင်က ဘဘသုန်ပြောပြတာနားထောင်ချင်လို့"

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ပြုံးလိုက်သည်။ ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်တယ်၊ ဖေဖေလည်း မနေ့ညကဖြစ်တာတွေ သေချာသိချင်တယ်၊ သွားမယ်လေ"

ထမင်းစားသောက်ပြီး ရွှေစင်တို့သားအမိသားအဖ သုံးယောက် ဦးအေးသုန်၊ ဒေါ်ရည်မွန်တို့ခြံဘက်သို့ ကူးလာကြသည်။

ဦးအေးသုန်၊ ဒေါ်ရည်မွန်နှင့် ရဲမင်းသုန်တို့က လိုလိုလားလား ဆီးကြိုဧည့်ဝတ်ပြုပေသည်။

အထူးသဖြင့် ရဲမင်းသုန်၏မျက်နှာသည် ရွှင်မြူးနေသည်။ ရွှေစင် လာလည်သည်ကို ရဲမင်းသုန် အရမ်းကျေနပ်နေပုံရ၏။

အာလာပသလ္လာပစကားတွေ ဆိုကြပြီးနောက် ဒေါ်ရည်မွန်ကပင် ရွှေစင်၏ပခုံးလေးကို ကိုင်ကာ ...

"သမီးလေးက ခါတိုင်း ဖေဖေနဲ့မေမေလာရင် လိုက်မလာဘူး၊ အခုလို လိုက်လာမှပေါ့ သမီးရဲ့၊ အိမ်နီးချင်းဆိုတာ ဆွေမျိုးလိုပဲဟာ"

ဦးသင်းမောင်ကပင် ဝင်ပြောပါ၏။

"ရွှေစင်လေ မနေ့ညက ကျွန်တော်တို့ခြေရင်းဘက်က ခြံထဲမှာဖြစ်တာတွေကို သိပ်စိတ်ဝင်စားနေတယ်၊ မနေ့ညက ဦးအေးသုန်က အထဲထိဝင်လိုက်သွားရတယ် ဆိုတော့ အားလုံး အစုံသိနိုင်တယ်တဲ့"



"သြော် ... သြော် ... သမီးက စုံထောက်အလုပ်တွေ၊ အမှုအခင်းတွေမှာ စိတ်ဝင်စားတတ်တယ်ထင်တယ်"

"အဲဒါတော့ အမှန်ပဲ ဦးအေးသုန်၊ သမီးကို စာနဲ့ပတ်သက်လာရင် ဘာစာမဆို ကျွန်တော် ဖတ်ခွင့်ပေးထားတယ်၊ မဂ္ဂဇင်းစာစောင်၊ ဝတ္ထု၊ ရုပ်ပြ အားလုံး ကြိုက်ရာဖတ်ပဲ၊ အဲဒါ သမီးရွှေစင် ဖတ်ပြီဆိုရင် စုံထောက်ဝတ္ထုတို့၊ စွန့်စားခန်းတို့၊ လျှို့ဝှက်ဇာတ်လမ်းမျိုးတို့မှ ဖတ်တယ်လေ"

"အင်းလေ ... ဒါကြောင့်လည်း ရွှေစင်က တခြားမိန်းမပျိုလေးတွေနဲ့ မတူဘဲ တစ်မူထူးခြားနေတာပေါ့၊ ကောင်းတယ် ... ကောင်းတယ်၊ ဒီဝတ္ထုဇာတ်လမ်းမျိုးထဲမှာ စူးစမ်းစေချင်တာတွေ၊ ဖတ်သူ သတ္တိရှိလာတာတွေ ပါတတ်တာပဲ၊ ကဲ ... ညကကိစ္စ ဘဘသုန် သိသလောက်ပြောပြမယ်"

ဒေါ်ရည်မွန် ထိုင်ရာမှထသည်။

"အရီးတောင်းလက်ဖက်လေး သွားသုပ်ဦးမယ်နော် မချိုနားထောင်ရင်း အပျင်းပြေ ဝါးရတာပေါ့"

ဦးအေးသုန်က စပြီးပြောသည်။

"စိတ်တော့စိတ်ဝင်စားစရာပဲ ကိုသင်းမောင်ရေ၊ ဒီအမှုကို ရဲအုပ်မောင်ထိန်ဝင်းက အစအဆုံးကိုင်ထားတယ်၊ မောင်ထိန်ဝင်းပြောပြချက်အရဆိုရင် ဒီမြို့ဝန်းကျင်ကနေပြီး ငွေစက္ကူအတုတချို့ ထွက်နေတယ်လို့ သတင်းရထားတာ ကိုသင်းမောင်တို့ ပြောင်းမလာခင် နှစ်လသုံးလလောက်ကတည်းကပဲတဲ့၊ ရဲအုပ်မောင်ထိန်ဝင်းက ဒီကိစ္စကို ချိတ်ပြီးစုံစမ်း

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ လက်ပူးလက်ကြပ်နဲ့ အထောက်အထား ဘာမှမရဘူးတဲ့၊ ဒါပေမဲ့ မောင်ထိန်ဝင်းက မသင်္ကာတာတော့ မသင်္ကာတာပဲ”

“လွန်ခဲ့တဲ့သုံးလလောက်က ဦးဖိုးမှို ဆုံးသွားတော့ သူ့တိုက်ကို တံခါးပိတ်ထားတယ်”

“သူ့မှာ သားရှိတယ်ဆို”

“ရှိတယ်လေ၊ တပ်မတော်မှာ တပ်ကြပ်ကြီးသီဟတဲ့၊ ဒီခြံနဲ့တိုက်ကို တပ်ကြပ်ကြီးသီဟကပဲ အမွေဆက်ခံတယ်၊ ဒါပေမဲ့ တပ်ကြပ်ကြီးသီဟဟာ လွန်ခဲ့တဲ့ နှစ်လလောက်က တိုက်ပွဲမှာ ကျသွားတယ်တဲ့”

“ဒါဆို အခု ဦးဖိုးမှိုရဲ့တိုက်နဲ့ခြံဟာ ပိုင်ရှင်မဲ့ဖြစ်နေသလား ဦးအေးသုန်”

“မဟုတ်ဘူး ကိုသင်းမောင်၊ ဇာတ်လမ်းက အဲဒီကစတာပဲ၊ လွန်ခဲ့တဲ့ ဆယ့်ငါးရက်လောက်က ဦးဖိုးမှိုရဲ့မြေး တပ်ကြပ်ကြီးသီဟရဲ့သား သုခဆိုတဲ့လူငယ်တစ်ယောက်က ဒီတိုက်နဲ့ခြံကို အမွေဆက်ခံဖို့ ရောက်လာတယ်”

“သုခ ... ဟုတ်လား ဘဘသုန်”

ရွှေစင်သည် ကမန်းကတန်းလေသံဖြင့် ဝင်မေးလိုက်သည်။

“ဟုတ်တယ် သမီး၊ ရဲအုပ်မောင်ထိန်ဝင်း ပြောပြတာပဲ၊ ကောင်လေးနာမည်က မောင်သုခတဲ့၊ သူ့လက်ထဲမှာ ဒီတိုက်နဲ့ဒီခြံကို အမွေဆက်ခံတဲ့အကြောင်း စာချုပ်စာတမ်းနဲ့ ဂရန်တွေပါပါတယ်၊ ခတ်ထားတဲ့တိုက်အိမ်ကိုဖွင့်ဖို့ သော့တွဲ



လည်းပါလာတယ်တဲ့၊ ဒါပေမဲ့ မောင်သုခက အရမ်းမလုပ်ဘူး၊ ရဲစခန်းက ရဲအုပ်ကိုထိန်ဝင်းဆီကို အရင်သွားပြီးမှ ဒီတိုက်နဲ့ခြံကို သူ အမွေဆက်ခံမယ့်အကြောင်းတင်ပြတယ်”

“အဲဒီ မောင်သုခက အသက်ဘယ်အရွယ်လောက်ရှိပြီတဲ့လဲ ဘဘသုန်”

“သေချာတော့ မပြောတတ်ဘူးကွယ့်၊ မောင်ထိန်ဝင်း ပြောပြသလောက်ဆိုရင် အသက်နှစ်ဆယ်ကျော်လောက်ဆိုလားပဲ”

“အဲဒီ မောင်သုခက ဘာအလုပ်လုပ်သတဲ့လဲ ဘဘ”

“အာ ... ဒီလောက်အထိ မမေးမိဘူး၊ ဘဘသုန်က မောင်ထိန်ဝင်း ပြောပြသလောက်သာ နားထောင်တာ၊ နောက်ပြီး ဘဘ တကယ်သိချင်တာက အဲဒီညက အဖြစ်အပျက်သာ အဓိကမို့ အသေးစိတ်မမေးမိဘူး၊ မောင်သုခက သူ့အမွေခံတိုက်ကို သော့ဖွင့်နေတော့မယ်လို့ပြောတော့ မောင်ထိန်ဝင်းက နေတာတော့နေပေါ့၊ ဒါပေမဲ့ ဒီတိုက်နဲ့ဒီခြံဟာ သရဲခြောက်တယ်လို့ သတင်းကြီးနေတယ်လို့ပြောပြတယ် ...

အဲဒီတော့ မောင်သုခက ဒါဆိုရင် ကျွန်တော်တက်မနေသေးဘဲ တစေ့တစောင်း အကဲခတ်ဦးမယ်လို့ ပြောတယ်တဲ့၊ အဲဒီညက မောင်သုခဟာ သူ့ခြံနဲ့ တိုက်အိမ်အနီးဝန်းကျင်မှာ သစ်ပင်ရိပ်တွေ မှောင်ရိပ်တွေခိုပြီး စောင့်နေတယ်တဲ့”

“သူ့မှာ ခွေးအနက်ကြီးတစ်ကောင် ပါမလာဘူးလား ဘဘသုန်”

www.burmeseclassic.com

www.burmeseclassic.com



"ဒါလည်း ဘဘသုန် မသိဘူး၊ အေး … ဒါပေမဲ့ ဝရုန်းသုန်းကားဖြစ်တဲ့အချိန်မှာတော့ ခွေးကြီးရဲ့မာန်ဖီသံတွေ၊ ကိုက်ခဲသံတွေ ဘဘကိုယ်တိုင်လည်း ကြားတယ်"

"ဒီတော့ ဘာတွေဆက်ဖြစ်လဲပြောပါ ဘဘသုန်၊ ရွှေစင် အရမ်းစိတ်ဝင်စားတာပဲ"

"အေး … စိတ်ဝင်စားစရာပဲကွယ့်၊ နောက်တစ်နေ့ကျတော့ မောင်သုခဟာ ရဲအုပ်မောင်ထိန်ဝင်းဆီ ပြန်လာတယ်၊ အိမ်ကြီးထဲကို ညက သန်းခေါင်ကျော်လောက် အဝတ်နက်တွေဝတ်ဘားတဲ့ လူငါးယောက် ရောက်လာတယ်တဲ့၊ သူတို့ဟာ အစုလိုက် ငါးယောက်စလုံး ရောက်လာတာ မဟုတ်ဘူးတဲ့၊ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတာတဲ့၊ အိမ်ရှေ့ကသော့ကို ဖွင့်မဝင်ဘူးတဲ့၊ အိမ်နောက်ဘက်မှာ ပြတင်းပေါက်တစ်ခုကနေပြီး ကျော်ဝင်တာတဲ့၊ သူတို့ငါးယောက်စလုံး ဝင်သွားပြီး တစ်နာရီလောက်ကြာမှ မောင်သုခက သူတို့ဝင်တဲ့နောက်ဖေးပြတင်းပေါက်ကနေ တိတ်တိတ်လေး ဝင်လိုက်တယ်တဲ့၊ အိမ်ထဲမှာ မီးတွေ ပိတ်ထားတယ်တဲ့၊ မီးဖိုဘက်ဆီကတော့ လှုပ်ရှားသံတွေ ကြားတယ်တဲ့၊ မောင်သုခက မီးဖိုဘက်ကူးပြီး အသံတွေ နားထောင်တော့ အသံတွေက မီးဖိုခန်းအောက်က ထွက်နေတဲ့အသံတွေတဲ့၊ မြေအောက်ခန်းရှိနေတယ်တဲ့"

"မြေအောက်ခန်းက ဦးပန်းမောင်တို့ တူးထားတာတဲ့လား ဦးအေးသုန်"



"မဟုတ်ဘူးတဲ့ ကိုသင်းမောင်၊ မောင်ထိန်ဝင်းပြောတာက ဒီတိုက်နဲ့ခြံဟာ ဟိုတုန်းက အာပကာပွဲဆိုတဲ့ ချစ်တီးကြီး ဆောက်ခဲ့တာတဲ့၊ ချစ်တီးဆိုတာက သူတို့ပစ္စည်း လုံခြုံဖို့ အတွက် မြေတိုက်တွေ ဘာတွေ တိတ်တိတ်နိုးဆောက်ထားတတ်တာပဲ၊ နောက်ပြီး ဒီတိုက်က ဒုတိယကမ္ဘာစစ်မဖြစ်ခင်က ဆောက်တာဆိုတော့ ဗုံးခိုကျင်းအနေနဲ့ မြေတိုက် တူးထားတာ ဖြစ်ချင်လည်းဖြစ်မယ်၊ မြန်မာပြည်ကို ဂျပန် မဝင်ခင်လေးက တချို့အိမ်တွေ တိုက်တွေမှာ အခုလိုပဲ မြေကျင်းမြေတိုက်တွေ ဗုံးခိုဖို့ တူးတတ်တယ်လေ၊ အဲဒီခေတ်ကို ကျုပ် ကောင်းကောင်းမှီလိုက်တယ်"

"ကိုသုခက မီးဖိုအောက် မြေတိုက်ထဲက အသံတွေကြားတော့ ဘာဆက်လုပ်လဲ ဘဘသုန်"

"ချောင်းကြည့်တယ်၊ အထဲမှာ လျှပ်စစ်အားနဲ့ ငွေစက္ကူ အတုရိုက်နေတာကို တွေ့တယ်တဲ့၊ အဝတ်နက်နဲ့ လူကိုတော့ မောင်သုခ ဘယ်သိမလဲ၊ သူက ဒီမြို့မှာ လူစိမ်းပဲ၊ နောက်ပြီး သူတို့လူငါးယောက်စလုံးမှာ သေနတ်တွေနဲ့တဲ့၊ အဲဒီလို ချောင်းကြည့်နေတုန်း အဝတ်နက်နဲ့ လူတစ်ယောက်ကို ခေါင်းဆောင်က နာရီကြည့်ပြီး မေးဆတ်ပြလိုက်တယ်၊ ခေါင်းဆတ်ပြခံရတဲ့လူက အရပ်ရှည်ပြီး ဗလကြီးကလည်း အကြီးကြီးပဲတဲ့၊ သူက အင်္ကျီနက်ကြီးချွတ်ပြီး နောက်ထပ် အနက်ခံမှာ အရိုးခေါင်းနဲ့ ကမ္ဘာ့ဒွန်းကောင်ရုပ်ပေါ်တဲ့ ကိုယ်ကျပ်အနက်ခံ ပလတ်စတစ်အဝတ်ကို ဝတ်လိုက်တယ်တဲ့၊ ဦးခေါင်းခွံနဲ့ ကမ္ဘာ့ဒွန်းကောင် ခြယ်ထားတာက

www.burmeseclassic.com

www.burmeseclassic.com



မီးစုန်းနဲ့ဆိုတော့ ကြည့်လိုက်ရင် တကယ့် ကမ္ဘာ့ပန်းကောင် ပဲ၊ အဲဒီ ကမ္ဘာ့ပန်းကောင်က မြေတိုက်ထဲကနေ အပေါ်တက် မယ်လုပ်တာနဲ့ မောင်သုခ လစ်ပြေးပြီး ခြံထဲမှာ မှောင်ရိ စောင့်ကြည့်နေတယ်၊ ကမ္ဘာ့ပန်းကောင်က ကင်းသဘောနဲ့ ခြံပတ်လည် လျှောက်ကြည့်တယ်၊ နောက်ပြီး အိမ်ပေါ်ပြန် တက်ပြီး ပတ္တလားတီးတယ်၊ ပတ္တလားသံကြားတဲ့လူဟာ ဒီအိမ်ကြီးမှာ သရဲခြောက်နေပြီလို့ ထင်စရာပေါ့လေ”

“ဒါဆို သုနိုးပေသီးနဲ့ ချာလီဆိုတဲ့ကောင်လေးကို လက်ဝါး နဲ့ ရိုက်သွတ်တာ အဲဒီ ကမ္ဘာ့ပန်းကောင်ပဲ ဖြစ်မှာပေါ့နော် ဦးအေးသုန်”

“ဒါပေါ့ ... ဒါပေါ့”

“ဒီလိုဆို ငွေစက္ကူအတုလုပ်တာ တော်တော်ကြာသွားပြီ ပဲ”

“ကြာတော့ ကြာပုံရတယ်၊ ဒါပေမဲ့ နေ့စဉ်လုပ်နေတဲ့ သဘော မဟုတ်ဘူးတဲ့၊ တစ်ရက်လုပ်လိုက် ဆယ်ရက်တန် သည် ဆယ့်ငါးရက်တန်သည် နားလိုက် လုပ်နေတာတဲ့၊ ဒါကြောင့် ရဲအဖွဲ့ မောင်ထိန်ဝင်းတို့အနေနဲ့ စုံစမ်းရတာ ခြေရာပျောက်ပျောက်သွားတဲ့သဘော ရှိနေတယ်၊ ဦးဖိုးမှိ မဆုံးခင်ကတည်းက နေရာပြောင်းပြောင်းပြီး လုပ်နေတယ်၊ ဦးဖိုးမှိဆုံးသွားတော့ ဟိုတုန်းက ဦးဖိုးမှိရဲ့နာမည်ပျက်တွေ ကို သတင်းလွှင့်ပြီး ဦးဖိုးမှိမကျွတ်ဘဲ သရဲဖြစ်နေတယ် ဆိုတဲ့ ခြောက်လုံး လှန့်လုံးတွေပေးပြီး ဦးဖိုးမှိ တိုက်အိမ် ကို ပြောင်းလုပ်တာပဲ၊ ဒါကို မောင်သုခ မြင်သွားတဲ့အတိုင်း



ရဲအုပ်မောင်ထိန်းဝင်းကို ပြောပြတယ်၊ မောင်ထိန်ဝင်းက ရဲအနေနဲ့ဝင်တော့မယ်ဆိုရင် ပိတ်ထားတဲ့ ဦးဖိုးမှိအိမ်ကို ဖွင့်ဖို့ ဝရမ်းတွေ ဘာတွေ လုပ်ရမယ်၊ ဥပဒေသဘောအရ ပေါ့လေ၊ ဒီလိုလုပ်တာ ပေါက်ကြားတာနဲ့ ဦးပန်းမောင် က စက်ကိုရွှေ့သွားနိုင်တယ်၊ ဒီမြို့မှာ ဦးပန်းမောင်ရဲ့ဘက် တော်သား အသိုက်အဝန်းက ကြီးတယ် မဟုတ်လား”

“ဒါနဲ့ မောင်ထိန်ဝင်းက မောင်သုခကိုပဲ ပြန်အသုံးချဖို့ မောင်သုခနဲ့ တိုင်ပင်တယ်၊ မောင်သုခက ရဲအဖွဲ့ကိုကူညီဖို့ လက်ခံတယ်၊ နေ့တိုင်း မောင်သုခက တိုက်အိမ်ထဲမှာ ဝင်ပုန်းနေပြီး နောက်တစ်ကြိမ် ငွေစက္ကူအတု လာအရိုက် ကို စောင့်တယ် ...

“မောင်သုခမှာ လိုင်စင်နဲ့ကိုင်တဲ့ သေနတ်လည်းရှိ နေတယ်တဲ့၊ အဲ ... မနေ့က ငွေစက္ကူလုပ်နေတုန်းမှာပဲ မောင်သုခက ဦးပန်းမောင်တို့နဲ့ ရင်ဆိုင်ပြီး အသတ်အပုတ် တွေ အပစ်အခတ်တွေ လုပ်တာပဲ၊ မောင်ထိန်ဝင်းကလည်း ဒီဘက်က သေနတ်သံကြားတာနဲ့ အဆင်သင့်ရောက်လာ အောင် တင်ကြိုစီစဉ်ထားတယ်၊ မောင်သုခနဲ့ ရဲအုပ်မောင် ထိန်ဝင်း အချက်ပေးတာဟာ သေနတ်သံပဲ၊ ဒါကြောင့် မနေ့ညက မောင်သုခနဲ့ သတ်ကြ၊ ပုတ်ကြ၊ ပစ်ကြ၊ ခတ် ကြတော့ ရဲအုပ်မောင်ထိန်းဝင်းအဖွဲ့ ချက်ချင်းရောက်လာ ပြီး လက်ပူးလက်ကြပ် သက်သေခံပစ္စည်းတွေနဲ့ ဖမ်းလိုက် တာပဲ့ဗျာ၊ ကဲ ... ဘာဘာ သိသလောက်တော့ အဲဒါပါပဲ ရှေ့စင်”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် မောင်သုခ ဆိုတဲ့လူက ရဲကိုတော်တော်ကူညီလိုက်တာနော် ဘဘ"

"အင်းပေါ့၊ ရဲတွေအနေနဲ့ ဥပဒေဘောင်အတွင်းက လုပ်ရတာဆိုတော့ တစ်ခါတလေ ရဲကခြေလှမ်းတာနဲ့ လူဆိုးက တင်ကြိုသိပြီး ကိုယ်ရှောင်ဖျောက်သွားနိုင်တာမျိုးတွေရှိတယ်၊ အဲ ... ပြည်သူက ကူညီပြီဆိုရင်တော့ ရဲမှာအများကြီး အထောက်အကူရတယ်၊ မောင်ထိန်ဝင်းအနေနဲ့ ဦးပန်းမောင်တို့ကို မသင်္ကာတာကြာပြီ၊ ဒါပေမဲ့ မိမိရရမဖြစ်နိုင်လို့ ပိုင်ကွက်ကို စောင့်ကြည့်နေတုန်း အဆင်ပြေသွားတယ်လို့ ဆိုရမှာပေါ့လေ"

"ဒါဖြင့် ဒီ ကိုသုခဆိုတဲ့လူက ဒီအမွေခံအိမ်မှာပဲ နေတော့မှာပေါ့နော် ဘဘ"

"အဲဒီလို မဟုတ်ဘူးကွယ့်၊ မောင်သုခ ဒီမြို့ကိုလာကတည်းက ဒီအမွေခံအိမ်နဲ့ခြံကို ရောင်းမလို့လာတာတဲ့၊ သရဲခြောက်တဲ့အိမ်နဲ့ခြံမို့ အရောင်းရခက်နေတယ်တဲ့၊ အခု ရဲနဲ့ဝင်ပြီး ဖြေရှင်းလိုက်တော့ မောင်သုခ ရောင်းမယ်ဆို ဝယ်သူရှိလာတော့မှာပေါ့"

"ဒီလိုဆို ဝယ်သူစောင့်ရင်း အဲဒီ ကိုသုခက ဒီအိမ်မှာနေမှာပေါ့နော် ဘဘ"

"မောင်သုခ မရှိတော့ဘူးတဲ့ ရွှေစင်၊ ဒီနေ့မနက်ပဲ ပြန်သွားပြီလို့ မောင်ထိန်ဝင်း ပြောတယ်၊ အမှုအတွက် သက်သေခံဖို့လိုရင် ခေါ်ဖို့ရယ်၊ ဒီအိမ်ကြီးဝယ်မယ့်သူရှိ အကြောင်း



ကြားပေးဖို့ရယ် မောင်ထိန်ဝင်းဆီမှာ သူ့လိပ်စာပေးခဲ့တယ်တဲ့၊ မန္တလေးပြန်မယ်ဆိုလားပဲ"

စကားဝိုင်းမှာ ပြောပြောဆိုဆိုဖြင့် တော်တော်လေးကြာသွားပြီး မိုးပင်ချုပ်လေပြီ။

စကားဝိုင်းတွင် ဦးအေးသုန်၊ ဦးသင်းမောင်နှင့် ရွှေစင်တို့သာလျှင် စိတ်ဝင်စားစွာ ပြောကြသော်လည်း ဒေါ်ရည်မွှန်နှင့် ရဲမင်းသုန်တို့က ဝင်ရောက်ပြောဆိုခြင်းမရှိဘဲ နားထောင်ရုံသာ ဖြစ်ပေသည်။

ဒေါ်ရည်မွှန်က နားမထောင်စေကာမူ လက်ဖက်သုပ်လိုက်၊ ရေနွေးကြမ်း ယူပေးလိုက်ဖြင့် လုပ်ဆောင်ပေးသည်။ ရဲမင်းသုန်မှာ တစ်ချိန်လုံး ရွှေစင့်ကိုသာ ငေးကြည့်နေရင်း အချိန်ကုန်သွားတော့သည်။

"ကဲ ... ဦးအေးသုန် ပြောတာတွေဟာ စိတ်ဝင်စားဖို့လည်း ကောင်းတယ်၊ နားထောင်လို့လည်း ကောင်းတယ်၊ ရဲအဖွဲ့ရဲ့စွမ်းဆောင်ချက်တွေကလည်း ဗဟုသုတရတယ်၊ ဒေါ်ရည်မွှန် သုပ်ပေးတဲ့ လက်ဖက်သုပ်ကလည်း စားလို့ကောင်းမှ ကောင်း"

ဒေါ်ရည်မွှန်က ပြုံး၍ပြောလိုက်သည်။

"ဒါဆို အခု ပြန်ကြတော့မယ်ပေါ့"

အားလုံး ဒေါ်ရည်မွှန်၏ဟာသအပြောကြောင့် နှစ်ခြိုက်စွာ ရယ်မောကြတော့သည်။ တကယ်လည်း ထိုင်ရာမှ ထကြ၍ နှုတ်ဆက်ပြန် ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်သည်နှင့် ရွှေစင်သည် ယနေ့ညအဖို့ စာပင်မကျက်နိုင်ဘဲ ဘာဘာသုန် ပြောခဲ့သမျှနှင့် မိမိတွေ့ခဲ့သမျှ ဆက်စပ်တွေးချင်စိတ်ဖြင့် အိပ်ရာထဲ ဝင်ခဲ့သည်။

မောင်သုခနှင့် ကိုဒက္ခသည် တစ်ဦးတည်းပေလား။

သိပ်ကိုဖြစ်နိုင်သည်။

မောင်သုခသည် ဤမြို့သို့ လျှို့ဝှက်စွာ ရောက်လာသလိုရှိသည်။ သို့မဟုတ် လူစိမ်းသက်သက်အဖြစ် ရောက်ရှိလာသည်။ ရဲအုပ်ဦးထိန်ဝင်းနှင့် ပထမဆုံးတွေ့သည်နှင့် ဗိုလ်ချုပ်ရွှေ့ဝှက်စွာ လုပ်ဆောင်ရမည့်အလုပ်များ ပေါ်လာသည်။

ဤမှာပင် မာလာမြိုင် လမ်းထောင့်တွင် အမြင်မတော် လူရမ်းကားများနှင့် ရွှေစင်တို့ ရင်ဆိုင်နေရသည်ကို ဝင်ကယ်ပြီးနောက် သူ၏အမည်မှန်ကို မပြောသင့်သေးသောကြောင့် သူ့နာမည် “ဒက္ခ”ဟု ပြောလိုက်ခြင်းဖြစ်မည်။

ဒက္ခသည် သုခ၏ဆန့်ကျင်ဘက် မဟုတ်ပါလေလား။

ဒက္ခနှင့် သုခသည် နာမည်နှစ်မျိုး ဖြစ်စေကာမူ လူပုဂ္ဂိုလ်မှာ တစ်ဦးတည်းသာဖြစ်ရမည်။

သူသည် သေနတ်ကို လိုင်စင်နှင့်ကိုင်သူဟု ဆိုသည်။ တော်ရုံပုဂ္ဂိုလ်ကို သက်ဆိုင်ရာက သေနတ်ကိုင်ဆောင်ခွင့်လိုင်စင် ပေးသည်မဟုတ်။

သူသည် သေနတ်ကိုင်ဆောင်ခွင့်တွင် ပါရှိသော ပြဌာန်းချက်များဖြင့် ညီသောသူဖြစ်၍သာ လိုင်စင်ရခြင်းဖြစ်မည်။

သူသည် ကိုဒက္ခပဲ ဖြစ်ဖြစ်။



သူသည် ကိုသုခပဲဖြစ်ဖြစ်။

ရွှေစင့်ကို အရှက်နှင့်အသက် ကယ်တင်ခဲ့သော ကျေးဇူးရှင်ဖြစ်သည်။

ထိုထက်မှာမူ ...

ဘာကြောင့်မှန်းမသိ၊ ကိုသုခ သို့မဟုတ် ကိုဒက္ခအား ရွှေစင်တွေ့ဆုံပြီးနောက် မျက်စိထဲတွင် အလိုလိုပင် သူ့ကိုသာ ရွှေစင် မြင်နေသည်။

ရွှေစင့် တစ်သက်ဝယ် မျက်စိထဲက မထွက်သော ယောက်ျားသားဟူ၍ ဤတစ်ကြိမ်သာ ကြုံဖူးသေးသည်။

အဲဒါ ဘာကြောင့်များပါလိမ့်။

* * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၂)

ဖေသန်းမောင် လုံးဝကျောင်းမတက်တော့။

မြို့ပေါ်တွင်လည်း ဖေသန်းမောင်ကို မတွေ့ပါလေတော့။ ရုက်ရက်နှင့် တခြားရောင်ထွက်သွားသည်ဟု အများက ပြောကြသည်။

ဦးပန်းမောင်သည် စုစုပေါင်း အပြစ်ဒဏ်ဖြင့် ထောင်(၃)နှစ်ကျသည်။

သူ့တပည့်(၄)ယောက်တို့က (၂)နှစ်စီကျကြသည်။

ဦးပန်းမောင်၏ဇနီး ဒေါ်သူဇာက လက်ရှိလုပ်ငန်းတွေကို ဦးစီးပြီး အရှုံးမပျက် လုပ်ကိုင်နိုင်ပေသည်။ သား ဖေသန်းမောင် ဘယ်ထွက်သွားသည်ကို ဒေါ်သူဇာက လုံးဝမပြော။

ကျောင်းတွင် ဖေသန်းမောင် မရှိတော့သည့် နောက်ပိုင်းတွင် သီဂီဝင်းသည် ရွှေစင့်အား ရင်းရင်းနှီးနှီးလေး လာကပ်ပေါင်းသည်။

"ရွှေစင့်ကို ကိုဖေသန်းမောင်က မေတ္တာရှိကြောင်း မပြောဘူးလားဟင်"



"အဲဒါ တို့ မပြောချင်ဘူး သီဂီ"

"မပြောလည်း တို့သိပါတယ် ရွှေစင်၊ ကိုဖေသန်းမောင် ကိုယ်တိုင်က သူ ရွှေစင့်ကို အရမ်းစိတ်ဝင်စားနေပြီလို့ ဖွင့်ပြောတယ်"

"ဟယ် ... သူနဲ့ သီဂီက အပြန်အလှန် ချစ်ကြပြီးသား မဟုတ်လား၊ တခြားမိန်းကလေးကို စိတ်ဝင်စားတယ်ဆိုတောင် သူ့ဟာသူ ကျိတ်နေရမှာမျိုးဟာ"

သီဂီဝင်းက ရယ်ပေသည်။

"ကိုဖေသန်းမောင်လို လူစားက အဲဒီလိုလူစားမှ မဟုတ်တာ၊ လောကကြီးမှာ ဘယ်သူမှ ဂရုမစိုက်ဘူး၊ ငါလိုချင်တာရရင် ပြီးရောဆိုတဲ့လူစားမျိုး ရွှေစင်၊ တို့အရင်ကလည်း ကောင်မလေးသုံးယောက်နဲ့ ဖြစ်ခဲ့ဖူးသေးတယ်"

"ဒါနဲ့တော် သီဂီက သူ့အချစ်ကို လက်ခံလိုက်ရသလား"

"အချစ်ကို လက်ခံတာ မဟုတ်ဘူး ရွှေစင်၊ အကြောက်ကို လက်ခံလိုက်ရတာ"

"ဘာရယ် ... တို့ နားမရှင်းလိုက်တာ"

"ဒီမြို့မှာ သူတို့က အရှိန်အဝါ သိပ်ကြီးတယ် ရွှေစင်၊ တပည့်လူမိုက်တွေ အများကြီးပဲ၊ တို့မိဘက ရိုးရိုးဈေးသည်တွေ၊ ရွှေစင့်မိဘတွေလို အစိုးရအရာရှိ မဟုတ်ဘူး၊ ကိုဖေသန်းမောင်က သူကြိုက်ပြီဆိုရင် နည်းအမျိုးမျိုးနဲ့ အရယူလေ့ရှိတယ်၊ ဆေးလိပ်ခုံက မိန်းကလေး ချောချောတို့ သူကြိုက်ရင် အရချိုင်တာပဲ၊ တို့ အရှက်တကွဲ အကျိုးနည်းဖြစ်မှာစိုးလို့ အလိမ္မာနဲ့ လက်ခံထားတာ၊ ဘယ်တန်းအောင်

www.burmeseclassic.com

www.burmeseclassic.com



လို့ မန္တလေးတက္ကသိုလ်ကို သွားရပြီဆိုရင် သူနဲ့လွတ်ရော လို့ အောင့်အည်းနေတာ၊ ဒါကြောင့် ဒီနှစ် တို့ အရမ်းကြိုးစားနေတာ”

“ဖြစ်ရလေ သီဂီရယ်၊ ဒါပေမဲ့ အခု သူတို့အစွယ်ကျိုးသွားပြီလေ၊ သူ့အဖေ ထောင်သုံးနှစ်ကျသွားပြီပဲ၊ သူလည်း ဒီမြို့က လစ်သွားပြီပဲ သီဂီ”

“အစွယ်ကျိုးပြီလို့ သီဂီ မထင်ဘူး၊ သူဟာ ကျားနာဖြစ်သွားတယ်လို့ပဲ သီဂီ ထင်တယ်၊ သူ့အမေ ဒေါ်သူဇာက ဦးပန်းမောင် ရှိကတည်းက သူ့လုပ်ငန်းတွေအားလုံး ဦးပန်းမောင်နဲ့တန်းတူ ဦးစီးနိုင်တယ်၊ ဆိုလိုတာက သူတို့ကြွယ်ဝမှုဟာ ဦးပန်းမောင် ထောင်ကျသွားပေမယ့် အရှိန်မပျက်ဘူး၊ အခု တို့သတင်းကြားသလောက် ကိုဖေသန်းမောင်ဟာ ဒီမြို့ရဲ့ပတ်ဝန်းကျင်ရွာတစ်ခုခုမှာ သွားနေတာတဲ့၊ ဒီမြို့ပတ်လည်က ရွာတိုင်းလိုလိုမှာ သူတို့ကျေးစူးစားကျေးစူးခံ လူမိုက်တပည့်တွေ ရှိတယ်လေ”

“သူက ကျားနာဖြစ်တော့ကော ဘာလုပ်နိုင်မှာလဲ သီဂီ”

“သူ ဘာလုပ်မလဲ၊ သူ ဘာလုပ်နိုင်သလဲဆိုတာ တို့ ဘယ်သိနိုင်မလဲ၊ တို့ ဆိုလိုတာက သူ့အဖေ ထောင်ကျရုံမကဘူး၊ အရှက်တကွဲ ဖြစ်ရတာကိုတော့ ဖေသန်းမောင်က အရမ်းနာကြည်းနေတယ်၊ ရဲအုပ်ဦးထိန်ဝင်းကိုတောင် တစ်နေ့နေ့ သူနဲ့တွေ့မယ်လို့ ကြိမ်းနေတယ်ဆိုပဲ၊ အင်းလေ ... ဒါတွေက တို့နဲ့မဆိုင်ပါဘူး၊ တို့က ရွှေစင့်ကို သတိပေးချင်တာက ရွှေစင့်ကို သူ မကျေမနပ်ဖြစ်သွားတယ်



ဆိုရင် ရွှေစင် သတိဝီရိယနဲ့ ရှိဖို့ပါ၊ ဖေသန်းမောင်ဟာ စိတ်ဓာတ်သိပ်ညံ့တယ်”

“ကျေးစူးပဲ သီဂီ၊ ဒီလို သတိပေးတာကို ပြောတာပါ”

ရွှေစင့်စိတ်ထဲတွင် ကိုဖေသန်းမောင်သည် ရဲအရာရှိ ဦးထိန်ဝင်းကိုပင် တစ်နေ့နေ့ တွေ့မည်ဟု ကြိမ်းမောင်းနေလျှင် ကိုသုခခေါ် ကိုဒုက္ခကို သူ ရန်ငြိုးမထားဘဲ နေမည်တဲ့လား။ ထောင်ကျသွားသော သူ၏ဖခင် ဦးပန်းမောင်နှင့် တပည့်တွေသည် ဦးဖိုးမို၏မြေး ကိုသုခဆိုသူ၏စနက်ကြောင့် သူတို့တစ်တွေခံလိုက်ရသည်ဟု မပြောဘဲနေမည် မဟုတ်ပါလေ။

ဒီလိုဖြင့်ပင် ရွှေစင်တို့(၁၀)တန်းစာမေးပွဲရက်သည် တဖြည်းဖြည်း နီးကပ်လာသည်။

ကေခိုင်ဖြူက အနီးကပ် ကျူရှင်ယူဖို့ ရွှေစင့်ကို အဖော်ညှိသည်။

“ကိုရဲက ပြောနေတယ် ရွှေစင်”

ရဲမင်းသုန်ကို ကေခိုင်ဖြူက ကိုရဲဟု နဂိုကတည်းက ခေါ်ခဲ့ပုံရသည်။

“သင်္ချာ၊ ဓာတု၊ ရူပကို သူ သင်ပေးမယ်တဲ့၊ တို့က အဲဒီသုံးဘာသာလုံးမှာ အားပျော့နေတယ်၊ တက်ကြစို့လား ရွှေစင်”

“တို့အဖို့ မလိုဘူး ကေခိုင်၊ မနှစ်ကလည်း သင်ထားတယ်၊ ဒီနှစ်လည်း တို့ တော်တော်ဂရုစိုက်ထားတာ၊ အနီးကပ်ကျူရှင် မလိုတော့ဘူး ထင်တာပဲ”

“ဒါဆို ဒုက္ခပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့"

"ကိုရဲကပြောတယ်၊ တို့တစ်ယောက်တည်း ဆိုရင်တော့ မသင်ချင်ဘူးတဲ့၊ သားပတ်ဝန်းကျင်က တစ်မျိုးထင်မယ်တဲ့၊ သူ့အတွက် အရေးမကြီးဘူးတဲ့၊ ကေခိုင်က မိန်းကလေး ဆိုတော့ သားက သားပုပ်လေလွင့် ပြောလာရင် ကေခိုင်ပဲ နစ်နာမယ်တဲ့"

"အမယ် ... ကြီးကျယ်လိုက်တာ"

"ကိုရဲပြောတာ မှန်တယ် ရွှေစင်၊ သူက စေတနာနဲ့ပြော တာ၊ သူက အိမ်နီးချင်းတွေပဲတဲ့၊ ရွှေစင့်ကို အဖော်စပ်ပါ လားတဲ့"

"ကျူရှင်တက်မယ့်အစား တို့က အဲဒီအချိန်အတွက် စာ ကျက်မလားလို့"

"ကျောင်းစာဆိုတာ တတ်ပြီးသားမို့ ထပ်မသင်ရဘူးလို့ မရှိပါဘူး ရွှေစင်ရယ်၊ ကြေညက်လေ စာမေးပွဲမှာဖြေနိုင် လေပေါ့။ နောက်တစ်ချက်က ငါ့ကိုငဲ့ညှာပေးပါ ရွှေစင်၊ ငါလည်း အဲဒီသုံးဘာသာကို ကြောက်နေတာပါ၊ ရွှေစင် မတတ်ရင် တို့ တစ်ယောက်တည်းလည်း သင်မပေးဘူးဆို တော့ တို့ မတော်တဆ စာမေးပွဲကျမှာ ကြောက်တယ် ရွှေစင်ရယ်"

ရော ... ခက်ပြီ။

ကေခိုင် ပြောပုံက ရွှေစင့်အဖို့ အငြင်းရခက်လှတော့ သည်။



အိမ်ကျတော့လည်း မေမေ့ဆီက ဒီလေသံပင်ကြား ရပြန်သည်။

"သမီးရယ် ... စာမေးပွဲက တစ်လခွဲ နှစ်လလောက်လို တော့တာ၊ မောင်ရဲမင်းသုန်က အနီးကပ်စာမေးပွဲမှာ ပါနိုင် တာတွေကို လွန်ခဲ့တဲ့သုံးနှစ်က မေးခွန်းတွေကိုကြည့်ပြီး ဒီနှစ် ဘာမေးမယ်ဆိုတာ ခန့်မှန်းနိုင်တယ်တဲ့၊ အခုလက်ရှိ မှာ ရွှေစင်ဟာ အောင်နိုင်တဲ့ အခြေအနေရှိတယ်ထား၊ သူ အနီးကပ်သင်ပေးရင် ဂုဏ်ထူးတွေ ဘာတွေ မှန်းနိုင်တယ် တဲ့"

ရွှေစင် ရင်မောရသည်။

ကိုရဲမင်းသုန်၏ စစ်ဆင်ရေးကိုလည်း ရွှေစင် အကဲ ခတ်မိသည်။ လက်ဝဲလက်ယာဖြင့် ဝင်လာခြင်းဖြစ်သည်။

ကေခိုင်ဖြူနှင့်တစ်မျိုး။

မေမေနှင့်တစ်ပုံ။

နောက်ဆုံးကျတော့ ကေခိုင်ဖြူနှင့် ရွှေစင်တို့ ဆရာ ကိုရဲမင်းသုန်ထံ အနီးကပ်ကျူရှင် တက်ဖြစ်ပါလေတော့သည်။

ဆရာက လာသင်သည်မဟုတ်။

တပည့်မလေးနှစ်ယောက်က ဆရာ့အိမ်ကို သွားသင် ရသည်။

ကျူရှင်ချိန်မှာ ကျောင်းက ပရိုက်ဗိတ်စတာဒီအတွက် ကျောင်းပိတ်မပေးသေးမီ ညနေ(၅)နာရီမှ(၇)နာရီအထိ သတ်မှတ် သည်။

www.burmeseclassic.com

www.burmeseclassic.com



ပရိုက်ဗိတ်စတာဒီအတွက် ပိတ်ပေးသည့်အခါ အလျဉ်းသင့်သလို သင်ပေးမည်။

တကယ်တမ်း သင်သည့်အခါ ကိုရဲမင်းသုန်သည် မဆိုး။

အသင်အပြ တော်တော်ကောင်းသည်။ အာဝဇ္ဇန်းကလည်း ကျူရှင်ဆရာ လုပ်စားနိုင်လောက်သည်။

(၁၀)ရက်အတွင်း ကေနိုင်ရော ရွှေစင်ရော တိုးတက်သည်အမှန်။

တစ်ခု ကိုရဲမင်းသုန်ကို ချီးကျူးစရာ ရှိသေးသည်။ ကျူရှင်သင်ပေးနေသည့်ရက်မှ စာမေးပွဲနောက်ဆုံးဘာသာ ဖြေပြီးသည်အထိ ရွှေစင့်အား မေတ္တာစကားမဆိုပေ။ တည်တည်တံ့တံ့နှင့် တကယ်ပင် သင်ပေးသည်။

သင်္ချာ၊ ဓာတု၊ ရူပ ဖြေသည့် နေ့များက ကေနိုင်ကိုရော ရွှေစင့်ကိုရောခေါ်ပြီး ဖြေခဲ့သမျှကို မေးခွန်းလွှာတစ်ပုဒ်ချင်း ပြန်ဖြေခိုင်းသည်။

"စိတ်ချ ရွှေစင်၊ အောင်စာရင်းထွက်တဲ့အခါ ရွှေစင် သင်္ချာနဲ့ဓာတု ကျိန်းသေဂုဏ်ထူးထွက်စေမယ်၊ အဲ ... ရူပကတော့ ထွက်ချင်ထွက်မယ်၊ မထွက်ချင် မထွက်ဘူး၊ မသေချာဘူး ဆိုပါတော့၊ ရွှေစင် ဆေးတက္ကသိုလ်အမှတ်ရရင်တော့ မန္တလေးမှာ တက်နိုင်မယ်၊ စက်မှုအမှတ်ဝင်သွားရင်တော့ ရန်ကုန်သွားရမှာပဲ"

ရွှေစင်သည် ကိုရဲမင်းသုန် အပြောနှင့်ပင် ဝမ်းသာလွန်းရပါ၏။



ကေနိုင်ဖြူကိုမူ ...

"အင်း ... ကေနိုင်ကတော့ အောင်တော့ အောင်မယ်၊ ဒါပေမဲ့ ဂုဏ်ထူးမမှန်းနိုင်ဘူးထင်တယ်၊ ကို အခုပြောနေတာက ကိုသင်ပေးတဲ့ သုံးဘာသာအတွက်သာ ပြောတာနော်၊ မြန်မာစာတို့၊ အင်္ဂလိပ်စာတို့မှာ ကျသွားရင်တော့ ကိုနဲ့မဆိုင်ဘူး၊ ကိုကို စိတ်မဆိုးနဲ့"

* ❉ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

ပန်းထမ်းအလုပ်သမားကြီးသည် ဝန်ထုပ်ဝန်ပိုးကြီးကို လိုရာအရပ်သို့ အရောက်တွင် ပခုံးထက်မှ ပစ်ချလိုက်ရသည်ကဲ့သို့လည်းကောင်း။

အရုဏ်ဦးမှစ၍ အစာရှာထွက်ကြသော ငှက်ကလေးများသည် ညနေပိုင်းတွင် အိပ်တန်းကိုယ်စီသို့ ပြန်ခဲ့ရာမှ အိပ်တန်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသည်ကဲ့သို့ လည်းကောင်း။

ငုံနေသော ပန်းငုံလေးသည် ငုံရာမှပွင့်ဖတ်တစ်လွှာချင်း ပွင့်လာပြီး အပြီးအပိုင် ပန်းပွင့်ကြီး ဖြစ်သွားသည်ကဲ့သို့ လည်းကောင်း။

(၁၀)တန်းစာမေးပွဲကြီး ပြီးဆုံးသည်နှင့် ရွှေစင်သည် ဟင်းခနဲ သက်ပြင်းကြီးချကာ တစ်ကိုယ်လုံး လေတွင့်ပျံတက်မတက် ပေါ့ပါးပြီး စိတ်လွတ်လပ် ကိုယ်လွတ်လပ် အရသာကို ခံစားရတော့သည်။

ဖြေဆိုခဲ့ပြီးသော ဘာသာရပ်တိုင်းတွင် သံသယစိတ်၊ ဇဝေဇဝါစိတ် မဝင်သော စာဖြေကျောင်းသားသည် ဗေဒင်မမေးပါနှင့်၊ နတ်မမေးပါနှင့်။ အောင်မည် သေချာသည်။



လောကကြီးတွင် ရှက်လို့သာ ထုတ်မပြောရဲခြင်းဖြစ်မည်။ ကိုယ်လုပ်တာတော့ ကိုယ်အသိဆုံးဖြစ်ပါ၏။ ကိုယ်ဖြေခဲ့သော ဘာသာရပ်တို့တွင် ဟိုဘာသာမှာတော့ အားမရဘူး၊ ဒီဘာသာကတော့ အောင်မှတ်လောက်တော့ရမယ် ထင်တယ်ဆိုသည့် စာဖြေကျောင်းသားသည်လည်း ဗေဒင်မမေးပါနှင့်၊ နတ်မမေးပါနှင့် ကျမှာသေချာသည်။

ရွှေစင့်တွင် ဘာသာရပ်တိုင်း၌ သံသယမရှိ၊ ဇဝေဇဝါမရှိ။

အဲ … ဂုဏ်ထူးမှတ်ဆိုသည်ကတော့ ကိုယ်မှန်းသည့်အတိုင်း ဖြစ်ချင်လည်းဖြစ်မည်။ မဖြစ်ချင်လည်း မဖြစ်ဘဲရှိမည်။

ရွှေစင် တအားပျော်ပါ၏။

ခြေရင်းခြံမှ ဝင်းနေသော မာလကာသီးတွေကို ဒီဘက်ခြံမှ လှမ်းကြည့်ပြီး ရွှေစင်သည် မာလကာပင်သို့ ပြေးတက်ချင်မိသည်။

သို့တစေ …

ယခုတစ်ကြိမ်တော့ ရွှေစင် မသွားရဲသည်မှာအမှန်။

သရဲမကြောက်ပါဘူး ဆိုဦးတော့ မြွေစိမ်းကိုက်ခံရမည်ကိုတော့ ရွှေစင် ကြောက်ပါ၏။

မာလကာသီးတွေဆီ မသွားရသည်နှင့်အမျှ ကိုဒုက္ခကို ရွှေစင် သတိရမိသည်။

ထူအမ်းသော နှုတ်ခမ်းစုံဖွင့်၍ ရယ်လေပြုံးလေတိုင်း သွားဖြူတန်းများနှင့် သွားစွယ်နှစ်ချောင်း ပေါ်လာသော ကိုဒုက္ခ၏ရုပ်သည် တစ်ခါတစ်ရံ ရွှေစင့်မျက်စိထဲ အလိုလို မြင်လာတတ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်ခါတစ်ရံကျပြန်လည်း ရွှေစင့်အိပ်မက်ထဲသို့ ကိုဒုက္ခ ဝင်လာတတ်ပြန်သည်။

စာမေးပွဲဖြေပြီး ကျောင်းရက်ရှည် ပိတ်လိုက်သည့်နောက် သီတင်းတစ်ပတ်အတွင်းမှာပင် ကိုရဲမင်းသုန်သည် နေ့တိုင်းလိုလို ရွှေစင်တို့အိမ်သို့ လာတော့သည်။

ဖေဖေက အလုပ်ထဲတွင် အချိန်ကုန်သည်။

မေမေကိုယ်တိုင်က ကိုရဲမင်းသုန်နှင့် ရွှေစင့်ကို သဘောတူသည့် အရိပ်အယောင်တွေ ရှိနေသည်။

ယခုလည်း ရွှေစင် ခြံထဲဆင်းခဲ့သည်။ ခေါင်းရင်းဘက်မသွား၊ ခြေရင်းဘက်သို့ လာခဲ့သည်။

ထုံးစံအတိုင်း မာလကာပင်တွေကို လှမ်းကြည့်သည်။ တချို့မှည့်လွန်ပြီး ကြွေကျနေသည်ကို တွေ့ရသည်။ တချို့ဝမ်းပျဉ်းသီးတွေ လင်းဆွဲတစ်ခြမ်းကိုက်များ အပင်တွင် တန်းလန်းဖြစ်နေသည်ကို တွေ့ရသည်။

"ရွှေစင်"

ရွှေစင်သည် ချာခနဲလှည့်ကြည့်သည်။ သူ့နောက်တွင် ကိုရဲမင်းသုန် ရောက်နေသည်ကို တွေ့ရသည်။

"ဟင် ... ရောက်နေတယ်"

"ဟုတ်တယ် ရွှေစင်၊ တို့အမြဲလိုလို ရွှေစင် ခြံထဲဆင်းတာ စောင့်ကြည့်နေမိတယ်၊ ဒီနေ့တော့ ပြောစရာရှိတာလေး ပြောတော့မယ်လို့ ဆုံးဖြတ်ပြီး ခြံကူးလာတာပဲ၊ ရွှေစင် ဟိုဘက်ခြံကို ငေးနေလိုက်တာ တို့ရောက်လာတာတောင် မသိဘူး"



"ဟုတ်တယ်၊ ဟိုဘက်ခြံကို သိပ်စိတ်ဝင်စားတာပဲ၊ စိတ်ဝင်စားဖို့လည်း ကောင်းတယ် မဟုတ်လား"

"တို့ စကားနည်းနည်း ပြောချင်တယ် ရွှေစင်၊ ခုံတန်းလျားမှာ ထိုင်ကြစို့လား"

ရွှေစင် စဉ်းစားသည်။ ကိုရဲမင်းသုန် ဘာပြောမည်ကိုလည်း သိနေသည်။ နားမထောင်ချင်ဆိုပြီး ထွက်ရှောင်သွားလျှင်လည်း ရိုင်းရာကျမည်။ ယခုမပြောလည်း နောက်တစ်နေ့နေ့ ပြောမည်မှာ သေချာသည်။ အပျိုချောမလေး ဖြစ်လာမှတော့ ယောကျ်ားသားတို့၏ ဓမ္မတာစကား ပြောကြားသည်ကို ခံရမည်မှာ အဆန်းလည်းမဟုတ်။

"လာလေ၊ ထိုင်ကြတာပေါ့"

ရွှေစင်ကပင် စံပယ်ရုံအောက်ရှိ ခုံတန်းလျားဆီသွားကာ ထိုင်ချလိုက်သည်။ ရဲမင်းသုန် မထိုင်ဘဲ မတ်တတ်ရပ်နေသည်။

"ကဲ ... ပြော၊ ကိုရဲမင်းသုန် ဘာပြောချင်သလဲ"

"တို့ ဘာပြောချင်တယ်ဆိုတာ ရွှေစင် သိပြီးသားပါလေ၊ တို့ သင်္ဘောကပြန်လာပြီး ရွှေစင်နဲ့ မိတ်ဖွဲ့တဲ့နေ့ကစပြီး ပြောချင်နေတဲ့ စကားပါ၊ ဒါပေမဲ့ ရွှေစင့်မှာ စာမေးပွဲကိစ္စက ထိပ်တန်းဦးစားပေးကိစ္စ ဖြစ်နေတာမို့ တို့ပြောချင် အနှောင့်အယှက်ဖြစ်မှာ စိုးခဲ့တယ်လေ"

"ကိုရဲမင်းသုန် ပြောမှာက ရွှေစင့်ကို မေတ္တာရှိနေပါပြီ၊ လက်ထပ်ခွင့်ပေးပါ၊ အဲဒါပဲ ပြောမှာမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကို ဟုတ်ပါတယ် ရွှေစင်၊ အဲဒါကိုပဲ ပြောမထွက်၊ ပြောမရဲ ဖြစ်နေတာပါ"

"ပြောထွက်၊ ပြောရဲတော့ကော ဘာထူးမှာလဲ ကိုရဲမင်းသုန်၊ ရွှေစင်က အခု ဆယ်တန်းတောင် မအောင်သေးဘူး"

"ဒီနှစ် အောင်မှာပါ"

"ဒီနှစ်အောင်ရင် ရွှေစင် တက္ကသိုလ်တစ်ခုခုကို သွားရမယ်လေ၊ ရိုးရိုးအောင်ရင် လေးနှစ်ဆက်သင်ရမယ်၊ ဂုဏ်ထူးလို့ အာရ်အိုင်တီတို့၊ အမ်(မ်)စီတို့ဝင်ရင် ခုနစ်နှစ်ပဲ"

ရဲမင်းသုန် ခေါင်းကုတ်သည်။

"အင်းလေ ... ပညာဆက်သင်မယ် ဆိုရင်တော့ ရွှေစင် ပြောတာ မမှားပါဘူး"

"ဆယ်တန်းအောင်မှတော့ ဆက်သင်ရမှာပေါ့ ကိုရဲမင်းသုန်၊ ဆက်မသင်ချင်ရင် ဆယ်တန်းကို ဒီလောက်ပင်ပန်းခံ ကြိုးစားပြီးတောင် ဖြေဖို့မလိုဘူး"

"ဒီလိုလေ ... ရွှေစင်"

တန်းလျားခုံစွန်းတွင် ရဲမင်းသုန် ဝင်ထိုင်လိုက်သည်။

"မိန်းကလေးတစ်ယောက်အတွက် ဆိုပါတော့၊ တက္ကသိုလ်က ဘွဲ့ရပြီးတဲ့နောက် အိမ်ထောင်မပြုဘဲကော နေမှာလား ရွှေစင်၊ ယေဘုယျသဘော ပြောတာပါနော်"

"ကိုရဲမင်းသုန် ဘာကိုဆိုလိုချင်တာလဲ"

"ကဲပါလေ၊ တည့်တည့်ပဲ ပြောပါရစေ၊ တက္ကသိုလ်က ဘွဲ့တစ်ခုခု ရွှေစင်ရပြီးတဲ့နောက် အိမ်ထောင်မပြုတော့ဘူးလို့ ရွှေစင့်မှာ ဆုံးဖြတ်ချက် ရှိထားသလားဟင်"



"ဟင် ... ဒါတော့ အခု ရွှေစင် ဘယ်အတပ်ပြောနိုင်မှာလဲ"

"ဟုတ်ပြီ၊ အခုနေ ဘာပြောနိုင်မှာလဲ ဆိုတာကိုက ဘွဲ့ရပြီး အိမ်ထောင်မပြုတော့ဘူးဆိုတဲ့ ဆုံးဖြတ်ချက် ရွှေစင့်မှာ ရှိမထားတာ ပေါ်လွင်ပြီပဲ၊ တို့ နောက်တစ်ခု ထပ်မေးမယ်၊ ရွှေစင်တို့ ဧည့်ခန်းထဲမှာ ရွှေစင့်မေမေ အန်တီမာ ဘွဲ့ယူတုန်းက ရိုက်ထားတဲ့ ဘွဲ့ဝတ်စုံနဲ့ ဓာတ်ပုံချိတ်ထားတာ တွေ့တယ်၊ အန်တီမာ ဘာဘွဲ့ယူခဲ့တာလဲ ရွှေစင်"

"ဘီအေ၊ မြန်မာစာအဓိက"

"အန်ကယ်သင်းကကော"

"ဘီအက်(စ်)စီ"

"ကဲ ... အဲဒါကြည့် ရွှေစင်၊ အန်တီမာဟာ ဘွဲ့ရပြီးပေမယ့် အန်ကယ်သင်းနဲ့ လက်ထပ်တာပဲ၊ အန်ကယ်သင်းက ရာထူးကြီးကြီးနဲ့ လခများများရတော့ အန်တီမာက ဘာ အလုပ်မှလုပ်ဖို့ မလိုဘူး"

"ထပ်မေးပါရစေ၊ အဲဒါကကော ဘာကိုဆိုလိုချင်တာလဲ ကိုရဲမင်းသုန်"

"အိမ်တစ်ဆောင် မီးတစ်ပြောင် တစ်ခုဆိုပါတော့ ရွှေစင်၊ ဝင်ငွေများများရအောင် ရှာတာက ယောကျ်ားပါ၊ တို့အနေနဲ့ မိဘအမွေအနှစ် ဘေးချိတ်ထား၊ ရွှေစင့်ကို တိုက်နဲ့ ကားနဲ့ ဝင်ငွေကောင်းကောင်းနဲ့ ဖူးဖူးမှုတ်ထားနိုင်ရမယ်လို့ အားမွေးတယ် ရွှေစင်၊ ဒီတော့ ရွှေစင့်အနေနဲ့ တက္ကသိုလ်တက်ချင်တယ်ဆိုလည်းတက်၊ လက်ထပ်ပြီးတဲ့နောက် စာပေးစာယူနဲ့ ဖြေချင်လည်းဆက်ဖြေ၊ အဲဒီသဘောပါ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က ညင်ညင်သာသာ လေအေးလေးနှင့်ပင် ပြန်ပြောသည်။

"ဖေဖေနဲ့ မေမေတုန်းကနဲ့တော့ နှိုင်းယှဉ်ပြောလို့ မရဘူးထင်တယ်"

"ဘာလို့ မရရမှာလဲ၊ ဒီသဘောပဲဟာ"

"မတူဘူးလေ၊ ဖေဖေနဲ့ မေမေက တက္ကသိုလ်မှာ တက်ကြကတည်းက ဘွဲ့ရပြီးရင် ဘယ်လိုရာထူး၊ ဘယ်လိုဝင်ငွေရမယ်ဆိုတာတွေ ထည့်မတွက်ကြဘဲ တစ်ယောက်နဲ့တစ်ယောက် ရင်ထဲကမေတ္တာရှိခဲ့ကြတာ"

"အဲ"

ရဲမင်းသုန်ထံမှ အာမေဍိတ်သံ ထွက်လာရပါ၏။

"အခု ကိုရဲမင်းသုန် ပြောသမျှတွေဟာ အိမ်ထောင်ရေးဘက်ကတွက်ရင် အလေးသာနေတယ် ဆိုတာတွေပါ၊ ဒါကို ရွှေစင် မငြင်းပါဘူး။ ဒါပေမဲ့ အခုလောလောဆယ် ရွှေစင့်ရင်ထဲမှာ အိမ်ထောင်ရေးကိစ္စ လုံးဝခေါင်းထဲမရှိဘူး၊ ရွှေစင်ဆယ်တန်းအောင်ချင်တယ်၊ အောင်ရင်ရတဲ့တက္ကသိုလ်တက်မယ်၊ ဒီ့ပြင် ရင်ထဲ ဘာမှမရှိဘူး"

"ဟို့ ပြောနေတာလည်း ခုချက်ချင်း လက်ထပ်ကြပါစို့လို့ ပြောနေတာမှ မဟုတ်တာ။ ဒီမယ် ... ရွှေစင်၊ ဒီ့ထက်ရှင်းရှင်းပြောရရင် ရွှေစင့်ကို တို့က အရင်ဦးအောင် ပထမလူဖြစ်အောင် တင်ကြိုပြောထားတာပါ၊ တော်ကြာ စိုးမိုးဖြူက အရင်ဦးသွားမှာ စိုးရိမ်တယ် ရွှေစင်"



"ရှင် ... စိုးမိုးဖြူ ဟုတ်လား၊ အဲဒါ ဘယ်သူ့ကိုပြောတာလဲ ကိုရဲမင်းသုန်"

"သြော် ... ရွှေစင်က စိုးမိုးဖြူကို တကယ်မသိသေးတာလား"

"ရွှေစင်က ဘာလို့သိမ်ရမှာလဲ"

"တော်သေးတာပေါ့၊ စိုးမိုးဖြူဆိုတာ အိမ်ရှေ့အိမ်က ကေခိုင်ဖြူရဲ့ အစ်ကိုလေ"

"သြော် ... သြော် ... ကေခိုင့်မှာ အစ်ကိုရှိတာတော့ ရွှေစင်သိတယ်၊ ဒါပေမဲ့ နာမည်တောင် မမေးမိပါဘူး"

"စိုးမိုးဖြူ ကျောင်းပိတ်လို့ မနေ့ကပဲ ပြန်ရောက်လာတယ် ရွှေစင်၊ သူက ရန်ကုန်စက်မှုတက္ကသိုလ်မှာ စတုတ္ထနှစ်လား၊ ပဥ္စမနှစ်လားတော့ တို့ သေချာမသိဘူး၊ တို့ သူ့အကြောင်း ကောင်းကောင်းသိတာက စိုးမိုးဖြူဟာ သွက်တယ်၊ ချက်ချာတယ်၊ စကားပြောကောင်းတယ်၊ ရုပ်ချောတယ်၊ အင်း ... တို့ထက် လေး,ငါးနှစ်လောက် ပိုငယ်မယ်ထင်ပါရဲ့၊ သူ့အသက် နှစ်ဆယ့်နှစ် နှစ်ဆယ့်သုံးလောက်ပဲရှိမယ်"

ရွှေစင့် ရင်ထဲတွင် ကျိတ်၍ပြုံးမိသည်။ ပြီး ... ရဲမင်းသုန် အစိုးရိမ်ကြီးတတ်လှပုံကိုလည်း ကရုဏာသက်မိလိုက်သည်။

"တို့ပြောတာ အလေးအနက်ထားပါ ရွှေစင်၊ ရွှေစင် စဉ်းစားပြီးရင် တို့ဟာ ပထမလူဆိုတာ မမေ့ဖို့ပါ"

"ရွှေစင် ဘာမှမစဉ်းစားပါဘူး ကိုရဲမင်းသုန်၊ စိုးမိုးဖြူဖြစ်လို့ ဘယ်သူကြီးပဲဖြစ်ပါစေ၊ ခုနေတော့ ရွှေစင့်နှလုံးသားထဲမှာ ဗလာသက်သက်ပဲ"

"တို့ ဆက်ပြီးမျှော်လင့်ပါရစေ ရွှေစင်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ကိုရဲမင်းသုန်ကို ရွှေစင် ပြန်မေးချင်တာရှိလာတယ်၊ အစကတော့ မေးမယ်လို့ လုံးဝစိတ်မကူးပါဘူး၊ အခုမှ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်လာလို့ မေးချင်တဲ့သဘောပါ"

"ဘာများလဲ ရွှေစင်၊ မေးပါ"

"ကေခိုင်ရယ်ပါ၊ ကေခိုင်ဟာ ကိုရဲမင်းသုန် အပေါ်မှာ စိတ်ဝင်စားနေတယ်လို့ ရွှေစင် ထင်တယ်လေ"

"ဖြစ်နိုင်ပါတယ်၊ ရွှေစင်တို့ ဒီမြို့ကိုမရောက်ခင် အတော်ကြာကြာကတည်းက ကေခိုင်တို့အိမ်နဲ့ တို့မိဘတွေ မိတ်ဆွေဖြစ်နေကြတာပဲ၊ တို့လည်း ကေခိုင်တို့အိမ်ကို အဝင်အထွက်တွေ ရှိခဲ့တာပဲ၊ ဒါပေမဲ့ ခက်သားပဲ ရွှေစင်"

"ဘာခက်တာလဲ"

"သြော် ... အခု တို့နဲ့ ရွှေစင်လိုပေါ့"

"ဘယ်လို"

"တို့က ရွှေစင့်ကို စိတ်ဝင်စားတယ်၊ မေတ္တာထားတယ်၊ ဒါပေမဲ့ ရွှေစင်က တို့ကို စိတ်မဝင်စားသေးဘူး၊ မေတ္တာမထားသေးဘူး၊ အဲဒီလိုပဲပေါ့"

ရွှေစင် သဘောပေါက်ပါ၏။

ကေခိုင်က ကိုရဲမင်းသုန်အပေါ်တွင် မေတ္တာရှိနေစေကာမူ ကိုရဲမင်းသုန်က ကေခိုင့်အပေါ်တွင် စိတ်မဝင်စားသေးဟု ဆိုခြင်းပါတည်း။

* ❃ *



## အခန်း(၁၄)

တစ်နေ့တည်း အဖြစ်နှစ်ခု ကြုံကြိုက်ပါ၏။

ပထမတစ်ခုမှာ... ယနေ့ ရွှေစင် နံနက်ပိုင်း အိပ်ရာမှမထသေးဘဲ အပျင်းထူနေသည်။

ဒေါက် ... ဒေါက်နှင့် မေမေပင် တံခါးလာခေါက်သည်။

"ဟဲ့ ... မိရွှေစင်၊ ဖုန်းလာနေတယ်၊ ကေခိုင်က သမီးနဲ့ ပြောချင်လို့တဲ့"

ရွှေစင် အိပ်ရာမှ လူးလဲထပြီး တယ်လီဖုန်းပြေးကိုင်သည်။

"ဟေး ... ရွှေစင်"

"အေး ... ကေခိုင်"

"နင် အိပ်ပုပ်ကြီးလိုက်တာ၊ နင့်ခြေရင်းခြံနဲ့ အိမ်မှာ ဘာဖြစ်နေလဲ၊ နင် မြင်လား"

"ဟင့်အင်း ... တို့ ဒီနေ့ အိပ်ရာထဲ ပျင်းပျင်းနဲ့ နှပ်နေတာ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"သရဲခြောက်တယ်၊ ငွေစက္ကူအတုလုပ်တယ်ဆိုတဲ့ နင်တို့ ခြေရင်းခြံကြီးထဲ အိမ်တံခါးတွေ ပွင့်နေပြီလေ"

"ဟယ် ... ဟုတ်လား"

"ဟယ်ဟုတ်လား မလုပ်နဲ့ ခြံတံခါးဝမှာ ဆိုင်းဘုတ်တစ်ခုတောင် ချိတ်ထားသေးတယ်၊ အဝါရောင်အခံမှာ အနက်စာလုံးကြီးနဲ့၊ တို့အိမ်က လှမ်းကြည့်ရင် ထင်းခနဲပဲ"

"ဘာတဲ့လဲ၊ ဆိုင်းဘုတ်က"

"မင်းသုခ ဝပ်ရှော့တဲ့ဟဲ့"

"ဟုတ်လား၊ မနေ့ကညနေအထိ ဘာမှမရှိဘဲပိတ်ထားတာ"

"အင်းလေ ... ညတွင်းချင်းဖွင့်တဲ့ ဝပ်ရှော့"

"မင်းသုခတဲ့လား"

"အေး ... တို့ ဆိုင်းဘုတ်လှမ်းဖတ်တာပဲ"

"ဒါဆို ရဲအုပ်ထိန်ဝင်းကို ကူညီတဲ့ ကိုသုခဆိုတာများလား ကေနိုင်ရယ်"

"ဒါတော့မသိဘူး ရွှေစင်"

"ကေနိုင်တို့အိမ်က လှမ်းကြည့်ရင် လူကို မမြင်ရဘူးလား"

"တို့ကြည့်တယ် ရွှေစင်၊ ဆယ့်ငါး ဆယ့်ခြောက်အရွယ်ကောင်လေးတစ်ယောက်ကိုပဲ အင်္ကျီပြာ၊ ဘောင်းဘီပြာ၊ ဦးထုပ်ပြာနဲ့တွေ့တယ်၊ တခြားလူကို မတွေ့သေးဘူး"

"ဒါဆို ငါ မျက်နှာသစ်၊ ရေမိုးချိုးပြီးမှ ဆင်းကြည့်ဦးမယ်"

"ကြည့်လေ ... နင် ခြံထဲဆင်းလာရင် တို့မောင်နှမလည်း နင့်ဆီလာခဲ့မယ်"

"ဘာရယ် ... ကေနိုင်၊ တို့မောင်နှမ ... ဟုတ်လား"



"အဲ ... ဟုတ်ပါ၊ ငါ နင့်ကိုမပြောရသေးဘူး၊ ငါ့အစ်ကို ကိုကိုစိုး ကျောင်းပိတ်လို့ အိမ်ပြန်ရောက်နေတယ်လေ၊ ငါက ပြောတယ်၊ တို့ကျောင်းမှာ ရွှေစင်ဟာ သိပ်လှတယ်၊ ရုပ်ရော ကိုယ်လုံးရော ရှာမှရှားဆိုတော့ ကိုကိုစိုးက အမယ် ... ငါက ရန်ကုန်မှာ နှစ်ပေါင်းများစွာ နေနေတာပါနော်တဲ့၊ မိန်းမချော မိန်းမလှဆိုတာ မမြင်ချင်အဆုံးတဲ့၊ ရန်ကုန်တက္ကသိုလ်တွေမှာရော၊ စနေနေ့ ဗိုလ်ချုပ်ဈေးမှာရော မိန်းမချော မိန်းမလှတွေ ရိုက်သတ်လို့တောင် မကုန်ဘူးတဲ့လေ"

"အဲဒါ ဘာဖြစ်လဲ ကေနိုင်ရယ်"

"ဘာဖြစ်ရမလဲ၊ ငါ နင့်ကို ကိုကိုစိုးနဲ့တွေ့ပြီး မိတ်ဆက်ပေးချင်တယ်၊ ဒါမှ သူ နင့်ကိုတွေ့ပြီး ဟာခနဲ ဟင်ခနဲ ဖြစ်သွားအောင်"

"အဲဒါကို ငါ စိတ်လည်း စိတ်ပျက်တယ်၊ ငြီးလည်းငြီးငွေ့တယ် ကေနိုင်၊ ကြီးကျယ်တာတော့ မဟုတ်ပါဘူးနော်"

"ဒီလိုမလုပ်နဲ့ ရွှေစင်၊ ငါ့မျက်နှာကို ထောက်ဦးဟယ်၊ ဒိုပြင် ယောကျ်ားလေးဆို ထားပါတော့၊ အခုတော့ ငါ့အစ်ကိုနဲ့ ငါ မိတ်ဆက်ပေးတာပဲဟာ"

ရွှေစင်သည် ဘာမျှပြန်မပြောတော့ဘဲ ဖြည်းညင်းစွာပင် တယ်လီဖုန်းကို ပြန်ချထားလိုက်လေတော့သည်။

ထို့နောက် မျက်နှာသစ်၊ ရေမိုးချိုး၊ မျက်နှာနှင့် တစ်ကိုယ်လုံး သနပ်ခါးလိမ်းသည်။ အိမ်တွင်ဝတ်ရသော တစ်ပတ်ရစ်လျှော်ပြီး မီးပူတိုက်ပြီးသားကိုဝတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လက်သန့်စင်၊ အဝတ်လဲပြီးသည်နှင့် ကော်ဖီနှင့်မုန့်စားသောက်ရန် ထမင်းစားခန်းမသွားသေးဘဲ ပြတင်းပေါက်မှ ခြေရင်းအိမ်သို့ လှည့်ကြည့်သည်။

ဟုတ်ပါ့။

ဘေးတိုက်အမြင်မှာပင် ပြတင်းတံခါးပေါက်အားလုံး ဖွင့်ထားသည်ကို မြင်ရသည်။

အိမ်ထဲတွင် လှုပ်ရှားသွားလာနေသော အရိပ်အယောင်ကိုမှ မတွေ့ရ။

အိမ်ရှေ့ခြံထဲမှ ဆင်းကြည့်လျှင် ၎င်းတို့အိမ်ရှေ့တွင် တစ်ယောက်ယောက် တွေ့ရမည်ထင်သည်။

သို့သော် ကော်ဖီနှင့် မုန့်မစားသောက်ရသေးသဖြင့် ဗိုက်ဆာနေသည်။

ရွှေစင် ထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။

"သမီး ... နိုးလာပြီလား"

ဖေဖေက ဆီးကြိုစကားပြောသည်။ မေမေကလည်း ဖေဖေနှင့်အတူ ကော်ဖီသောက်နေပါ၏။

ရွှေစင် ဝင်ထိုင်ပြီး ကော်ဖီငှဲ့သည်။

ဒီနေ့တော့ ပေါင်မုန့် ထောပတ်သုတ်၊ ကြက်ဥကြော်တွေမဟုတ်။ မေမေ ဘယ်အချိန်က ထလုပ်ထားမှန်းမသိသော ဆီထမင်း ရှိနေသည်။

ဖေဖေနှင့်မေမေ စားသည်ကတော့ နမ်းထောင်းမှုန့်လေးဖြူးပြီး ခြစ်ထားသော အုန်းသီးမျှင်လေးများဖြင့် တွေးစားသည်။



ရွှေစင်က ဒီလိုမကြိုက်။ မီးဖိုထဲပြေးဝင်ကာ ငံပြာရည်နှင့် ငရုတ်သီးမှုန့် ယူလာသည်။

ဆီထမင်းကို ငံပြာရည်ဆမ်း၊ ငရုတ်သီးမှုန့်ဖြူးပြီး လက်ချောင်းများဖြင့် နှံ့အောင်နယ်ပြီးမှစားသည်။

ဖေဖေက ရွှေစင် စားပုံကိုကြည့်၍ ပြုံးသည်။

ငရုတ်သီးစပ်စပ်လေးတွင် ကော်ဖီကိုငုံပြီး သောက်ရသည်ကို ရွှေစင် နှစ်ခြိုက်သည်။

စားသောက်ပြီး ရွှေစင်သည် ခြံထဲဆင်းလာခဲ့တော့သည်။

ခြေရင်းဘက်ခြမ်းသို့ပင် ရွှေစင် လျှောက်လာပြီး ခြေရင်းအိမ်၏ ရှေ့ခြံပိုင်းကို လှမ်းကြည့်သည်။

သူတို့သည် ရှေ့ပိုင်းမြေကွက်လပ်ကိုရှင်းကာ သစ်သားတိုင်တွေ စိုက်ထူနေကြသည်။

အားလုံး(၄)ယောက် ဖြစ်ပါ၏။ (၃)ယောက်က သာမန်အရပ်ဝတ်အင်္ကျီ လုံချည်နှင့်ဖြစ်ပြီး ကျန်တစ်ယောက်က ချာတိတ်ဖြစ်သည်။ ချာတိတ်က မက္ကင်းနှစ်အဝတ်အစားအပြာနှင့် ဖြစ်သည်။ ချာတိတ်ကပင် တိုင်စိုက်ရမည့်နေရာ၊ ထုပ်တန်းတင်မည့်ပုံတွေကို ပြောပြနေသည်။ ကျန်(၃)ယောက်က လက်သမားဖြစ်ပြီး ဝတ်စုံပြာနှင့် ချာတိတ်က စောစောက ကေခိုင် ဖုန်းထဲက ပြောသော ချာတိတ်ဖြစ်ပေမည်။

သူတို့သည် ရှေ့ပိုင်းမြေကွက်လပ်တွင် ယာယီရုံတဲ ဆောက်လုပ်နေကြခြင်း ဖြစ်ပါ၏။

ရွှေစင်က တစ်ယောက်ချင်းကို လိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဒုက္ခကိုမတွေ့။ ကိုဒုက္ခကို ရွှေစင် ကောင်းကောင်း မှတ်မိနေပါ၏။

"ဟော ... ရွှေစင်၊ တို့ လာပြီဟေ့"

ခြံဝမှ ကေခိုင်၏အသံနှင့်အတူ ကေခိုင်၏အစ်ကို ဆိုသူပါ ဝင်လာကြသဖြင့် ရွှေစင်သည် သူတို့ဆီသို့ ခြေဦးလှည့် ရတော့သည်။

"လာ ... အိမ်ထဲသွားကြစို့၊ မေမေ ဆီထမင်းထိုးထား တယ်"

"ဟေ့အေးဟယ် ... ခြံထဲမှာပဲ ထိုင်ကြရအောင်။ ကိုကိုစိုးနဲ့ ရွှေစင့်ကို မိတ်ဆက်ပေးမလို့၊ ဒီမှာ ကိုကိုစိုး၊ ဒါ ကေခိုင် ပြောတဲ့ ရွှေစင်လေ၊ ကေခိုင်ကပဲ ဟိမဝန္တာချီးမွမ်းခန်းထုတ် တာလား၊ ကိုကိုစိုး မျက်မြင်တွေ့ပြီလေ"

စိုးမိုးဖြူ၏ မျက်လုံးအစုံသည် ကေခိုင်က မိတ် ဆက်ပေးသည့်အချိန်ထိ ရွှေစင့်တစ်ကိုယ်လုံးကို စိုက်ကြည့်နေပေ သည်။

ရွှေစင် ဘာမှအထူးမခြယ်သ ရိုးရိုးလေးမှ တကယ့် ရိုးရိုးလေး။ မျက်နှာ၊ လက်၊ ခြေတို့ကို သနပ်ခါးပွတ်ထားသည်။ မျက်နှာတွင် ညီညီညာညာလေး လိမ်းသည်ပင်မဟုတ်။ သနပ်ခါး မခြောက်မီပင် သွားပွတ်တံဖြင့် မျက်ခုံး၊ ပါးပြင်တို့ကို ညှိရုံညှိ ထားသည်။

ပင်ကိုဖြူဝင်းသော အသားရောင်သည် သွားပွတ်တံ ပွတ်ရာအစင်းကျားလေးတွေထဲမှ ထိုးထွက်နေသည်။



ရွှေစင့်မျက်ခုံးသည် ပင်ကိုမျက်ခုံးဖြစ်သည်။ ခဲမဆွဲ ဘဲ နက်မှောင်နေသည်။

ရွှေစင် မျက်တောင်ကော့နေသည်။ ငယ်ငယ်ကဆို လျှင် မေမေက သမီးလေးကို ကျီစယ်သည့်အနေနှင့် ရွှေစင့်မျက် တောင်ကော့ပေါ်သို့ မီးခြစ်ဆံလေးများ ခဏခဏ တင်ခဲ့ဖူးသည် ဟု မေမေ ပြောလေ့ရှိသည်။

အသားဖြူဝင်းဝင်း၊ မျက်ခုံးနက်နက်တောင်ပံကွေး၊ မျက်တောင်ကော့ကော့ကြီးထဲမှာ မျက်ဝန်းစုံဖြင့် ယောကျ်ားတစ်ဦး အား ကြည့်မိလျှင် အကြည့်ခံရသော ယောကျ်ားမှာ စိတ်ဝမ်းထဲ တစ်ခုခုခံစားရပြီး ဖင်ကုတ်ချင်သလိုလို၊ ခေါင်းကုတ်ချင်သလိုလို ဖြစ်ရပါ၏။

"အဲဒါ ကိုကိုစိုးလေ ရွှေစင်၊ အိမ်မှာတော့ ဖေဖေ မေမေ တို့ကစပြီး အစိုးလို့ခေါ်ကြတယ်၊ ကျောင်းနာမည်ကတော့ စိုးမိုးဖြူတဲ့၊ ရန်ကုန်စက်မှုတက္ကသိုလ် ပဥ္စမနှစ်မှာ တက်နေ တယ် ရွှေစင်"

ထုံးစံအတိုင်း ...

"တွေ့ရတာ ဝမ်းသာပါတယ်ရှင်"ဟု ရွှေစင်က စိုးမိုးဖြူကို အကဲခတ်အကြည့်ဖြင့်ကြည့်၍ ပြောလိုက်သည်။

စိုးမိုးဖြူ ခေါင်းကုတ်သွားသည်။ ပြီး ... သူ့လက် ချောင်းများက တစ်ပင်မျှမရှိသော မုတ်ဆိတ်ဆီသို့ ပြောင်းရွှေ့ပွတ် နေသည်။

"ဟဲ ... ဟဲ ... ဆိမ်း(မ်)တူယူလို့ပြောရင်တို့လည်းတွေ့ ရတာ ဝမ်းသာပါတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲပေါက်မယ်၊ တို့

www.burmeseclassic.com

www.burmeseclassic.com



အခု ရွှေစင်နဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာရုံမကဘူး၊ တို့ ရင်ထဲမှာ … အင်း … ဘယ်လိုပြောရမယ်တောင် မသိဘူး၊ ဖိုလှိုက် ဖိုလှိုက်နဲ့ အသည်းအေးသလိုလို၊ အသည်းယားသလိုလို ခံစားရအောင်ကို ကြည်နူးသွားတယ် ရွှေစင်"

ရွှေစင်က ပြုံးလိုက်သည်။

"အင်း … ဒီတစ်ယောက်လည်း စာအုပ်ကြီးအတိုင်းပါပဲလား"

ဟု ရင်ထဲက မှတ်ချက်ပြုပြီး ပြုံးမိခြင်းဖြစ်ပါ၏။

"ကဲ … ကေနိုင်၊ တို့အိမ်ပေါ်တက်ကြရအောင်၊ ကိုစိုးမိုးဖြူကို ပေပေမေမေတို့နဲ့ မိတ်ဆက်ပေးဦးလေ၊ နောက်ပြီး မေမေကိုယ်တိုင်ထိုးထားတဲ့ ဆီထမင်းလေးစားနိုင်သလောက်စားဦး၊ လာ … လာ"

ရွှေစင်ကပင် ရှေ့မှဦးဆောင်ကာ အိမ်ထဲပြန်ဝင်လာသည်။

ပေပေနှင့်မေမေ့ကို ဧည့်ခန်းထဲမှာပင် ဆုံမိကြသည်။ ပေပေက အလုပ်သွားရန် အဝတ်အစားပင် လဲပြီးနေပြီ။

ရွှေစင်ကပင် ကေနိုင်၏အစ်ကို စိုးမိုးဖြူကို မြဲထဲတုန်းက ကေနိုင် မိတ်ဆက်ပေးသည့် စကားအတိုင်း မိတ်ဆက်ပေးသည်။

ပေပေကတော့ ဝတ္တရားအတိုင်း …

"အေး … အေး … ကောင်းတယ်၊ ကောင်းတယ်၊ ကေနိုင်တို့ သမီးတို့ အိမ်နီးချင်းသူငယ်ချင်းတွေတိုးပြီး မြိုင်သွားတာပေါ့၊ မောင်စိုးမိုးဖြူရဲ့မိဘတွေနဲ့ အန်ကယ်တို့ ခင်မင်



ပြီးသားတွေပဲကွာ၊ မောင်နှမတစ်တွေ ကျောင်းပိတ်တုန်း ပျော်ပျော်ပါးပါး နေကြပေါ့"

ဟု ပြောပြီး ရုံးသို့သွားပေတော့သည်။

မေမေကတော့ ပိုသည်။

"အေး … ဝမ်းသာလိုက်တာကွယ်၊ မင်းတို့ မောင်နှမတွေ ဆုံမိကြတာပေါ့၊ ဟဲ … ဟဲ … ဒီနှစ် သမီးရွှေစင်လေးဆယ်တန်းကို ဂုဏ်ထူးတွေနဲ့တောင် ထွက်မယ်လို့ ဟိုဘက်အိမ်က မောင်ရဲမင်းသုန်က ပြောတယ်"

"အို … မေမေကတော့ လုပ်ပြီ"

"ဟဲ့ … မေမေက မဟုတ်တာ ပြောနေတာမှ မဟုတ်တာ၊ သမီး အာရ်အိုင်တီအမှတ်ဝင်ရင် မောင်စိုးမိုးဖြူတို့ရဲ့ စက်မှုတက္ကသိုလ်ပဲ သွားရမှာ မဟုတ်လား၊ ဒါဆို မောင်စိုးမိုးဖြူကိုပဲ အားကိုးရမှာ"

"ရတယ် အန်တီ၊ အစအဆုံး ကျွန်တော်ကူညီမှာပါ၊ တကယ်လို့ အမ်(မ်)စီအမှတ်ဝင်လည်း ရန်ကုန်က ဆေးတစ်၊ ဒါမှမဟုတ် ဆေးနှစ် တစ်ခုခုရအောင်လျှောက်ပါ၊ ရွှေစင့်အတွက် ရန်ကုန်ကတာဝန်ဟူသရွေ့ ကျွန်တော် တာဝန်ယူပါတယ်"

"အေး … အေး … ဝမ်းသာတယ်ကွယ်၊ ကဲ … ကဲ … မောင်နှမတွေ နေခဲ့ကြဦး၊ မေမေ ဈေးသွားဦးမယ်"

ရွှေစင် စိတ်မောရပါ၏။ မေမေ့ကို သနားလည်း သနားမိသည်။ မေမေသည် ပုံပြင်ထဲမှ ကြွက်ပျိုမလေး၏မိခင်သဖွယ် ဖြစ်နေရှာသည်။ ကိုယ့်သမီးလေးကို နေနတ်သားနှင့်တွေ့

www.burmeseclassic.com

www.burmeseclassic.com



လည်း ပေးစားချင်သည်။ လေနတ်သား မိုးနတ်သား စသည်ဖြင့် အဆင်မြင့်ပုဂ္ဂိုလ်တွေဆိုလျှင် သဘောတူပေးစားချင်သော ကြွက်ပို မလေး၏မိခင်သဖွယ် ရွှေစင့်ကို ကိုရဲမင်းသုန်နှင့်လည်း သဘောတူချင်သည်။

ယခု ကိုစိုးမိုးဖြူနှင့်လည်း ဖြစ်မြောက်စေချင်သည့် သဘော ရှိဟန်တူပါ၏။

ပြောလက်စအတိုင်း ကေခိုင်နှင့် စိုးမိုးဖြူကို ရွှေစင်က ဆီထမင်းကျွေးသည်။

စားရင်းလည်း စကားဝိုင်းဖွဲ့ ပြောကြသည်။ စိုးမိုးဖြူ၏မျက်လုံးများသည် ရွှေစင် အလစ်တွင် ရွှေစင့်ကိုသာ ကြည့်နေတတ်သည်။

အရွယ်ရောက်ပြီးသည့် မိန်းမပျိုလေးတိုင်းတွင် သဘာဝကပေးသော အသိတစ်ခုရှိပါ၏။ ယောကျ်ားကလေးတစ်ဦးနှင့် ဆက်ဆံလိုက်သည်နှင့် ထိုယောကျ်ားလေး၏အရွှေအတွင်းစိတ်ကို မိန်းကလေးက သိနေတတ်ခြင်း ဖြစ်ပါ၏။ ရိုးရိုးအကြည့်ပေလား၊ ဆန်းဆန်းအကြည့်ပေလား ဆိုသည်ကို ဒက်ခနဲသိသည်။ မိမိက ယောကျ်ားလေးအား မျက်နှာလွှဲပြီး မကြည့်ဘဲနေသော်လည်း ယောကျ်ားလေးက မိမိကိုမရိုမသားအကြည့်ဖြင့် ကြည့်နေမှန်း မိန်းမပျို၏သဘာဝအသိက သိပါသည်။

ယခုလည်း ရွှေစင် သိပါ၏။

မသိဟန်ပင် ဆောင်နေလိုက်သည်။

"ကိုကိုစိုး ... စားလေ၊ ငေးလိုက်တာ အလွန်ပဲ၊ ဆီထမင်းဟာ ချိုသလား ချဉ်သလား သိရအောင်"



"ဟာ ... မိခိုင်ကလည်း၊ ဆီထမင်းများ ကိုကိုစိုး မစားဖူးတာ ကျနေတာပဲ၊ ချိုတာပေါ့"

ကေခိုင်က ရယ်သည်။ စိုးမိုးဖြူလည်း ရယ်သည်။

"ကိုကိုစိုး တမင်နောက်ပြောတာပါ မိခိုင်ရယ်၊ ကိုကိုစိုးအစားလက်နေးတာက မိခိုင်နဲ့ တို့ စကားနိုင်လုတာ ကိုကိုစိုး ရှုံးသွားပြီလို့"

"ကိုကိုစိုးက ဘာရှုံးတာလဲဟင်"

"ဟိုဟာပါ၊ ကြားဖူးနားဝပါ၊ စာနဲ့ပေနဲ့ ဖတ်ဖူးတာတော့ မဟုတ်ပါဘူး၊ တို့ ရှင်တော်ဂေါတမ မြတ်စွာဘုရားဟာ ဘုရားဖြစ်ပြီးတဲ့နောက် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်ကို ဒေသစာရီကြွမြန်းပြီး တရားဟောတယ်တဲ့"

"အလဲ့ ... ကြီးကျယ်လှချည်လား၊ ကိုကိုစိုး စကားတွေက"

"နားထောင် မိကေခိုင်၊ ငါ အတည်ပြောနေတာ၊ ရှင်တော်ဂေါတမ ကြွမြန်းတိုင်း ညီတော် အာနန္ဒာကို ခေါ်သွားလေ့ရှိတယ်၊ တစ်နေ့မှာ ရှင်တော်ဂေါတမ မြတ်စွာဘုရားနဲ့ ညီတော်အာနန္ဒာဟာ တောလမ်းခရီးအဖြတ်မှာ သစ်ပင်ထိပ်မှာ မျောက်မောင်းမတွေကို တွေ့သတဲ့"

"မျောက်မောင်းမဆိုတာ ဘာလဲ ကိုကိုစိုး"

"မျောက်ပဲပေါ့ဟာ၊ သူ့နာမည်ကို လူတွေက မျောက်မောင်းမလို့ နာမည်ပေးထားတာ၊ အရုပ်သိပ်ဆိုးတယ်၊ မြတ်စွာဘုရားက ညီတော် အာနန္ဒာကိုမေးတယ်၊ သစ်ပင်ပေါ်က မျောက်မောင်းမနဲ့ ညီတော်အာနန္ဒာရဲ့ ဇနီးကြင်ရာဟာ ဘယ်သူက ရုပ်ပိုပြီး ချောသလဲလို့ ...

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ညီတော်အာနန္ဒာက နောင်တော်ဂေါတမဟာ ညီတော်ရဲ့ဇနီးကြင်ရာနဲ့ ပျောက်မောင်းမနဲ့မှ နှိုင်းရက်လေခြင်းဆိုပြီး စိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းရတယ်တဲ့ ...

"ဒါနဲ့ ရှင်တော်ဂေါတမနဲ့ ညီတော် အာနန္ဒာဟာ ဆက်လက်ကြွမြန်းရင်း နတ်ပြည်ကို ရောက်ခဲ့ပြန်ရောတဲ့၊ နတ်ပြည်ကျတော့ နတ်သမီးတွေဟာ အရမ်းချော အရမ်းလှတယ်ဆိုပဲ၊ နတ်သမီးရဲ့ဘဝအတိုင်း လှနေကြတာလေ၊ အဲဒီအခါမှာ ရှင်တော်ဂေါတမက ညီတော်အာနန္ဒာကို မေးပြန်သတဲ့၊ နတ်ပြည်က နတ်သမီးနဲ့ ညီတော်အာနန္ဒာရဲ့ဇနီးကြင်ရာဟာ ဘယ်သူကပိုပြီး လှသလဲလို့ ...

"အဲဒီအခါကျတော့ ညီတော်အာနန္ဒာက ပြုံးပြီးပြန်ဖြေတယ်ဆိုပဲ၊ ဘယ်လိုဖြေလဲ၊ နင်သိလား ကေခိုင်"

"အို ... ဘယ်သိမှာလဲ၊ အခုဟာတောင် ကိုကိုစိုးပြောမှ ကြားဖူးတာ"

"ဒါဖြင့် ရွှေစင်ကော သိလား"

ရွှေစင်က မပြုံးမရယ်၊ တည်တည်ကြည်ကြည်လေးဖြင့်ပင် ခေါင်းခါပြလိုက်သည်။

"ဒါဆို သေချာနားထောင် မိခိုင်၊ ညီတော်အာနန္ဒာက ပြန်ဖြေတယ်တဲ့၊ အခု နတ်ပြည်က နတ်သမီးလေးတွေကို မြင်ရတော့ သူ့ရဲ့ဇနီးကြင်ရာဟာ တောတန်းမှာတွေ့ခဲ့တဲ့ သစ်ပင်ပေါ်က မျောက်မောင်းမအသွင် ရှိသွားပါတယ်ဘုရားတဲ့"



"ဒါဆို နတ်ပြည်က နတ်သမီးတွေဟာ အရမ်းချော အရမ်းလှလို့ပေါ့နော် ကိုကိုစိုး"

"အင်းပေါ့ ကေခိုင်၊ ဒါကြောင့် နင်နဲ့ငါ အိမ်မှာတုန်းက ပြောခဲ့တာတွေ ငါရှုံးသွားပြီလို့ ပြောတာပေါ့"

"ပြောပါဦး၊ ကိုကိုစိုး ဘာရှုံးသွားတာလဲ"

မပြောသေးမီ စိုးမိုးဖြူက ရွှေစင့်ကို စိုက်ကြည့်သေးသည်။

"ရန်ကုန်တက္ကသိုလ်မျိုးစုံမှာ တွေ့ခဲ့တဲ့ မိန်းကလေးတွေ၊ စနေနေ့ ဗိုလ်ချုပ်ဈေးမှာလာတဲ့ မိန်းမလှတွေ အားလုံးဟာ အခု တို့ ဒီမှာ ရွှေစင့်ကို တွေ့လိုက်ရတော့ ဟိုဟာတွေ အားလုံး မျောက်မောင်းမ ဖြစ်သွားသလားလို့ပါ"

"ဟယ် ... ကြည့်စမ်း၊ ကိုကိုစိုးရဲ့စကားက နောက်ဆုံးတော့ ရွှေစင့်အလှကို အမွှမ်းတင်တာကိုး"

ကေခိုင် ပြောပြောဆိုဆို ခစ်ခစ်တက်လေးပင် ရယ်လိုက်ပေသည်။ ပြီး ... ရွှေစင်၏ပေါင်ကို ကေခိုင် လှမ်းပုတ်လိုက်သည်။

"ကဲ ... ဘယ့်နှယ်ရှိစ ရွှေစင်"

ရွှေစင်က ပြုံးလိုက်ပေသည်။

"လောကကြီးမှာ ဘယ်တိုင်းပြည်က မိန်းမပဲဖြစ်ဖြစ် လှတယ်ပြောရင် သဘောကျစမြဲပါ ကေခိုင်၊ ရွှေစင့်ကိုလှတယ်၊ ချောတယ်ပြောတဲ့ ကိုစိုးမိုးဖြူကို ကျေးဇူးတင်ပါတယ်ရှင်၊ ဒါပေမဲ့ မြန်မာစကားပုံတစ်ခုတော့ရှိ"

"ဘယ်လိုလဲ ရွှေစင်"

www.burmeseclassic.com

www.burmeseclassic.com

စိုးမိုးဖြူက အငမ်းမရ ပြန်မေးပေသည်။

"ဘုံခန်းကိုမြှောက်ပြီး ငရဲခန်းကိုချောက်တယ်တဲ့၊ အခု ကိုစိုးမိုးဖြူ ပြောသွားတာ မြှောက်လွန်းအားကြီးတယ်၊ ပုံနှိုင်းသွားပုံက ရွှေစင် ကြက်သီးထရတယ်"

"ဟာ ... တို့ မြှောက်တာမဟုတ်ဘူး ရွှေစင်၊ အမြင်ကို အမြင်အတိုင်းပြောတာ၊ ရန်ကုန်မှာ တွေ့ပါတယ်ဆိုတဲ့ မိန်းမချောတွေဟာ ဆင်ယင်ထုံးဖွဲ့မှုကြောင့်တွေ၊ ဖြီးလိမ်းခြယ်သမှုကြောင့်တွေပါ၊ အခု ရွှေစင်လှနေတာက ပကတိ ရိုးရိုးလေးနဲ့ အရမ်းလှတာလေ၊ ဒါကြောင့် နတ်ပြည်က နတ်သမီးနဲ့ နှိုင်းတာပေါ့၊ နတ်သမီးဆိုတာ လှကိုလှပြီးသား၊ ချောကို ချောပြီးသား၊ နှုတ်ခမ်းနီမဆိုးဘူး၊ မိတ်ကပ်မလိမ်းဘူး၊ ပေါင်ဒါမဖို့ဘူး၊ အခု ရွှေစင့်လိုပဲပေါ့"

ရွှေစင် ရယ်လိုက်သည်။ ပြီး... အင်မတန် ထိရောက်သော မှတ်ချက်လေးတစ်ခု ပြောချလိုက်သည်။

"ကိုစိုးမိုးဖြူက မိန်းမကျမ်း တော်တော်ကျေတာပဲနော်"

"ဟာ ... ဒီလိုတော့ မစွပ်စွဲနဲ့လေ"

ထိုနေ့အဖို့ ထိုမျှနှင့်ပင် မိတ်ဖြစ်ဆွေဖြစ် ကိစ္စပြီးသွားကာ မောင်နှမနှစ်ယောက် နှုတ်ဆက်ပြန်သွားကြတော့သည်။

ရွှေစင်သည် သူတို့ပြန်သွားမှ ဖူးခနဲ သက်ပြင်းချသည်။ ခေါင်းပေါ်တွင် ရွက်ထားရသော ဝန်ထုပ်ဝန်ပိုးကြီး ချလိုက်ရသလို ပေါ့ပါးသွားသည်။

ဆိုဖာနောက်တွင် ဦးခေါင်းမှေးတင်ပြီး စဉ်းစားလိုက်သည်။



ပဲခူးတွင် အစွယ်ရောက်ခဲ့သည်မှစ၍ ယောကျ်ားလေးတွေသည် ရွှေစင့်ကိုမြင်သည်နှင့် ကြိုက်ချင်သည်။ ချစ်ချင်သည်ဆိုသည်မှာ ရိုးနေလေပြီ။ တွေ့ကြုံရလွန်း၊ ကြားရဖန်များလွန်းသဖြင့် ရွှေစင့်နှလုံးသားသည် အချစ် မေတ္တာနှင့် ပတ်သက်ပြီး ဟုံ့နေပေပြီ။

ယခု ဒီမြို့ရောက်ပြန်တော့လည်း ဒီအတိုင်းပင်။ ကိုဖေသန်းမောင်၊ ကိုရဲမင်းသုန်နှင့် ယခု ပူပူနွေးနွေး ကိုစိုးမိုးဖြူ တို့သည်လည်း ဒီပုတ်ထဲက ဒီပဲတွေချည်းပါပဲလားဟု ရွှေစင်တွေး လိုက်မိပါ၏။

တွေးရင်းပင် ရွှေစင်သည် အတွေ့အကြုံများအရ ကောက်ချက်တစ်ခု ထုတ်နုတ်ယူနိုင်ပါ၏။

ဟိုလူကချစ်တယ်၊ ဒီလူကချစ်တယ် ဆိုလာလေတိုင်း ကိုယ်က ပြန်ချစ်ရသည် မဟုတ်စကောင်းပေ။ ကိုယ့်ရင်ထဲကကို တစ်နည်းဆိုသော် ကိုယ့်နှလုံးသားထဲကကို ချစ်မိလာမှ ပြန်၍ချစ် မိပါလေမည်တကား ဟူ၍ပင်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၅)

သူတို့ တော်တော် အလုပ်မြန်ကြသည်။

မနေ့က တိုင်ထူသည်ကိုသာ မြင်ရပြီး ယနေ့မနက်တွင် တောင့်တောင့်တင်းတင်း သပ်သပ်ရပ်ရပ် ရုပ်တဲကြီးဖြစ်နေပြီကို ချွေစင်' တွေ့ရသည်။

ပြင်သည့် မော်တော်ကားနှစ်စီးလည်း ရောက်နေသည်။

မနေ့က ဝပ်ရှော့ဖွင့်သည်။ ယနေ့ ပြင်သည့်ကားနှစ်စီး ရောက်နေသည်ဆိုတော့ မဆိုးလှပေ။

ဖေဖေက ပြောသည်။

ဒီမြို့တွင် ဝပ်ရှော့သစ် ထူထောင်သည်မှာ မဆိုး။ ဒီမြို့တွင် ကားစီးနိုင်သူ တော်တော်များသည်။ မြို့ခံဝပ်ရှော့နှစ်ခုရှိသည်။ သို့သော် မြို့ခံဝပ်ရှော့နှစ်ခုတွင် မည်သို့သော ချွတ်ယွင်းချက်ရှိသည်မသိ။ ကားပိုင်ရှင် တော်တော်များများသည် ကားပြင်လိုလျှင် မန္တလေးသို့သာ သွားပြင်ကြသည်။



ဤမြို့သည် မန္တလေးနှင့် မိုင်ငါးဆယ်ခန့်ဝေးသည်။ မော်တော်ကားလမ်းတစ်ခုသာရှိသည်။ တောင်ဆင်းတောင်တက်များသည်။ ဒီမြို့နှင့် မန္တလေးကို ကုန်ကား၊ လူစီးဘတ်(စ်)ကားများ ဥဒဟိုသွားလာနေကြသည်။

ဤမြို့သည် တောင်ပိုင်းရှမ်းပြည်နယ်သို့ သွားရာတွင် ကြားခုလတ်မြို့ဖြစ်သည်။

ပတ်ဝန်းကျင် ကျေးလက်ရွာများသည် ဥယျာဉ်လုပ်ငန်းများနှင့် သစ်တောလုပ်ငန်းများ လုပ်ကြသည်။ ဥယျာဉ်လုပ်ငန်းမှာ ပုဂ္ဂလိကလုပ်ငန်းများဖြစ်ပြီး တော်တော်ပင် ဖြစ်ဖြစ်ထွန်းထွန်း လုပ်ဆောင်ကြသည်။ သစ်တောလုပ်ငန်းမှာမူ အစိုးရအလုပ်ဖြစ်သည်။

မော်တော်ကားကို အဓိကထားသော မြို့ဖြစ်သောကြောင့် ဝပ်ရှော့ကောင်းကောင်း တည်ထောင်လျှင် အကျိုးဖြစ်ထွန်းနိုင်သည်။

ယခု နဂိုဝပ်ရှော့နှစ်ခုက ဤမြို့သည် မန္တလေးမြို့ကြီး၏ လောင်းရိပ်မိနေ၍ ဝပ်ရှော့လုပ်ငန်းမကောင်းဟု ဆိုကြသည်။ ကားပိုင်ရှင်များက မန္တလေးကိုသာအားကိုးသည်။ တောင်ကြီးလိုမြို့ကြီးကိုသာ အားကိုးသည်ဟု ဆိုကြပါလေ၏။

ဒါတွေတော့ ချွေစင် နားမလည်။ စိတ်လည်းမဝင်စား။

ခြေရင်းခြံနှင့်အိမ်တွင် ဝပ်ရှော့လာဖွင့်သူများကိုသူခေါ် ကိုဒုက္ခလေလားဟုသာ အဓိက စိတ်ဝင်စားမိသည်။ ဆိုင်းဘုတ်နာမည်ကို "မင်းသုခ"ဟု တပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမနက်တော့ ဖေဖေ ရုံးသွား၊ မေမေ ဈေးသွားသည်နှင့် ရွှေစင် ခြံထဲဆင်းလာရုံမက ဘေးခြံစည်းရိုး တံခါးလေးမှ ခြေရင်းဘက်ခြံသို့ ကူးခဲ့သည်။

အင်္ကျီပြာ၊ ဘောင်းဘီပြာရှည်နှင့် ချာတိတ်နှစ်ယောက် တွေ့ရသည်။ ချာတိတ်ဆိုစေကာမူ (၁၆)နှစ်၊ (၁၇)နှစ် ရွယ်တွေ ဖြစ်သည်။ ယောကျ်ားလေးမို့ ချာတိတ်ခေါ်ရစေကာမူ ရွှေစင်နှင့် အသက်ချင်း မကွာလှနိုင်ပေ။

ချာတိတ်နှစ်ယောက်သည်ကား အင်ဂျင်ကြီးတစ်လုံး ဘေးတစ်ဖက်စီတွင်ထိုင်ကာ ကရိယာတန်ဆာပလာတွေနှင့်အလုပ် ရှုပ်နေကြသည်။

"ဟေး"

ရွှေစင် အသံပေးလိုက်သဖြင့် ငုံ့ပြီးလုပ်နေရာမှ မော့ကြည့်သည်။

"မင်းတို့ ဆရာကော"

ချာတိတ်တစ်ယောက်က ရွှေစင့်ကို ငေးကြည့်ရာမှ တိုက်အိမ်ဘက်သို့ လက်ညှိုးထိုးပြသည်။

ရွှေစင် ဆက်၍ လျှောက်လာသည်။

"လူမှဟုတ်ရဲ့လားကွာ၊ ဥစ္စာစောင့်လား မသိဘူး"

"အေးကွ၊ ဥစ္စာစောင့်တွေဟာ သိပ်လှတာတဲ့၊ ဒါပေမဲ့ စကားပြောသားပဲကွာ၊ ဥစ္စာစောင့် မဟုတ်နိုင်ပါဘူး"

"ဟာ ... ခုခေတ် ဥစ္စာစောင့်တွေက စကားပြောတယ်ကွ၊ ရောက်လာတာ ကြည့်ပါလား၊ ဘွားကနဲပဲ၊ အိမ်ရှေ့ခြံ



ပေါက်က လှုဝင်လာရင် တို့မြင်နိုင်သားပဲ၊ ဒီခြံကြီးနဲ့အိမ်ကြီးက အရင်တုန်းက အရမ်းသရဲခြောက်တာတဲ့ကွ"

ကျောပေးလျှောက်လာသော ရွှေစင်သည် ချာတိတ်နှစ်ယောက် ပြောသည်ကို အားလုံးကြားပါ၏။

သို့သော် နောက်ပြန်လှည့်မကြည့်တော့ဘဲ တိုက်အိမ်ထဲသို့ တည့်တည့်ကြီးပင် ဝင်လာသည်။

တွေ့ပါပြီ။

အပြာကြီးသော ဦးထုပ်ဆောင်းထားသည်။ အင်္ကျီလက်ပြတ်အစုတ် ဝတ်ထားသည်။ ဘောင်းဘီက ဂျင်းပြာဖြစ်သော်လည်း ဒူးဆစ်ဖုံးရုံရှိကာ အနားတွေ ဖွာကျဲနေသည်။

အင်္ကျီရော၊ ဘောင်းဘီရော စက်ဆီအမည်းကွက်တွေ ရှိနေသည်။

ထိုလူကလည်း ကားအင်ဂျင်တစ်လုံးကို အရိုးရှည်ဝက်အူလှည့်ကိုင်ရင်း ဟိုလှည့်ဒီလှည့် အလုပ်ရှုပ်နေသည်။ အပြင်ကို ကျောခိုင်းပြီး လုပ်နေသဖြင့် ရွှေစင့်ကို ကျောပေးထားသလို ရှိနေသည်။

"ဒီမယ် ... [illegible]ဘုတ်က မင်းသုခ ဆိုတာ ရှင်ပဲလားဟင်"

"ဩော် ... ဩော် ... ရွှေစင်ပါလား"

သူက ရွှေစင်၏အသံကြားသဖြင့် နောက်ပြန်လှည့် ကြည့်ပြီး ရွှေစင့်ကို တွေ့လိုက်သည်နှင့် အပြုံးဖြင့်နှုတ်ဆက်သည်။

သူ့အပြုံး၊ သူ့နှုတ်ခမ်းနှင့် သွားများကိုမြင်သည်နှင့် သူသည် "ကိုဒုက္ခ"ဖြစ်မှန်း သေချာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သူ ... ကိုဒုက္ခပဲဟာ"

"ဟုတ်သားပဲ၊ မြစင့်အနေနဲ့ တို့နာမည် ဒုက္ခ၊ ရဲအုပ်ဦးထိန်ဝင်းကျတော့ တို့နာမည် သုခ၊ ဆိုင်းဘုတ်မှာတော့ မင်းသုခလေ၊ ကဲ ... ထိုင်၊ ဝပ်ရှော့မှာ ဆိုဖာမရှိဘူး၊ ဆက်တီမရှိဘူး၊ ခွေးခြေပဲ ရှိတယ်"

သူက တစ်တောင်ခန့်မြင့်သော ခွေးခြေတစ်လုံးကို ဆွဲကာ မြစင့်ရှေ့သို့ ချပေးလိုက်သည်။

သူကိုယ်တိုင်လည်း ခွေးခြေပုတွင်ထိုင်ရင်း အလုပ်လုပ်နေခြင်းဖြစ်သည်။ မတ်တတ် မြစင့်ကို သူက မော့ကြည့်ပြောနေရသည် ဖြစ်ပါ၏။

မြစင်သည် ခွေးခြေပုလေးတွင် ထိုင်လိုက်သည်။ သူမ၏တင်ပါးနှင့်ဆိုလျှင် ခွေးခြေပျဉ်ချပ်က အတော်အတန်သေးနေပါ၏။

"ဝမ်းသာလိုက်တာ၊ တကယ်"

"ဘာလို့ဝမ်းသာတာလဲ"

"ကိုဒုက္ခကို ပြန်တွေ့ရလို့ပေါ့"

"ဟုတ်လား၊ တကယ်တော့ မြစင်နဲ့ တို့ဟာ မိတ်ဆွေရင်းချာတွေတော့ မဟုတ်ပါဘူးနော်"

မြစင့်ရင်ထဲ အောင့်ခနဲ ခံစားလိုက်ရသည်။

မိန်းမသားဖြစ်သူက ဝမ်းသာအယ်လဲ ပြောသည်ကိုပင် သူ ပြန်ပြောပုံက တစ်မျိုးကြီးဖြစ်နေသာကြောင့် ရင်အောင့်အောင် ခံစားရပါ၏။

"ဒါပေမဲ့ ကိုဒုက္ခက မြစင်ရဲ့ကျေးဇူးရှင် မဟုတ်လား"



"ဒါဆို တို့ကို ငွေတစ်သိန်းလောက် ချေးပါလား"

"အယ်"

သူက ရယ်လိုက်သည်။

သူရယ်သည်ကို မြစင် ငေးကြည့်နေမိသည်။

သူက ဦးထုပ်ကိုချွတ်ကာ အနားပြားကြီးမှကိုင်ရင်း သူ့ကိုယ်သူ ဦးထုပ်ဖြင့် ယပ်ခတ်နေသည်။

"ဘာလဲ ... မြစင် စိတ်ညစ်သွားလား၊ အလကားနောက်တာပါ၊ တို့မှာ ငွေမလိုပါဘူး၊ တကယ်လိုအပ်ရင်လည်း သူများဆီက မချေးပါဘူး၊ ကိုယ့်အစွမ်းအစနဲ့ ရှာတယ်၊ မရရင် ရှိတဲ့ပစ္စည်း ရောင်းတာပဲ"

"မဟုတ်ပါဘူး၊ မြစင်က ကူညီချင်နေတဲ့သူပဲဟာ"

"မြစင်က ကျောင်းသူပဲ၊ မိဘအရိပ်အောက်မှာပဲဟာ၊ ငွေတစ်သိန်း ဘယ်ရှိမလဲလို့ ပြောမှာမဟုတ်လား၊ နောက်ပြီး ခုခေတ်မှာ ငွေချေးတာက အတိုးအားကြီး စကားပြောတယ်၊ ရွှေ၊ စိန်၊ အိမ်၊ မြေ အပေါင်ပေးရင် ငါးကျပ်တိုးတဲ့၊ ပစ္စည်းမဲ့အပေါင်ဆိုရင် ဆယ့်ငါးရာခိုင်နှုန်းတောင်ယူတယ်တဲ့၊ တွက်ကြည့်ရင် ငွေတစ်ရာ ငါးကျပ်ထား၊ တစ်ထောင် ငါးဆယ်၊ တစ်သောင်းမှာ ငါးရာ၊ ငွေတစ်သိန်းဆို ငါးထောင် အတိုးပေးရပြီ၊ ဟဲ ... ဟဲ ... ကိုယ်စားဖို့နေ့နေ သာသာ အတိုးတောင် ပေးစရာမပြည့်ဘူး၊ ဆယ့်ငါးကျပ်တိုးတို့ ဘာတို့ဆိုတာက ဂျင်သမား၊ ဖဲသမားချေးမယ်၊ သမ္မာအာဇီဝသမား မချေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အို ... ရွှေစင် ပြောချင်တာကတခြား၊ ကိုဒုက္ခ ပြောနေတာတွေက တလွဲပဲ"

"ရွှေစင်က ဘာပြောချင်တာလဲ၊ တို့ကတော့ ခုခေတ်ငွေတိုးချေးတဲ့ ငွေရှင်တွေကို စိတ်ပျက်လွန်းလို့ ပြောမိပြောရာ စွတ်ပြောနေတာ၊ တို့ ဒီအိမ်နဲ့ခြံကို ပေါင်ကြည့်သေးတယ်လေ၊ အဲဒီ ငွေတိုးကြောင့် လက်လျှော့လိုက်ရလို့ ရင်ထဲမခံချင်စိတ်နဲ့ ပြောနေမိတာပါ၊ ကဲ ... ရွှေစင် ပြောချင်တာက ဘာလဲ"

"ရွှေစင့်မှာ ကိုယ်ပိုင်ငွေတွေ ရှိတယ်၊ ဘိုးဘိုးနဲ့ဘွားဘွား မသေခင် ရွှေစင့်အတွက် သီးသန့် ရွှေစင့်နာမည်နဲ့ဘဏ်မှာ ငွေနှစ်သိန်း ဖွင့်ပေးခဲ့တယ်၊ ကျန်တဲ့အမွေတွေသာ မေမေက ဆက်ခံတာ"

"အားယိုယို ... ရွှေစင်က ကျောင်းသူဘဝနဲ့တောင် သူဌေးမလေးပဲ"

"အကောင်းပြောတာ ကိုဒုက္ခ၊ ရွှေစင်ကိုယ်ပိုင်ထဲက အတိုးတစ်ပြားမှမယူဘဲ ကိုဒုက္ခကို ချေးမယ်လို့ ပြောချင်လို့"

"အလို ... တယ်ရက်ရောပါလား ရွှေစင်"

"ရွှေစင့်ရဲ့အရှက်နဲ့ အသက်ကို ရွှေစင့်ဘာသာ သိပ်တန်ဖိုးထားတယ်လေ၊ ကိုဒုက္ခက အရှက်ရော အသက်ရော ကယ်တင်ပေးဖူးခဲ့တာပါ"

ဒုက္ခက ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းပြရင်း ဆက်ပြောသည်။



"ဟို ... ပိုက်ဆံမပေါ်ခင်ခေတ်က ဆိုပါတော့၊ မုဆိုးတံငါက သားငါးဖမ်းတယ်၊ လယ်သမား၊ ယာသမားက ဂျုံစပါးနဲ့ သီးနှံတွေစိုက်တယ်၊ မုဆိုးတံငါက ဂျုံစပါးလိုတယ်၊ စိုက်ပျိုးသမားက ဟင်းလျာအတွက် သားငါးလိုတယ်၊ ဒီတော့ မုဆိုးတံငါက သားငါးပေးရတယ်၊ စိုက်ပျိုးသမားက ဂျုံစပါးနဲ့ အသီးအနှံ ပေးရတယ်၊ ဖလှယ်တာလေ၊ သူက သားငါးပေးတာမို့ ကိုယ်က ဂျုံစပါး ပြန်ပေးတာပဲ၊ ကျေးဇူးတင်စရာမှ မဟုတ်တာ၊ တို့ ရွှေစင့်ဆီကငွေ တစ်ပြားတောင် လက်မခံဘူး ရွှေစင်၊ ချေးတာဖြစ်ဖြစ် ပေးတာဖြစ်ဖြစ်လေ"

"အို"

"ရွှေစင်က တို့ကို ကျေးဇူးတင်တယ်ဆိုတာကိုပဲ တန်ဖိုးထားတယ်"

ရွှေစင့် ရင်ထဲသို့ ကိုဒုက္ခ၏စကားတွေနှင့် သဘောထားတွေ စိမ့်ဝင်သွားရပါ၏။ ကိုဒုက္ခ၏စကားကို အလေးအနက် တွေးကြည့်လျှင် ရွှေစင့်ထံမှ ငွေကြေးလုံးဝမလိုချင်။ ရွှေစင်က သူ့ကို ကျေးဇူးတင်သည်ကိုပဲ ခံယူချင်သည်။ သူ့ကျေးဇူးကို ငွေနှင့်ဖလှယ်ခြင်း မပြုနိုင်ဟု အဓိပ္ပာယ်သက်ရောက်နေသည်။

ရွှေစင့် ရင်ထဲတွင် ကြည်နူးသလိုလို၊ ဝမ်းနည်းသလိုလို ခံစားရပါ၏။

"ဝေး ... စံနက်ကျော်"

"ဗျာ ... အစ်ကို၊ လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကိုဒုက္ခက လှမ်းအော်ခေါ်လိုက်ရာ အမြင်ဘက်မှာ အင်္ကျီပြာ ဘောင်းဘီပြာနှင့် ချာတိတ် ပြေးဝင်လာသည်။

"မာလကာပင် တက်ကွာ၊ ဝါပြီးမှည့်နေတာကို မခူးနဲ့၊ အစိမ်းရင့်ပျောက်ပြီး အဝင်းဘက်ကူးနေတဲ့ အသီးတွေကို ခူး၊ ပြီးရင် ရေဆေး၊ နှစ်လုံးလောက်ကို ဓားနဲ့စိတ်၊ အထဲက အစေ့တွေကို လှီးထုတ်ပစ်။ နောက်ပြီး ပန်းကန်သန့်သန့်နဲ့ ထည့်ယူခဲ့ကွာ၊ ကျန်တဲ့အလုံးတွေ ပလတ်စတစ်အိတ်နဲ့ ထုပ်ခဲ့"

"ဟုတ်ကဲ့ အစ်ကို"

"အေး ... ငြမ္မရှိတယ်၊ မျက်စိ ရှင်ပစေ"

စံနက်ကျော် ပြန်ပြေးထွက်သွားသည်။

"သူတို့နှစ်ယောက်က ကိုဒုက္ခနဲ့ သွေးသားတော်သလား ဟင်"

"ခင်ရာဆွေမျိုး ဆိုရင်တော့ သွေးသားတော်တယ်လို့ပြော ရမှာပဲ၊ စံနက်ကျော်က အကြီးကောင် ကိုးတန်း၊ အငယ် ကောင်က အောင်တလူ ရှစ်တန်း၊ ဒီနှစ်အောင်ရင်တော့ အကြီးကောင်က ဆယ်တန်း၊ အငယ်ကောင်က ကိုးတန်း ပေါ့၊ သူတို့ စာမေးပွဲဖြေပြီးတဲ့အထိ စောင့်နေလို့ အခုရက် ကျမှ ရောက်လာတာ"

"သူတို့မှာ မိဘမရှိဘူးလား၊ အဲ ... ရွှေစင် သိပ်စပ်စုရာ ရောက်နေလားပဲ"

"ရပါတယ်၊ တို့ ရွှေစင်နဲ့စကားပြောရတာ ပျော်သားပဲ၊ မေးချင်တာမေး"



"ကိုဒုက္ခ အလုပ်ပျက်မှာပေါ့"

"အင်ဂျင်နစ်လုံး ကိုင်တာများ ခက်မှတ်လို့၊ အလုပ်မပျက် ပါဘူး၊ စံနက်ကျော်မှာရော အောင်တလူမှာရော အမေ ကိုယ်စီရှိကြတယ်၊ ညီတွေ အစ်မတွေလည်း ရှိကြတယ် ...

"သူတို့ရဲ့အဖေနှစ်ယောက်စလုံး တို့အဖေလိုပဲ တိုင်း ပြည်အတွက် အသက်လှူသွားတယ်၊ တို့နဲ့ ကံတူအကျိုး ပေးပဲ၊ တို့က အလုပ်အကိုင်နဲ့ ပိုက်ဆံရှာနိုင်တယ်၊ နဂို က တို့မှာ ငွေကြေးအသင့်အတင့်လည်း ရှိတယ်၊ ဒါကြောင့် ဘဝတူ စံနက်ကျော်နဲ့ အောင်တလူကို တို့လုပ်ငန်းထဲ ထည့်သုံးတယ်၊ သူတို့ ရသင့်တဲ့လုပ်ခကို သူတို့အမေတွေဆီ ပို့နိုင်းတယ်"

ဒုက္ခသည် စကားပြောရာတွင် ရွှေစင့်ကိုမကြည့်ဘဲ ဒီပြင်တစ်နေရာရာကိုသာ ကြည့်ပြီးပြောသည်။

သူ့မျက်လုံးတွေက ရွှေစင့်ကို ခင်မင်ကြောင်း ဖော် ပြသယောင်ရှိသော်လည်း သူ့သိက္ခာစောင့်စည်းသည့်သဘောနှင့် လားမသိ။ ရွှေစင့်ကို စူးစူးဝါးဝါး စိုက်မကြည့်။ တစ်ခါတစ်ရံ ရွှေစင့်နှင့် မျက်လုံးချင်း ဆုံမိသည့်အခါ သူ့မျက်လုံးတို့သည် ကိုမင်းရဲသန့်တို့၊ ကိုစိုးမိုးဖြူတို့လို အကြည့်မျိုးမဟုတ်။ ညှိုးငယ် သောအကြည့်။ အားမတန် မာန်လျှော့သည့်အကြည့်မျိုးဟု ရွှေစင့် စိတ်ထဲက ထင်မိသည်။ ပြီး ကိုဒုက္ခ ကြည့်ပြီဆိုလျှင် ရွှေစင့် မျက်နှာလေးကိုသာကြည့်ပြီး လည်ပင်းအောက်သို့ သူ၏မျက်လုံး ရောက်မသွားပေ။ တခြားယောက်ျားတွေနှင့် ကွာပါ၏၊ သူ့သိက္ခာ ကို သူစောင့်ရန် အခါမလပ် သတိထားပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ရွှေစင် မေးချင်တာလေးတွေ ဆက်မေးရမလား"

"ဓာတ်ပြားပဟေဠိ အဖြေညှိကြမယ်ပေါ့၊ ဟုတ်လား"

ရွှေစင် တကယ်ပင် ခစ်ခစ်ကလေး အသံထွက်အောင် ရယ်လိုက်သည်။ ကိုဒုက္ခ ညွှန်းပြောသည်မှာ ရေဒီယိုမှလာတတ်သော ဓာတ်ပြားပဟေဠိခန်းကို ပြောမှန်းသိသဖြင့် ရယ်မိခြင်းဖြစ်သည်။

"ဒါဖြင့် မေးတော့မယ်နော်၊ ကဲ ... မောင်ညီမလေးတို့ရေ"

ရွှေစင်က သူ့ဟာသူပြောပြီး သူ့ဟာသူပင် ရယ်ပြန်သည်။

ကိုဒုက္ခသည်လည်း နှစ်နှစ်ခြိုက်ခြိုက်ပင် ရယ်လိုက်ပါ၏။

ဘာပဲပြောပြော ရွှေစင့်ရင်ထဲက အရမ်းကြည်နူးနေမိပါ၏။ ပြီး ရွှေစင်သည် ရယ်မောရင်းပင် ဆက်ပြောသည်။

"အံခု ပထမဆုံးမေးမယ့် မေးခွန်းက ရွှေစင်တို့နဲ့ ပထမဆုံး မာလာမြိုင်လမ်းဆုံမှာ တွေ့ကြတုန်းက ပြောခဲ့တဲ့နာမည်က ဒုက္ခတဲ့၊ ဒုတိယ ရဲအုပ်ဦးထိန်ဝင်းကို ပြောခဲ့တာက သုခတဲ့၊ အခု ဆိုင်းဘုတ်တင်ထားတာကျတော့ မင်းသုခတဲ့၊ အဲဒီ သုံးမျိုးမှာ ဘယ်နာမည်ဟာ တကယ့်အစစ်အမှန်ဖြစ်တယ်လို့ နာမည်မှန်တစ်ခုတည်းကို ဖြေပါ"

"ဟုတ်ကဲ့၊ အဖေနဲ့အမေက တို့မွေးလာတော့ သားလေး ရာသက်ပန် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်စေချင်တဲ့ မိဘမေတ္တာနဲ့ သုခလို့ နာမည်ပေးခဲ့တယ်၊ တိုက်တိုက်ဆိုင်ဆိုင် တို့ကလည်း သောကြာသားကိုး၊ တို့ ဟိုက်စကူးတက်

www.burmeseclassic.com



လို့ ရှက်တတ်တဲ့အရွယ် ရောက်ချိန်မှာ သူငယ်ချင်းတွေက တို့ကို စာရေးဆရာကြီး၊ ဒါရိုက်တာကြီးလို့လည်း နောက်ပြောင်ခေါ်ကြတယ်၊ မြန်မာပြည်မှာ စာရေးဆရာ၊ ဒါရိုက်တာ ဦးသုခ အကျော်အမော်က ရှိနေတာ လူတိုင်းသိနေတာကိုး၊ အဲ ... တချို့ကလည်း တို့ကို ဗိုလ်အောင်ဒင်ရဲ့ တပည့်လို့ နောက်ပြောင်ခေါ်ကြတယ်၊ ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှာ ဦးသုခဆိုတဲ့ လူရွှင်တော်က ဗိုလ်အောင်ဒင်ရဲ့ တပည့်ခန်းက ပါခဲ့တာ လူတိုင်းသိနေတာပဲ၊ ဒါနဲ့ တို့ ကျောင်းမှာပဲ နာမည်ပြောင်းလိုက်တယ်၊ သူများတကာလို နာမည်သုံးလုံးနဲ့ ခေတ်ဆန်ချင်တာလည်း ပါတယ်ပေါ့လေ၊ အဖေအမေပေးခဲ့တဲ့ မူရင်းလည်း မပျောက်အောင် 'မင်းသုခ' လို့ ပြောင်းလိုက်တယ်"

"ဒါဖြင့် ကိုဒုက္ခလို့ ရွှေစင်တို့ကို ပြောခဲ့တာကကော"

"အဲဒီအချိန်တုန်းက ရဲအုပ်ကိုထိန်ဝင်းက တို့ ဒီမြို့ကိုရောက်နေတာ၊ ဦးဖိုးမှိရဲ့မြေးတော်တာ၊ ဒီခြံနဲ့ ဒီတိုက်ကို အမွေခံမှာနဲ့ တို့နာမည်အမှန်ကို ဘယ်သူ့မှ မပြောနဲ့ဦးလို့ ပိတ်ထားတာနဲ့ ရွှေစင်တို့ကမေးတော့ တို့ ပြောမိပြောရာ ပြောတာပဲ၊ သုခရဲ့ဆန့်ကျင်ဘက်က ဒုက္ခမို့ ဖြန်းခနဲဒုက္ခလို့ ပြောလိုက်တာ၊ တကယ်တော့လည်း ဒုက္ခဆိုတဲ့နာမည်ဟာ တို့နဲ့ ဆီလျော်နေတာပဲ၊ ဒုက္ခဆိုတာ ဆင်းရဲခြင်း မဟုတ်လား၊ တို့က ဆင်းရဲတယ် ရွှေစင်"

"အမယ် ... ဒီတိုက်နဲ့ ဒီခြံ အမွေရထားတာများ ဆင်းရဲသေးလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ... ဟဲ ... သရဲခြောက်တဲ့ ခြံနဲ့အိမ်၊ ဒုစရိုက်စခန်း လုပ်ခဲ့တဲ့ ခြံနဲ့အိမ်ဆိုပြီး ဝယ်မယ့်သူ မရှိဘူး၊ တို့က ဒီတိုက်ကိုရောင်းပြီး တို့တတ်တဲ့ပညာနဲ့ တွင်ခုံကြီးနဲ့ ဝပ်ရှော့ကြီး တည်ထောင်မယ်လို့ စိတ်ကူးထားတာ၊ တကယ်ဝယ်ပါမယ်ဆိုတဲ့ တရုတ်၊ ကုလားကျတော့ ပွဲလန့်ဖျာခင်း၊ မြေနိမ့်လှံစိုက်နဲ့ သုံးသောင်းပဲ ပေးမယ်တဲ့လေ၊ အချဉ်ဖမ်းတာ၊ တို့ မရောင်းပါဘူး၊ တကယ့်တန်ကြေးက လျှော့ပေါ့ ရောင်းတယ်ထားဦး၊ တစ်သိန်းခွဲလောက် တန်တာပဲဟာ၊ တိုက်နဲ့ဂရန်ကို ပေါင်မယ်ဆိုတော့လည်း အတိုးငါးကျပ်နှုန်းတဲ့၊ ဒါကြောင့် တို့မှာရှိသမျှနဲ့ ဒီမှာပဲ ဝပ်ရှော့ဖွင့်ဖို့ ဆုံးဖြတ်လိုက်တာ၊ တို့မှာ မော်တော်ဆိုင်ကယ်တစ်စီး နဂိုကတည်းက ရှိခဲ့တယ်၊ ကားပြင်ဖို့ပစ္စည်းနဲ့ တခြားလိုအပ်တာဆိုရင် မော်တော်ဆိုင်ကယ်နဲ့ မန္တလေးပြေးရမှာပေါ့"

"ပင်ပန်းလိုက်တာ"

"ယောက်ျားဆိုတာ အသက်မွေးဝမ်းကျောင်းကို ရှေ့ဆောင်ဦးစီးရတာပဲ၊ မပြည့်စုံသေးတဲ့အခါ အတတ်ပညာ၊ ကိုယ်ခန္ဓာအင်အားနဲ့ အသက်မွေးဝမ်းကျောင်းပြုမယ်၊ ပြည့်စုံလာတဲ့အခါ ငွေအင်အား ပစ္စည်းအင်အားထည့်ရင်းမယ်"

"တကယ်ပဲ၊ ကိုမင်းသုခက ရာနှုန်းပြည့် ယောက်ျားဆန်တယ်၊ ယောက်ျားပီသတယ်၊ ရွှေစင်က ဒါမျိုးမှ သဘောကျတာ"

"ဩော် ... ဩော် ... ရွှေစင်က သဘောကျတယ်တဲ့လား"



ရွှေစင်သည် သူမ၏လျှာကလေးကို တစ်လစ်ထုတ်လိုက်မိသည်။

ဖြန်းခနဲ စိတ်ထဲရှိသလို လွှတ်ခနဲ ပြောလိုက်ပြီးမှ မိမိစကားမှာ မိန်းကလေးတစ်ယောက်အနေနှင့် မပြောသင့်ကြောင်း သတိရလိုက်သောကြောင့်ဖြစ်ပါ၏။

"ဒီလိုလေ ... ရွှေစင်က ယောက်ျားဆို ယောက်ျားလိုပြော၊ ယောက်ျားလိုနေ၊ ယောက်ျားလို စိတ်သဘောထားရှိပြီး ယောက်ျားဆန်တဲ့ အမူအကျင့်ကို သဘောကျတာ ပြောတာပါ၊ ရုပ်ရှင်ထဲက တကယ့်ယောက်ျားဆန်တဲ့ မင်းသားဆိုလည်း ရွှေစင်က သဘောကျတာပဲလေ၊ ရွှေစင် အတွေ့အဆုံများတဲ့ ယောက်ျားတွေက နွဲ့နွဲ့နှောင်းနှောင်း ကြက်ရင်အုပ်လေးတွေနဲ့၊ ဟေးလားဝါးလားနဲ့၊ တချို့များ အတင်းအဖျင်းတောင် ပြောတတ်သေး"

"ကဲပါ ရွှေစင်၊ တို့ကို ချီးမွမ်းတာ ကျေးဇူးတင်ပါတယ်၊ နောက်ထပ် ဘာမေးဦးမလဲ"

စံနက်ကျော် ဝင်လာသည်။ ကြွေပန်းကန်ပြားတစ်ချပ်တွင် လေးမြှောင့်စိပ်ထားသော မာလကာသီး(၈)စိပ် ပါလာသည်။ အခြားလက်တစ်ဖက်တွင် ပလတ်စတစ်အိတ်ဖြင့် ထည့်လာသော မာလကာသီးထုပ် ဆွဲလာသည်။

ပန်းကန်ရော၊ အထုပ်ရော မင်းသုခ လက်ထဲသို့ ထည့်ပေးခဲ့ပြီး ပြန်ထွက်သွားသည်။

"စား ... ရွှေစင်"

www.burmeseclassic.com

www.burmeseclassic.com

ရွှေစင် မာလကာသီး တစ်စိတ် ကောက်ကိုက်လိုက်သည်။ ပွပွရွရွ ချိုမြမြ ရှိလှသည်။ ကျွေးသူ၏ စေတနာကြောင့်လား မပြောတတ်။

"ရဲအုပ် ဦးထိန်ဝင်းက ပြောတယ်၊ ကိုမင်းသုခမှာ လိုင်စင်နဲ့ကိုင်တဲ့သေနတ် ရှိတယ်တဲ့၊ ဟိုတစ်ခါ မြွေစိမ်းကိုပစ်တုန်းကလည်း ရွှေစင်ကိုယ်တိုင် ကိုမင်းသုခ သေနတ်ကိုင်တာ မြင်ခဲ့ဖူးတယ်"

"အဲဒါ ဟုတ်သားပဲ၊ တို့မှာ လိုင်စင်နဲ့ ပစ္စတိုတစ်လက် ရှိနေသားပဲ၊ အဲဒါ ဘာဖြစ်လဲ"

"သြော် ... သေနတ်ကိုင်ခွင့် လိုင်စင်ဆိုတာ တော်ရုံလူ မရလို့ပါ"

"ဟဲ ... ဟဲ ... ရွှေစင်က တို့ကို အခြောက်တိုက် အထင်ကြီးပြီးနေတာကိုး၊ တို့က ကျောင်းကထွက်တာနဲ့ သစ်တောဌာနမှာ အလုပ်ဝင်ရတယ်၊ တောတွေ ဆင်းရတယ်လေ၊ တောထဲမှာ လူကိုအန္တရာယ်ပြုနိုင်တဲ့ သားကောင်ကြီးတွေ ရှိတယ်၊ သောင်းကျန်းသူအမျိုးမျိုးလည်းရှိတယ်၊ အန္တရာယ်များတဲ့အလုပ်မို့ သက်ဆိုင်ရာက လိုင်စင်သေနတ်ကို ကိုင်ခွင့်ပေးခဲ့တာပဲ၊ အလုပ်ကထွက်ပြီး ဝပ်ရှော့လုပ်တော့လည်း ရလက်စ ကိုင်လက်စ သေနတ်အဖြစ် တည်ရှိနေတာပဲ"

"သစ်တောဌာနက ဘာလို့ ထွက်လိုက်တာလဲဟင်"

"တောထဲမှာ တို့ တာဝန်ကျအဖွဲ့နဲ့ သောင်းကျန်းသူ တွေ့ကြတယ်လေ၊ သူ့ပစ် ကိုယ်ပစ်နဲ့ ကိုယ့်ပေါင်မှာ သေနတ်မှန်တယ်၊ ဆေးရုံတက်ရတယ်၊ ဆေးရုံကဆင်း



တော့ တို့ကို သက်ညှာတဲ့အနေနဲ့ တောကိုဆက်မပို့တော့ဘဲ ရုံးတွင်းတာဝန်ပေးတယ်၊ တို့ စားပွဲပေါ်ထိုင်လုပ်ရတဲ့ အလုပ်ကို ပျင်းတယ်၊ နောက်ပြီး တို့က ချမ်းသာချင်တယ်၊ လခစားဘဝဟာ မချမ်းသာနိုင်ဘူး၊ ဒါကြောင့် အလုပ်ထွက်ပြီး ဝပ်ရှော့မှာ ဝင်လုပ်တယ်၊ ဝါသနာပါသလို လက်ပညာရတယ်၊ မကြာခင်က ဖေဖေဆုံးတယ်၊ တို့မှာ အမေမရှိဘူး၊ ဖေဖေ စုဆောင်းဆောင်း ကျန်ခဲ့တဲ့ငွေရော၊ ဖေဖေ့အတွက် သက်ဆိုင်ရာက ဆုကြေးပေးတာတွေရောနဲ့ တို့ကိုယ်ပိုင်ဝပ်ရှော့ မန္တလေးမှာ ထောင်ခဲ့တယ်၊ လုပ်ငန်းမတွင်ကျယ်ဘူး၊ မန္တလေးမှာက ငွေအား ကိရိယာအင်အား ပြည့်စုံတဲ့ ဝပ်ရှော့ကြီးတွေ ရှိနေတယ်၊ တို့ ချောက်ချီးချောက်ချက်သမား မတိုးနိုင်ဘူး၊ စံနက်ကျော်နဲ့ အောင်တလုရဲ့နောင်ရေးကိုလည်း တို့ ကြည့်ရသေးတယ်၊ ဒါနဲ့အမေရတဲ့ ဒီကိုက်နဲ့ ဒီခြံကိုရောင်းပြီး မန္တလေးမှာပဲ အရင်းအနှီးနဲ့ ထူထောင်ဖို့ စိတ်ကူးတယ်၊ ကျန်တာတော့ ရွှေစင်သိတဲ့အတိုင်းပဲလေ၊ အမွေခံတိုက်ရောင်းဖို့ ဒီမြို့လာခဲ့ရာက ရဲအုပ်ကိုထိန်ဝင်းကို ကူညီလိုက်တာပဲ၊ ဒီနောက် ဒီတိုက်နဲ့ ဒီခြံကမရောင်းရ၊ မပေါင်ရနဲ့မှာ တို့ စိတ်ကူးတစ်မျိုးထင်ရတယ်၊ ဒီမြို့မှာ ဝပ်ရှော့နိုင်နိုင်မာမာ မရှိဘူး၊ တို့ ဝင်လုပ်ရင် ခြံနဲ့တိုက်လည်း အဆင်သင့်မို့ မင်းသုခဝပ်ရှော့ အခု ဒီကိုရောက်လာတာပဲ ရွှေစင်၊ ကဲ ... ရွှေစင် သိချင်တာ ကုန်ပြီလား"

"ဟင့်အင်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကျန်သေးလို့လဲ၊ ကုန်သွားပြီပဲ"

"ကိုမင်းသုခ သစ်တောဌာနမှာလည်း လုပ်ဖူးတယ်ဆိုတော့ ဘယ်အတန်းထိ သင်ခဲ့လဲဟင်"

"ဒါလား ... ဟဲ ... ဟဲ"

မင်းသုခက ရုတ်တရက်မဖြေသေးဘဲ ဟဲ ... ဟဲ ... ဟု ရယ်လိုက်သည်။

ဟာသကွက်မဝင်ပါဘဲလျက် တမင်တကာ ဟဲ ... ဟဲ ... ရယ်ခြင်းမျိုးသာဖြစ်မှန်း ရွှေစင် အကဲခတ်မိသည်။

"တို့ ဆယ်တန်းကို 'ဘီ'နဲ့တော့ အောင်ပါတယ်၊ သစ်တောဌာနကို ရောက်သွားတာကတော့ တို့အဖေရဲ့အပေါင်းအသင်းမျက်နှာနဲ့ ဆိုပါတော့၊ တို့က သစ်တောဌာနမှာ အရာရှိရဲ့နောက်လိုက်ဝန်ထမ်းပါ"

"နောက်လိုက်ဝန်ထမ်းကို သေနတ်လိုင်စင် ထုတ်ပေးသတဲ့လား"

"ဩော် ... လုပ်ငန်းကိုက တောထဲမှာ အန္တရာယ်များတဲ့ အလုပ်ပဲဟာ၊ သက်ဆိုင်ရာက ပေးတာပေါ့"

ဒါတော့ ရွှေစင် နားမလည်ပေ။ သက်ဆိုင်ရာက သေနတ်ထုတ်ပေးရာတွင် မည်သို့သော စည်းကမ်းသတ်မှတ်မှန်း ရွှေစင် မသိ။

"ရွှေစင်ရေ ... ရွှေစင်"

မေမေ၏ခေါ်သံကို ကြားရသည်။ ရွှေစင် ထိုင်ရာမှ ထပါ၏။



"ရော့ ... မာလကာသီးထုပ်၊ ရေခဲသေတ္တာထဲ ထည့်စားရင် ပိုပြီးရင်အေးတာပေါ့၊ သိပ်လည်းမစားနဲ့ပေါ့လေ၊ ဗိုက်နာတတ်တယ်လို့ ပြောကြတာပဲ"

ရွှေစင် မာလကာသီးထုပ်ကိုယူရင်း မင်းသုခ၏ မျက်နှာကို ငေးကြည့်သည်။ မင်းသုခ၏ မဖြီးသောဆံပင်တို့မှာ အခွေအတွန့်တချို့ နဖူးပြင်တွင် ကျနေသည်ကိုက ကြည့်ကောင်းနေပါ၏။

"ရွှေစင် တစ်ခု သတိပေးချင်လို့"

"ပေးလေ"

"ဦးပန်းမောင်ရဲ့သား ကိုဖေသန်းမောင်ဆိုတဲ့လူက ကိုမင်းသုခကို ဘယ်လိုမှ ကျေမှာမဟုတ်ဘူး၊ ကိုဖေသန်းမောင်ဟာ ဒီမြို့ပတ်ဝန်းကျင်က ရွာတစ်ခုမှာ နိုနေတယ်တဲ့၊ အဲဒါ ရွှေစင် သတိပေးတာပါ"

"ကျေးဇူးတင်တယ် ရွှေစင်၊ ဒီကိစ္စကို ရဲအုပ်ဦးထိန်ဝင်းနဲ့ တို့ ကြိုကြိုတင်တင် ညှိနှိုင်းထားပါ့မယ်၊ ဖြစ်လာတော့လည်း လာတဲ့ဘေး ပြေးတွေ့ရုံပေါ့"

ရွှေစင် ပြန်သွားသည်။

ယခုတစ်ခါတော့ မင်းသုခသည် ရွှေစင်၏လည်တိုင်မှ ခြေဖနောင့်အထိ နောက်မှ ငေးကြည့်နေမိတော့သည်။

တကယ့် ပန်းပုလက်စွမ်းပြ ရွှေစင်ရုပ်လေးပါလား။

✱ ❆ ✱

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ကေနိုင်ဖြူ၏မွေးနေ့ပွဲသည် ခြိမ့်ခြိမ့်သဲလိမ့်မည် ထင်ပါ၏။

တင်ကြိုဖိတ်ထားပြီးသား ဖြစ်ပါ၏။ ဖေဖေနှင့်မေမေကိုလည်း ဖိတ်ထားသည်။ အဓိကမှာ ရွှေစင် ဖြစ်သည်။ ကေနိုင်ဖြူနှင့် ရွှေစင်က အိမ်နီးချင်း၊ တစ်တန်းတည်းကျောင်းသူ၊ အချစ်ဆုံးသူငယ်ချင်းလေကိုး။

ရွှေစင်က ငါးရာခြောက်ဆယ် ပေးရသော ပါတိတ်ထဘီ မွေးနေ့လက်ဆောင်ပေးဖို့ ဝယ်ထားပေးသည်။

ကေနိုင်ဖြူ၏မိတ်ဆွေတွေ၊ မိဘဖြစ်သော ဦးလှထွန်းဖြူ၊ ဒေါ်ဥမ္မာတို့၏ မိတ်ဆွေတွေ၊ စိုးမိုးဖြူ၏မိတ်ဆွေတွေ တစ်မြို့လုံး ဖိတ်ရုံမက ရပ်ဝေးက မိတ်ဆွေတွေကိုပင် လာနိုင်သည် မလာနိုင်သည် အပထား။ မဖိတ်လျှင် အပြစ်တင်မည်စိုး၍ စောစီးစွာ တင်ကြိုဖိတ်ထားသေးသည်။

"နင်တို့ ဖိတ်စာဘယ်လောက် ဖိတ်တာလဲ ကေနိုင်"

"ငါးရာ"



"အမယ်လေး ... မနည်းပါလားဟဲ့"

"ဖိတ်တိုင်းလည်း လာချင်မှ လာနိုင်ကြတာပဲ ရွှေစင်ရယ်၊ မဖိတ်တော့လည်း အပြစ်တင်တယ်တဲ့၊ မေမေကပြောတယ်၊ ဖိတ်တာက တို့ဝတ္တရား၊ လာတာ မလာတာ သူတို့တာဝန်တဲ့"

"ဒါနဲ့ နင် အိမ်ရှေ့တည့်တည့်က ကိုမင်းသုခကိုကော ဖိတ်သေးလား"

"ဖိတ်ပါတယ်၊ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ ကေနိုင်"

"ကိုကိုစိုးနဲ့ မေမေက သိပ်မဖိတ်ချင်ကြဘူး၊ ဖေဖေက မင်းတို့သားအမိ အဲဒီလို လူတန်းစားမခွဲချင်နဲ့၊ တစ်လမ်းတည်းအတူနေဖြစ်ရုံမကဘူး အိမ်ချင်းမျက်နှာချင်းဆိုင်ဖြစ်နေတာ မကောင်းဘူး၊ ဖိတ်ကိုဖိတ်ရမယ်ဆိုလို့ အိမ်ကခိုင်းတဲ့ ကောင်မလေးကို ဖိတ်စာပေးခိုင်းလိုက်တယ်၊ ကိုကိုကတော့ ညည်းတယ်၊ အင်း ... ဆွမ်းဆန်ထဲ ကြွက်ချေးရောကုန်ပြီတဲ့လေ"

"ဟယ် ... ဒီလိုမပြောပါနဲ့၊ ကိုမင်းသုခတို့က ဘယ်လောက်များ အောက်တန်းကျနေလို့လဲ"

"ငါလည်း ပြောပါတယ်၊ ကိုမင်းသုခဟာ တစ်ခါတုန်းက မာလာမြိုင်လမ်းကွေ့မှာ တို့ကို နှောင့်ယှက်တဲ့လူတွေနဲ့ ဖိုက်တာ၊ သုံးယောက်နဲ့တစ်ယောက် နိုင်တဲ့လူတို့၊ အဲဒါ ကိုကိုက နိုင်မှာပေါ့၊ ဒီလူစားက ဒီလိုအသားအပုတ်မျိုး ရှိတတ်တာပဲတဲ့"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်သည် ဟိုတလောက ခြံကူးပြီး ကိုမင်းသုခနှင့် တွေ့ခဲ့သည့်အကြောင်း ကေခိုင့်အား မပြောဖြစ်ပေ။ ယခုလည်း သူတို့စကားတွေ နားထောင်ပြီး ပြောပြလိုက်ဖို့ စိတ်မကူးတော့ပေ။

"ကိုရဲမင်းသုန်ကြီးကိုကော စပါရှယ် မဖိတ်ဘူးလား ကေခိုင်"

"ဖိတ်တာပေါ့၊ တို့ကိုယ်တိုင် သွားဖိတ်တာ၊ မလာရင်အရှမ်း စိတ်ဆိုးမယ်လို့တောင် ပြောခဲ့သေးတယ်"

"လာမှာပါ၊ နင့် ကိုရဲကြီးက နင့်မွေးနေ့ပဲဟာ၊ စပါယ်ရှယ် လာမှာပေါ့"

ကေခိုင်က ညိုးညိုးနွမ်းနွမ်းလေး ဖြစ်သွားပြီး ဖြည်းညင်းစွာ ပြန်ပြောသည်။

"အင်း ... လာတော့ လာမှာပါ၊ ဒါပေမဲ့ ဒီတစ်ခေါက် ကိုရဲ ပြန်လာပြီးမှ တစ်မျိုးပဲ ရွှေစင်၊ ငါ့ကိုဆက်ဆံတာ ဟိုတုန်းကလို ရင်းရင်းနှီးနှီး သိပ်မရှိဘူး၊ ဟိုတုန်းကဆို အိမ်ကို ခဏခဏလာတယ်၊ ငါ့ကိုစတယ်၊ နောက်တယ်၊ အခု အိမ်ကိုတောင် အလာကျဲသွားတယ်၊ နင်တို့အိမ်ဘက်တော့ သူ ခဏခဏကူးသွားတာ ငါ လှမ်းမြင်တယ်"

"အင်း ... လာပါတယ်၊ သူနဲ့မေမေက လေပေးတော်တော် ဖြောင့်တယ်၊ ပန်းပင်တွေအကြောင်းပြောပြီး သူ နိုင်ငံခြားကပါလာတဲ့ ပန်းမျိုးစေ့တွေကို စနစ်ဖယားနဲ့ လာစိုက်ပေးနေတာ"



"ဟုတ်တယ်၊ ဟုတ်တယ်၊ ဒါတော့ အမှန်ပဲ၊ ကိုရဲက ပန်းပင် အားကြီးဝါသနာပါတယ်၊ တို့မေမေက ဒါကျတော့ ဝါသနာမပါဘူး၊ တို့အိမ်မှာ ရွက်လှပင်တွေပဲရှိတယ်"

ကိုရဲမင်းသုန်က မိမိအား မေတ္တာစကား ပြောခဲ့သည်ကို ရွှေစင်က ကေခိုင့်အား မပြောပေ။ ကိုယ်တိုင်က ကိုရဲမင်းသုန်ကို လက်ခံသည်မဟုတ်။ ပြောနေလည်း ကေခိုင် စိတ်မကောင်းဖြစ်မည်စိုး၍ မပြောတော့ပေ။

မေမေကလည်း တစ်မှောင့်။

ကေခိုင့် မွေးနေ့တွင် ရွှေစင့်ကို အစွမ်းကုန်အလှပြင်ရမည်။ မေ့မေကိုယ်တိုင် အလှပြင်ပေးပြီး ဝတ်ရမည့် အဝတ်အထည် ရွေးပေးမည်ဟု ဆိုသည်။

ရွှေစင်က တော်ရုံသင့်ရုံလောက်ပဲ ဖြီးလိမ်းခြယ်သ ဝတ်ဆင်ချင်သည်။

"ကေခိုင်တို့ပွဲက တော်တော်လေး ခမ်းခမ်းနားနားလုပ်မှာတဲ့ ရွှေစင်၊ တီးဝိုင်းတောင် မန္တလေးက 'ယန်းဘွိုင်' တီးဝိုင်းကို ကြိုက်ဈေးပေးခေါ်ထားတာတဲ့၊ ယန်းဘွိုင်အဖွဲ့က တော်ရုံနဲ့ နယ်ကိုလိုက်တာ မဟုတ်ဘူးတဲ့"

ရွှေစင်လည်း မန္တလေးမှ ယန်းဘွိုင်တီးဝိုင်းအကြောင်း ကြားဖူးနားဝရှိသည်။ မန္တလေးမှ တကယ့်ထိတ်ထိတ်ကြဲ ပိုက်ဆံချမ်းသာသော မိဘများ၏သားသမီးတွေ ဝါသနာအရင်းခံပြီးဖွဲ့ထားသော တီးဝိုင်းဖြစ်သည်။ ပညာတတ်လူငယ်တွေချည်းဖြစ်သည်။ သူတို့အဖွဲ့တွင် တက္ကသိုလ်ဘွဲ့ရသူ မပါတာလျှင်ပင် ထည့်မသုံးဟု ကောလာဟလသတင်းတွေ ထွက်သည်။ တီးမှုတ်

www.burmeseclassic.com

www.burmeseclassic.com



ကိရိယာ၊ အော်ဂင်၊ ဒရမ်ဆက်၊ ဂစ်တာတွေဆိုလည်း တကယ့်တန်ဖိုးကြီး အကောင်းစားတွေကိုမှ အသုံးပြုသည်ဟုလည်း ပြောကြသည်။

ယန်းဘို့င်တီးဝိုင်းကို ဦးလှထွန်းဖြူကိုယ်တိုင် မန္တလေးဆင်းကာ ဦးလှထွန်းဖြူ၏ ဩဇာညောင်းခဲ့သော မိတ်ဆွေသူဌေးတစ်ဦး၏ အကူအညီဖြင့် ငှားခဲ့ရသည်ဆိုသည်။

သန်ဘက်ခါဆိုလျှင် ကေခိုင်ဖြူ၏ မွေးနေ့ပင်။

* ❄ *



## အခန်း(၁၇)

မြေရင်းဘက်ခြံကို ရွှေစင် မရောက်သည်မှာ ကြာသွားပြီ။

နှစ်ရက်တစ်ခါ၊ သုံးရက်တစ်ခါ ဆိုသလို ညဘက်တွင် ကိုမင်းသုခ၏ ပတ္တလားခေါက်သံနှင့် ခပ်အုပ်အုပ်လေးတေးဆိုသံများ ကြားရသည်။

နေ့ဘက် ရွှေစင် ကွယ်ရာမှ ချောင်းကြည့်လျှင် ကိုမင်းသုခနှင့် စံနက်ကျော်၊ အောင်တလှူတို့ ကုန်းရုန်းနေအောင် အလုပ်လုပ်နေသည်ကို တွေ့ရသည်။

ကိုမင်းသုခသည် နေ့တိုင်းလိုလို မော်တော်ဆိုင်ကယ်ဖြင့် မန္တလေးဘက်သို့ သွားသည်လည်း ရွှေစင် ကွယ်ရာမှချောင်းကြည့် မြင်ရသည်။

မန္တလေးသွားသည် ဆိုပေမယ့် တစ်နေကုန်သည် မဟုတ်။ မနက်(၉)နာရီက ထွက်သွားလျှင် (၁၀)နာရီဆို ပြန်ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းသုခ ပြောဖူးသည်။ ကားပြင်ဖို့အတွက် လိုအပ်သောပစ္စည်းဆိုလျှင် မော်တော်ဆိုင်ကယ်ဖြင့် မန္တလေးသို့ ပြေးဝယ်ရသည်ဟူ၍။

သူ့တွင် မော်တော်ကားစပယ်ယာပစ္စည်းများ ဝယ်ထားနိုင်သော ငွေအင်အား မရှိရှာ။ သူ ပြောဖူးသလိုပင် အတတ်ပညာကို အရင်းခံ၍ ကိုယ်ခန္ဓာအပင်ပန်းခံပြီး ဝင်ငွေရှာဖွေရမည်ဆိုသည့်အတိုင်း မန္တလေးသို့ ပစ္စည်းလိုလာတိုင်း တဖုတ်ဖုတ်ဖြင့် သွားရခြင်းဖြစ်မည်။

မန္တလေးတွင် အချိန်ဖြုန်းပုံမရ။ ပစ္စည်းဝယ်ခြမ်းပြီး ချက်ချင်းပြန်ပြေးလာကာ ဆက်၍လုပ်ငန်းခွင်ဝင်သည့်ပုံမျိုး ရွှေစင်တွေ့နေရသည်။

"သူ့ခမျာ သနားပါတယ်"ဟု ရွှေစင့်ရင်ထဲက ခဏခဏ ဖြစ်ရသည်။

မင်းသုက မော်တော်ဆိုင်ကယ်သံကြားလျှင် ရွှေစင်ချောင်းမကြည့်ဘဲ မနေနိုင်။ ရွှေစင့် မျက်စိထဲ အရမ်းကြည့်လို့ကောင်းနေသည်။

သူ၏အရပ်အမောင်း၊ သူ၏ခြေတံလက်တံ၊ သူ၏ခန္ဓာကိုယ်အနေအထားက မော်တော်ဆိုင်ကယ်စီးလျှင် မြင်ရသည်မှာ ထည်ထည်ဝါဝါ ရှိလှသည်။

မော်တော်ဆိုင်ကယ်သည် အခြားယာဉ်များနှင့်မတူ။ စီးသူ၏ဦးခေါင်းမှ ခြေဖျားတိုင်အောင် တစ်ကိုယ်လုံး ပေါ်လွင်စေသည်။



ယောက်ျားတိုင်း မော်တော်ဆိုင်ကယ်စီးလျှင် ကြည့်ကောင်းတတ်သည်မဟုတ်။ တချို့ ခါးကြီးကုန်းနေသည်။ တချို့ လက်ကိုင်ကိုကိုင်သော လက်နှစ်ဖက် ကွေးကွေးကားကားကြီး ရှိနေတတ်သည်။ တချို့ကျတော့ ဒူးကြီးနှစ်ဖက် သောကားနေတတ်သည်။

ပြီး ... မင်းသုခ စီးသော မော်တော်ဆိုင်ကယ်မှာ ပုံကြမ်းကြမ်းဖြင့်(၂၅၀၀ စီစီ)တောစီးမော်တော်ဆိုင်ကယ်ဖြစ်သည်။ တစ်ခါတစ်ရံ စံနက်ကျော်ဖြစ်ဖြစ်၊ အောင်တလှဖြစ်ဖြစ်စီးလျှင် မော်တော်ဆိုင်ကယ်ကြီးက ကြီးနေပြီး ကောင်လေးတွေက သေးကွေးနေသည်။

ရွှေစင်သည် ကိုမင်းသုခတို့ခြံသို့ မကြာခဏသွားချင်ပါ၏။

သို့သော် ကိုယ့်သိက္ခာကိုယ် ငဲ့ရသည်။ ခေါင်းရင်းအိမ်မှ ကိုရဲမင်းသုန်နှင့် အိမ်ရှေ့အိမ်မှ ကိုစိုးမိုးဖြူသည် ရွှေစင့်ကို ကွယ်ရာမှ အမြဲချောင်းနေကြမှန်း ရွှေစင် သိသည်။

သည်ကြားထဲ မေမေကလည်းတစ်မှောင့်။

ကိုမင်းသုခ အိမ်ဘက်သို့သွားခြင်းကို ဟန့်တားသည်။ ကျေးဇူးရှင်မို့ ထိုက်ထိုက်တန်တန် ပစ္စည်းတစ်ခုခုနှင့်ဖြစ်စေ၊ ငွေကြေးဖြစ်စေ ကန်တော့လိုက်။ ရွှေစင်ကိုယ်တိုင် ခဏခဏသွားနေစရာမလို၊ ဝပ်ရှော့တို့၊ ယောက်ျားဆံသဆိုင်တို့၊ လက်ဖက်ရည်ဆိုင်တို့၊ အရက်ဖြင့်တွဲရောင်းသော စားသောက်ဆိုင်တို့ကို မိန်းကလေးအနေနှင့် မသွားသင့်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း အကဲခတ်ပါတယ် ရွှေစင်၊ သူတို့အိမ်မှာ ယောက်ျားပျိုလေးတွေချည်းပဲ၊ မိန်းကလေးတစ်ယောက်မှ မရှိဘူး၊ တကယ်လို့ မင်းသုခမှာ အစ်မဖြစ်စေ၊ ညီမဖြစ်စေ ရှိရင် ကိုယ်သွားလည်ချင်လည်း တော်သေးတယ်၊ အခုတော့ ယောက်ျားလေးတွေချည်းရှိတဲ့ နေရာကိုသွားရင် ပတ်ဝန်းကျင်က ကိုယ့်ကို ဘာထင်မလဲ"

မေမေ့စကားကို ရွှေစင် မငြင်းသာ။

* * *



## အခန်း(၁၈)

မင်းသုခဝပ်ရှော့တွင် မြို့ပေါ်မှ ကိုယ်ပိုင်ကားများသာမက ဘတ်(စ်)ကား၊ လော်ရီကားများပင် ပြင်ကြလေပြီ။

လက်ရာကောင်းသည်။ ရက်ချိန်းအတိုင်း မော်တော်ကားပြင်၍ ပြီးစီးသည်ဟု နာမည်ထွက်လာသည်။

ထို့ပြင် မင်းသုခသည် ဝပ်ရှော့တွင် ပြင်ကား(၄)စီးထက် ပို၍လက်မခံပေ။ ပိုက်ဆံရပြီးရောစိတ်ဖြင့် လာအပ်သမျှကားများ လက်ခံပြီး ဖင်မနိုင် ခေါင်းမနိုင်၊ ရက်ချိန်းပျက်အလုပ်မျိုး လုံးဝမလုပ်ပေ။ လေးစီးအနက် တစ်စီးပြင်ပြီးသွားမှ နောက်တစ်စီး၊ နောက်တစ်စီး စသည်ဖြင့် လက်ခံသည်။

မန္တလေးဝပ်ရှော့ သွားအပ်လျှင် အင်ဂျင်ပိုင်းပါလာပါက အနည်းဆုံး(၁၅)ရက်ကြာသည်။ ဒါတောင် ကားပိုင်ရှင်က နေ့စဉ် မန္တလေးသွားကာ ဝပ်ရှော့ဆရာတွေကို လက်ဖက်ရည်တိုက်၊ စီးကရက်ဖိုးပေး နေ့တိုင်းလုပ်ရသည်။ အင်ဂျင်တစ်လုံးလုံး ချပြီဆိုလျှင် အနည်းဆုံး တစ်လကြာသည်။

"မုန့်ဖိုး၊ လက်ဖက်ရည်ဖိုး ပေးခြင်းဖြင့် မဖျက်ဆီးပါနှင့်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသုခက မင်နီရောင်ကြီးဖြင့် ယင်းသို့ရေးထားသည်။ စံနက်ကျော်နှင့် အောင်တလှကိုလည်း မုန့်ဖိုး၊ လက်ဖက်ရည်ဖိုး လုံးဝမယူရဟု ပိတ်ပင်ထားသည်။ ကောင်လေးတွေက မင်းသုခ၏စကားဆိုလျှင် ဘုရားဟောလို ရှိသေသည်။

မင်းသုခက စက်ပြင်ခရသည့်ထဲမှ ၅၀ ရာခိုင်နှုန်းယူသည်။ ကောင်လေးနှစ်ကောင်ကို ၂၅ ရာခိုင်နှုန်းစီပေးသည်။ ထမင်းအလကားကျွေးသည်။ လက်ဖက်ရည်အချိုမသောက်ရ။ ပဲပြုတ်ထမင်းကြော်၊ ပဲပြုတ်နံပြားဖြင့် ရေနွေးကြမ်းဖြင့်သောက်စေသည်။ မင်းသုခ ကိုယ်တိုင် ကောင်လေးနှစ်ကောင်နှင့်အတူစားသည်။ လက်ပက်ရည် ကော်ဖီကို မင်းသုခလည်း မသောက်။

ကားအစီးရေ မပြတ်လက်ခံရသောအခါ ငွေကြေးဝင်ငွေ ကောင်းလာသည်။ စံနက်ကျော်နှင့် အောင်တလှသည် လစဉ် သူ့မိဘများထံသို့ တစ်ယောက်လျှင် ရှစ်ရာနှင့်တစ်ထောင်ကြား ပို့က်ဆံပို့နိုင်သည်။

ကောင်လေးတွေ. အရမ်းပျော်နေပါ၏။

အလုပ်လုပ်ရာတွင်လည်း ကောင်လေးနှစ်ယောက်လုံး အထာကျွမ်းလှသည်။

ဆရာဝန်က လူနာကို ခွဲစိတ်ရာတွင် ဘေးမှကျွမ်းကျင်သော သူနာပြုဆရာမက အဆင်သင့် ဆရာဝန် လက်ဝါးဖြန့်သည်နှင့် ဓားဆိုလျှင်ဓား၊ ကတ်ကြေးဆိုကတ်ကြေး စသည်ဖြင့်ပေးသွားသလို စံနက်ကျော်နှင့် အောင်တလှတို့က မင်းသုခကိုကျွမ်းကျင်စွာ ကူညီသည်။



ဤမြို့တွင် မင်းသုခဝပ်ရှော့ ကောင်းသတင်းတွေပျံ့လွင့်သည်နှင့်အမျှ ငွေရှင်ကြေးရှင် စီးပွားရေးသမားတချို့က မင်းသုခအား လာရောက်ညှိနှိုင်းတော့သည်။

ဝပ်ရှော့၌ တွင်ခုံကအစ လိုအပ်သမျှပစ္စည်းတွေကို သိန်းနှင့်ချီ၍ စိုက်ထုတ်ပေးမည်။ ရရှိသောအကျိုးကျေးဇူးအပေါ် ၅၀ ရာခိုင်နှုန်းစီ ခွဲဝေယူဖို့ဖြစ်သည်။

မင်းသုခ လက်မခံ။

လက်ခံလိုက်လျှင် မိမိလုပ်ငန်းသည် ကိုယ်ပိုင်လုပ်ငန်း မမည်ပါလေတော့။ ငွေရှင်ကြေးရှင်၏ ကြိုးဆွဲရုပ်ဖြစ်သွားနိုင်သည်။ ယခုထက်တော့ ပို၍အကျိုးရှိကောင်း ရှိနိုင်သည်။ သို့သော် စံနက်ကျော်တို့၊ အောင်တလှတို့အတွက် အနေအစားမလွတ်မလပ်တွေ ဖြစ်လာနိုင်သည်။ မင်းသုခက သီးသီးခါးခါး ပင် ငြင်းပယ်လိုက်သည်။

ယနေ့ ...

နံနက်(၈)နာရီလောက်တွင် မာလာမြိုင်လမ်းထဲသို့ သီဂီဝင်း စက်ဘီးစီးပြီး ဝင်လာသည်ကို ရွှေစင် လှမ်းတွေ့သည်။

မိမိအိမ်သို့ လာလေသလား၊ ကေခိုင်ဖြူ၏အိမ်သို့ လာလေသလားဟု ရွှေစင် ကြည့်နေသည်။

ကေခိုင်ဖြူ၏မွေးနေ့ပွဲက နက်ဖြန်တွင် ကျင်းပတော့မည်မို့ သီဂီဝင်း တင်ကြိုရောက်လာခြင်းပေလားမသိ။

သီဂီဝင်းတို့က အနည်းငယ် ချို့တဲ့သည်။ ကေခိုင်ဖြူ၏မွေးနေ့ပွဲက မကျင်းပမီကပင် တစ်မြို့လုံး ဟိန်းထွက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမွေးနေ့ပွဲကို ဖိတ်ကြားသည့်အတိုင်း လာရောက်ဖို့အတွက် အဝတ်အစားကောင်းကောင်း ဝတ်နိုင်ဖို့လိုသည်။ စိန်ရွှေ စသည်ဖြင့် လက်ဝတ်လက်စား ဝတ်နိုင်ဖို့လို့လည်းလိုသည်။

သီဂီဝင်းကိုလည်း သူငယ်ချင်းမို့ ဖိတ်ထားသည်။ သီဂီဝင်း မတက်ရောက်နိုင်သဖြင့် မွေးနေ့လက်ဆောင် ကြိုတင်ပေးပြီး မွေးနေ့ပွဲသို့ မတက်ရောက်သည်ကို ခွင့်လွှတ်ရန် လာရောက်တောင်းပန်ခြင်း ဖြစ်တန်ရာသည်ဟု ရွှေစင် ထင်မိသည်။

ဤအတိုင်းသာဆိုပါက သီဂီဝင်းသည် ရက်ရှာပေလိမ့်မည်။ ထို့ကြောင့် ရွှေစင်သည် သီဂီဝင်းကို ထွက်၍နှုတ်မဆက်ဘဲ တံခါးကွယ်၊ နံရံကွယ် ပုန်းနေလိုက်သည်။

သို့သော် ...

ရွှေစင် ထင်သလိုမဟုတ်။ သီဂီဝင်းသည် ကေခိုင်တို့အိမ်ကိုမဝင်ဘဲ မင်းသုခဝပ်ရှော့သို့ တန်းတန်းမတ်မတ် ဝင်သွားသည်ကို ရွှေစင် အံ့သြစွာ လှမ်းမြင်ရသည်။

ရွှေစင်သည် ဟိုဘက်ခြံကို မြင်သာသော ပြတင်းပေါက်မှ လှမ်းကြည့်ပြန်တော့သည်။

ပထမ သီဂီဝင်းသည် အောင်တလူနှင့် စကားပြောသည်။

အောင်တလူက အိမ်ထဲဝင်သွားပြီး ကိုမင်းသုခနှင့်အတူ ပြန်ထွက်လာသည်။

သီဂီဝင်းနှင့် မင်းသုခတို့ မတ်တတ်ရပ်ပြီး စကားပြောကြသည်။



ပထမ စ,ပြောစဉ်က သီဂီဝင်း မျက်နှာမှာ ညှိုးညှိုးနွမ်းနွမ်းလေးပင်။

နောက်ဆုံး သီဂီဝင်း ရယ်မောပြုံးရွှင်နေသည်ကို ရွှေစင် လှမ်းမြင်နေရသည်။

ရွှေစင်၏ရင်ထဲတွင် မခံချင်စိတ်၊ ခံပြင်းစိတ်လေးများ ဖြစ်ပေါ်မိသည်။

"အံ့ပါရဲ့၊ သီဂီဝင်းတို့များ မိတ်ဆက်ပေးသူ မရှိဘဲ ကိုယ့်ဟာကိုယ် လာပြီးမိတ်ဖွဲ့ပလေတယ်၊ ရဲလိုက်တဲ့မိန်းမ"

ဟု ရွှေစင်၏စိတ်ထဲ သီဂီ့ကို အပြစ်တင်မိသလိုလို၊ ကဲ့ရဲ့မိသလိုလို ဖြစ်ရသည်။

နာရီဝက်လောက်ပင် ကြာပေမည်။

ထို့နောက် သီဂီဝင်းသည် မင်းသုခခြံထဲမှ ပြန်ထွက်ပြီး အိမ်ရှေ့ရှိ ကေခိုင်တို့အိမ်သို့ ဝင်သွားသည်။

ရွှေစင် မနေနိုင်တော့။ ကေခိုင်တို့အိမ်ဆီသို့ သွက်သွက်လေး လျှောက်လာခဲ့သည်။

"ဖေဖေက သွတ်လိုက်လို့ ငါ လာရတယ် ကေခိုင်ရယ်"

ရွှေစင် ရောက်သွားတော့ ဝပ်ရှော့လာရသည့်အကြောင်းရင်းကို သီဂီဝင်းက ပြောခါစပင် ရှိသေးသည်။

"ဖေဖေက ကားသမား မဟုတ်လား၊ ကိုမင်းသုခ လုပ်ကိုင်ပုံကို သိပ်ချီးမွမ်းတာပဲ၊ ဒီမြို့မှာ မကြာခင် ကိုမင်းသုခရဲ့ဝပ်ရှော့ဟာ ကြီးပွားမှာ သေချာတယ်တဲ့၊ အဲဒါ ဖေဖေက ဆင်ဖြူတော်မှီပြီး ကြံစုပ်မှပဲ သီဂီ ...

www.burmeseclassic.com

www.burmeseclassic.com



"တို့မှာ စုမိဆောင်းမိထားတဲ့ ငွေလေး အတိုက်အလျှောက် ရှိတယ်လေ၊ အခု ကိုမင်းသုခက မော်တော်ကား အပိုပစ္စည်းလိုရင် မန္တလေးကို ပြေးဝယ်လုပ်နေရတယ်၊ ဒီတော့ ဖေဖေက ကိုမင်းသုခ ဝယ်ရှော့မှာပဲ ကားအပိုပစ္စည်းဆိုင်ဖွင့်မယ်၊ အဲဒါ ကိုမင်းသုခက ခွင့်ပြုနိုင်မလားဆိုတဲ့အချက်ရယ် ..."

ထိုစဉ်မှာပင် အပြင်မှ မော်တော်ကားဖြင့် ပြန်လာသော စိုးမိုးဖြူသည် ကားပေါ်မှ ဆင်းလာသည်နှင့် ရွှေစင်နှင့် သိင်္ဂီဝင်းဆိုသော မိန်းမချောလေးနှစ်ယောက်ကို မြင်သည်နှင့် စကားဝိုင်းတွင် ဝင်ထိုင်ပေသည်။

ကေခိုင်ဖြူ၏ မွေးနေ့ကျင်းပရေးအတွက် အစ်ကိုဖြစ်သူ စိုးမိုးဖြူ အလုပ်များနေဟန်တူပါ၏။

"ကိုကိုစိုး ... အားလုံး အဆင်ပြေလားဟင်"

"ပြေတယ် ကေခိုင်၊ စိတ်ချ ... နက်ဖြန် နင့်ပွဲကတော့ ခြိမ့်ခြိမ့်သဲသွားမှာ သေချာတယ်"

ကေခိုင်ဖြူသည် သိင်္ဂီဝင်း ပြောပြသည်ကို သိပ်စိတ်ဝင်စားဟန်မတူဘဲ သူမ၏ မွေးနေ့ပွဲအတွက် ပီတိဖြစ်နေပုံရသည်။

"ဆက်ပြောပါဟယ် သိင်္ဂီ၊ ခွင့်ပြုနိုင်မလားဆိုတော့ ကိုမင်းသုခက ဘာပြောလဲ"

"ရတယ်တဲ့၊ ဘဝတူချင်း ကူညီရလို့ ဝမ်းတောင်သာသေးတယ်တဲ့၊ သူ့အနေနဲ့လည်း ထစ်ခနဲဆို မန္တလေးပြေးရတာ သက်သာသွားမယ်တဲ့၊ သူ့ခြံစည်းရိုးကိုဖောက်ပြီး ဆယ်ပေ



လောက်အခန်းလေး ဆောက်လိုက်တဲ့၊ ကိုယ့်ဟာကိုယ် လုံလုံခြုံခြုံ လာဆောက်တဲ့၊ အဲဒါဆိုရင် ဆိုင်အတွက် မြေငှားခ ဘယ်လောက်ပေးရမလဲ ဆိုတော့ တစ်ပြားမှမပေးနဲ့တဲ့၊ ဒါလောက်က ပြောပလောက်တာမဟုတ်ဘူးတဲ့၊ ဒီလူ တကယ်သဘောထားပြည့်တယ်ဟယ်"

"ဒါလောက်များ သဘောထားပြည့်သတဲ့လား၊ သူ မန္တလေးအသွား သက်သာလို့ လက်ခံခဲ့တာပဲဟာ၊ ဪ ... ကေခိုင်တို့ကိုလည်း မိတ်ဆွေသစ်နဲ့ မိတ်ဆက်ပေးဦးလေ"

စိုးမိုးဖြူက သိင်္ဂီဝင်း ပြောပြသည်ကို ဝင်ဝေဖန်စကားဆိုရင်း သိင်္ဂီဝင်းနှင့် မိတ်ဆက်ပေးရန်ကို ပြောလိုက်သည်။

ရွှေစင်က မသိမသာလေး ပြုံးမိပါ၏။

"အဲ ... ဟုတ်သားပဲ၊ သူက သိင်္ဂီဝင်းတဲ့၊ ကေခိုင်တို့နဲ့ အတန်းတူလေ၊ ကွက်သစ်ထဲမှာနေတယ်"

"တွေ့ရတာ ဝမ်းသာတယ် သိင်္ဂီဝင်း"

"အဲဒါ တို့အစ်ကို ကိုကိုစိုးလေ၊ ရန်ကုန်စက်မှုတက္ကသိုလ် ပဥ္စမနှစ်ဖြေခဲ့ပြီး၊ ကျောင်းပိတ်လို့ ပြန်လာတာ၊ နာမည်အရှည်က ကိုစိုးမိုးဖြူတဲ့ သိင်္ဂီ"

သိင်္ဂီက အပြုံးလေးနှင့် မျက်ဝန်းစုံ ပင့်ကြည့်သည်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုစိုးမိုးဖြူ"

"အင်းပေါ့၊ ကေခိုင့်သူငယ်ချင်းဟာ တို့သူငယ်ချင်းပဲပေါ့၊ တို့ခြံမှာလည်း ကားအပိုပစ္စည်းဆိုင် လာတည်ရင်ရပါတယ် သိင်္ဂီဝင်း၊ ဒါ တို့အိမ်ပိုင် ခြံပိုင်ပဲဟာ၊ ဟိုဝယ်ရှော့မှာက လူပေါက်သောက်နဲ့ ပစ္စည်းတွေ အခိုးခံရလို့ကုန်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကေခိုင်ဖြူက သူမ၏အစ်ကို အပြောလွယ်လွန်းသည်ကို သဘောမကျသော အကြည့်လေးဖြင့် လှမ်းကြည့်ပေသည်။

“ဟင့်အင်း ... ဖေဖေက မှာလိုက်တာက ကိုမင်းသုခ ဝပ်ရှော့ဘေး ကပ်လျက်မှာပဲ ဆိုင်တည်ဖို့ မှာလိုက်တယ်၊ ကိုစိုးမိုးဖြူကို ကျေးဇူးတင်ပါတယ်၊ ဖေဖေနဲ့မေမေ့ကိုလည်း ကိုစိုးမိုးဖြူပြောတာကို ပြန်ပြောပါမယ်၊ နောက်ပြီး ကိုမင်းသုခကပြောပါတယ်၊ ညရေးညတာ သူနိုးသူဝက်ကိစ္စတော့ စိတ်ပူစရာမရှိဘူးတဲ့၊ သူ့ညီလေးတွေက ညဆို တစ်ယောက်တစ်လှည့် ဝပ်ရှော့စောင့်ရင်း အိပ်တာတဲ့”

“ကဲ ... သီဂီရယ်၊ ဆက်ပြောပါဦး၊ နင်တို့ ဆိုင်တည်ဖို့ ကိုမင်းသုခက ဘာကူညီသေးလဲ”

“သူက ကူညီတာမဟုတ်ဘူး ရွှေစင်၊ တို့က အကူအညီတောင်းရတာ၊ ကားအပိုပစ္စည်းတွေ ဝယ်တဲ့အခါ ပထမတစ်ခေါက်နှစ်ခေါက်တော့ ကိုမင်းသုခ လိုက်ဝယ်ပေးဖို့လေ၊ ဘယ်လိုပစ္စည်းတွေ အရောင်းသွက်တယ် ဆိုတာမျိုးတွေ၊ ပစ္စည်းအမျိုးအစား စစ်မှန်ဖို့တွေနဲ့ ကိုမင်းသုခ မက္ကင်းနစ်ဝယ်တာဆိုတာ ဆိုင်တွေက ဈေးမတင်ဘဲ ဈေးမှန်အတိုင်းပေးတာရယ်တွေကျတော့ ကိုမင်းသုခကိုယ်တိုင်မှ ဈေးသက်သာမယ်၊ ပစ္စည်းမှန်မယ်လို့ ဖေဖေက ပြောခိုင်းတာ”

“ဘာတဲ့လဲ၊ ကိုမင်းသုခက”

“ရတယ်တဲ့၊ နှစ်ခေါက်လိုက်ပေးပြီး ဆိုင်နဲ့မိတ်ရင်းဆွေရင်းဖြစ်အောင် သူလုပ်ပေးမယ်တဲ့၊ နောက်အခေါက်တွေကျ



တော့လည်း ဝယ်ရမယ့်ပစ္စည်းစာရင်းကို ကိုမင်းသုခကပဲ ရေးပေးမယ်တဲ့”

“အင်း ... သူ့အကျိုး ကိုယ့်အကျိုးပေါ့”

ဟု စိုးမိုးဖြူက ဝင်ပြောလိုက်သေးသည်။

ကေခိုင်ဖြူကလည်း သီဂီဝင်းကို ဆက်၍ မေးခွန်းမေးပြန်သည်။

“နေပါဦး သီဂီ ... ကားအပိုပစ္စည်းဆိုင် တည်ဖို့ကိစ္စကို နင်တို့ဖေဖေကိုယ်တိုင်က ဘာလို့ လာမပြောတာတဲ့လဲ၊ နားလည်တဲ့လူချင်းပြောဖို့ ကောင်းတာပေါ့”

“ဟုတ်တယ် ကေခိုင်၊ အမှန်တော့ ဖေဖေကိုယ်တိုင်ပြောဖို့ပဲ၊ ဒါပေမဲ့ ဖေဖေက လူကြီးဖြစ်ပြီး ကိုမင်းသုခက လူငယ်ဖြစ်နေတယ်၊ တကယ်တမ်း ပြောလို့အဆင်မပြေရင် ဖေဖေ အရှက်ရမယ်၊ ဒါကြောင့် တို့ကို စုံစမ်းတဲ့သဘောနဲ့ ကိုမင်းသုခရဲ့သဘောထားကို သိချင်တဲ့သဘောနဲ့ တို့ကို လွှတ်လိုက်တာပါ၊ ကိုမင်းသုခက သဘောတူတယ်ဆိုမှ ဖေဖေကိုယ်တိုင် လာမယ်၊ နောက်ပြီး မနက်ခြောက်နာရီကတည်းက ဖေဖေ မန္တလေးကို ကားထွက်သွားတယ်၊ ညနေမိုးချုပ်မှ ပြန်ရောက်မှာ”

“ဒါပေါ့ သီဂီရယ်၊ လူကြီးအနေနဲ့ လာပြောလို့မရရင် ရှက်မှာပေါ့၊ အခုတော့ အဆင်ပြေသွားတာပေါ့၊ ဒါထက် နက်ဖြန် ကေခိုင့်မွေးနေ့ပွဲကို သီဂီလာမယ်မဟုတ်လား”

“ဟာ ... လာရမှာပေါ့၊ ကေခိုင် ဖိတ်ထားတယ် မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးဖြူက မိန်းမပျိုလေး တစ်ဦးအနေဖြင့် ပွဲနေပွဲထိုင်တစ်ခုသွားဖို့ရာ မည်မျှအခက်အခဲရှိမှန်း မသိဘဲ သင်္ဂီဝင်းကို လာစေချင်သော ဆန္ဒဖြင့် ဖွတ်ဝင်ပြောပေးသည်။

သင်္ဂီဝင်း မျက်နှာလေး ညှိုးသွားသည်။ လာမည်လည်းမပြော၊ မလာဘူးလည်း မပြောဘဲ မချိုပြုံးလေး ပြုံးနေပါ၏။

"ကဲ ... လာ သင်္ဂီ၊ ဒီဘက်ရောက်တုန်း တို့အိမ်ကို ဝင်လည်ဦး၊ တို့ကတော့ နယ်ပြောင်း လခစားဆိုတော့ ဒီမြို့မှာ အိမ်ငှားပဲနေရတယ်၊ ကိုယ်ပိုင်အိမ်မဟုတ်တော့ ခြံစည်းရိုးဖောက်ပြီး ဆိုင်တည်ပါလားလို့ မပေးရဲတာ အမှန်ပဲ"

သူတို့နှစ်ယောက် စိုးမိုးဖြူနှင့် ကေခိုင်တို့ကို နှုတ်ဆက်ပြီး အိမ်ဘက်ကူးလာရင်း စကားပြောလာခြင်းဖြစ်သည်။

"မလိုဘူး ရွှေစင်၊ ငါးဖမ်းတယ်ဆိုတာ ရေလယ်က လှေပေါ်ကနေပြီးဖမ်းမှ ငါးပိုရမှာပေါ့၊ ဝပ်ရှော့နဲ့ကပ်ပြီး ဆိုင်ဖွင့်မှ ရောင်းရမှာကို ဆိုလိုတာပါ၊ ကိုစိုးမိုးဖြူက နေရာပေးပေးမယ့် တို့ မယူပါဘူး၊ သူတို့မိသားစုအရှိန်အဝါနဲ့ ဝယ်သူမဝင်ရဲတဲ့ဆိုင်ဖြစ်သွားနိုင်တယ်၊ နောက်တစ်ချက်က ကိုစိုးမိုးဖြူက အခုတွေ့ အခုပဲ ရော ... အင့် ... လို့ပေးတာကို တို့ ကြောက်တယ် ရွှေစင်"

"ဘာလို့ကြောက်တာလဲ"

"ကျေးဇူးဆပ်ခိုင်းမှာစိုးလို့"

"ဆပ်ခိုင်းလည်း ဆပ်လိုက်ပေါ့ သင်္ဂီရယ်၊ တို့အနေနဲ့ ကိုစိုးမိုးဖြူကို အကဲခတ်ရတာ ကြွားချင်တာရယ်၊ ကိုယ့်ကိုယ်



ကိုယ် အထင်ကြီးတာရယ်၊ တချို့နေရာမှာ စိတ်သဘောထားနုတာရယ်ကလွဲရင် လူကောင်းတစ်ဦးဖြစ်ပုံရပါတယ်"

"ကိုမင်းသုခနဲ့တော့ ကွာတယ်နော် ရွှေစင်"

"ဟုတ်လား၊ ဘယ်လိုကွာတာလဲ"

"မျက်စိအကြည့်ချင်းရော၊ အတည်ကြည်ခြင်းရော ကွာတာကိုပြောတာပါ၊ မှန်တာပြောမယ် ရွှေစင်၊ ဖေဖေကိုယ်တိုင် ပထမဆုံးမလာတာ မအောင်မြင်ရင် ရှက်တာလည်းပါတယ်၊ ခရီးအစောကြီးထွက်သွားတာလည်း အမှန်ပဲ၊ နောက်တစ်ချက်ကတော့ တို့လူငယ်အချင်းချင်းသွားပြောရင် လိုက်လျောမှုရာခိုင်နှုန်း ပိုများနိုင်မယ်ဆိုတဲ့ တွက်ကိန်းလည်းပါလိမ့်မယ် ရွှေစင်၊ နိယာမသဘာဝကိုက မိန်းမပျိုလေးဆိုရင် ယောကျာ်းပျိုလေးတွေက လိုက်လျောတယ်မဟုတ်လား"

"အခု ကိုမင်းသုခနဲ့ ပြောခဲ့တာကော ကိုမင်းသုခမှာ အဲဒီသဘောမျိုး တွေ့ရလား၊ သင်္ဂီက ရုပ်ချောတယ်မဟုတ်လား"

"အံ့ရော ရွှေစင်၊ အဲဒီသဘော ကိုမင်းသုခမှာ လုံးဝမတွေ့ရဘူး၊ အခြေအနေအားလုံးကို တို့ သဘောပေါက်တယ်၊ မင်းအဖေကိုသာ လွှတ်လိုက်၊ မင်းနဲ့ ဆက်ပြောဖို့မလိုဘူး၊ မင်းအဖေကိုသာ လွှတ်လိုက်လို့ သုံးလေးခါ ဆက်ပြောတယ်၊ တို့ ချောတယ် လှတယ်ဆိုတာကို စိတ်ဝင်စားပုံ တစ်ချက်မပြဘူး၊ စကားပြောရင် လူကိုမကြည့်ဘဲပြောတယ်၊ ကြည့်ပြန်ရင်လည်း မျက်နှာကိုပဲကြည့်တယ်၊ ဒါကြောင့် တခြားယောကျာ်းတွေနဲ့ ကွာတယ်လို့ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



"ကဲပါလေ အဲဒါတွေ ထားပါတော့၊ နက်ဖြန် ကေခိုင့်မွေးနေ့ကို သိဂီ လာမယ်မဟုတ်လား"

"မလာတော့ဘူးလို့ အောက်မေ့တာပဲ ရွှေစင်"

"ဘာလို့လဲ"

"သူတို့ပွဲက ကြီးလွန်းတယ်၊ တို့အဆင့်နဲ့ လိုက်မမှီဘူး ရွှေစင်"

"ဘာလို့ လိုက်မမီရမှာလဲ၊ ကဲ ... တို့ ရှင်းရှင်းမေးမယ်၊ သိဂီ့မှာ ဒီပွဲအတွက် အဝတ်အစား အခြေအနေက ဘယ်လိုလဲ"

"ရှိပါတယ်၊ အဝတ်အစားလောက်ကတော့ တို့အိမ်က ကောင်းကောင်းဝယ်ပေးပါတယ်"

"လက်ဝတ်လက်စားကော"

သိဂီဝင်း ဘာမျှမပြောဘဲ တန့်နေသည်။ ခဏနေမှ ပြုံး၍ ခေါင်းခါပြသည်။

"လူတန်းစေ့ရဲ့ ရွှေဆွဲကြိုးလေးရယ်၊ ပုလဲလက်စွပ်လေးရယ်၊ ပန်းလက်ကောက်လေးတစ်ကွင်းရယ် ရှိတယ်၊ ဒါက လူမြင်ကောင်းရုံ နေ့တိုင်းဝတ်တွေပဲ"

"ဒါဆို တို့ဆီက ကြိုက်ရာဝမ်းဆက် ယူသွား သိဂီ"

"ဟယ် ... မလုပ်ပါနဲ့"

"ဘာလို့မလုပ်ရမှာလဲ၊ တို့သိတယ်၊ သိဂီ ဒီပွဲကို သိဂီ တက်တော့တက်ချင်နေတယ်၊ ဒါပေမဲ့ အဲဒီမဟုတ်လား"

အိမ်ထဲသို့ရောက်လာသည်။ ရွှေစင်က မေမေ့ကို အခန်းထဲလက်ကုတ်ခေါ်သွားပြီး အကျိုးအကြောင်းပြောပြသည်။



ဒါမျိုးကျတော့ မေမေက ကရုဏာထားသည်။ သမီးချင်းစာနာသည်။

"ပေးဝတ်ပါ၊ သမီးကောင်မလေးက တရုတ်ကပြားမလေးနဲ့တူတယ်၊ ကျောက်စိမ်းဝမ်းဆက်ပေးဝတ်ပေါ့"

သိဂီ့ကိုခေါ်ပြီး ကျောက်စိမ်းဆက်၊ ပတ္တမြားဆက်၊ နီလာဆက်၊ နဝရတ်ကိုးသွယ်ဆက်တို့ထဲမှ ကြိုက်ရာရွေးခိုင်းသည်။

"ကျောက်စိမ်းပဲ ဝတ်ချင်တယ် ရွှေစင်"

"ဒါဆို ယူသွားလေ"

"ဟော့အေး ... ယူမသွားတော့ဘူး၊ ညအိပ် ယူမထားချင်ဘူးကွာ၊ တာဝန်ကြီးတယ်"

"ဒါဆို ဒီလိုလုပ်၊ နက်ဖြန် သူ့ပွဲချိန်အမီ အဝတ်အစားဝတ်ထား သိဂီ၊ တို့ကားနဲ့လာခဲ့မယ်၊ ကျောက်စိမ်းဆက်ပါ ယူလာခဲ့မယ်၊ တို့နှစ်ယောက် အတူတူ ကေခိုင့်ပွဲကို သွားမယ်လေ"

"ရွှေစင်က ဆံထုံးထုံး ဆိုစိုက်ဖြစ်နေမယ်ဟယ်၊ တို့အဝတ်အစားဝတ်ပြီး စက်ဘီးနဲ့လာခဲ့မယ်၊ ဒီကျမှ ကျောက်စိမ်းဆက် ဝတ်မယ်လေ"

"ဟာ ... မကောင်းဘူး၊ အိမ်ကထွက်ကတည်းက ပတ်ဝန်းကျင်က ကြည့်ကြမှာ၊ အိမ်ကထွက်ကတည်းက ကျောက်စိမ်းဆက်ဝတ်ပြီးထွက်မှ ကောင်းမယ် သိဂီ၊ စကားမရှည်နဲ့တော့ကွာ၊ တို့လာခေါ်မယ်"

ကျေးဇူးတင်ကြောင်း ပါးစပ်ကပြောသည်။ မျက်နှာတွင်ပေါ်လွင်သည်။ ထို့နောက် နှုတ်ဆက်ပြီး သိဂီပြန်သွားပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်သည် ကြည်နူးပြီး ကျေနပ်စွာကျန်ခဲ့ပါ၏။

ချို့တဲ့သော သူငယ်ချင်း သိင်္ဂီဝင်းကို ပွဲဝင်နိုင်ဖို့ ဖြည့်တင်းပေးရခြင်းကိုပဲ ကြည်နူးကျေနပ်ခြင်းပေလား။

သို့မဟုတ် ကိုမင်းသုခ သိင်္ဂီကို ဆက်ဆံရာတွင် မင်းအဖေလွှတ်လိုက်ဟူသော အပြောဖြင့် လုပ်ငန်းကျတော့ သဘောထားမြင့်မားစွာဖြင့် လိုက်လျောတတ်ခြင်းကို ကြည်နူးကျေနပ်ခြင်းပေလား။

ဘာကြောင့် ရွှေစင် ကြည်နူးကျေနပ်ရသည်ကို ရွှေစင်၏ကိုယ်စောင့်နတ်ပင်လျှင် မျက်စိလည်ပြီး တိတိပပ သိနိုင်ပါလေစ။

* * *



## အခန်း(၁၉)

ယနေ့ ကေနိုင်၏မွေးနေ့။

ညနေလေးနာရီမှ ကိုးနာရီအထိ သတ်မှတ်ထားသည်။

မြို့ပေါ်တွင် နာမည်အကြီးဆုံး ဦးအိဘရာဟင်၏ ဒံပေါက်နှင့် ကိုကျင်ဟုတ်၏ ရေခဲမုန့်ကျွေးမည်။

မန္တလေးမှ 'ယန်းဘွိုင်'တီးဝိုင်းအဖွဲ့သည် နီဆန်လော်ရီကားတစ်စီးနှင့် သူ့အလုပ်သမားများနှင့် မွန်းလွဲနှစ်နာရီတွင် ရောက်လာသည်။

အတီးသမား၊ အဆိုသမားများက ရှေ့မှ ဟိုင်းလက်ငါးချိတ် ပစ်ကပ်ကားဖြင့် လာသည်။

တီးဝိုင်းခေါင်းဆောင်မှာ ကိုသက်ဦးဟု ခေါ်ကြသည်။

ယန်းဘွိုင်တီးဝိုင်းအတွက် စင်မြင့်ဆောက်ပေးထားရသည်။ ခြံထဲတွင် ချပေးထားသော လေးယောက်တစ်ဝိုင်းစားပွဲတွေမှ စင်မြင့်ကို မြင်မြင်ထင်ထင် ရှိစေရန် အနိမ့်အမြင့်သေချာတွက်ချက်ပြီး အင်ဂျင်နီယာကျောင်းသား စိုးမိုးဖြူ ကိုယ်တိုင်ကြပ်မတ်ဆောက်လုပ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



စိုးမိုးဖြူနှင့် ကေခိုင်ဖြူက အဖွဲ့ခေါင်းဆောင် ကိုသက်ဦးအား ကြိုဆိုပေသည်။

ကိုသက်ဦးက သူ့အတီးအဆိုရဲဘော်များ၊ အမျိုးသမီးများဖြင့် ကေခိုင်တို့မောင်နှမကို မိတ်ဆက်ပေးသည်။

စင်မြင့်ပေါ်တွင် လှပအောင်ဆင်မြန်းခြင်း၊ မီးလုံးနှင့် ဆလိုက်များသွယ်ခြင်း၊ ယန်းဘွိုင်ဆိုင်းဘုတ် ရွှေစာလုံးကြီး ချိတ်ဆွဲခြင်းတို့ကို ပါလာသော အလုပ်သမားများက ကျွမ်းကျင်စွာ လုပ်ကိုင်သွားသည်။

ကိုသက်ဦးက စိုးမိုးဖြူ၊ ကေခိုင်ဖြူတို့မိသားစုနှင့် စကားပြောရင်းပင် အိမ်ရှေ့မှ မျက်နှာချင်းဆိုင်ဘက်သို့ လှမ်းကြည့်၏။

"ဟိုက်"

"ဘာလို့လဲ ကိုသက်ဦး"

"ဟိုမှာ မင်းသုခဝပ်ရှော့ ဆိုပါလား"

"ဟုတ်ပါတယ်၊ ဝပ်ရှော့ပါ၊ ကိုသက်ဦးကားတွေ အသင်တွေပဲ၊ ပြင်စရာရှိလို့လား"

ကိုသက်ဦးက ခေါင်းကို အသာခါယမ်းပြရင်း

"ဟေး ... ညီညီ၊ မင်း အားလုံးကြည့်စီစဉ်ထားစမ်း အစ်ကို ခဏလေး သွားစရာရှိလို့"

ဟု သူ့အဖွဲ့မှ လက်ထောက် ကိုညီညီကို လှမ်းပြောသည်။

"ခဏလေးနော်၊ ကျွန်တော် ရှေ့ကဝပ်ရှော့သွားချင်လို့"

"လိုက်ပို့ပေးမယ်လေ"



"မပို့နဲ့၊ မပို့နဲ့၊ ကျွန်တော် ခဏလေးပါ၊ ချက်ချင်းပြန်လာမယ် ကိုစိုးမိုးဖြူ"

ပြောပြောဆိုဆိုပင် ကိုသက်ဦး တစ်ယောက်တည်း ထွက်သွားပေသည်။

"ကဲ ... ဖေဖေနဲ့ မေမေ"

စိုးမိုးဖြူက ကိုသက်ဦး ထွက်သွားပြီး သားအမိ သားအဖတွေချည်း ကျန်ခဲ့ရာတွင် စကားစလိုက်သည်။

"ယန်းဘွိုင်အဖွဲ့ကတော့ ဟိတ်ရှိသလောက် အနေအထိုင် လည်းကြီးကျယ်တယ်၊ သူတို့ကတော့ နေ့လေးနာရီထိုးတာနဲ့စပြီး တီးမှာပဲ၊ ညကိုးနာရီအထိတီးမယ်၊ အဲဒီတော့ ညအိပ်ရလိမ့်မယ်၊ အမျိုးသမီး အဆိုတော်တွေမှာ လက်ဝတ်လက်စားတွေနဲ့ ညဘက် မန္တလေးကိုပြန်မှာမဟုတ်ဘူး၊ ဒီတော့ သူတို့မှာ ဆယ့်ရှစ်ယောက်ပါကယ်၊ အလုပ်သမားနဲ့ ယာဉ်မောင်းခြောက်ယောက်က ကိစ္စမရှိဘူး၊ ယန်းဘွိုင်အဖွဲ့ ဆယ့်ရှစ်ယောက်အတွက် အိပ်ရာကောင်းကောင်း၊ နေရာ ကောင်းကောင်းလိုမယ် မေမေ"

"အိပ်ရာအတွက်ကတော့ မေမေ့မှာ လူသုံးဆယ်စာလောက် အိမ်မှာ အမြဲအဆင်သင့်ရှိတယ် သား၊ ခင်းအိပ်ဖို့ကျတော့ ဘုရားခန်းတို့ ဧည့်ခန်းတို့မှာပဲ ခင်းရမှာပဲ"

"ကောင်းပါ့မလား၊ ဒီလူတွေက သူတို့အိမ်မှာဆိုရင် လေအေးစက်နဲ့၊ ရေမြှုပ်မွေ့ရာနဲ့ ခုတင်ပေါ်မှာ အခန်းသားအိပ်တဲ့လူတွေ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မတတ်နိုင်ဘူး သားရယ်၊ လူဆယ့်ရှစ်ယောက်စာ ခုတင် ဘယ်ရနိုင်မလဲ၊ ဆေးရုံမှမဟုတ်တာ"

"ဟာ ... မေမေကလဲ"

"ကဲ ... သမီး အလှပြင်တော့၊ အစွမ်းကုန်ပြင်နော်၊ သမီးက မွေးနေ့ရှင်ဆိုတော့ လာသမျှ ဧည့်အားလုံးကို တွေ့ပြီး နှုတ်ဆက်ရမှာ၊ ကြို့ရမှာ၊ ပြီး စိန်ကိုပဲဝတ်နော်၊ လောကကြီးမှာ စိန်ဟာ တန်ဖိုးကြီးပြီး လူကြိုက်အများဆုံးပဲ"

မွန်းလွဲသုံးနာရီခွဲတွင် မွေးနေ့ရှင် ကေခိုင်ဖြူ အလှပြင်ပြီးသွားသည်။

ကေခိုင်ဖြူ အလှပြင်ပြီးသည့် သုံးနာရီခွဲမှပင် ခဏလေးပါဟု ထွက်သွားသော ကိုသက်ဦး ပြန်ရောက်လာသည်။

စိုးမိုးဖြူ စပ်စုသည်။ ကေခိုင်ဖြူလည်း အနားတွင်ရှိနေပါ၏။

"တွေ့ခဲ့လား ဝပ်ရှော့ ဆရာနဲ့"

"တွေ့တယ် ကိုစိုးမိုးဖြူ၊ စကားကောင်းနေလို့ မင်းသုခက အချိန်နီးပြီ ပြန်တော့လို့နှင်မှ ပြန်လာရတယ်"

"ကိုသက်ဦးနဲ့ ဝပ်ရှော့ဆရာနဲ့ သိနေသလား"

"ဟာ ... သိရုံဘယ်ကမလဲ၊ သိပ်ချစ်တဲ့ သူငယ်ချင်းလေ၊ မင်းသုခက တော်တော်ခက်တဲ့အကောင်၊ ဒီကောင် ပျောက်နေတာကြာပြီ၊ စုံစမ်းလို့လည်းမရဘူး၊ အခု ဒီမှာ မမျှော်လင့်ဘဲ လာတွေ့လို့ ကျွန်တော် အရမ်းဝမ်းသာနေတာ"

"သူက ဘယ်လို တော်တော်ခက်တဲ့အကောင်လဲ ကိုသက်ဦး"



"လူတစ်မျိုးပဲ ခင်ဗျားတို့ ကျွန်တော်တို့လို သာမန်မဟုတ်ဘူး၊ ဘာမဆို ဝမ်းသာစရာဆိုလည်း ဟက်ဟက်ပက်ပက်မရှိ၊ ဝမ်းနည်းစရာဆိုလည်း ညည်းတွားမနေတတ်ဘူး၊ စကားလည်း အပြောနည်းတယ်၊ တည်ကြည်တဲ့နေရာမှာလည်း သိပ်တည်တယ်၊ သိက္ခာသမာဓိ သိပ်ဦးစားပေးတယ်၊ သတ္တိရှိတဲ့နေရာလည်း မပြောနဲ့တော့၊ ကိုယ်ခံပညာပိုင်းမှာ တတ်လည်းတတ်တယ်"

"ကိုသက်ဦးနဲ့ ကိုမင်းသုခက မန္တလေးမှာ အိမ်နားနီးချင်းတွေလား"

"ကြံကြံဖန်ဖန် ဟိုက်စကူးကတည်းက သူငယ်ချင်းလေ၊ မင်းသုခမှာ အဖေပဲရှိတယ်၊ အမေဆုံးတာကြာပြီ၊ သူ့အဖေကလည်း စစ်တပ်ထဲမှာ၊ မင်းသုခ ဟိုက်စကူးကျောင်းနားက ဘော်ဒါဆောင်မှာနေတယ်၊ နောက် ဆယ်တန်းအောင်တော့ ကျွန်တော်က အာရ်အိုင်တီဝင်တယ်၊ ဒီကောင်က ဖော်ရက်စတီအမှတ်ဝင်လို့ ရေဆင်းမှာသွားတက်တယ်"

"ဒါဆို ကိုမင်းသုခက ဘီအက်စ်စီ ဖော်ရက်စတီဘွဲ့ရပြီးတာပေါ့နော်"

"မရဘူး၊ ဖော်ရက်စတီမှာ နှစ်နှစ်တက်ပြီး ကျောင်းထွက်သွားတယ်၊ မန္တလေးလည်းပြန်မလာဘူး၊ အဲဒီကတည်းက ကွဲသွားကြတာ၊ အခု ဒီမှာ ဒီကောင့်ကို ပြန်တွေ့တာပဲ"

"သူ မန္တလေးမှာ ဝပ်ရှော့လုပ်သေးတယ်ဆိုလားပဲ၊ ကိုသက်ဦးနဲ့ ထပ်မတွေ့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"မတွေ့ပါဘူးဗျာ၊ ကျွန်တော်က အာရ်အိုင်တီဆိုတော့ ရန်ကုန် စက်မှုတက္ကသိုလ်မှာပဲ ခြောက်နှစ်ကျော်ကျော်နေရတာ၊ ကျောင်းပိတ်မှ မန္တလေးပြန်ဖြစ်တာ"

ထိုစဉ် ညီညီ ရောက်လာသည်။

"အစ်ကိုဦး ... အားလုံးရယ်ဒီပဲ၊ တီးဝိုင်း ဘယ်အချိန်ဖွင့်ရမလဲ"

ကိုသက်ဦး နာရီကြည့်သည်။

"လေးနာရီမတ်တင်းရှိသွားပြီ၊ ဆယ့်ငါးမိနစ် ကြိုဖွင့်ပေးလိုက် ညီညီ၊ အခုဖွင့်တော့လို့ပြောတာနော်၊ ဧည့်ခေါ်သဘောလောက်သာတီးဦး၊ ဟိုကောင်မလေး နွဲ့မူကို ပထမဆုံးပွဲထွက်ဆိုပလေ့စေ၊ ထိုင်ဆိုပဲ ဆိုပါစေ၊ ဧည့်ဝင်လာမှထဆိုခိုင်း"

"အစ်ကိုဦးကော ဝိုင်းမဝင်သေးဘူးလား"

"လေးနာရီတိတိမှ ဝင်မယ်၊ အခု အစ်ကိုဦးအစား ညီညီပဲ အော်ဂင်နဲ့စန္ဒရားကို ကိုင်လိုက်၊ ဟုတ်လား၊ ဪ ... ဒါထက် ကိုစိုးမိုးဖြူ"

"ပြောပါ ကိုသက်ဦး"

"မင်းသုခကို ဖိတ်ရဲ့လား"

"ဖိတ်ပါတယ်"

"ဒါဆို ဒီကောင် လာမယ်ထင်ပါတယ်၊ ဒီကောင်က လူချမ်းသာတွေရဲ့ ပကာသနဝိုင်းဆိုရင်ရှောင်တတ်လို့ လာမလာပါ့မလားလို့"



ကိုသက်ဦးက သူ့ဟာသူ ညည်းညည်းတွားတွား ပြောသလိုပြောပြီး စီးကရက်ဖြင့် မှိန်းနေတော့သည်။

ညီညီ ဦးဆောင်သော ယန်းဘွိုင်တီးဝိုင်း၏ ပမာဏာ တေးသည် မြိုင်မြိုင်ဆိုင်ဆိုင်လေး ပေါ်ထွက်လာလေပြီ။

ရွှေစင်သည် အိမ်ကကားဖြင့် ကွက်သစ်ဘက်သို့ ကိုယ့်ဟာကိုယ်ပင် မောင်းလာခဲ့သည်။

ဇာအဝါဝမ်းဆက်ဝတ်ထားသည်။ သူမ၏ ပင်ကို အသားရောင်သည် ဇာပေါက်များကြားမှ ရိုးတိုးရိပ်တိတ်ပေါ်နေသည်ကိုက တစ်မျိုးကြည့်ကောင်းနေသည်။

အဝါရောင်နှင့် သူမသည် လှမှလှ။

အဝါခံတွင် ပတ္တမြားဝမ်းဆက် နီနီရဲရဲလေးတွေက ပေါ်လွင်နေသည်။

မေမေကတော့ စိန်ဝတ်စေချင်သည်။

ရွှေစင် စိန်မဝတ်ချင်။ ဤပွဲတွင် သူ့သူငါငါတို့သည် စိန်ကိုပင် ဝယ်ကြမည်ဟု ရွှေစင် ထင်သည်။

စိန်ဝတ်ခြင်းသည် ကြွားဝါမှုတွင် တောက်ပလွန်းနေသည်ဟု ရွှေစင် ထင်သည်။ ပြီး ... အိမ်မှာရှိသော စိန်တွေသည် မေမေငယ်စဉ်က ဝတ်သော စိန်တွေဖြစ်သည်။ ပုံရိုးသည်။ ရွှေရှော၊ စိန်ရှော အတုံးအခဲတွေဖြစ်သည်။ ရွှေစင် ကြိုက်သည်က ရွှေပါးပါးလေးဖြင့် စိန်လေးတွေချည်းပေါ်နေသည်မျိုးကိုသာ ကြိုက်သည်။

သိင်္ဂီဝင်းတို့အိမ်သို့ ရောက်လာသည်။ သိင်္ဂီဝင်းက လည်း ဖြိုးလိမ်းပြီးသား အဆင်သင့်ဖြစ်နေသည်။ အဝတ်အစားက

www.burmeseclassic.com

www.burmeseclassic.com



မှုမဝတ်သေး။ ရွှေစင်ယူလာပေးမည့် ကျောက်စိမ်းဝမ်းဆက်နှင့် လိုက်ဖက်သော အင်္ကျီထဘီအရောင်ရွေးရန် ရွှေစင့်ကို စောင့်နေသည်။

ရွှေစင်က သီရိဂီဝင်း၏ အဝတ်ဗီရိုကိုဖွင့်၍ ရွေးပေးသည်။

"ရွှေစင်ရယ် ... နင် အရမ်းလှတာပဲ၊ အဝါဝတ်ရင် ပိုလှသလားထင်ရတယ်၊ အရောင်မှိုင်းတဲ့ မီးခိုးရောင်ဝတ်ပြန်လည်း နင်က မီးခိုးရောင်နဲ့ ပိုလိုက်ပြီး ပိုလှတယ်ထင်ရပြန်ရော၊ နင် တကယ်ပဲ ဘဝဆုတောင်း ကောင်းတယ်ဟယ်၊ တအားမပြင်ဆင်ဘဲ သနပ်ခါးလိမ်းရုံနဲ့လည်း လှတာပဲ"

"နင်ကကော မလှလို့လား၊ အရမ်းလှတာပဲ သီဂီ၊ ငါ့စိတ်ထဲမှာ နင်ကတောင် ပိုလှတယ် ထင်နေတာ"

"နင်မှားပြီ ရွှေစင်၊ ငါ လှပါတယ်၊ ဒါပေမဲ့ နင့်လောက် မလှတာ သေချာတယ်၊ တို့မိန်းကလေးတွေ ဘယ်လောက် လှတယ်ဆိုတာ တို့မိန်းမအချင်းချင်း ဆုံးဖြတ်လို့မရဘူး ရွှေစင်၊ ယောက်ျားလေးတွေရဲ့ မျက်စိတွေဟာ အဆုံးအဖြတ်ပဲ၊ ဖေသန်းမောင်ကို ကြည့်လေ၊ နင် ဒီမြို့မလာခင် ငါ့ကို အလှဆုံးဆိုပြီး တမ်းတမ်းစွဲနေတာ၊ နင်လည်းရောက်လာရော သူ စိတ်ပြောင်းသွားတယ်လေ၊ ဖေသန်းမောင်လိုလူက မိန်းမကျမ်း အရမ်းကျေတဲ့လူပဲ ရွှေစင်"

"ကဲ ... အဲဒါတွေ ထားချိတ်၊ ငါတော့ ဟောဒီ အစိမ်းနုနု ဖပ်ဖပ် ဝမ်းဆက်ကို သဘောကျတယ် ရွှေစင်၊ ဒီမှာ ကျောက်စိမ်းဆက်နဲ့ယှဉ်ကြည့်"



ရွှေစင်ကယူလာခဲ့သော ကျောက်စိမ်းဆက်ကို အစိမ်းရောင်ဝမ်းဆက်အင်္ကျီ ထဘီပေါ်သို့ တင်ပြလိုက်သည်။

"တွေ့လား၊ ကျောက်စိမ်းက အစိမ်းပိုရင့်တော့ အစိမ်းနုအောက်ခံမှာ အစိမ်းရင့်လေးဟာ ယှဉ်ယှဉ်လေး ပေါ်လွင်တယ်၊ ဒါနဲ့ ယှဉ်လိုက်ရင် ငါဝတ်လာတဲ့ အဝါပေါ်မှာ ပတ္တမြားဆက်ကတောင် ပေါ်လွင်ပုံရှိင်းသလို အောက်မေ့ရတယ်၊ နင့်အသားကလည်း တရုတ်လိုဖြစ်တာ၊ သိပ်လိုက်တာပေါ့၊ တရုတ်တွေ ကျောက်စိမ်း သိပ်ကြိုက်တာဟာ သူတို့အသားရောင်နဲ့ လိုက်ဖက်လို့နေမှာ"

"အေး ... ကောင်းတယ်၊ အစိမ်းနုဆက်ပဲ ငါဝတ်မယ်၊ နင် တကယ်မျက်စိထက်တယ် ရွှေစင်ရယ်"

သီရိဂီဝင်း ဝတ်သည်။ ပြီး ... ကျောက်စိမ်းဆက်ကို ရွှေစင်ကိုယ်တိုင် ဝတ်ပေးသည်။

သီရိဂီဝင်း၏မေမေ အခန်းထဲ ဝင်လာသည်။

"ဟယ် ... သမီး သိပ်လှပါလား၊ ကြည့်စမ်း ... အစိမ်းပေါ်မှာ အစိမ်းထပ်ဆင်တာကလည်း ပေါ်လိုက်တာ၊ ကိုယ့်သမီးတောင် ကိုယ်လူမှားရမလိုပဲ"

"အဲဒါ ရွှေစင် ရွေးပေးတာ မေမေ၊ ရွှေစင့်မျက်စိက တကယ်ပဲ အနုပညာမျက်စိပဲ မေမေရေ"

သီရိဂီဝင်း၏မိခင်က ရွှေစင့်ကို တယုတယ ဖက်လိုက်သည်။

"သီဂီ့အတွက် ရွှေစင့်ကို သိပ်ပြီးကျေးဇူးတင်တယ်ကွယ်၊ ရွှေစင်ဟာ စိတ်ထားကောင်းလွန်းလို့လည်း ရုပ်ကလေးက

www.burmeseclassic.com

www.burmeseclassic.com



သိပ်လှပြီး ကြည့်နေတာဖြစ်မယ်၊ အန်တီ မရုက်ပါဘူး၊ အန်တီတို့ ရှိုု့ရှိုု့တဲ့တဲ့ကြီး မဟုတ်ပေမယ့် သမီးပျို သိင်္ဂီလေးကို ကြိုက်ရာအဝတ် ဝယ်ပေးနိုင်တာရယ်၊ နေ့တိုင်းဝတ်ဖို့ ရွှေဆင်နိုင်တာကလွဲပြီး ဝမ်းဆက်တွေ မဝယ်ပေးနိုင်ဘူးကွယ်၊ အခုလို ပွဲကြီးပွဲလမ်းမျိုးကျတော့ လိုက်မမီဖြစ်ရတာပေါ့"

အလှဝါလေးနှင့် အလှစိမ်းလေး နှစ်ယောက်တွဲကာ ကွက်သစ်ထဲမှ ကားဖြင့်ထွက်လာခဲ့ကြသည်။

၄ နာရီ ၁၀ မိနစ် ရှိသွားပြီ။

သူတို့နှစ်ယောက် ရွှေစင်တို့အိမ်တွင် ထပ်မံပြီး သူတို့၏ အဖြီးအလိမ်းနှင့် အဝတ်အဆင်ကို စစ်ဆေးပြုပြင်ပြီးကျေနပ်မှ နှစ်ယောက်သား မွေးနေ့လက်ဆောင် အထုပ်ကလေးတွေကိုယ်စီကိုင်ကာ ကေနိုင်ဖြူတို့အိမ်ဘက်သို့ ကူးခဲ့သည်။

အိမ်မှအထွက်တွင် ရွှေစင်သည် မင်းသုခ ဝပ်ရှော့သို့ လှမ်းကြည့်မိသည်။

ယန်းဘွိုင်တီးဝိုင်း၏ သာယာနာပျော်ဖွယ် အတီးနှင့်အဆို အရှိန်တက်နေသည့်တိုင်အောင် ကိုမင်းသုခနှင့် ချာတိတ်တို့သည် စက်ဆီပေပေရွှေရွှေဖြင့် အလုပ်တွင် လုပ်နေဆဲ တွေ့ရသည်။

"သူ့ကို မဖိတ်ဘူးလား မသိဘူးနော် ရွှေစင်"

ရွှေစင် လှမ်းကြည့်သလို သိင်္ဂီဝင်းကလည်း လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ဖိတ်မှာပါ၊ မဖိတ်ရင် သိပ်ရိုင်းသွားမှာပေါ့"



"မထင်နဲ့ ရွှေစင်၊ ကေခိုင်ဟိုက သိပ်လူရွေးတာ၊ ငါ့ကိုတောင် တစ်တန်းတည်း တစ်ကျောင်းတည်း သူငယ်ချင်းမို့ဖိတ်တာ၊ အခု သူတို့ဖိတ်ထားတာ ငါသိသလောက်ဆိုရင် ဒီမြို့မှာ ထိပ်ဆိုတဲ့လူတွေချည်းများတယ်"

"တို့ကျောင်းက ဗညားသွင်တို့၊ အောင်ကိုလတ်တို့၊ ကိုလွမ်းဝေတို့၊ ကိုအောင်သူတို့၊ ကိုသန်းဇော်တို့ကိုကော ဖိတ်ရဲ့လား မသိဘူးနော်"

"ပြောတတ်ဘူး ရွှေစင်၊ အမှန်တော့ ကိုအောင်သူတို့အုပ်စုဟာ ကျောင်းမှာ ကေခိုင်တို့နဲ့ ခင်မင်ကြတာပဲ၊ ဖိတ်မယ်ထင်ပါရဲ့"

ယန်းဘွိုင်တီးဝိုင်းက လက်စွမ်းပြလေပြီ။ ၄ နာရီခွဲမှာပင် လေးယောက်တစ်ဝိုင်း စားပွဲတွေ ပြည့်သလောက်နီးပါးရှိချေပြီ။

"အား ... တို့များ နတ်ပြည်ကို အရှင်လတ်လတ် ရောက်သွားသလားတောင် ထင်မိတယ်၊ တကယ်ပဲ ရွှေစင်နဲ့ သိင်္ဂီဝင်းတို့ကတော့ မိုးပေါ်က နတ်သမီးလေး နှစ်ပါးပဲဟေ့၊ မွေးနေ့ပွဲမှာ ကျက်သရေတွေကို လျှမ်းတောက်သွားတာပဲ"

ကိုစိုးမိုးဖြူက အပေါက်ဝမှ ဆီးကြိုရင်း အလှကိုချီးကျူးစကားဖြင့် နှုတ်ဆက်ဖိတ်ခေါ်လိုက်သည်။

"လာ ... လာ ... သီးသန့်စားပွဲ လုပ်ထားတယ်၊ ကိုရဲမင်းသုန် ရောက်နေတာ လေးနာရီငါးမိနစ်ကတည်းက"

www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့လက်ဆောင်ပေးခြင်း သည်းခံပါဟု ဖိတ်စာတွင် မပါရှိသောကြောင့် လာသူတိုင်း မွေးနေ့လက်ဆောင်တွေ ပါလာသည်။

မွေးနေ့လက်ဆောင် လက်ခံသည့်နေရာကလည်း ခြံဝမှာပင် စားပွဲလေးလုံး ဆက်ထားသည်။

လက်ဆောင်ပစ္စည်းတွေ များသလားမမေးနှင့်။ တောင်လိုပုံနေသည်။ စားပွဲလေးလုံးအပြင် နောက်ထပ် စားပွဲဆက်ရလိမ့်ဦးမည် ထင်ပါ၏။ နီ၊ ပြာ၊ စိမ်း၊ ဝါ၊ ပန်းပွင့်ရောင်စုံတို့ဖြင့် ပက်ကင်အထုပ်တွေ ထပ်ထားသည်ကပင် တစ်မျိုးလှနေသည်။

ပက်ကင်ထုပ်တွေထဲတွင် ပါရှိသော မွေးနေ့လက်ဆောင်ပစ္စည်းတွေသာ တန်ဖိုးကြီးကြီးတွေချည်း ဆိုပါက ကေခိုင်၏ မွေးနေ့ပွဲသည် အမြတ်ပင် ထွက်ဦးမည်ဟု ထင်စရာရှိပါ၏။

"ဒီမယ် ကိုရဲ၊ နတ်မိမယ်လေး နှစ်ပါးကို ကျွန်တော်ဖမ်းလာတယ်ဗျ"

ယန်းဘွိုင်တီးဝိုင်းနှင့် မနီးမဝေး မျက်စောင်းထိုးနေရာတွင် သီးသန့်စားပွဲချထားပါ၏။ လေးယောက်တစ်ဝိုင်း စားပွဲမျိုးမဟုတ်။ အစည်းအဝေးစားပွဲလို စားပွဲရှည်ကြီး ဖြစ်ပေသည်။ ဟိုဘက်သည်ဘက် လူနှစ်ဆယ်ခန့် ထိုင်နိုင်သည်။

ဤသီးသန့်စားပွဲနေရာနှင့် ပတ်သက်ပြီး တီးဝိုင်းခေါင်းဆောင် ကိုသက်ဦးနှင့် စိုးမိုးဖြူတို့ အချေအတင်တစ်ခု ဖြစ်လိုက်ရသေးသည်။



ကိုသက်ဦးက သူတို့တီးဝိုင်း ထုံးစံအရ သီးသန့်နေရာတွင် (၅)ယောက်စာနေရာ တီးဝိုင်း၏ဧည့်သည်ကို ပေးရိုးထုံးစံရှိသည်ကို ပြောပြသည်။

"ကိုသက်ဦးက ဘယ်သူ့ကို သီးသန့်နေရာအတွက် ရည်ရွယ်လို့လဲဗျာ၊ ဒီမြို့ကို ကိုသက်ဦး ပထမဆုံးရောက်ဖူးတာဆို"

"မင်းသုခနဲ့ သူ့အဖော်နှစ်ယောက်အတွက် အားလုံးသုံးနေရာလိုချင်တယ် ကိုစိုးမိုးဖြူ"

"ဟာဗျာ ... ဒါတော့ မလုပ်ပါနဲ့"

"ဘာလို့လဲ"

"ကျွန်တော် ရီဆာ့ဗ်သီးသန့်ထားတာက ဖေဖေနဲ့ မေမေရဲ့ သီးသန့်ဧည့်သည်နဲ့ ကျွန်တော့်ဧည့်သည်ရယ်၊ ညီမလေး ကေခိုင်ရဲ့ဧည့်သည်တွေအတွက်ပါ၊ အားလုံးဟာ လူကြီးလူကောင်းတွေနဲ့ လူရည်မွန်တွေချည်းပဲ ကိုသက်ဦး"

"မင်းသုခက လူရည်မမွန်လို့လားဗျာ"

"ကျွန်တော့်အမြင်ကတော့ ကိုမင်းသုခနဲ့ သူ့တပည့်နှစ်ယောက် သီးသန့်ထဲဝင်လိုက်ရင် တခြားသီးသန့်ပုဂ္ဂိုလ်တွေကို သိပ်အားနာစရာကောင်းသွားမယ် ကိုသက်ဦး၊ ဟဲ ... ဟဲ ... စကားပုံကတော့ နည်းနည်းရိုင်းသွားတယ်ပေါ့ဗျာ၊ ဒါပေမဲ့ အဆီအလျော်ဆုံးမို့ ပြောရမှာပဲ၊ ဆွမ်းဆန်ထဲ ကြွက်ချေးရောသလို ဖြစ်သွားမှာစိုးလို့"

"ဟာ ... ခင်ဗျား အတော်ရှော်တဲ့လူပဲ၊ မင်းသုခလို လူမျိုးကိုများ ကြွက်ချေးနဲ့ နှိုင်းတယ်လို့၊ ဒီမယ် ကိုစိုးမိုးဖြူ"

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ပြောမယ်၊ ကျုပ်ဟာ ရန်ကုန်စက်မှုတက္ကသိုလ်က ဘီအီးဘွဲ့ရပြီးသား၊ ကျုပ်မိဘတွေဟာ မန္တလေးမှာ သိန်းလေးဆယ်လောက် ချမ်းသာတယ်၊ အခုလက်ရှိ စိုးမိုးဖြူဟာ ပဉ္စမနှစ်ကျောင်းသားမို့ ကျုပ်ရဲ့အရည်အသွေးကိုတောင် မမီသေးဘူးလို့ ကျုပ် ပြောတယ်၊ အဲ ... ယောကျ်ားသားတစ်ယောက်ချင်း ပြိုင်ကြစတမ်းဆိုရင် မင်းသုဓဟာ ကျုပ်ထက်တောင် အရည်အသွေး သာသေးတယ်၊ ကဲ ... ရှင်းရဲ့လား"

"သူက တက္ကသိုလ်က ဘွဲ့ရလို့လား"

"ဘွဲ့တော့မရဘူး၊ ဒါပေမဲ့ ခင်ဗျားလို ကျုပ်လို မိဘအရိပ်ခိုစားနေတဲ့လူ မဟုတ်ဘူး၊ ကိုယ်ကျင့်တရား ပြောဦးမလား၊ ယောကျ်ားဆန်တဲ့ အပြုအမူတွေ ပြောဦးမလား၊ အားလုံး မင်းသုဓဟာ ခင်ဗျားရော ကျုပ်ရောထက် သာတယ်"

"ဒါကတော့ ကိုသက်ဦးက ပုဂ္ဂိုလ်ခင်လို့ တရားမင်တဲ့သဘောနဲ့ ပြောနေတာပဲ၊ ကျွန်တော့်အမြင်တော့ ကိုမင်းသုဓဟာ သာမည်ပါ၊ ဒီတော့ သီးသန့်ဝိုင်းမှာတော့ နေရာမပေးပါနဲ့၊ သီးသန့်စားပွဲနဲ့ အနီးဆုံး လေးယောက်ဝိုင်းစားပွဲမှာ ကျွန်တော် စီစဉ်ပေးပါ့မယ်"

"ဟေး ... ညီညီ"

ကိုသက်ဦးက စိုးမိုးဖြူကို ဆက်မပြောတော့ဘဲ အော်ဂင်တီးနေသော ညီညီကို လှမ်းခေါ်လိုက်သည်။

ညီညီ ချက်ချင်းရောက်လာသည်။

"တီးဝိုင်း ရပ်လိုက်တော့၊ ပစ္စည်းတွေသိမ်း၊ တို့ ပြန်မယ်"



"ဟာ ... အစ်ကိုဦး၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ဖြစ်ကွာ၊ သိမ်းဆိုသိမ်း၊ ကုန်ကျစရိတ် အားလုံး ငါ စိုက်ပေးမယ်"

ကိုသက်ဦးသည် စိုးမိုးဖြူ မပြောခင် ဦးလုထွန်းဖြူဘက်သို့ လှည့်လိုက်သည်။

ကိုသက်ဦး ထပ်မပြောခင် ဦးလုထွန်းဖြူ ရောက်လာသည်။ ကိုသက်ဦးက ဦးလုထွန်းဖြူ ရှေ့မှာပင် ဆက်ပြောသည်။

"ခင်ဗျား ပေးထားတဲ့ စရန်ငွေနှစ်ထောင် ကျုပ်ပြန်အမ်းမယ်၊ စရန်နှစ်ဆ လျော်ရမယ်ဆိုလည်းပြော၊ ကျုပ် လေးထောင်ရေးလိုက်မယ်၊ မနက်ဖြန် မန္တလေးဘဏ်မှာ ခင်ဗျား ငွေသွားထုတ်နိုင်တယ်"

ကိုသက်ဦးသည် သူ၏လက်ကိုင်အိတ်ကိုဖွင့်ကာ ချက်စာအုပ် ထုတ်ယူလိုက်သည်။

"ဟာ ... ဟာ ... ဒီလိုမလုပ်ပါနဲ့ မောင်သက်ဦး၊ ဘာတွေဖြစ်နေလဲ အစိုး၊ မင်းနဲ့ မောင်သက်ဦး ဘာမပြောလည်တာလဲ"

ကိုသက်ဦးက မင်းသုဓနဲ့ သီးသန့်နေရာကိစ္စ ရှင်းပြလိုက်သည်။

"ခက်တယ် အစိုး၊ မင်းတို့သားအမိကြောင့် ငါ သေချင်တယ်၊ ဒီမယ် မောင်သက်ဦး၊ အန်ကယ် တောင်းပန်တယ်ကွာ၊ နောက်ပြီး အိမ်ရှေ့က မောင်မင်းသုဓကို သီးသန့်နေရာထားဖို့ အန်ကယ် ခြွင်းချက်မရှိ သဘောတူပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဦးလှထွန်းဖြူက စိုးမိုးဖြူဘက်သို့ ပြန်လှည့်လိုက်သည်။

"မင်း ဘာသိ ဘာနားလည်သလဲ အစိုး၊ မောင်မင်းသုခဟာ ဒီမြို့ပေါ်က တကယ့်လူကြီးပိုင်းတွေကတောင် မျက်စိကျနေကြတယ်၊ ဒီမြို့ပေါ်က မော်တော်ကားစီးနိုင်တဲ့ လူတန်းစားအားလုံးက မောင်မင်းသုခကို နေရာပေးချင်နေကြတယ်၊ မင်းတို့သားအမိက တစ်ခါလာဂုဏ်၊ နှစ်ခါလာဂုဏ်နဲ့ မင်းတို့အယူသီးနေတဲ့ ဂုဏ်ကဘာလဲ၊ မင်းတို့နားလည်ထားဖို့က တကယ်ဂုဏ်ယူရတာမျိုးတွေ မောင်မင်းသုခဆီမှာ အများကြီးရှိတယ်၊ နားလည်လား၊ ရဲအုပ်မောင်ထိန်ဝင်းကဆိုရင် မောင်မင်းသုခကို ချီးမွမ်းလို့ မဆုံးဘူး"

စိုးမိုးဖြူက မဲ့ပြုံးပြုံးလိုက်ပါ၏။ သို့သော် ကိုသက်ဦးဘက်သို့လှည့်ကာ တောင်းပန်စကား ဆိုပေသည်။

"ဆောရီးဗျာ ... ကိုသက်ဦး၊ ဖေဖေကိုယ်တိုင်က ဒီလောက်ပြောမှတော့ အိမ်ရှေ့က ဝပ်ရှော့ဆရာကို ဂုဏ်သရေရှိပုဂ္ဂိုလ်တစ်ဦးလို့ပဲ ကျွန်တော် ယူဆပါမယ်၊ ခုန ကျွန်တော်ပြောမှား ဆိုမှားမိတာတွေကို တောင်းပန်ပါတယ်ဗျာ"

ကိုသက်ဦးသည် ယခုတိုင် အနီးတွင်ရပ်နေသော ညီညီဘက်သို့ လှည့်လိုက်သည်။

"ငါ အော်ဂင်နဲ့ စန္ဒရားကိုင်တော့မယ်၊ မင်း ဆောမင်းအောင်ဆီက ဂစ်တာကို လက်ပြောင်းယူပြီး ဆောမင်းအောင်ကို အဆိုလှည့်ပေးဆိုခိုင်းလိုက်"



ကိုသက်ဦးထကာ တီးဝိုင်းဆီသို့ လှမ်းသွားတော့သည်။ ညီညီက နောက်မှလိုက်သွားပါ၏။

စိုးမိုးဖြူက တင်းလွယ် လျှော့လွယ်သော လူစားဖြစ်သည်။

ကိုသက်ဦးသည် မင်းသုခအား ဘာကြောင့်များသည်လောက် လူရာသွင်းချင်ပါသနည်း။ စရန်နှစ်ဆလျော်ပြီး ပြန်မည်အထိပင် ပြောလာသည်။ သူငယ်ချင်း ခင်မင်လွန်းသောကြောင့် ဖြစ်တန်ရာသည်ဟုသာ အောက်မေ့လိုက်သည်။ ကိုသက်ဦးတကယ်တင်းမာလာသောအခါ စိုးမိုးဖြူ အလျှော့ပေးလိုက်သည်။ မလျှော့ရင် ပွဲပျက်သည်အထိ ရပ်ဆိုးသွားပေမည်။

ဘာမှစိတ်ထဲတွင် အမှတ်မထားတော့ဘဲ စိုးမိုးဖြူ ညှော်ကြိုသည်။

ရွှေစင်နှင့် သိင်္ဂီဝင်း ရောက်လာသည်ကို ဝမ်းသာအားရ ကြိုဆိုပြီး သီးသန့်စားပွဲတွင် နေရာချထားပြီးနောက် ...

"တို့ညှော့်သည်တွေ ကြိုဦးမည်နော်၊ မန္တလေးက သူငယ်ချင်းတွေ လာကြမလား မသိဘူး"

ဟု ပြောပြီး ပြန်ထွက်သွားသည်။ သီးသန့်ဝိုင်းတွင် ကိုရဲမင်းသုန်နှင့် အခြား ရွှေစင်တို့မသိသော လူကြီးပိုင်းအမျိုးသမီး (၂)ယောက်နှင့် အမျိုးသားကြီး(၃)ယောက်ရှိနေကြသည်။

"စိုးမိုးဖြူပြောတာ မမှားဘူး၊ ရွှေစင်တို့ နှစ်ယောက်လုံး နတ်မိမယ်လေးတွေ ကျနေတာပဲ၊ ရွှေစင့်ကိုတော့ တို့က ရင်းနှီးပြီးသား၊ ကျန်တစ်ယောက်တော့ ခုမှမြင်ဖူးတယ်"

www.burmeseclassic.com

www.burmeseclassic.com

"သူက သိင်္ဂဝင်းတဲ့ ကိုရဲမင်းသုန်၊ ရွှေစင်တို့နဲ့ တစ်ကျောင်းတည်း တစ်တန်းတည်းကပါ၊ ကေခိုင်ဖြူနဲ့လည်း အတူပေါ့"

"မိတ်ဆွေဖြစ်ရတာ ဝမ်းသာတယ် သိင်္ဂဝင်း"

"အဲဒါ ကိုရဲမင်းသုန့်တဲ့၊ တို့ခေါင်းရင်းအိမ်ကလေ၊ ဘီအီးဘွဲ့ရပြီးသား သိင်္ဂဝင်း၊ အခု သင်္ဘောလိုက်နေတယ်၊ သူဌေးတွေပေါ့ဟယ်"

"လုပ်ပြီ ရွှေစင်ကတော့ သူဌေးတွေဆိုတာက အတွန့်လေးတက်လိုက်သေး"

သိင်္ဂဝင်းက ပြုံးပြုံးရယ်ရယ်နှင့်ပင် ကိုရဲမင်းသုန်နှင့် တွေ့ရတာ ဝမ်းသာပါတယ်ဟု ပြန်ပြောပေသည်။

"ဟေး ... ရွှေစင်နဲ့ သိင်္ဂ"

ပြောပြောဆိုဆို မွှေးနေ့ရှင် ကေခိုင်ဖြူ ရောက်လာသည်။

"တို့ ကြိုမလို့ပဲဟာ၊ ကိုကိုစိုးက နင်တို့နှစ်ယောက်ကို သူကြိုမယ်ဆိုလို့ တခြားဧည့်သည်တွေဆီ ငါသွားရတယ်၊ ဟွန်း ... ကိုရဲကော ပျင်းနေပြီလား၊ ဆာကောဆာပြီလား၊ ငါးနာရီခွဲမှာ ကျွေးဖို့စီစဉ်ထားတယ် ကိုရဲ"

ကေခိုင်လည်း နတ်မိမယ်လေးတစ်ပါးပင်။ တန်ဖိုးကြီးသော ဇာအဖြူ အထက်အောက် ဝတ်ထားသည်။ ဖြူနုအိစက်သော ဇာပဝါလွှားထားသည်။ ခေါင်းတွင် ဘီးကုပ်သဖွယ် ဘော်အဆင်းရှိသော ဦးသျှောင်တင်ထားသည်။

တစ်ကိုယ်လုံး စိန်တွေသီးနေသည်။



ဇာဖြူဇာပဝါနှင့် ဖြစ်စေကာမူ စိန်ရောင်သည် တဖျပ်ဖျပ် တောက်ပနေပါ၏။

ကေခိုင်၏မျက်ဝန်းအစုံသည် ရဲမင်းသုန် အပေါ်၌သာ ရစ်ဝဲနေသည်ကို ရွှေစင် သတိထားမိသည်။

အကယ်၍သာ ကိုရဲမင်းသုန်က ရွှေစင့်အားမေတ္တာရှိကြောင်း ဖွင့်ပြောသည်ကို ကေခိုင်ဖြူ သိပါက သူ့စိတ်မှာ ဘယ်လိုခံစားရရှာမည်လဲဟု ရွှေစင် တွေးနေမိသည်။

"လာ ... လာ ... မောင်မင်းသုခ၊ ဒီမှာ လာထိုင်"

"ဟာ ... နေပါစေ အန်ကယ်ရာ၊ ကျွန်တော် ဟိုစားပွဲတွေမှာပဲ လွတ်တဲ့နေရာ ဝင်ထိုင်ပါရစေ"

"မဟုတ်ပါဘူး ဒီမှာပဲထိုင်ပါ၊ မောင်မင်းသုခကို ဒီနေရာပေးရမယ်လို့ တီးဝိုင်းခေါင်းဆောင် မောင်သက်ဦးက တင်ကြိုမှာထားပါတယ်"

ရွှေစင်သည် မောင်မင်းသုခဟု အသံကြားသည်နှင့် ကပျာကယာပင် လှည့်ကြည့်လိုက်သည်။

ကိုမင်းသုခပါတည်း။

ရှပ်အင်္ကျီအဖြူ စတစ်ကော်လာ ဝတ်ထားသည်။ မီးခိုးရင့် တက်ထရက်စ်အပေါ်အင်္ကျီ ဝတ်ထားသည်။ ယောလုံချည် နှစ်နံ့စပ်အနက် ဝတ်ထားသည်။ ယောအစစ်မို့ အနက်ရောင် အောက်ခံသည် ရှော့မှတ်ပြီး အရောင်တောက်နေသည်။ အနက်ခံတွင် ချည်ထိုးဖြူဆွတ်ဆွတ် စကြာပွင့်လေးတွေပါသည်။ ခါးမှ ခြေမျက်စိထိ ချည်ဖြူနှစ်စင်း အမြိတ်ကျဆင်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်ခြင်း၊ ဣန္ဒြေရခြင်းနှင့် ကြည့်ကောင်းခြင်း သုံးခုကို မင်းသုခ၏မျက်နှာနှင့် ကိုယ်ပေါ်တွင် တွေ့ရှိရပါ၏။

မင်းသုခသည် ဖြန်းခနဲ မထိုင်သေးဘဲ အနီးအနားရှိ အခြားလေးယောက် စားပွဲဝိုင်းတွင် ကုလားထိုင်အလွတ်ကို လိုက်ကြည့်နေသည်။

ထိုစဉ် ...

တီးဝိုင်းခေါင်းဆောင် ကိုသက်ဦးသည် သူ့တီးဝိုင်းကို ဘယ်လိုအချက်ပြလိုက်သည်မသိ။ တိခနဲ တီးသံ ဆိုသံတွေ ရပ်သွားသည်။

အဆိုအတီးကို အရသာခံနေခိုက်ဖြစ်သဖြင့် ပရိသတ်အားလုံးလိုလို တီးဝိုင်းဆီသို့ ငုံ့ကြည့်ကြပါ၏။

"ဟော့ ... သူငယ်ချင်း သုခကြီး"

ကိုသက်ဦးက စင်မြင့်မှ လှမ်းခေါ်သဖြင့် မင်းသုခ လှမ်းကြည့်သည်။

"ထိုင်ပါကွ၊ ငါ မင်းအတွက် စပါယ်ရှယ်ယူထားတဲ့နေရာပါ၊ မင်းက ငါ့တီးဝိုင်းရဲ့ အထူးဧည့်သည်လေကွာ"

"ထိုင်ပါလား ကိုမင်းသုခ၊ ရွှေစင်တို့လည်း ဒီမှာထိုင်နေသားပဲဟာ"

ရွှေစင်သည် အောင့်အည်းမနေနိုင်ဘဲ ပြောလိုက်ပေသည်။

မင်းသုခက စင်ပေါ်မှ ကိုသက်ဦးကို ခေါင်းညိတ်ပြရင်း ထိုင်လိုက်တော့သည်။



ထိုအခါမှ ကိုသက်ဦးက သူ၏တီးဝိုင်းကို ပြန်အချက်ပေးလိုက်ရာ တီးဝိုင်းသည် စောစောက တိခနဲရပ်လိုက်သောနေရာမှပင် ပြန်၍ဆိုသူဆို၊ တီးသူတီး ဖြစ်သွားသည်။

ချီးမွမ်းစရာပင်။ ကက်ဆက်ခွေတို့၊ ဗီဒီယိုတိပ်ခွေတို့ ဖွင့်ရာတွင် စက်၌(Pause)ခေါ် ခေတ္တရပ်တန့်ခြင်းခလုတ် ပါရှိပေသည်။ ဖွင့်ထားရင်းမှ အကြောင်းတစ်ခုခုကြောင့် ပေါ့စ်ခလုတ်ကိုနှိပ်လိုက်လျှင် ချက်ချင်းရပ်သွားသည်။ လိုအပ်ပြီး ပြန်၍ပေါ့စ်ခလုတ်ကို နှိပ်လိုက်လျှင် ရပ်ထားစဉ်က နေရာမှဆက်၍အသံထွက်ခြင်း၊ အရုပ်များ ပြန်လှုပ်ရှားခြင်းရှိသည်။

ယခု ကိုသက်ဦးလုပ်ပုံမှာ ပေါ့စ်ခလုတ်ကိုနှိပ်၍ ရပ်ထားစေပြီးမှ ပေါ့ခလုတ်ကို ပြန်နှိပ်ကာ ဆက်ဆို ဆက်တီးသည်မှာ ချီးကျူးစရာကောင်းလှပါ၏။

ရွှေစင်နှင့် မင်းသုခ ထိုင်နေသည်မှာ ဟိုဘက်သည်ဘက် လူနှစ်ယောက်ခြားလောက် မျက်စောင်းထိုးအနေအထားရှိ၏။

မင်းသုခ ထိုင်သည်နှင့် ရွှေစင့်ကို လှမ်းကြည့်သည်။ ရွှေစင်က နဂိုကတည်းက ကြည့်နေသည်မို့ မျက်လုံးချင်းဆုံမိကြသည်။

"ရွှေစင်တို့ ရောက်နေတာ ကြာပြီလား"

"အင်းပေါ့၊ လေးနာရီ မခွဲခင်ကတည်းကလေ၊ ကိုမင်းသုခက နောက်ကျတယ်နော်"

"ဖိတ်စာထဲမှာ ညနေလေးနာရီမှ ညကိုးနာရီအထိလို့ ပါတာပဲ၊ အခုမှ ငါးနာရီရှိသေးတာ"

www.burmeseclassic.com

www.burmeseclassic.com


ရွှေစင်ရယ်သည်။ မင်းသုခလည်း ပြုံးလိုက်ပါ၏။ သိင်္ဂီဝင်းကလည်း မင်းသုခကို ငေးကြည့်နေသည်။ ကားအပိုပစ္စည်းဆိုင်ပွင့်ဖို့ကိစ္စ ပြောခဲ့ပြီးသားမို့ သိကျွမ်းပြီးသား သဘောရှိသည်။ သို့သော် မင်းသုခသည် ရွှေစင်နှင့် ပြောပြီးသည်နှင့် တီးဝိုင်းစင်မြင့်ဘက်သို့ ဦးခေါင်းလှည့်သွားသည်။ သိင်္ဂီဝင်းကို ပြုံး၍ပင်နှုတ်မဆက်ပါပေ။

"တစ်မျိုးကြီးပဲနော်၊ မနေ့ကပဲ ငါနဲ့ ဆိုင်ကိစ္စ ပြောသေးတယ်၊ အခုကျတော့ မသိတဲ့လူ ကျနေတာပဲ"

ရွှေစင်က ဘာမျှမပြောဘဲ ခေါင်းညိတ်ပြလိုက်ပေသည်။ ခေါင်းညိတ်ရင်း ရွှေစင်၏မျက်လုံးအစုံသည် စင်မြင့်ဆီသို့ ဘေးပတ်သွားနေသော ကိုအောင်သူ့ကို လှမ်းမြင်ရသည်။ ကိုအောင်သူတို့အဖွဲ့ကိုပါ ကေနိုင်ဖြူ ဖိတ်ထားခြင်းဖြစ်မည်။

အောင်သူသည် စင်မြင့်ဘေးတွင်ရပ်ပြီး တီးဝိုင်းထဲမှ လူတစ်ယောက်ကို စာတစ်စောင်ပေးသည်၊ ပါးစပ်မှလည်းပြောသည်။ တစ်မိနစ်လောက်ပြောပြီး ပြန်ထွက်သွားသည်။

အောင်သူနှင့်တွေ့သော တီးဝိုင်းသမားက စာကို အဖွဲ့ခေါင်းဆောင် ကိုသက်ဦးသို့ လှမ်းပေးလိုက်သည်။ သူတို့သည် အတီးမပျက် အဆိုမပျက် လှုပ်ရှားနေကြခြင်းဖြစ်၏။

နောက်ထပ်(၅)မိနစ် အကြာမှာပင် သီဆိုသူ တေးသံဆုံးသွားသည်။

အဆိုအတီးကို ခေတ္တရပ်ကာ ကိုသက်ဦး စင်အလယ်လာပြီး မိုက်ကရိုဖုန်းရှေ့တွင် ရပ်လိုက်သည်။ သူ့လက်ထဲတွင် စာရွက်ကို ဖြန့်ကိုင်ထားပြီး စတင်ပြောကြားပေသည်။

"ခွေပွဲလာ လူကြီးမင်းများနှင့် ညှိပရိသတ်များခင်ဗျား၊ ယခုလို မွေးနေ့ပွဲ၊ မင်္ဂလာလက်ထပ်ပွဲများမှာ ကိုယ့်ပတ်ဝန်းကျင်က ခင်မင်သူများဟာ မွေးနေ့ပွဲကို ဂုဏ်ပြုတဲ့အနေနဲ့ ဒါမှမဟုတ် မင်္ဂလာပွဲကို ဂုဏ်ပြုတဲ့အနေနဲ့ အချင်းချင်းမိတ်ဆွေများထဲမှ ဘယ်သူ့ကိုတော့ တီးဝိုင်းနဲ့တွဲပြီး သီဆိုပေးပါ စသဖြင့်ပေါ့ဗျာ၊ ခိုင်းစေတတ်တာ နေရာတိုင်းလိုလိုမှာပါပဲ၊ အခုလည်း"

ကိုသက်ဦးက စာရွက်ကို မြှောက်ပြရင်း ...

"ကိုအောင်သူ၊ ကိုသန်းဇော်၊ ကိုဗညားသွင်၊ ကိုအောင်ကိုလတ်နဲ့ ကိုလွမ်းဝေတို့က မွေးနေ့ရှင် ကေနိုင်ဖြူကို ဂုဏ်ပြုတဲ့အနေနဲ့ ကေနိုင်ဖြူရဲ့အချစ်ဆုံးသူငယ်ချင်း မရွှေစင်က တီးဝိုင်းနဲ့တွဲပြီး သီချင်းတစ်ပုဒ် ဆိုပေးပါလို့ တောင်းဆိုပါတယ်၊ အကယ်၍ မရွှေစင်က သီချင်းဆိုလေ့ဆိုထမရှိခဲ့ရင် မရွှေစင်ရဲ့ကိုယ်စား မရွှေစင် ကိုယ်တိုင် ရွေးချယ်တဲ့သူက သီဆိုပေးပါတဲ့၊ ဒါမျိုးကို ကျွန်တော်တို့တီးဝိုင်းက ပျော်ပျော်ရွှင်ရွှင် ကျေကျေနပ်နပ် လက်ခံပါတယ်ခင်ဗျ၊ ဒါကြောင့် ပရိသတ်လိုလားတဲ့ မရွှေစင်ခင်ဗျား၊ ကျေးဇူးပြု၍ စင်မြင့်ပေါ်ကို ကြွပါလို့ ကျွန်တော် ဖိတ်ကြားအပ်ပါတယ်"

လက်ခုပ်တီးသံတွေ ထွက်လာပေသည်။

"အယ် ... ဒုက္ခပါပဲ၊ တို့က သီချင်းတစ်ပုဒ်ကို ဆုံးပေါက်တည့်အောင်မှ မဆိုတတ်တာ"

"မရွှေစင် စင်မြင့်တီးဝိုင်းကို ကြွပါ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင် မနေသာတော့။ ထိုင်ရာမှထလိုက်ပြီး ကိုသက်ဦးအား အသံတုန်တုန်လေးနှင့် လှမ်းပြောပေသည်။

“တောင်းပန်ပါတယ်၊ ရွှေစင် မဆိုတတ်လို့ပါ”

“ဘာသီချင်းပဲဖြစ်ဖြစ် ဆိုလို့ရပါတယ် မရွှေစင်၊ တီးဝိုင်းတိုင်းလိုလိုဟာ ကိုယ့်အဖွဲ့နဲ့ ကိုယ့်အဆိုတော်တွေအတွက် သီချင်းတွေ ဆိုကြ တီးကြပေမယ့် ခေတ်မှာကျော်ကြားထားတဲ့ သီချင်းမှန်သရွေ့ တီးဝိုင်းလိုက်တီးနိုင်အောင် လေ့ကျင့်ထားပါတယ်၊ မရွှေစင် ကြွပါ၊ ကိုယ်ရရာအပုဒ်ကိုဆိုပါ၊ ကျွန်တော်တို့ တီးပေးနိုင်ပါတယ်”

“ရွှေစင် တကယ် မဆိုတတ်တာပါ၊ ဘယ်သီချင်းကိုမှလဲ တစ်ပုဒ်ဆုံးအောင် မရပါဘူး၊ သီချင်းရဲ့စာသားတွေကိုလည်း မှန်မှန်ကန်ကန် မရလို့ပါ”

“ကဲ ... ဒါဆိုရင် မရွှေစင် တီးဝိုင်းစင်မြင့်ပေါ်ကိုတော့ ကြွပါ၊ စင်မြင့်ကနေပြီး မရွှေစင်ရဲ့ကိုယ်စား ဆိုပေမယ့် နောက်တစ်ယောက်ကို ရှာဖွေရွေးချယ်ပေးပါ ခင်ဗျား၊ ဒါကိုတော့ မရွှေစင် မငြင်းနိုင်တဲ့ကိစ္စပါ”

ရွှေစင် မငြင်းသာ၊ စင်မြင့်ရှိရာသို့ သွားပြီး တက်ရောက်လိုက်သည်။

“ဟယ် ... လှလိုက်တာ” ဆိုသည့် အသံများ ကျွတ်စီကျွတ်စီလေး ထွက်လာပါ၏။

ရွှေစင်သည် လျှောက်ကြည့်သည်။ ဝေးဝေးလံလံကြည့်စရာမလို။ ကိုမင်းသုခကို ဒက်ခနဲလှမ်းကြည့်မိသည်။ ကိုမင်းသုခ၏ ပတ္တလားတီးသံ၊ သီချင်းဆိုသံတို့ကို ရွှေစင် မကြာခဏ



ကြားဖူးနေပြီ မဟုတ်လား။ တခြားသူငယ်ချင်းတွေ ဆိုပါက ဆိုတတ်မှန်းမသိ မဆိုတတ်မှန်းမသိ ဖြစ်ရဦးမှာ။

ရွှေစင်က ကိုသက်ဦးကို ပြောလိုက်သည်။ ကိုသက်ဦးလက်ထဲတွင် မိုက်ကရိုဖုန်း၊ ကိုင်ထားသဖြင့် ရွှေစင် ရွေးချယ်သောနာမည်ကို ပရိသတ်ဆီသို့ ပျံ့လွင့်သွားစေပါသည်။ ‘ကိုမင်းသုခ’ တဲ့လေ။

ကိုသက်ဦးက ဖြောက်ခနဲနေအောင် လက်ဖျစ်တီးလိုက်ပါ၏။

“မရွှေစင် ရွေးလိုက်တာ အင်မတန်မှန်ကန်တဲ့ ရွေးချယ်မှုပါပဲခင်ဗျာ၊ သူ့ကိုယ်စား ကိုမင်းသုခကို ရွေးပါတယ်တဲ့လေ၊ ဟဲ ဟဲ ... မင်းသုခဟာ ကျွန်တော့်သူငယ်ချင်းပါပဲ၊ ဟိုက်စကူးကျောင်းသားဘဝကတည်းက လည်ပင်းဖက်ပေါင်းခဲ့တဲ့သူပါ၊ အခု မင်းသုခ ဒီမြို့ကိုရောက်လာတာတောင် သိပ်မကြာသေးပါဘူး၊ ဒီမြို့က မော်တော်ကားပိုင်ရှင်များကတော့ မင်းသုခကို သိကျွမ်းနေမှာပါ၊ ဒီမြို့က လူအများမသိတာ တစ်ချက်ကတော့ မင်းသုခဟာ အဆိုကောင်း အတီးကောင်းဖြစ်တယ် ဆိုတာကိုပါပဲ၊ ဒီကောင် စန္ဒရားနဲ့ ပတ္တလားမှာ အလွန်ကျွမ်းပါတယ်၊ အဆိုမှာလည်း ပရိသတ်ကြီးနားသာထောင်ကြည့်ပါတော့၊ ကဲ ... သူငယ်ချင်း၊ တို့ဆိုကြွခဲ့ကွာ”

ရွှေစင် ပြန်ဆင်းလာသည်။

မင်းသုခကို လှမ်းကြည့်သည်။ မင်းသုခက ရွှေစင့်ကိုမကြည့်ပါလေ။ သို့သော် ထိုင်ရာမှ ထပေသည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



တွန့်ဆုတ်ခြင်း၊ ငြင်းပယ်ဟန်ပြခြင်း အမူအရာလုံးဝမရှိဘဲ ခါတိုင်း လျှောက်ရိုးလျှောက်စဉ် ပုံစံအတိုင်း စင်မြင့်ဆီသို့ လျှောက်သွားသည်။

"ကဲ ... သူငယ်ချင်း၊ ဘာဆိုမလဲ"

"တိမ်လွှာမို့မို့လွင်ကွာ"

"ကောင်းတယ် သူငယ်ချင်း"

ကိုသက်ဦးက မိုက်ခွက်ကို ပါးစပ်တေ့ကာ ဆက်ပြောပြန်ပါ၏။

"ရွှေပွဲလာပရိသတ်ကြီးခင်ဗျား၊ မင်းသုခက ရုပ်ရှင်မင်းသား အဆိုတော် ကိုဝင်းဦး သီဆိုခဲ့ပြီး လူတိုင်းကြိုက်ခဲ့တဲ့ တိမ်လွှာမို့မို့လွင်ကို သီဆိုဖျော်ဖြေပါလိမ့်မယ်"

မိုက်ခွက်ကို သက်ဦးက မင်းသုခလက်သို့ ကမ်းပေးသည်။ မင်းသုခက ယူလိုက်ပါ၏။

ကိုသက်ဦး အော်ဂင်နှင့် စန္ဒရားဆီသို့ ပြန်လှည့်သွားစဉ် မင်းသုခက ဦးညွတ်ပြီး ပရိသတ်ကို အရိုအသေပေးလိုက်သည်။

သက်ဦးက အခြားတူရိယာသမားတွေကို လက်ဝါးကာရပ်ထားစေပြီး အော်ဂင်သံနွဲ့နွဲ့ဖြင့် အဆိုသမား အဝင်ကောင်းအောင် ခင်ပေးလိုက်ပါ၏။

"ပြာရီမှိုင်းကာမို့မို့ xxx က ညို့ညို့ညိုလွင် xxx ညင်းလေ ပြည်သွေးလို့သာ xxx ဖေးမကူချင် xxx တိမ်လွှာလေးတွေပြေးကာ xxx တရွေ့ရွေ့ယူငင် xxx ပြုံးလှောင်ကာ ညှိုးဝတ် မှုန် xxx မိုးပစ္စုန်ရှင် xxx"



အသံကောင်းသလား မမေးပါနှင့်။ အဆိုကောင်းသလား မမေးပါနှင့်။

တတ်သိ ကိုသက်ဦးက မင်းသုခ၏ အဆိုကို အတီးသံတွေအုပ်သွားမည်စိုး၍ မည်သည့်အတီးမှ မဝင်စေဘဲ ငြိမ့်ညောင်းသော အော်ဂင်သံတစ်ခုတည်း တီးပေးသည်ကိုသာ ကြည့်ပါတော့။

"သဲသဲမဲမဲရှာလိုက်မယ်ပဲဟန်တွေပြင် xxx အဖော်နဲ့ဝေးတဲ့သူမှာ xxx အဆွေးသာပိုချင် xxx လွမ်းစေကျွမ်းစေအောင်ပင် xxx သဲကာရွှေမိုး xxx ညှိုးတော့တယ် xxx တင်စားလို့ပင် xxx ပြိုငြင်ပြောလိုက်ချင် xxx"

ပရိသတ်သည် ကိုင်ထားသော လက်ကိုင်ပဝါ လွတ်ကျသွားသည်ကိုပင် ပြန်မကောက်ယူသေးဘဲ အရသာမပျက်အောင် ဆက်နားထောင်နေသည်။

ရွှေစင်ရော သီဂီရော ရီဝေသောအကြည့်ဖြင့် ကိုမင်းသုခကို လှမ်းကြည့်နေကြသည်။

အိမ်မှာထားခဲ့၍ မဖြစ်သဖြင့် ခေါ်လာရသော ကလေးများပင် ငြိမ်၍ နားထောင်နေကြသည်။ စင်ပေါ်မှ မင်းသုခထံသို့ ထောင်နှင့်ချီနေသော မျက်လုံးတို့သည် မင်းသုခကိုယ်ပေါ်သို့ တစ်သမတ်တည်း စိုက်ကြည့်နေကြသည်။

မင်းသုခ၏ ဆိုဟန်သည် ဣန္ဒြေရသည်။ ဝတ်စားထားပုံကလည်း မြန်မာဆန်လှသည်။ နုတ်ခမ်းအဖွင့်တွင် ပေါ်ထွက်လာသော သွားဖြူတန်းနှင့် သွားစွယ်တန်းနှစ်ချောင်းမှာ ကျက်သရေပြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဆီဘယ်ဝယ် xxx တစ်ကိုယ်တည်း အားနည်းသူ ပင် xxx မိုးသက်လေနှင် xxx ကြွေလေအောင်ဖန်ချင် xxx တမ်းတယောင် xxx မှန်းဆမြင် xxx နွမ်းလျအောင် xxx ပန်းရလျှင် xxx မြင်မယ့်ချစ်သူခင်ရယ် xxx မှိုင်းပြာရည် ညို့ xxx တိမ်လွှာမို့မို့လွင် xxx"

သီချင်းသည်ဆုံးပါ၏။ သို့သော် အော်ဂင်တီးသမားက အဆုံးမချဘဲ အစပိုဒ် ပြာရီမှိုင်းကာ မို့မို့လွင်ကို ပြန်ကောက်သဖြင့် မင်းသုခစိတ်ထဲက သက်ဦးကို ဆွဲထိုးချင်စိတ်ဖြင့်ပင် ပရိသတ်ကို လေးစားသောအနေဖြင့် ပြန်အကျော့ကို လိုက်ဆိုပေးလိုက်ပြန်သည်။

"ဟဲ့ ... ရွှေစင်၊ နင် ဘာလို့ငိုနေတာဲဟင်"

"ငါမှမငိုတာ"

"အိုး ... နင့်မျက်လုံးက စီးကျတဲ့မျက်ရည်တွေ ပါးပြင်ပေါ်မှာ လိမ့်ဆင်းလာသားနဲ့များ"

"အေးဟယ် ... ငါငိုတာတော့ မဟုတ်ဘူး သိ့ဂီ၊ ရင်ထဲမှာ ခံစားရင်း သူ့ဟာသူ မျက်ရည်တွေ ထွက်လာတာ"

"ဟုတ်တယ်နော်၊ ငါလည်း ငိုချင်သလိုပဲ၊ ကိုမင်းသုခ တကယ်တော်တယ်၊ သူ့ဘဝမှာ အဆွေးတွေရှိခဲ့ပြီး တစ်ကိုယ်တည်း အားနည်းသူ ဖြစ်နေသလားမှ မသိတာ"

မင်းသုခ၏ ဒုတိယအကြိမ် ပြန်အကျော့ဆုံးသည်နှင့် ပရိသတ် တစ်အုံ့လုံးထံမှ လက်ခုပ်သံတွေက တဖြောင်းဖြောင်း မြည်ဟည်းထွက်လာသည်။



ဝတ်ကျေဝတ်ကုန်တီးသော လက်ခုပ်သံမျိုးမဟုတ်။ ရင်ထဲက ရာနှုန်းပြည့် ထောက်ခံချီးကျူးသော လက်ခုပ်သံများဖြစ်မှန်း သိသာလှသည်။

ကိုရဲမင်းသုန်ပင် လက်ခုပ်တဖြောင်းဖြောင်း တီးရင်း ရွှေစင်တို့ဘက် လှည့်ပြောပါ၏။

"တကယ်တော်တယ် ရွှေစင်၊ ဒီလူ ခံစားမှုအပြည့်နဲ့ဆိုတာပဲဖြစ်မယ်၊ ဒီလူ အသည်းကွဲဖူးတာ သေချာတယ်"

ခြောက်နာရီမတင်းရှိသွားသည်။

ငါးနာရီခွဲတွင် ဒံပေါက်ကျွေးမည်ဆိုစေကာမူ ဆယ့်ငါးမိနစ် နောက်ကျသွားလေပြီ။

ဒံပေါက်ဆရာကြီး ဦးအိဘရာဟင်မှအစ သူ၏စားပွဲထိုး ကုလားငယ်လေးတွေ တစ်ပြုံကြီးပင် မင်းသုခ၏ တိမ်လွှာမို့မို့လွင်၌ ယစ်မူးပြီး ဆယ့်ငါးမိနစ်ပိုအောင် မေ့လျော့သွားကြသည်ထင်ပါ၏။

ကိုမင်းသုခသည် သူ့နေရာတွင် ပြန်ရောက်လာပြီး ထိုင်သည်နှင့် ရွှေစင့်ကို လှမ်းကြည့်သည်။ ရွှေစင်က အကြည့်နှင့်မို့ ဆုံမိကြသည်။

မင်းသုခသည် စတစ်ကော်လာမှ ထိပ်ဆုံးကြယ်သီးကို ဖြုတ်ပစ်လိုက်သည်။ မျက်နှာကလည်း ရီဝေညှိုးနွမ်းနေပေသည်။

"ရွှေစင့်ကို စိတ်ဆိုးသွားလားဟင်"

"ဘာလို့ဆိုးရမှာလဲ"

"ရွှေစင့်ကိုယ်စား ကိုမင်းသုခကို လက်ညှိုးထိုးလိုက်လို့လေ"

"ရပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မင်းသုခက လက်ဝါးနှစ်ဖက်ဖြင့် နဖူးပေါ် တစ်ဝဲကျနေသော ဆံပင်တွန့်တွန့် ကွေးကွေးလေးတွေကို နောက်သို့ ပြန်သပ်လိုက်သည်။

“တစ်ခါတလေ အဲဒီလို ရင်ပွင့်ပြီး စိတ်တိုင်းကျ ဟစ်ဆိုလိုက်ရတာဟာ လူကိုပေါ့ပါးသွားစေသားပဲ၊ တို့က ရွှေစင့်ကိုယ်စားပြုတာကိုတောင် ကျေးဇူးတင်နေပါတယ်၊ ကဲ … တို့ပြန်တော့မယ် ရွှေစင်”

“ဟင် … ဒံပေါက်ကျွေးနေပြီလေ”

“မစားတော့ဘူး၊ မွေးနေ့ဆိုတာ အထွတ်အမြတ်ပဲ၊ ကိုယ်ကလက်ဆောင်ပေးတာလည်း အထွတ်အမြတ်ဖြစ်စေချင်တယ်၊ ဒီလက်ဆောင်ပေးပြီး အပြန်အလှန်ကျွေးတာတို့၊ ပြန်ပေးတာတို့ တို့မယူချင်ဘူး”

ရွှေစင် ငေးသွားရပြန်သည်။ သူမ၏အရှက်နှင့်အသက်ကို ကယ်ပြီးနောက်လည်း ဘာကိုပေးပေး မယူလိုဟု ပြောခဲ့သော စကားကို မှတ်မိလိုက်သောကြောင့်ဖြစ်ပါ၏။

စင်ပေါ်မှ ကိုယက်ဦးသည် မင်းသုခ ထပြန်သွားသည်ကို တီးရင်း လှမ်းကြည့်နေသည်။ သူတို့တီးဝိုင်းသမားတွေမှာ ဧည့်ပရိသတ်နှင့် တစ်ချိန်တည်း အတူမစားနိုင်ပေ။ ဧည့်ပရိသတ် စားသောက်နေစဉ် သူတို့က ဆိုဟယ် တီးဟယ်ဖြင့် ဖျော်ဖြေနေရပါသေး၏။

ရွှေစင် ဒံပေါက်ကို အများနည်းတူစားသည်။ သို့သော် တို့ကနန်း ဆိတ်ကနန်းသာ စားသည်။ လိုက်ပွဲထပ်ယူဖို့ နေနေ



သာသာ ပထမပန်းကန်မှ ဒံပေါက်ပင် ထက်ဝက်မကုန်။ ကြက်သားတုံးကြီးလည်း ထက်ဝက်မကျိုး။

“ခဏလေးနော် သိဂီ၊ တို့ အပြင်ခဏထွက်ချင်လို့”

“ဟယ် … နင့်ဟာက စားတုန်းသောက်တုန်းကြီးမှာ”

“အင်းပါ ခဏလေးပါ”

ရွှေစင် ထသွားသည်။

ရွှေစင် ထသွားသည်ကို စားရင်းသောက်ရင်း ကိုရဲမင်းသုန်က လှမ်းကြည့်နေသည်။

ရွှေစင်က ခြံပေါက်ဝသို့ ထွက်သွားခြင်းဖြစ်ပါ၏။

မစားသောက်သေးဘဲ အိမ်ရှင်ပီပီ စိုးမိုးဖြူက လိုအပ်သည့်စားသောက်ဝိုင်းကို ဖြည့်စွမ်းနိုင်ဖို့ လှည့်ပတ်ကြည့်ရင်းမှ ရွှေစင် ခြံပေါက်ဝမှ ထွက်သွားသည်ကို လှမ်းကြည့်နေသည်။

ရွှေစင်သည် ခြံဝမှထွက်ပြီး သူမ၏အိမ်သို့ သွားခြင်းမဟုတ်ဘဲ မင်းသုခဝပ်ရှော့ခြံထဲသို့ ဝင်သွားသည်ကို စိုးမိုးဖြူ လှမ်းမြင်ပေသည်။

“သြော် … ဒီလိုကိုး”ဟု စိုးမိုးဖြူ ရင်ထဲက မှတ်ချက်ပြုလိုက်ပေတော့သည်။

အမှန်လည်း သည်လိုကိုဖြစ်ပါ၏။

“ဟင် … ရွှေစင် လိုက်လာတယ်”

“လိုက်လာတာပေါ့”

“ဘာလို့ လိုက်လာချင်ရတာလဲ ရွှေစင်ရယ်၊ [illegible]က အမနာပတွေ ပြောကြတော့မယ်”

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို အမနာပတွေပြောလို့ သူ့မှာ ထိခိုက်သွားသလား ဟင်"

"တို့က ဘာအရေးလဲ၊ ထိခိုက်မှာက ရွှေစင့်ကိုပါ၊ စိုးရိမ်တာကလည်း ရွှေစင့်ကိုပါ"

"အိုး ... ပြောချင်တာ ပြောကြစမ်းပါစေ၊ လူ့ပါးစပ်ဆိုတာ သိကြားမင်း နွားယောင်ဖန်ဆင်းပြတာတောင် ဒီနွားက ချိုတိုတယ်လို့ ပြောသေးတာပဲဟာ"

"ဒါဆို ရွှေစင်က ဘယ်သူ ဘာပြောပြော ဥပေက္ခာထားနိုင်တယ်ပေါ့ဟုတ်လား"

"ကိုယ့်အတွက် မမှားနိုင်ဘူးဆိုရင် ဘယ်သူကဘာပြောပြောပေါ့"

စံနက်ကျော် မရှိပေ။ အောင်တလူလည်း မရှိပေ။ သူတို့ အစ်ကိုက မွေးနေ့ပွဲသွား။ အလုပ်တွေလည်း ယနေ့အဖို့ သိမ်းလိုက်ပြီမို့ တာဝန်ကင်းလွတ်စွာ တစ်နေရာရာသို့ အပန်းဖြေသွားနေကြလေသလားမသိ။

"ဒါဆို တို့ရင်ထဲရှိတဲ့အတိုင်း ပြောရမလား ရွှေစင်၊ တို့ပြောတာဟာ တို့ရဲ့ရင်ထဲ အသည်းထဲက စကားပဲ၊ အဲဒီစကားကို ရွှေစင် လက်ခံရင် မှားသွားမလားပဲ"

"ဘာလဲ အဲဒီစကားက"

"ရွှေစင့်ကို တို့ချစ်တယ်၊ ခုမှမဟုတ်ဘူး၊ မာလာမြိုင်လမ်းကွေ့မှာ ဗရုတ်တွေနဲ့ တွေ့ခဲ့တဲ့နေ့ကတည်းက"

"ဒါဆို အခုမှ ဘာလို့ပြောလဲ၊ သူ့နောက်ကို ရွှေစင်လိုက်လာတာနဲ့ ပိုင်ပြီဆိုတဲ့အတွေးနဲ့ အခုမှပြောတာလား"



"အဲဒါမှန်တယ်၊ ရွှေစင်က တို့အပေါ်မှာထားရှိတဲ့ မေတ္တာကို အပိုင်မတွက်ဘဲ မပြောရဲဘူး ရွှေစင်၊ တို့က အဘက်ဘက်က မပြည့်စုံတဲ့ ငမွဲမဟုတ်လား၊ ထိုင်နေအကောင်းသားထသွားမှ အကျိုးအကန်းမဖြစ်ချင်ဘူး၊ အခုတော့ ပြောမိပြီ၊ ရင်ထဲရှိတာဖွင့်ပြောမိပြီ၊ ရွှေစင့်ရဲ့ တုံ့ပြန်ချက်ကကော"

"အခုချက်ချင်းပေးလည်း ဒါပဲ၊ အချိန်တွေ ဆွဲထားပြီးမှ ပေးလည်း ဒီအဖြေပဲ၊ ရွှေစင်ကိုယ်တိုင်က သူ့ကို ချစ်နေမိတယ်ဆိုတာလေ၊ ကိုမင်းသုခ ဘဝမှာတောင်မဟုတ်ဘူး၊ ကိုဒုက္ခဘဝကတည်းက တွေ့ပြီးတဲ့နောက် ရင်ထဲ ဦးနှောက်ထဲစွဲနေတယ်"

မင်းသုခ၏ လက်နှစ်ဖက်သည် ရွှေစင်၏ကိုယ်လုံးလေးကို မြွေကြီးလင်းမြွေ ခွေခွေပတ်ဖြစ်သွားသည်။

ပါးချင်းအပ်ထားသည်။

"ဝမ်းသာတယ် ရွှေစင်ရယ်၊ ဒါပေမဲ့ နောက်ပိုင်း ဝမ်းနည်းရမှာလား၊ အသည်းကွဲရမှာလား၊ နှလုံးကြေရမှာလားဆိုတဲ့ စိုးရိမ်စိတ်တော့ ရှိနေတယ်"

"ဘာလို့ ရှိနေရမှာလဲ အစ်ကိုရယ်"

ကိုမင်းသုခ မခေါ်ချင်တော့။ ခေါ်ဖို့လည်း မလိုတော့။ ကျစ်ကျစ်ပါအောင် အဖက်ခံထားရတာကိုပင် လက်ခံထားပြီးသား။

ကိုကိုဟု၊ မောင်ဟုလည်း မခေါ်လို။

ရိုးရိုးယဉ်ယဉ်နှင့် လေးစားချစ်ခင်ရာရောက်အောင် အစ်ကိုဟုပင် ခေါ်လိုက်သည်။

သင့်တင့်လျောက်ပတ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



“ခေါင်းရင်းမှာ ကိုရဲမင်းသုန့်ရှိတယ်၊ မျက်နှာချင်းဆိုင်မှာ စိုးမိုးဖြူရှိတယ်၊ ထိပ်တန်းစားတွေချည်းပဲ၊ တို့က ခြေရင်းအိမ်က ဝပ်ရှော့ကားပြင်သမားပါ ရွှေစင်ရယ်”

“ဒါတွေ ပြောမနေပါနဲ့ အစ်ကို၊ ပြောရရင် ပန်းပွင့်တွေကတော့ အများကြီးပဲ၊ ဒါပေသိ ရွှေစင် ပန်ချင်တာက တစ်ပွင့်တည်းမဟုတ်လား၊ အခု အစ်ကိုဟာ ရွှေစင်ပန်ချင်တဲ့ တစ်ပွင့်တည်းသော ပန်းဖြစ်နေပြီဥစ္စာ၊ စိတ်ချ ... စိတ်ချ ကြာရင်ကြာမယ်၊ ရွှေစင် ချစ်တာက အစ်ကိုတစ်ယောက်တည်းပဲ အစ်ကို”

“အချိန်ကြာချင်ကြာမယ် ဆိုတာက ဘာကိုညွှန်းတာလဲ ရွှေစင်”

“ဆယ်တန်းအောင်ရင် ရွှေစင် တက္ကသိုလ်တစ်ခုခုတက်ရမယ် အစ်ကို”

“တို့အနေနဲ့ ကြွယ်ပိုးကြွယ်ဝကြီးမဟုတ်တောင် ရွှေစင့်ကို လူတန်းစေ့ ထားနိုင်မှာပါ၊ ရွှေစင် ဘွဲ့ရပြီးတော့ကော အလုပ်အကိုင်ရမယ်ဆိုတဲ့ သဘောလား၊ တို့ရဲ့ဝင်ငွေနဲ့ မလုံလောက်မှာ စိုးရိမ်လို့လား”

“လုံးဝမဟုတ်ဘူး၊ ရွှေစင် ငယ်သေးလို့၊ နောက်ပြီး တက္ကသိုလ်ကို ရောက်ချင်သေးလို့၊ ဘွဲ့လိုချင်သေးလို့”

“ရတယ် ရွှေစင်၊ တို့ကလည်း အလုပ်ကြိုးစားနေတာပါ၊ ရွှေစင်နဲ့ လက်ထပ်ကြပါစို့ဆိုတဲ့နေ့ကျရင် တို့မှာ အထုပ်အထည်ရှိစေရမယ် ရွှေစင်”

နှစ်ဦးသား ရင်ချင်းကပ်သွားကြသည်။



တစ်ဦး၏ ဒုတ်ခနဲ ... ဒုတ်ခနဲ နှလုံးခုန်သံကို နှစ်ဦးစလုံး အပြန်အလှန် ကိုယ်စီကိုယ်ငှ ခံစားရင်း နှလုံးသားမှ လာသော မေတ္တာကို ပိုမိုလေးနက်စေတော့သည်။

“ဒါဆိုပြီးရော၊ ရွှေစင် ပြန်သွားမယ်နော် အစ်ကို၊ ဟိုမှာ သီဂီဝင်းကို ထားခဲ့တယ်”

“သွားပါ ရွှေစင်၊ တို့ချစ်တာ ရင်ထဲနှလုံးထဲက ထာဝစဉ်ပါ၊ အပွေ့အပိုက်၊ အနမ်းတွေဆိုတာက လက်ထပ်ပြီး ကိုယ်ပိုင်ဖြစ်မှပါ”

“ဟွန်း ... သူ့ပြောပုံကြီးက ရှက်စရာ”

ရွှေစင်သည် ရင်ခွင်မှထွက်ကာ စိစိဖြိုင်ဖြိုင် တေးသံသာတွေထွက်နေသော မွေးနေ့ပွဲထဲသို့ ပြန်လာခဲ့သည်။

ရွှေစင် ရောက်သွားချိန်တွင် ကေခိုင်ဖြူသည် ကိုရဲမင်းသုန့်အနီးတွင် ထိုင်နေသည်။ စောစောက သီဂီဝင်း ထိုင်ခဲ့သော ထိုင်ခုံတွင် ကေခိုင် ထိုင်နေခြင်းဖြစ်ပါ၏။

“သီဂီကော ကေခိုင်”

“ရွှေစင်ကော ဘယ်သွားနေတာလဲဟင်”

“တို့ ဘယ်သွားတယ်ဆိုတာ ကေခိုင် တကယ်သိချင်တာလား”

“သိချင်လို့ မေးတာပဲဟာ”

“ကိုမင်းသုခ ဝပ်ရှော့သွားတာလေ၊ တို့ သွားတာကို ကိုစိုးမိုးဖြူ ရပ်ကြည့်နေသားပဲဟာ”

ကေခိုင်ဖြူ ရယ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါကြောင့်ထင်တယ်၊ ကိုကိုစိုးက သိဂ်ီဆီလာပြီး ခြံထဲက သစ်ခွအိမ်ကြီးထဲမှာ သစ်ခွပန်းတွေ ပွင့်နေတာပြမယ်ဆိုပြီး သိဂ်ီကို ခေါ်သွားတယ်လေ"

"ဩော် ... ဩော်"

ကေခိုင်ဖြူက ရဲမင်းသုန်ဘက်သို့ လှည့်လိုက်သည်။

"ကိုရဲက ကေခိုင့်မွေးနေ့မှာ ဘာလက်ဆောင်ပေးလဲဟင်"

"ညကျတော့ ဖွင့်ကြည့်ပေါ့"

"ဖွင့်ကြည့်မှ သိရမှာတဲ့လား၊ အခု ကိုရဲ ပြောလိုက်ရင် ပွဲသိမ်းတာနဲ့ ကေခိုင်က အစ်ကိုရဲရဲ့လက်ဆောင်ကို ရှာကြည့်ရမှာဆိုတော့ ရှက်စရာကြီး"

"ဒါဆို မွေးနေ့လက်ဆောင်ပေးလိုက်တာက ဘိုမရုပ်လေးပါ၊ သူ့ကို သံပတ်ပေးပြီး ချထားလိုက်ရင် ဖန်အိမ်ထဲက ဘိုမလေးက တီးလုံးသံအလိုက် က,တယ်"

ရွှေစင် နားထောင်ပြီး ပြုံးမိသည်။

ကိုရဲမင်းသုန်သည် တစ်ခါက ယင်းတီးလုံးနှင့် ကချေသည်ဘိုမဖန်သားအရုပ်လေးကို အထူးအဆန်းလုပ်ကာ ရွှေစင့်အား သူတို့အိမ်ဘက်သို့ ကူးလူးလည်ပတ်ရန် ပြောခဲ့သည်။

ယခု ယင်းကချေသည် ဘိုမလေးသည် ကေခိုင်၏ မွေးနေ့လက်ဆောင် ဖြစ်သွားပါလေ၏။

သိဂ်ီဝင်းသည် ခုနစ်နာရီထိုးပြီးမှ သူ့နေရာသူ ပြန်ရောက်လာသည်။

ညရှစ်နာရီတွင် ရွှေစင်က ပြန်သင့်ပြီဟု ယူဆသည်။

"ပြန်စို့ သိဂ်ီ၊ တော်တော်များများတောင် ပြန်ကုန်ကြပြီ"



"နေပါဦးလား ရွှေစင်၊ အိမ်ချင်းမျက်နှာချင်းဆိုင်က ပြန်ချင်နေပြီတဲ့လား"

စိုးမိုးဖြူက သိဂ်ီဝင်းကို မပြန်စေချင်သေးဟန် တူပါ၏။

"သိဂ်ီကို ရွှေစင် လိုက်ပို့ရဦးမှာ၊ သိပ်မိုးချုပ်သွားမှာစိုးလို့"

"ရတယ်လေ၊ တို့ လိုက်ပို့ပေးလိုက်ပါ့မယ်"

သိဂ်ီဝင်းက ငြင်းဆိုသံလေးနှင့် ဝင်၍ခေါင်းခါရင်း ပြောသည်။

"ဟင့်အင်း ... မဖြစ်ဘူး ကိုစိုး၊ သိဂ်ီ ရွှေစင်တို့အိမ် ဝင်ရဦးမှာ"

ကျောက်စိမ်းဝမ်းဆက် ပြန်ပေးရဦးမည်။ သူမ၏ အိမ်သို့ ညအိပ် ယူမသွားသင့်သောကြောင့် သိဂ်ီက ငြင်းလိုက်ခြင်း ဖြစ်ပါ၏။

"ရတယ် သိဂ်ီ၊ ကိုစိုးမိုးဖြူ လိုက်ပို့ပေးမယ်ဆိုလည်း ရသားပဲ၊ မနက်ဖြန်မှ တို့နဲ့ တွေ့ကြမယ်လေ၊ စိတ်အေးလက်အေးနေပါ"

"ဟုတ်သားပဲ သိဂ်ီ၊ ပွဲသိမ်းတာနဲ့ ကိုစိုး လိုက်ပို့ပေးမှာပါ၊ နေပါဦးနော်၊ ရသလောက်အချိန်လေး နေစေချင်လို့ပါ"

သိဂ်ီဝင်း ဘာပြောရမှန်းမသိ၊ ဇဝေဇဝါဖြစ်နေရသည်။ သူတို့နှစ်ယောက်သည် သစ်ခွပင်တွေ၊ သစ်ခွပန်းတွေ ပြရင်း တစ်ဦးနှင့်တစ်ဦး သံယောဇဉ်ငြိတွယ်သွားလေသလား မသိ။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တို့ပြန်ပြီ၊ ကိုရဲမင်းသုန်ရော၊ ကိုစိုးမိုးဖြူရော ကေခိုင်ရော နှုတ်ဆက်ပါတယ်"

"တို့လည်း ပြန်မယ်"

ကိုရဲမင်းသုန်က ထိုင်ရာမှထသည်။

"အို ... ကိုရဲက နေပါဦး၊ ရွှေစင်ကတော့ မိန်းကလေးမို့ အချိန်နဲ့ပြန်ရတာ၊ ကိုရဲက ဘာလို့ ပြန်ချင်နေတာလဲ၊ ကေခိုင့်မွေးနေ့မှာ အချိန်ကုန်အောင် နေပေးပါ ကိုရဲ"

"ဒါဆိုလည်း နေရမှာပေါ့"

ရဲမင်းသုန် ပြန်ထိုင်သည်။ ကေခိုင်က ပြုံးနေပါ၏။

ရွှေစင် ပြန်လာခဲ့တော့သည်။

အိမ်ပြန်ရောက်သည်နှင့် ဧည့်ခန်းထဲတွင် ဖေဖေနှင့် မေမေ ထိုင်စောင့်နေသည်ကို တွေ့ရသည်။

ဖေဖေက တီဗီသတင်းကို ဣန္ဒြေမပျက် နားထောင်နေသော်လည်း မေမေ၏မျက်နှာမှာ သုန်မှုန်နေသည်။

"မိရွှေစင်၊ သွား ... အဝတ်တွေဘာတွေလဲပြီး ငါ့ဆီပြန်လာခဲ့"

ရွှေစင် ပထမတော့ အံ့သြသွားသည်။

သို့သော် ချက်ချင်း မေမေ၏ မျက်နှာထားကိုကြည့်ပြီး ရိပ်မိသွားသည်။

သိဂ္ဂိကိုဂုဏ်ဆောင် ကျောက်စိမ်းဆက်ကြောင့် မဖြစ်နိုင်။ ပစ္စည်းကိစ္စလောက်ဆို မေမေ၏မျက်နှာ သည်လောက်မတင်းမာ။ သည်လောက်မသုန်မှုန်။



ကေန္တ အစ်ကိုမင်းသုခနှင့် မိမိအကြောင်း မေမေ သိသွားပြီဖြစ်ဟန်တူသည်။ ဒါဆိုလည်း မေမေသိပုံ မြန်လွန်းလှသည်။

အင်း ... မိမိ ဝယ်ရှောထဲလိုက်သွားသည်ကို မေမေက သမီး ပြန်အလာ ထွက်မျှော်ရင်း တွေ့သွားလေသလား မပြောတတ်။

ရွှေစင် သက်ပြင်းချရင်း အိပ်ခန်းထဲ ဝင်ခဲ့သည်။ မေမေက အစ်ကိုမင်းသုခနှင့်ပတ်သက်၍ မေးလာလျှင် မိမိ ဘာ ပြန်ပြောရမည်လဲ။

မဟုတ်ပါဘူးဟု လိမ်လည်ပြောရမလား။

မပြောချင်။ ဤကိစ္စသည် မိဘများအား ယခုမပြော လည်း နောင်တစ်နေ့တွင် ဖွင့်ပြောရမည်သာဖြစ်သည်။ မိမိအနေ နှင့် ရည်းစားအပျော်ထားသည်မဟုတ်။ အစ်ကိုမင်းသုခကို မိမိ ရင်ထဲနှလုံးသားထဲကကို ချစ်နေသည်မို့ သေတစ်ပန်သက်တစ်ဆုံး ရည်ရွယ်ထားသူဖြစ်သည်။

ကိစ္စမရှိ။ လာမယ့်ဘေး ပြေးတွေ့ရတော့မည်ဟုသာ ပုနေသောသွေးကို အေးစေလိုက်သည်။

ညအိပ်အဝတ်အစားများ ပြောင်းဝတ်သည်။ ငြိမ်းစိမ်း ဖြစ်လာသည်ကို မျက်နှာသစ်၊ ခြေလက်ဆေးလိုက်သည်။

ဧည့်ခန်းသို့ ရွှေစင် ထွက်လာခဲ့ပြီ၊ မေမေ့အနီးမှာ ပင် ထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ မေမေ"

"ဘာဖြစ်ရမလဲ၊ ညည်းဟာညည်း ဘာတွေဖြစ်ခဲ့တယ်ဆို တာ အသိဆုံးပဲဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာရှိလည်း တည့်တည့်ပြောပါ မေမေ၊ ရွှေစင်က သမီးပဲဟာ၊ ရွှေစင်မှားရင် မေမေ ကြိုက်သလိုဆုံးမနိုင်သားပဲ"

"အေး ... တည့်တည့်ပြောချင်တယ်၊ ပါးစပ်က ပြောမထွက်ဘူး၊ မပြောရက်ဘူး"

ဖေဖေက ရီမုတ်ကွန်ထရိုးဖြင့် တီဗီကို ထိုင်ရာမထ အသံတိုးလိုက်သည်။

"ဟုတ်သားပဲ အမာ၊ သမီးစိတ်ဓာတ်နဲ့ သမီးအကြောင်းလဲ သိသားနဲ့၊ ပြောစရာရှိရင် ဒိုးဒိုးဒေါက်ဒေါက်ပြောပေါ့"

"ပြောမယ်၊ ပြောမယ်၊ ညည်း ခြောက်နာရီလောက်က မွေးနေ့ပွဲကနေပြီး ခြံရင်းက ဝပ်ရှော့ကိုသွားတယ် မဟုတ်လား"

"ဒါ မေမေက ဘယ်လိုသိတာလဲ မေမေ"

"ဘယ်လိုပဲ သိသိ၊ ညည်း မိန်းကလေးတစ်ယောက်တည်း အနေနဲ့ ဒီလို ဝပ်ရှော့ကို သွားသင့်သလား၊ ငါလေ ချက်ချင်းလိုက်လာမလို့၊ တော်ကြာ အိမ်ရှေ့ကလည်း လူစုံတက်စုံ ပရိသတ်ကြီးနဲ့ ဆူဆူပူပူတွေ ဖြစ်ကုန်ရင် ကိုယ်ပဲ အရှက်ရမယ်ဆိုပြီး အောင့်နေရတယ်၊ ကဲ ... ပြောစမ်း မိရွှေစင်၊ ညည်း ဝပ်ရှော့ကိုသွားပြီး ဘာတွေဖြစ်လာခဲ့လဲ"

ဖေဖေသည် ထိုင်ရာမှထပြီး တီဗီဆီသွားကာ ခလုတ်ဖြင့် အတော်အတန် အသံကျယ်လိုက်သည်။ မေမေ၏ ဒေါသသံမှာ အတော်အတန် ကျယ်လာသဖြင့် အိမ်နီးပါးချင်း မကြားစိမ့်သောငှာ တီဗီသံကျယ်လိုက်ခြင်းဖြစ်သည်။



ပြီး ဖေဖေသည် သမီးကိစ္စဖြစ်နေ၍ နားမထောင်သင့်တော့ဟု ယူဆကာ အိမ်ရှေ့ဝရန်တာသို့သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ဖေဖေ"

ရွှေစင်က လှမ်းခေါ်လိုက်ပေသည်။ ဖေဖေက ပြန်လှည့်ကြည့်သည်။

"ပြန်လာထိုင်ပါ ဖေဖေ၊ ရွှေစင် အမှန်အတိုင်းပြောပြချင်လို့ပါ၊ နားရှက်စရာအကြောင်းတွေ လုံးဝမပါပါဘူး ဖေဖေ"

ဖေဖေ ပြန်လှည့်လာပြီး ပြန်ထိုင်သည်။ တီဗီမှ ရီမုတ်ကွန်ထရိုးကို ပြန်ကိုင်ပြီး ငုံ့ကြည့်နေသည်။

"ရွှေစင်ပြောပြမယ် မေမေ၊ မေမေပြောတာ မှန်ပါတယ်၊ ရွှေစင် ညနေခြောက်နာရီလောက်က ဟိုဘက်က ဝပ်ရှော့ထဲကို လိုက်သွားပါတယ်၊ အစ်ကိုမင်းသုခဟာ ရွှေစင်ရဲ့ အရှက်နဲ့အသက် ကယ်တင်ရှင်ပါ မေမေ"

"အို ... ဒါပဲ ညည်းပြောနေတယ်၊ ကျေးဇူးဆပ်စရာ တခြားနည်းလမ်းတွေပြည့်လို့"

"မှန်ပါတယ် မေမေ၊ ဖေဖေ့ရှေ့မှာပဲ ရွှေစင် ပြောပါ့မယ်၊ ဖေဖေက ရွှေစင့်ကို ဘာမဆိုပွင့်လင်းတတ်အောင် ငယ်ငယ်ကတည်းက သင်ပေးတာပါ၊ နောက်ပြီး ဖေဖေဟာ သမီးကို တချို့နေရာတွေမှာ သူငယ်ချင်းလို ဆက်ဆံစေခဲ့တာပါ၊ ဒီတော့ ရွှေစင် ရင်ထဲရှိတာကို အမှန်ပြောရင် ရွှေစင်ကိုယ်တိုင်က မာလာမြိုင်လမ်းထောင့်မှာ လမ်းသရဲတွေနဲ့ တွေ့ခဲ့တဲ့အချိန်ကစပြီး အစ်ကိုမင်းသုခကို မေတ္တာစိတ် ဖြစ်ခဲ့ပါတယ် မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ငါသေချင်တယ် မိချွေစင်ရယ်၊ ညည်း မေတ္တာစိတ်ကလည်း ဒီလိုလူအပေါ်ကျမှ ဖြစ်ရသလားဟဲ့၊ ကိုယ်နဲ့တူသလား တန်သလားဆိုတာလေးမှ မတွက်တတ်ဘူးလား၊ ညည်း မေတ္တာစိတ်ဖြစ်ချင်းဖြစ်ရင် ခေါင်းရင်းအိမ်က မောင်ရဲမင်းသုန်ကိုဖြစ်ပါလား၊ အိမ်ရှေ့က မောင်စိုးမိုးဖြူကို ဖြစ်ပါလား၊ သူတို့က ညည်းကို လိုချင်တာမှ နန့်နန့်တက်နေတာ"

"မေမေ ချစ်စိတ်တို့၊ မုန်းစိတ်တို့ဆိုတာမျိုးက ဟိုလူ့အပေါ် ဖြစ်လိုက်ပါလား၊ ဒီကလူ့အပေါ်ဖြစ်လိုက်ပါလားလို့ ခွတ်လက်ညှိုးထိုးနိုင်းလို့ရတာမျိုး မဟုတ်ပါဘူး မေမေ"

"ဟဲ့ ... ငါက မိခင်အနေနဲ့ ကိုယ့်သမီးကို ဆင်စီးမြင်းရံ ရွှေဘုံပေါ်မှာ စံစေချင်လို့ဟဲ့"

"ဖေဖေ မေ့မေရဲ့ မေတ္တာနဲ့ စေတနာကို ချွေစင် နားလည်ပြီးသားပါ မေမေ၊ ဒါပေမဲ့ မချစ်ခင် မနှစ်သက်တဲ့လူကို ချွေစင် ဘယ်လိုလက်ခံနိုင်မှာလဲ၊ ရန်သူမျိုးငါးပါးထဲမှာ မချစ်မနှစ်သက်သူဟာ ရန်သူတစ်ပါးပါ မေမေ"

"အမလေးဟဲ့ ... မိချွေစင်တို့များ ဒီကောင်ပါမွှားနဲ့တွေ့မှ စာတွေတတ်နေလိုက်တာ"

ဖေဖေက မေမေ့ပေါင်ပေါ်သို့ လက်ဝါးလေး တင်လိုက်သည်။ အဓိပ္ပာယ်မှာ ဒေါသကို ထိန်းပါဟု အဓိပ္ပာယ်သက်ရောက်ပေမည်။

"ကဲ ... ဒီကိစ္စကို ဖေဖေဟာ ဖခင်အနေနဲ့ပဲ ဝင်ပြောတော့မယ်၊ ဖေဖေ သမီးကို မေးမယ်၊ မှန်တဲ့အတိုင်းဖြေ"



"မေးပါ ဖေဖေ"

"သမီးပြောသွားတဲ့ စကားကိုထောက်ရင် သမီးက မောင်မင်းသုခကို မေတ္တာစိတ်ဝင်ခဲ့မိတာ ကြာပြီလို့ အဓိပ္ပာယ်ကောက်လို့ရတယ်"

"မှန်ပါတယ် ဖေဖေ"

"မောင်မင်းသုခကရော သမီးကို မေတ္တာစိတ်သက်ရောက်နေပါတယ်လို့ ဖွင့်ပြောသလား"

"ဒီနေ့ ချွေစင် ဝပ်ရှော့ထဲလိုက်အသွားမှာ သူက ချွေစင့်ကို မေတ္တာရှိတဲ့အကြောင်း ဖွင့်ပြောပါတယ် ဖေဖေ"

"ဒါဆိုရင် သမီးက လိုက်သွားတာကိုး၊ အပိုင်အကွဲခတ်ပြီးမှ ကောက်ကာငင်ကာ မေတ္တာစကားပြောတာကော မဖြစ်နိုင်ဘူးလား"

"အစ်ကိုမင်းသုခကလည်း အဲဒီအတိုင်းပဲပြောတာပဲ ဖေဖေ၊ ချွေစင့်က သူ့အပေါ်မှာထားရှိတဲ့ မေတ္တာကို အပိုင်မတွက်ဘဲ မပြောရဲဘူးတဲ့၊ သူက အဘက်ဘက်မှ မပြည့်စုံတဲ့လူ မဟုတ်လားတဲ့၊ ထိုင်နေအကောင်းသား၊ ထသွားမှ အကျိုးအကန်းမဖြစ်ချင်ဘူးတဲ့"

ဖေဖေက ရိုမှတ်ကွန်ထရိုးဖြင့် အသံတိုးလိုက်သည်။

"အဲဒီ မောင်မင်းသုခပြောတဲ့ စကားကို သမီးရင်ထဲက ဘယ်လိုအဓိပ္ပာယ်ကောက်လဲ"

"သူ့ဘက်က သိမ်ငယ်နေတယ်၊ သူ့ရင်ထဲက ချွေစင့်ကို မေတ္တာရှိနေတဲ့အကြောင်း ဖွင့်ပြောလိုက်ရင် ရိုးရိုးခင်မင်နေတာလေးပါ ပျက်ပြားသွားမယ်၊ တကယ်လို့ ချွေစင်ကသာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းဖွင့်မပေးရင် သူက သူ့ဘာသာသူ မျိုသိပ်ပြီး ဘယ်တော့မှ ဖွင့်မပြောဘူးလို့ အခိပ္ပာယ်ကောက်တယ် ဖေဖေ၊ သူ့အနေနဲ့က သူနဲ့ရွှေစင်တို့ အဆင့်အတန်းချင်းကွာနေတာမို့ ဖွင့်မပြောရဲတဲ့သဘောပဲ၊ ဒါကြောင့် ရွှေစင်ကပဲ လမ်းဖွင့်ပေးတာပါ ဖေဖေ”

“ကဲ ... မှတ်ကရော၊ ကိုသင်းမောင် ... ကြားရဲ့လား၊ မိရွှေစင်က သူကပဲ လမ်းဖွင့်ပေးရသေးသတဲ့တော်၊ အမယ်လေးဟဲ့၊ ငါ့သမီး တော်တယ်၊ တော်တယ်နဲ့ ယောက်မမြင်းစီးပြလိုက်ပါပကော၊ တကယ့် ထိတ်ထိတ်ကြဲတွေကလိုချင်လို့ တန်းစီးနေတဲ့အထဲက ဒီလို အနုတ်စုတ်ကုပ်စုတ်ကိုမှ အမိုက်မက ရွေးပြီး မေတ္တာရှိသတဲ့တော်”

“နေဦး ... အမာ၊ ကိုယ်ဆက်ပြီး သမီးကို မေးပါရစေဦး၊ ကဲ ... သမီးနဲ့ မောင်မင်းသုခ ကနေ့ညဦးပိုင်းကပဲ မေတ္တာရှိသွားကြပြီဆိုပါတော့၊ မေတ္တာရှိသွားတဲ့နောက်တော့ကော”

“ဘာဆိုဘာမှ မဖြစ်ဘူး ဖေဖေ၊ အစ်ကိုမင်းသုခဟာ အင်မတန်သိက္ခာစောင့်စည်းပါတယ်၊ ယောကျ်ားတစ်ယောက်အနေနဲ့ လက်မထပ်နိုင်သေးခင်မှာ စောင့်စည်းရမယ်လို့ သူ့ဟာသူ ခံယူထားချက်ရှိပါတယ် ဖေဖေ၊ နောက်ပြီး ရွှေစင်ကိုယ်တိုင်ကလည်း မေတ္တာရှိတာကတခြား၊ အနေအထိုင်ထိန်းသိမ်းနိုင်မှုကတခြား စိတ်ထဲမှာ စွဲမှတ်ထားသူပါ ဖေဖေ”

“အင်း ... ဒါ မှန်မြတ်သားပဲ၊ ကဲ ... ဆက်ပြောပါဦး၊ သမီးတို့ရဲ့ ရှေ့ရေးအစီအစဉ် ဘယ်လိုဆွဲကြသလဲ”



“ရွှေစင်ကပြောတယ်၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ဘွဲ့ယူချင်သေးတယ်လို့”

“ဒီတော့ သူက ...”

“ဒီတော့ အစ်ကိုမင်းသုခက ကောင်းပါတယ်တဲ့၊ သူလည်း အလုပ် အရမ်းကြိုးစားမယ်တဲ့၊ လက်ထပ်တဲ့အချိန်ကျရင် သူ့မှာ အထုပ်အထည် ရှိစေရမယ်တဲ့”

“ဟင်း ... ကားပြင်သမားက ဗိုက်ထဲစက်ချေးတွေ တစ်ပိဿသာလောက်ဝင်တော့ကော ချမ်းသာမတဲ့လား”

မေမေက ငေါ့သည်။ သို့တစေ ရွှေစင်က ဆက်ပြောပါသည်။

“လူတန်းစေ့ အိမ်တစ်ဆောင် မီးတစ်ပြောင် ထားနိုင်စေရမယ်တဲ့”

“သူ့ပညာ အရည်အချင်းကကော”

ဖေဖေက ဆက်မေးသည်။

“ဒါတော့ ရွှေစင် အတိအကျမသိဘူး ဖေဖေ၊ ယန်းဘွိုင်တီးဝိုင်းခေါင်းဆောင် ကိုသက်ဦးက အစ်ကိုမင်းသုခနဲ့ သူနဲ့ဟာ ဟိုက်စကူးမှာကတည်းက သူငယ်ချင်းလို့ပြောတယ်၊ ကိုသက်ဦးက ရန်ကုန်စက်မှုတက္ကသိုလ်က ဘွဲ့ရပြီးသားဆိုတော့ အစ်ကိုမင်းသုခဟာ အနည်းဆုံး ဆယ်တန်းအောင်ပြီးသားဖြစ်မယ်လို့ ထင်တာပဲ၊ သူ သစ်တောဘက်မှာလည်း လုပ်ဖူးသေးတယ်လို့ပြောတယ်၊ အစိုးရဌာနမှာလုပ်တဲ့ လူတစ်ယောက်ဟာ ဆယ်တန်းတော့ အနည်းဆုံးအောင်ရမယ်၊ မဟုတ်ဘူးလား ဖေဖေ”

www.burmeseclassic.com

www.burmeseclassic.com



"ခု မောင်မင်းသုခ လုပ်နေတဲ့ ဝပ်ရှော့ကကော သူပိုင် အစစ်အမှန်ဟုတ်ရဲ့လား၊ ဖေဖေဆိုလိုတာက သူ့အတတ်ပညာပိုင်းကို သူဌေးတစ်ဦးဦးက ငွေကြေးမ,တည်ပေးပြီး တည်ထောင်တဲ့ ဝပ်ရှော့လားလို့ပါ"

"မဟုတ်ဘူး ဖေဖေ၊ သူ့အဖေ ဆုံးသွားတော့ ဆုကြေးတွေရတယ်တဲ့၊ နဂိုကတည်းက သူ့အဖေ စုဆောင်းထားတဲ့ ငွေတချို့ထဲက သူ့အဖေ စုဆောင်းထားတဲ့ ငွေတချို့လည်း ရှိတယ်တဲ့၊ အဲဒီငွေရင်းနဲ့ သူပိုင်ထောင်တဲ့ ဝပ်ရှော့ပါ ဖေဖေ၊ အခု ခြံနဲ့တိုက်ကလည်း အစ်ကိုမင်းသုခပဲ အမွေရတာပါ"

"ကဲ ... သမီး အနားယူတော့"

ရွှေစင်က မျက်နှာထားကြီးလုပ်ထားသော မိခင် ဒေါ်အမာချို၏ ပါးပြင်ကို ဘာမပြော ညာမပြော ရွှတ်ခနဲ နမ်းကာ သူမ၏အိပ်ခန်းရှိရာသို့ ပြေးဝင်သွားတော့သည်။

"ကောင်မ"

ဒေါ်အမာချိုက သမီးရွှေစင်ကို မျက်စောင်းထိုးကြည့်လိုက်ပြီး မျက်နှာတွင် ပြုံးရိပ်သမ်းလာသည်။

"အဲဒါကြည့်၊ လူက ကလေးစိတ်ကုန်သေးတာမဟုတ်ဘူး ကိုသင်းမောင်"

"အင်း ... ကိုယ်တော့ ဒီလိုမတွက်ဘူး အမာ၊ သမီးရွှေစင်ဟာမိဘကျတော့ ငယ်မူလေးတွေ နဲ့ ဆိုးလေးတွေ ရှိတာပေါ့ကွာ၊ ဒါပေမဲ့ ရွှေစင်ဟာ ဦးနှောက်ကောင်းတယ်၊ အတွေးအခေါ်ပိုင်းမညံ့ဘူး"



"အို ... ဦးနှောက်ကောင်းလို့ အတွေးအခေါ်မညံ့လို့ ဒီဝပ်ရှော့ကကောင်ကိုမှ ရွေးကြိုက်တာပေါ့"

"ဒါကို ပြောလို့မရဘူး အမာ၊ နှလုံးသားနဲ့ ရင်ထဲကမေတ္တာနဲ့ပတ်သက်လာရင် သမီးတို့အရွယ်ဟာ ဦးစားပေးတတ်တယ်၊ အစွဲအလမ်းကြီးမားတတ်တယ်၊ သမီးစိတ်ဓာတ်မျိုးက ပိုပြင်းထန်တယ်၊ ကိုယ့်သမီးအကြောင်း သိသားနဲ့"

"အို ... မဟုတ်တာ၊ သူ့စိတ်ဓာတ်နဲ့ သူ့အစွဲအလမ်းကို အလိုလိုက်ပြီး ဒီကောင်နဲ့ ပေးစားရမှာလား ကိုသင်းမောင်"

ဦးသင်းမောင် မျက်နှာထားတင်းသွားသည်။ တစ်ဖွတ်ထိုးပြောနေသော ဇနီးကို ဒေါသငွေ့မကင်းသည့်အကြည့်ဖြင့် ကြည့်သည်။

"မင်း ဖွတ်ပြောမနေနဲ့ အမာ၊ ဒီကိစ္စမျိုးမှာ မိခင်ဟာ ပါးနပ်ရတယ်၊ အလိမ္မာဖက်ရတယ်၊ မင်းသဘောမတူဘူးဆိုရင် ပြောတာပေါ့၊ တော်ကြာ မိဘက ဖွတ်တင်းကျပ်တယ်ဆိုပြီး ခိုးရာလိုက်သွားမှ ရင်ကွဲပက်လက် ကျန်ခဲ့ရမယ်၊ သမီးရဲ့အသက်ဟာ ဆယ့်ရှစ်နှစ်ရှိပြီ၊ တရားဥပဒေအရ သူ့ဘဝကိုသူ ဖန်တီးခွင့်ရှိတယ်၊ ကျုပ်ပြောတာက မင်းသဘောမတူရင် အချိုသတ်ထား"

"နေပါဦး ကိုသင်းမောင်၊ ရှင် ပြောတဲ့အထဲမှာ အမာ သဘောမတူဘူးဆိုရင် ထပ်တလဲလဲ ပြောတယ်၊ နို့ ... ရှင်ကကော သဘောတူနေလို့လား"

"ဒါကို ကိုယ်ဖြေရမလား၊ ကိုယ့်အနေနဲ့ ဒီသူငယ်ကို သဘောတူတယ်လည်း မဟုတ်ဘူး၊ သဘောမတူဘူးလည်း

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ မောင်မင်းသုခရဲ့သတင်းကို ကိုယ်တို့လူကြီးပိုင်းကရော၊ ရုံးမှာ လူငယ်တွေပြောနေတာကရော ကောင်းသတင်းတွေ များတယ်၊ ကျုပ် အကဲခတ်သလောက် ဒီကောင်လေးက ဘယ်မိဘ ယောကျ္ခမရဲ့အကူအညီကိုမှ မယူဘဲ သူ့ဘာဝသူ ရပ်တည်နိုင်စွမ်းရှိတယ်၊ ကြာရင် တိုးတက်သွားမှာပဲ"

"ဟွန်း ... အထင်ကြီးလိုက်တာ၊ မိဘမရှိ၊ ဂုဏ်ပညာမရှိ၊ ပိုက်ဆံမရှိတဲ့လူကိုများ"

"အေးလေ ... မင်း သဘောမတူရင် မပေးစားနဲ့ပေါ့၊ ဒါပေမဲ့ သမီး မိုက်တိမိုက်ကန်း လုပ်မသွားအောင်တော့ မင်း ထိန်းသိမ်းရမယ်၊ ဒါပဲ၊ ကျုပ် အိပ်တော့မယ်"

* * *



## အခန်း(၂၀)

ညကိုးနာရီထိုး တီးဝိုင်းသိမ်းပြီးမှပင် တီးဝိုင်းအဖွဲ့တစ်ဖွဲ့လုံး ဒံပေါက်ထမင်းစားကြသည်။

စိုးမိုးဖြူက သီ'ဂီဝင်းကို ပြန်ပို့ပေးချင်စိတ် ဆန္ဒစောနေသဖြင့် တီးဝိုင်းအဖွဲ့ စားသောက်ရာသို့ မလာနိုင်။ ကိုဒေါင်မှ ကားထုတ်ပြီး သီ'ဂီဝင်းကို ပို့ရန်ဖြစ်သည်။

ဦးလှထွန်းဖြူ၊ ဒေါ်ဥမ္မာနှင့် ကေနိုင်ဖြူတို့သာလျှင် တီးဝိုင်းအဖွဲ့အတွက် အနီးအနားတွင် ဧည့်ခံနေပေသည်။

"မောင်သက်ဦးတို့ကို အန်တီ တစ်ခုတောင်းပန်ချင်လို့၊ ညအိပ်ဖို့ကိစ္စပါ၊ မောင်သက်ဦး အဖွဲ့သားတွေအတွက် ဖျာ၊ မွေ့ရာ၊ ခေါင်းအုံး၊ စောင်နဲ့ ခြင်ထောင်တွေ အန်တီ့မှာ လုံလောက်ပါတယ်၊ ဒါပေမဲ့ ခုတင်မလုံလောက်ဘူး၊ ခုတင်တွေရှိတောင် အဖွဲ့လူအုပ်အတွက် ခုတင်တွေခင်းဖို့ အိမ်ကကျဉ်းနေတယ်၊ ဒီတော့ ဘုရားခန်း ဧည့်ခန်းက ကြမ်းပြင်မှာပဲ အိပ်ရာတွေ ပြင်ရမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ရပါတယ် အန်တီ၊ ကျွန်တော်တို့တီးဝိုင်းအဖွဲ့ ညအိပ်လိုက်ရပြီဆိုရင် ဖြစ်သလို အိပ်ရမယ်ဆိုတာ နားလည်ပြီးသား၊ ဪ ... နောက်တစ်ခုက ကျွန်တော်တို့ ယောကျ်ားလေးအဖွဲ့အားလုံး အိမ်ရှေ့က မင်းသုခတိုက်မှာပဲ သွားအိပ်ကြမယ်၊ ဒီအိမ်မှာ အမျိုးသမီးတွေပဲ အိပ်ပါစေ၊ ဒီကောင် ... မင်းသုခနဲ့ ကျွန်တော် ခုမှ ပြန်တွေ့တာ၊ လေကန်စရာတွေ အများကြီးပဲ၊ မအိပ်ဘဲ မိုးလင်းသွားချင်သွားမယ်၊ ဒီက စောင်တွေ၊ ခေါင်းအုံးတွေသာ ဟိုအိမ်ကို ပို့ပေးဖို့ စီစဉ်ပေးပါ အန်တီ"

"အင်း ... အင်း ... ဒါဆို သိပ်အဆင်ပြေသွားတာပေါ့"

ကိုသက်ဦးတို့ ထမင်းစားနေစဉ်မှာပင် စိုးမိုးဖြူသည် သူ့အိမ်ကကားဖြင့် သီဂိဝင်းကိုတင်ကာ ခြံထဲမှ မောင်းထွက်လိုက်သည်။

စိုးမိုးဖြူနှင့် သီဂိဝင်း တွဲထွက်သွားသည်ကို ဝပ်ရှော့ရှေ့တွင် ခွေးခြေဖြင့် ထိုင်နေသော မင်းသုခက လှမ်းမြင်လိုက်သည်။

"အင်း ... ဒုက္ခတော့ တွေ့ကြတော့မှာပဲ"

ဟု မင်းသုခ ရေရွတ်လိုက်သည်။

မင်းသုခသည် နောက်မှလိုက်သွားသင့် မသွားသင့် ထိုင်စဉ်းစားနေသေးသည်။

ဖေသန်းမောင်သည် သည်မြို့သို့ ပြန်ရောက်နေသည်မှာ (၂)ရက်ရှိနေပြီဟု ရဲအုပ်ဦးထိန်ဝင်းက မင်းသုခအား တင်ကြို သတိပေးအနေနှင့် ပြောခဲ့သည်။ သို့သော် ဖေသန်းမောင်သည် သူ့အမေအိမ်သို့မပြန်ဘဲ မြို့ထဲတွင် တိတ်တဆိတ် ဟိုအိမ်ကူး



သည်အိမ်ကူးဖြင့် လျှိုနေသည်။ ဖေသန်းမောင် သည်မြို့ပေါ်သို့ တိတ်တဆိတ် ပြန်လာစဉ်က ကိုထိန်ဝင်းက သူ့တပည့်တစ်ဦးကို ရှဒိုးချပြီး ဖေသန်းမောင်၏လှုပ်ရှားမှုကို အကဲခတ်ခိုင်းသည်။

ဖေသန်းမောင် သိပ်လျင်သည်။ ရှဒိုးရဲသားကို မျက်ခြည်ဖြတ်ပြီး ကိုယ်ဖျောက်သွားသည်။ ယခု ဖေသန်းမောင် ဘယ်အရပ် ဘယ်အိမ်တွင် ခိုနေမှန်း ကိုထိန်ဝင်းပင် မသိတော့ပေ။

"ဒီကောင် ဒီမြို့ပေါ်ကို အထင်ကရဝင်ရင် ရလျက်သားနဲ့ ဘာလို့ တိတ်တိတ်လျှိုပြီး ဝင်လာတာလဲဆိုတာ စဉ်းစားစရာပဲ ကိုမင်းသုခ၊ ကျွန်တော် ဒီကောင့်အကြောင်းစုံစမ်းရသမျှဆိုရင် ဒီကောင် ကျောင်းမှာ ကွက်သစ်ထဲက သီဂိဝင်းနဲ့ ကြိုက်နေကြတယ်၊ အခု ဒီကောင် လျှို့ဝှက်ဝင်လာတဲ့ ရည်ရွယ်ချက်ထဲမှာ သီဂိဝင်းဆီကို လာတာလည်း ဖြစ်နိုင်တယ်၊ သူ့အဖေကိုဖမ်းပြီး ထောင်ချပစ်လိုက်တဲ့ ကိုမင်းသုခနဲ့ ကျွန်တော်တို့ကို အန္တရာယ်ပေးဖို့ လာတာလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် ကိုမင်းသုခ တင်ကြိုသတိထားပေါ့ဗျာ၊ ကျွန်တော်ကတော့ လက်နက်ကိုင်ရဲပဲ၊ ပြီး ကျွန်တော်က လက်နက်ကိုင်အဖွဲ့အစည်းနဲ့နေတာ၊ ဒီကောင် ကျွန်တော့်ကိုကြံဖို့တော့ မလွယ်ဘူး၊ ဒီကောင့်အကွက်က ခင်ဗျားကိုဖြစ်ဖြစ် သီဂိဝင်းဆီကိုဖြစ်ဖြစ် ဦးတည်ချက် ရှိနိုင်နေတယ်"

ကိုထိန်ဝင်း ပြောပြသည့်အတိုင်းဆိုလျှင် ယခုကားတစ်စီးဖြင့် နှစ်ယောက်အတူ ကြည်ဖြူသွားကြသော စိုးမိုးဖြူနှင့် သီဂိဝင်းတွင် ဖေသန်းမောင်၏အန္တရာယ် ရှိနိုင်နေပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ကိုထိန်ဝင်းထံ အကြောင်းကြားရန် အချိန်မရတော့ပြီ။ ဖုန်းဖြင့်ပြောဖို့ မိမိအိမ်တွင် ဖုန်းမရှိ။

အိမ်ရှေ့မှ ဦးလှထွန်းဖြူတို့အား သွားပြောပါက သူတို့သည် မိမိပြောပြချက်ကို ယုံကြည်ပြီး နောက်ကလိုက်သွားပြီးမှ ဟိုကျမှ ဘာမှုမဖြစ်လျှင် မိမိကို သက်သက်စတန့်ထွင်သည်ဟု ပြက်ရယ်ပြုကြမည်။ ဟားကြမည်။

"ဟော့ ... စံနက်ကျော်"

"ဗျာ ... အစ်ကို"

"မင်း ငါသင်ပေးထားတဲ့ တုတ်တိုအကွက်တွေ မေ့ကုန်ပြီလား"

"ဘယ်မေ့မလဲ အစ်ကို၊ ကျွန်တော်နဲ့ အောင်တလူ အချိန်အားရတိုင်း လေ့ကျင့်နေတာပဲ"

"ဒါဆို ... တုတ်တိုနှစ်ချောင်းယူခဲ့၊ ငါနဲ့လိုက်ခဲ့၊ မင်းဝတ်ထားတဲ့ လုံချည်ချွတ်၊ ဘောင်းဘီဝတ်ခဲ့၊ သတ်ရပုတ်ရတာတွေ ရှိချင်ရှိမယ်၊ မင်း လျင်ပစေနော်"

"စိတ်ချ အစ်ကို"

မင်းသုခက မော်တော်ဆိုင်ကယ်ကို ရှေ့မှမောင်းပြီး စံနက်ကျော်သည် နောက်မှလိုက်ပေသည်။

ရှေ့မီးဖွင့်မောင်းခဲ့သည်။ သီဂီဝင်းတို့ ကွက်သစ်သည် မြို့မြောက်ဖျားပိုင်းကျသည်။

နယ်မြို့တို့၏ထုံးစံအတိုင်း ည(၉)နာရီ နောက်ပိုင်းတွင် အိမ်တိုင်းစေ့ မီးပိတ်အိပ်ကြလေပြီ။



ကွက်သစ်မရောက်မီ မင်းသုခသည် မော်တော်ဆိုင်ကယ်ရှေ့မီးကြီးကို ပိတ်လိုက်သည်။

စက်အင်ဂျင်ကိုလည်း သော့ပိတ်လိုက်သဖြင့် စက်သံရပ်ကာ တိတ်ဆိတ်သွားသည်။

"မှောင်ထဲမှာ မျက်စိအကျင့်ရအောင် ခဏမျက်စိပိတ်ထားပြီးမှပြန်ဖွင့် စံနက်ကျော်"

နှစ်ယောက်စလုံး မှောင်ထဲတွင် အမြင်ကောင်းစေရန် တစ်မိနစ်ခန့် မျက်စိပိတ်ပြီးမှ ပြန်ဖွင့်သည်။

"ရပြီလား"

"ရတယ် အစ်ကို"

"ဒါဆို ဆိုင်ကယ်ကို ဒီမှာပဲထားခဲ့ပြီး တို့လမ်းလျှောက်သွားမယ်၊ သစ်ပင်ရိပ် မှောင်ရိပ်လျှောက်နော်"

နှစ်ယောက်သား တဖြည်းဖြည်းတိုးလာ၍ မကြာမီ မင်းသုခ ထင်သည့်အတိုင်း ဖြစ်ရပ်ကို တွေ့ရတော့သည်။

ကားနှစ်စီး ရပ်ထားသည်။ ရှေ့တစ်ကားမှာ ဂျစ်ကားဖြစ်ပြီး နောက်တစ်ကားမှာ စိုးမိုးဖြူ၏ကား ဖြစ်နေသည်။

စုစုပေါင်း လူငါးယောက် တွေ့ရသည်။

(၄)ယောက်မှာ ဖေသန်းမောင်တို့အသိုက်ဖြစ်ပြီး ကျန်တစ်ယောက်မှာ သီဂီဝင်း ဖြစ်နေပါ၏။

ဖေသန်းမောင်နှင့် သူ့တပည့်တစ်ယောက်က သီဂီဝင်းကို ဟိုဘက်သည်ဘက် လက်မောင်းကိုင်ကာ ဂျစ်ကားဆီသို့ ဆွဲခေါ်နေသည်။

"လွှတ် ... လွှတ် ... ကိုဖေသန်းမောင်၊ သီဂီ မလိုက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ရမလဲ သိင်္ဂီ၊ ပေပင်ကုန်းမှာ နင်နဲ့ငါ အတူနေဖို့ အိမ်တစ်အိမ်တောင် စီစဉ်ထားပြီးပြီ"

"အို … မလိုက်ဘူး … မလိုက်ဘူး၊ ကယ်ကြပါဦးရှင် … ကယ် …"

သိင်္ဂီဝင်း ကျယ်လောင်စွာအော်ပြီး ဘေးဘီကိုအကူအညီတောင်းသံ မဆုံးမီပင် …

"ဟာ … ဒီကောင်မ"

ဟု ဖေသန်းမောင်က ဒေါသဖြင့် ရေရွတ်ပြီး ကဲဟာဟုဆိုကာ သိင်္ဂီဝင်း၏မျက်နှာကို လက်သီးဖြင့် ထိုးချလိုက်သည်။

သိင်္ဂီဝင်း သတိမေ့သွားသည် ထင်ပါ၏။ တစ်ချက်တည်း အသံမထွက်တော့ဘဲ ငြိမ်သွားသည်။

"ကဲ … စံနက်ကျော်၊ တုတ်တိုနဲ့သာ ဝင်ရိုက်ပေတော့၊ လက်မလွန်စေနဲ့၊ ဆပြီးရိုက်"

လွှားခနဲပင် မင်းသုခက ရှေ့မှဦးဆောင်ပြီး ဝင်လိုက်သည်။ စံနက်ကျော်က မတ်တတ်ရပ်နေသူ နှစ်ယောက်ဆီသို့ဝင်သည်။

မင်းသုခက သိင်္ဂီဝင်းအား တစ်ဖက်စီကိုင်ထားသော ဖေသန်းမောင်နှင့် သူ့တပည့်ထံ ဝင်လိုက်သည်။

ပထမတစ်ချက်စီတော့ သူတို့ အငိုက်မိပြီး ခံလိုက်ရသည်။ နှစ်ယောက် လဲကျသွားသည်။

ဖေသန်းမောင် လျင်ပါ၏။ သူတို့အိမ်ထဲတွင် ယူလာသော မောင်းပြန်ဓားတွေကို ထုတ်ကြသည်။



သိင်္ဂီဝင်းသည် သူတို့လက်မှ လွတ်သည်နှင့် ဖင်ထိုင်လျက်သားလေး လဲကျသွားသည်။ လက်သီးချက်ဖြင့် မေ့ခဲ့ရာမှ ချက်ချင်း သတိပြန်ရသည်။

ဝင်ဝင်ချင်း တုတ်တစ်ချက်စီ မိထားပြီး လဲကျသွားသော နှစ်ယောက်လည်း ပြန်ထလာသည်။

သတ်ပွဲမှာ ပြင်းထန်ပေပြီ။

မောင်းပြန်ဓားကိုင် လေးယောက်နှင့် တုတ်တိုကိုင် (၂)ယောက်တို့၏ သတ်ပွဲဖြစ်ပါ၏။

"ဦးလေးထူးရေ … ဘကြီးအောင်ရေ … လာကြပါဦး၊ ဒီမှာ … ဒီမှာ … လာကြပါဦး"

သိင်္ဂီဝင်းက သူမ၏ရပ်ကွက်မို့ သူမသည် မည်သူတို့အိမ်ရှေ့တွင် ရောက်နေမှန်းသိသည်။ သူမအသံဖြင့် ကုန်းအော်အကူအညီတောင်းသည်။

"ဟေး … ဟေး … ဘာတွေလဲဟ၊ ဘာတွေဖြစ်နေကြတာလဲ၊ ထကြစမ်း၊ ထကြစမ်း၊ မီးဖွင့်လိုက်၊ ဓားရှည်နဲ့ လှံတွေကော"

သိင်္ဂီ၏ အော်သံကြောင့် ရပ်ကွက်လေး လှုပ်ရှားပြီး အိမ်တွေ မီးတွေ ပွင့်လာသည်။ လူသံတွေ စီစီညံညံ ဖြစ်လာသည်။

"ဟေ့ကောင်တွေ … ဂျစ်ကားပေါ်တက်၊ မြန်မြန်တက်"

ဖေသန်းမောင် အမိန့်ပေးသည်။

တပည့်တွေ ဂျစ်ကားပေါ် ပြေးကြသည်။ ဖေသန်းမောင်က မောင်းသည့်နေရာ တက်ထိုင်ပြီး စက်နှိုးကာ ဝူးခနဲ မောင်းပြေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ကိုမင်းသုခရယ်၊ သိင်္ဂီ ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး၊ ကိုမင်းသုခသာ အချိန်မီရောက်မလာရင် သိင်္ဂီ ပါသွားပြီ၊ အနိုင်ကျင့်ခံရပြီ"

"ဒါတွေထားပါ၊ ကိုစိုးမိုးဖြူကော သိင်္ဂီ"

"သူတို့ ထိုးကြိတ်ပြီး သူ့ကားထဲ ထည့်ထားတယ်၊ ကြည့်ပါဦး"

မင်းသုခ ကားနားကပ်ပြီး ကားပြတင်းပေါက်မှ ငုံ့ကြည့်သည်။

စိုးမိုးဖြူသည် ကားနောက်ခန်း ကူရှင်းအောက်ကြမ်းခင်းတွင် ဆောင့်ကြောင့်လေးထိုင်နေသည်။ သူ့တစ်ကိုယ်လုံး တုန်ယင်နေပါ၏။

ပုံသဏ္ဌာန်မှာ စိုးမိုးဖြူ သတိမေ့မသွားပေ။ သို့သော် ဖေသန်းမောင်တို့ လေးယောက်ကိုကြောက်ပြီး ကားထဲမှ ပြန်မထွက်တော့ဘဲ ကြမ်းခင်းတွင် ဝင်ပုပန်းလျှိုးနေခြင်းဖြစ်မှန်း မင်းသုခ ချက်ချင်းသဘောပေါက်သည်။

မင်းသုခ ပြုံးပြီး ငုံ့ပြောလိုက်သည်။

"ဟေ့လူ ... ကူရှင်ပေါ်မှာလှဲပြီး သတိမေ့နေလိုက်"

"ကိုမင်းသုခ ... ကိုစိုး ဘယ့်နှယ်နေလဲဟင်"

သိင်္ဂီဝင်း အနီးကပ်လာသံကြားသည်နှင့် စိုးမိုးဖြူသည် ကူရှင်ပေါ် ပက်လက်လှဲကာ မျက်စိမှိတ်ထားလိုက်သည်။

"သတိမေ့နေတယ် သိင်္ဂီ၊ ဒါပေမဲ့ အသက်ရှူမှန်ပါတယ်၊ စိုးရိမ်စရာမရှိပါဘူး"



"အို ... ဒုက္ခပါပဲ၊ သိင်္ဂီကို လိုက်ပို့လို့ ဒီလို ကိုစိုးခံရလိုက်ရတာ"

ရပ်ကွက်မှလူတွေ ဝိုင်းအုံရောက်လာလေပြီ။ သိင်္ဂီနှင့် တစ်ရပ်ကွက်လုံးလူတွေ သိနေကြသည်။ သိင်္ဂီ၏ဖခင် ဦးဘကျော်နှင့် မိခင်ဒေါ်ရွှေမိတို့ရောက်လာပြီး သိင်္ဂီက အကျိုးအကြောင်းပြောပြသည်နှင့် ဦးဘကျော်သည် ကိုယ့်သားအရွယ် မင်းသုခအားလက်အုပ်ချီသလိုပင်ပြုပြီး အနားတိုးကပ်သွားသည်။

"မောင်ရင် ... မောင်ရင်ဟာ တကယ့်လူပါပဲကွယ်၊ မောင်ရင့်ဝပ်ရှော့ခြံမှာ ဆိုင်ဖွင့်ခွင့်ရတယ်ဆိုလို့ ကျေးဇူးတင်မဆုံးဖြစ်နေတာ၊ အခု သမီး သိင်္ဂီ ရေတိမ်နစ်တော့မယ့်ကိစ္စကယ်ပြန်တယ်ဆိုတော့ ကျုပ် ... ကျုပ် ရှိခိုးရမလို"

"ဟာ ဟာ ... ဦးလေး ဒီလိုမလုပ်နဲ့လေ၊ ကျွန်တော် ငရဲကြီးမှာ၊ ကဲ ... ကျွန်တော် အရေးမကြီးဘူး၊ ကျေးဇူးတင်ချင်လည်း နောက်မှ အေးအေးဆေးဆေးတင်၊ ကားထဲမှာ ကိုစိုးမိုးဖြူ သတိရလာဖို့ လုပ်ပေးကြဦး"

"ဟုတ်တယ် ဖေဖေ၊ မွေးနေ့ပွဲက ကေခိုင့်ရဲ့အစ်ကိုလေ၊ မိုးချုပ်လို့ သူကိုယ်တိုင် လိုက်ပို့တာ၊ ကိုဖေသန်းမောင်တို့လူစု ဝိုင်းထိုးလို့ သတိမေ့နေတယ်"

ဦးဘကျော်ပင် ခေါင်းဆောင်ပြီး စိုးမိုးဖြူ မေ့လဲနေသော ကားဆီသို့ သွားကြပါ၏။

သိင်္ဂီဝင်း၏မိခင် ဒေါ်ရွှေမိသည် ကားစီလိုက်မသွားဘဲ မင်းသုခအနီးသို့ ကပ်လာပြီး မင်းသုခ၏လက်မောင်းအိုးကြီးကို ဆုပ်ကိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကျေးဇူးတင်တယ်ကွာ၊ ဖေသန်းမောင်နောက်ကို သိဂီ ပါသွားရင် သမီးလေးဘဝ သိပ်နာသွားပြီ၊ ဖေသန်းမောင်လို သူငယ်က သမီးကို လက်ထပ်မှာမဟုတ်ဘူး၊ အပျော်မယားပဲ ထားမှာ ဒေါ်ဒေါ် သိပ်သိတာပေါ့"

"ကဲ … ပြီးပြီ ဒေါ်ဒေါ်၊ နောက်ကို သတိဝီရိယနဲ့သာနေပေါ့၊ သိဂီကို လမ်းသိပ်မလွှတ်နဲ့တော့၊ ဖေသန်းမောင်ဟာ ကျားနာဖြစ်နေပြီ၊ ကဲ … ကျွန်တော်သွားမယ်၊ လာဟေ့ စံနက်ကျော် အစ်ကိုတို့ သွားစို့"

သူတို့ မော်တော်ဆိုင်ကယ်ရှိရာသို့ ပြန်လာခဲ့သည်။ ဦးဘကျော်ရော သိဂီဝင်းရော ကားထဲတွင် သတိမေ့နေသော စိုးမိုးဖြူကို နာနှပ်နေရသဖြင့် မင်းသုခ ပြန်ထွက်လာသည်ကိုပင် မသိလိုက်ပေ။

မင်းသုခက မော်တော်ဆိုင်ကယ် စီးလာရင်း ကားကြမ်းခင်းတွင် ငုတ်တုတ်လေးထိုင်ကာ တုန်ယင်နေသော စိုးမိုးဖြူကို မျက်စိထဲ မြင်ယောင်ပြီး တစ်ယောက်တည်း ပြုံးလိုက်မိပြန်တော့သည်။

ခြံထဲသို့ မော်တော်ဆိုင်ကယ် ဝင်လာသည်ကို အပေါက်မှ ရပ်စောင့်နေသော သက်ဦးက လက်ညှိုးကြီးထိုးပြီး ပြောလိုက်သည်။

"ယော့ကောင် … မင်းက ဘယ်ကိုများ ရွှေစကြာ ဖြန့်နေလဲ ကွ၊ ငါက မင်းအိမ်မှာအိပ်မလို့ ရောက်နေတာ"

"ငါ လေညင်းခံ ဆိုင်ကယ်ထွက်စီးတာလေကွာ၊ အခုလို လ,မျိုးမှာ တယ်အိုက်တယ် မဟုတ်လား"



"အမယ် … ကြီးကျယ်လိုက်တာ၊ ခွေးကောင်"

ဆိုင်ကယ်ပေါ်မှဆင်းပြီး သူငယ်ချင်းနှစ်ယောက် တိုက်ထဲဝင်လာကြသည်။

"ဟ … ငါ့အိမ်မှာ အိပ်ရာတွေ တန်းစီနေလိုက်တာ၊ ဓာတ်အဖွဲ့ ရွှေ့လာတာ ကျနေတာပဲ"

မင်းသုခက ပြောပြောဆိုဆို ရယ်သည်။ သက်ဦးကလည်း ရယ်သည်။

"ကဲ … လာကွာ၊ တိုက်ထဲက ပူပါတယ်၊ တို့ ခြံထဲဆင်းပြီး စကားပြောရအောင်"

သက်ဦးနှင့် မင်းသုခတို့ ဆင်းလာသည်။ စံနက်ကျော်နှင့် အောင်တလူက ပက်လက်ကုလားထိုင် တစ်လုံးစီယူလာချပေးသည်။ အေးအေးဆေးဆေး ထိုင်ကြသည်။ မင်းသုခ ကြည့်ရသည်မှာ စောစောက ဖေသန်းမောင်တို့အုပ်စုနှင့် သတ်ပုတ်လာခြင်းကိစ္စ ယခု ခေါင်းထဲတွင် ဘာမျှမရှိတော့သလို အေးအေးလှသည်။

"ကဲ … ပြောစမ်း မင်းသုခ၊ မင်းရဲ့မိမော်မော်အေး ဒေါက်တာဖေကြည်နဲ့ လက်ထပ်သွားပြီးတဲ့နောက် မင်းဘဝ ကို မင်းဘယ်မျှောပစ်လိုက်သလဲ ဆိုတာ"

"ချေးခြောက်တွေပါ သက်ဦးရာ၊ ထပ်မနှုးချင်ပါနဲ့တော့"

"ဘာလဲကွ၊ ဒီအကြောင်းပြောရရင် ငိုချင်တယ် ဖြစ်နေ တုန်းမို့ မပြောချင်တာလား"

မင်းသုခက ပက်လက်ကုလားထိုင်၏ ကျောမှီကို အိဆင်းသွားအောင် မှီချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မနေ့ကအထိတော့ ဒီအကြောင်းပြောရင် ငိုချင်တယ်ပေါ့ကွာ၊ ဒါပေမဲ့ ဒီနေ့ ဒီအချိန်မှာတော့ မော်မော်အေးနဲ့ ပတ်သက်ပြီး ငါ့နှလုံးသားထဲမှာ ဘာမှမရှိတော့ပါဘူး၊ အိုးမှောက်သွားပြီလေ၊ တစ်စက်တောင် မကျန်တော့ဘူး"

"အလဲ့ ... တယ်ဟုတ်ပါလား၊ အစားထိုးကုတာ အောင်မြင်သွားတာလား"

"အစားထိုးကုတာ မဟုတ်ဘူး၊ ဆေးအစွမ်းက ကောင်းလွန်းလို့ ကိုးဆယ့်ခြောက်ပါးစလုံး စင်သွားတာ၊ ငါ အခု စိတ်သစ် လူသစ်ကွ"

"ဘာလဲ၊ ညနေက စင်ပေါ်တက်လာတဲ့ အဝါရောင်ရွှေစင်လေးက မင်းရဲ့သမားတော်လား"

မင်းသုခက မဖြေဘဲ ပြုံးနေပေသည်။ သက်ဦးက မင်းသုခ၏ပေါင်ကို ဖြန်းခနဲ ပုတ်လိုက်သည်။

"ဟုတ်ပါပြီ ဒီကောင်၊ ကိုးဆယ့်ခြောက်ပါးလုံး ပျောက်သွားတာ သမားတော်မလေး ရွှေစင် ကုလိုက်တာဖြစ်မှာပါ၊ နို့မဟုတ်ရင် မင်းအကြောင်း ငါသိတာပေါ့ မင်းသုခရယ်၊ ဘယ်သူက မင်းကိုခိုင်းခိုင်း အမြောက်နဲ့တေ့ခိုင်းဦးတော့ မင်း ရှောရှောရှူရှူ သီချင်းတက်ဆိုမယ့်ကောင်မှ မဟုတ်တာ၊ ညနေက ကောင်မလေးက ရွှေစင့်ကိုယ်စား ကိုမင်းသုခကို ရွေးပါတယ် ဆိုတော့ မင်းအခွက်ကြီးကပြုံးလို့"

မင်းသုခ ဘာမျှပြန်မပြောဘဲ ပြုံးမြဲပြုံးနေပြန်သည်။ သက်ဦးက စီးကရက်မီးညှိဖွာလိုက်သေးသည်၊



"သာတယ်ကွ၊ မော်မော်အေးထက် အများကြီး ရွှေစင်က သာတယ်၊ ရုပ်ပိုချောတယ်၊ အသက်ပိုငယ်တယ်၊ ဒီသမားတော် ဆေးစွမ်းထက်ရောပေါ့၊ ဒါပေမဲ့ သူငယ်ချင်းကို တင်ကြိုသတိပေးချင်တယ်"

"ပေးပါ"

"ပထမတစ်ခါ အသည်းကွဲတာကတော့ အသည်းခွဲလိုက်တဲ့ မော်မော်အေး အပြစ်ပေါ့ကွာ၊ အေး ... ဒုတိယအကြိမ် မင်း အသည်းကွဲပြီဆိုရင်တော့ အသည်းခွဲသူ ရွှေစင်ရဲ့ အပြစ်မဟုတ်တော့ဘူး၊ အဲဒါကို မင်း ခံနိုင်ရည်ရှိဖို့ တင်ကြိုပြင်ဆင်ထားသင့်တယ် သူငယ်ချင်း"

"ကဲပေါ့ကွာ"

"ကဲ့ ... လုပ်မနေနဲ့၊ မော်မော်အေးကြောင့် မင်းဟာ ဘီအက်စ်စီ ဖော်ရက်(စ်)တီဘွဲ့ မရတော့ဘဲ ဒုတိယနှစ်နဲ့ ဗေဒါမျော မျောသွားတယ်၊ နောက်တစ်ခါဆိုရင်တော့ မင်း ပြန်ပေါ်မလာတဲ့ မြုပ်ခြင်းမျိုး မြုပ်သွားမယ် မင်းသုခ"

"ရွှေစင်ရဲ့စိတ်ဓာတ်ကို ငါ ယုံတယ် သက်ဦး"

"ဟာ ... မော်မော်အေးတုန်းကလည်း မိဘက အတင်းပေးစားလို့ပါဆိုတဲ့ စာဒကနဲ့ထွက်သွားတာ၊ အခုဆို ကလေးနှစ်ယောက်တောင် ရနေပြီ၊ တိုက်ကြီးကိုဟိန်းလို့၊ အက်စ် အီးကားနဲ့ဩမ့်လို့"

"မိမော်ကတော့ လူတွင်ပါလို့ နွားကျားကိုက်တာပေါ့ သက်ဦး၊ ရွှေစင်ကတော့ မိမော်စိတ်ဓာတ်မျိုး မဟုတ်နိုင်ဘူးလို့ထွက်

www.burmeseclassic.com

www.burmeseclassic.com



တာပဲလေ၊ လက်တွေ့မှာ ခေါင်းရင်းအိမ်က ကိုရဲမင်းသုန် ဆိုရင် ဘီအီးဘွဲ့ရပြီးသား၊ နိုင်ငံခြားသင်္ဘောအရာရှိ၊ အိမ်ရှေ့က စိုးမိုးဖြူဆိုလည်း စက်မှုတက္ကသိုလ် ပဥ္စမနှစ် ဖြေထားတဲ့သူပဲ၊ နှစ်ယောက်စလုံး မိဘချမ်းသာပြီး လူချော လူရည်သန့်တွေပဲလေ၊ အဲဒီဟာတွေ ဘေးမှာထားပြီး ငါ့ကို မေတ္တာမျှတာဆိုတော့ ...”

မင်းသုခ စကားမဆုံးမီမှာပင် ခြံထဲသို့ လက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ဝင်လာသူ တစ်သိုက်ကို လှမ်းတွေ့ရသည်။ ဘယ်သူဘယ်ဝါတွေမှန်းတော့ မသဲကွဲသေး။

“မောင်မင်းသုခရေ ... တို့ပါကွာ”

ဦးလှထွန်းဖြူ၏ အသံမှန်း ကျက်မိသည်။

အနီးရောက်လာသောအခါ ဒေါ်ဥမ္မာရော၊ စိုးမိုးဖြူရော၊ ကေခိုင်ဖြူရော၊ သားအမိသားအဖ(၄)ယောက်စလုံး ပါလာကြသည်။

“ညတွင်းချင်းပဲ လာခဲ့တယ် မောင်မင်းသုခရေ၊ ကျေးဇူးတင်လွန်းလို့၊ သားလေး ကိုစိုးက သူဖြစ်ခဲ့သမျှအားလုံး ပြန်ပြောတယ်လေ”

“စံနက်ကျော်နဲ့ အောင်တလူရေ၊ ကုလားထိုင်တွေယူခဲ့ကွာ”

ချက်ချင်း ထမင်းစား စားပွဲမှ ခေါက်ကုလားထိုင် နှစ်လုံးစီဆွဲကာ ယူလာပေးသည်။

“အန်ကယ် ... ပက်လက်ကုလားထိုင်မှာ ထိုင်ပါနော်”



“အေး ... အေး”

သက်ဦးကလည်း သူထိုင်နေသော ပက်လက်ကုလားထိုင်ကို ဒေါ်ဥမ္မာဘက်သို့ ထိုးပေးပြီး လူငယ်တွေက ခေါက်ကုလားထိုင်ကိုယ်စီတွင် ထိုင်ကြသည်။

“ကျွန်တော် အစ်ကိုမင်းသုခကို ကန်တော့ပါတယ်ဗျာ၊ တကယ်ပါ၊ အစ်ကိုမင်းသုခ လျင်လွန်းလို့ ကျွန်တော်တို့ ဘာမှမဖြစ်တာ၊ နို့မဟုတ်ရင် ကျွန်တော်လည်း အခုထက် နာမယ်၊ သိ'ဂိုဘဝလည်း တွေးဝံ့စရာမရှိဘူး”

“ဟာ ... ဟာ ... မကန်တော့ပါနဲ့ ကိုစိုးမိုးဖြူ၊ တို့ ကြက်သီးထတယ်၊ ကန်တော့လောက်စရာလည်း မဟုတ်ဘူး”

“ကန်တော့ပါစေ မောင်မင်းသုခ၊ ကန်တော့ထိုက်လို့ ကန်တော့တာပါ၊ မှန်တာပြောရရင် အန်တီတို့သားအမိက မောင်မင်းသုခဲ့ အပေါ်မှာ အထင်သေး အမြင်သေးတွေ ပြောမိကြတယ်၊ ကနေ့ညက အဖြစ်က မောင်မင်းသုခသာ ဝင်မကယ်ရင် မလွယ်ဘူး”

“ရပါတယ် အန်တီ၊ ဒီလောက်ကြီးလည်း မဟုတ်ပါဘူး”

ဦးလှထွန်းဖြူက ဝင်ပြောသည်။

“နေဦး ... အန်ကယ် အံ့ဩတာက မောင်မင်းသုခ ဒီကိစ္စကို ဘယ်လိုကြိုသိလို့ အချိန်မီ လိုက်သွားနိုင်တာလဲဟင်”

မင်းသုခက ဖေသန်းမောင် မြို့ပေါ်ကို လိုက်ချောင်းနေကြောင်းနှင့် ဖေသန်းမောင်အကြောင်း အားလုံးပြောပြသည်ကို ပြန်ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ပွဲပြီးလို့ ကိုစိုးမိုးဖြူနဲ့ သီဂိဝင်း နှစ်ယောက်တည်း ကားနဲ့ထွက်သွားတာ ကျွန်တော် မြင်တာနဲ့ အန္တရာယ်ရှိနိုင်တယ်လို့ တွက်တယ်၊ အဓိက,က သီဂိဝင်းလေ၊ ဖေသန်းမောင်နဲ့ ကြိုက်ခဲ့ကြတာကိုး၊ ရဲအုပ်ကိုထိန်ဝင်းဆီ ဖုန်းဆက်ဖို့ ကျွန်တော့်မှာ ဖုန်းမရှိဘူး၊ အန်ကယ်တို့ကို လာပြန်ပြောလည်း စိုးရိမ်တဲ့အတိုင်း မဖြစ်ရင် ကျွန်တော်ပဲ အဟားခံရမယ်၊ နောက်ပြီး လာပြောတာ အချိန်ကုန်သွားမယ်၊ တကယ်တမ်း စိုးရိမ်တဲ့အတိုင်း ဖြစ်လာရင် မအုပ်မိမှာစိုးတယ်၊ ဒါကြောင့် စံနက်ကျော်ကိုခေါ်ပြီး ကျွန်တော် လိုက်သွားတာပဲ"

"အင်းပေါ့ကွာ၊ မောင်မင်းသုခ စိုးရိမ်တွက်ဆတဲ့အတိုင်း ဖြစ်သွားတာပဲ၊ ဒါထက် ဒီကိစ္စကို အန်ကယ် ရဲတိုင်ပြီး အမှုလုပ်ရင် ကောင်းမလား မောင်မင်းသုခ"

"အဲဒါတော့ သီဂိဝင်းမိဘတွေနဲ့ တိုင်ပင်ပါလား အန်ကယ်၊ ဖေသန်းမောင်လုပ်ချက် အဓိက,က သီဂိဝင်းကို အစမှုကားတင်တာ မဟုတ်လား"

"အင်း ... ဒါလည်း ဟုတ်တာပဲ"

"အမှုဖွင့်လိုက်ရင် ဟိုးလေးတကျော် ဖြစ်သွားမယ် အန်ကယ်၊ အဲဒီ ဟိုးလေးတကျော်ဖြစ်သွားရင် သီဂိဝင်းရဲ့ဂုဏ်သိက္ခာကို ထိခိုက်မလားလို့၊ အကောင်းဆုံးကတော့ အန်ကယ်တို့နဲ့ သီဂိဝင်းမိဘတွေ တိုင်ပင်တာ အကောင်းဆုံးပါ"

နောက်ဆုံး အကြံပေးသည့်အတိုင်း သီဂိဝင်း၏မိဘများနှင့် တိုင်ပင်မည်ဟု ဆုံးဖြတ်ကာ ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီး နှုတ်ဆက်ပြန်သွားကြသည်။



"နေပါဦးကွ၊ မင်းက ဘာတွေဖြစ်ခဲ့လို့လဲ မင်းသုခ"

မင်းသုခက ရှင်းပြလိုက်ပေသည်။

"တကယ်ကွာ ... မင်း တကယ်သွေးအေးတဲ့ကောင်ပဲ၊ မော်တော်ဆိုင်ကယ်နဲ့ ပြန်လာတုန်းက လေညှင်းခံပြန်လာတယ်ဆိုတာ ငါက တကယ်ထင်နေတာ"

မင်းသုခက ရယ်မောလိုက်ပါ၏။

* ❁ *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၁)

အမှုမဖွင့်ပါပေ။

မင်းသုခ ပြောသည့်အတိုင်းပင် ဦးဘကျော်နှင့် ဒေါ်ရွှေမိသည် သမီးသိင်္ဂီဝင်း ဟိုးလေးတကျော် အရှက်ကွဲမည်ကို စိုးရိမ်သည်တစ်ကြောင်း၊ ဖေသန်းမောင်အား ရန်ကိုရန်ချင်းတုံ့နှင်းသလို ဖြစ်သွားပြီး အငြိုးကြီးသွားမည်စိုး၍ တစ်ကြောင်း၊ သမီးသိင်္ဂီဝင်း အနေနှင့်လည်း ထိုညက ဘာတစ်ခုမှ အစော်ကားမခံလိုက်ရသည်က တစ်ကြောင်းတို့ကြောင့် အမှုမဖွင့်လိုပေ။

စိုးမိုးဖြူသည် သိင်္ဂီဝင်ကို စေ့စပ်ကြောင်းလမ်းထားလိုကြောင်း မိဘတွေကို ပူဆာသည်။ စေ့စပ်ကြောင်းလမ်းထားခြင်းဖြင့် ဖေသန်းမောင် နောက်ဆုတ်သွားလိမ့်မည်ဟု တွက်ဆသည်။

ဦးလှထွန်းဖြူနှင့် ဒေါ်ဥမ္မာသည် သား၏အလိုကို လိုက်လျောပြီး စေ့စပ်ကြောင်းလမ်းပွဲလေး ကျင်းပပေးပါ၏။ သတင်းစာတွင် ထည့်ပေးပါ၏။



ဦးဘကျော်သည် သူ့နဂိုအစီအစဉ်အတိုင်း မင်းသုခ ဝပ်ရှော့ခြံစည်းရိုးထိပ်တွင် ဆယ်မေပတ်လည် ပျဉ်ကာပျဉ်ခင်း၊ သွပ်မိုးဆိုင်လေး အခိုင်အမာဆောက်ကာ ကားအပိုပစ္စည်းဆိုင် ဖွင့်ပေးသည်။

မင်းသုခကပင် ကားအပိုပစ္စည်းများ ဝယ်ရာတွင် ဦးဘကျော်နှင့်အတူ မန္တလေးသွားပြီး ဝယ်ပေးပေးသည်။

ပစ္စည်းမျိုးစုံတို့ ရောင်းစျေးပေါ်ဘယ်လိကာတ်ပြားလေးတွေချိတ်ကာ သိင်္ဂီဝင်းကိုပင် ဆိုင်ထွက်စေသည်။

သိင်္ဂီဝင်း ဆိုင်လာဖွင့်ခြင်းသည် သားရွှေအိုးထမ်းလာသည့်ကိန်းဆိုက်ခြင်း ဖြစ်နေသည်။

စိုးမိုးဖြူအဖို့ လမ်းကူးရုံဖြင့် သိင်္ဂီဝင်းထံရောက်လာသည်။

ရွှေစင်အဖို့လည်း မေမေ ဒေါ်အမာချို၏ ဟန့်တားချက်ကြောင့် ဝပ်ရှော့ထဲသို့ မလာရဖြစ်နေစဉ် သိင်္ဂီဝင်း၏ဆိုင်လေးကျတော့ လမ်းဘေးတွင် ဖွင့်သည့်သဘောဖြစ်နေ၍ သိင်္ဂီဝင်းထံ မကြာခဏ လာနိုင်သည်။

ဒေါ်အမာချိုက ပထမဆုံးအကြိမ် ဟန့်တားသည်တွင် ...

"ဒါတော့ မေမေက လွန်လာပြီ၊ ရွှေစင်သွားတာ ဝပ်ရှော့ထဲမှ မဟုတ်တာ၊ သိင်္ဂီဆီ သွားတာပဲဟာ၊ ဒီလောက်အထိချုပ်ချယ်လာရင်တော့ ရွှေစင် စိတ်သိပ်ညစ်ပြီမေမေ"

ဟု ပြောလိုက်ပြီးသည့်နောက် ဒေါ်အမာချိုက မဟန့်တားသာတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေစင် သိပ်စိတ်ညစ်ပြီ မေမေ"

ဆိုသည့် ရွှေစင့်စကားကို ဒေါ်အမာချို လန့်သည်။ စိတ်ညစ်ညစ်ဖြင့် ရွှေစင် ဖွတ်လုပ်မည်ကို စိုးရိမ်သည်။ ဆက်၍ မဟာန့်တားတော့။

ရွှေစင်ကလည်း သိဂ်ီဝင်း၏ဆိုင်သို့သွားလျှင် ကြာကြာမနေပေ။ အစ်ကိုမင်းသုခထံသို့ စာပေးခြင်း၊ မင်းသုခထံမှ စာကိုယူခြင်းကို သိဂ်ီမှတစ်ဆင့် လုပ်ခြင်းသာဖြစ်သည်။

စိုးမိုးဖြူက ဆိုင်တွင် အချိန်ပြည့်ရှိနေသဖြင့် ရွှေစင် ကြာကြာမနေပေ။

ဦးဘကျော် စိတ်ကူးမှန်သွားသည်။ ကားအပိုပစ္စည်းဆိုင်မှာ အရောင်းသွက်လှပါ၏။ မင်းသုခ ပြင်နေသည့် ကားပိုင်ရှင်များက လိုအပ်သည်ကို ပြန်ဝယ်သည့်အပြင် အခြားတော်ရုံတန်ရုံ ကိုယ့်ဟာကိုယ် ဒရိုင်ဘာ၊ အုံနာဘာသာ ပြန်ထည့်၍ရသည့် ပစ္စည်းမျိုးတွေလည်း လာဝယ်ကြသည်။

မင်းသုခ ဝပ်ရှော့မှာလည်း ကား(၄)စီးထက်ပို၍ လက်မခံသည့်ကြားကပင် တစ်စီးထွက် နောက်တစ်စီးဝင်ဖို့ တန်းစီစာရင်းပင် ပေးထားကြသည်။ မင်းသုခသည် နောက်ထပ် ရွှေခဲနှင့် အောင်မိုး ဆိုသည့် ပညာသင်ချာတိတ်နှစ်ယောက်ကိုပင် ထပ်ခေါ်ထားရသည်။ ရွှေခဲနှင့် အောင်မိုးကျတော့ ထမင်းကျွေး၊ လခပေးစနစ်နှင့်ခေါ်သည်။ စံနက်ကျော်နှင့် အောင်တလူတို့ကဲ့သို့ ရာခိုင်နှုန်းခွဲပေးခြင်း မဟုတ်သဖြင့် စံနက်ကျော်တို့ ဝင်ငွေမထိနိုက်ပေ။



ယနေ့ ရွှေစင် လာသွားပြီးနောက် သိဂ်ီဝင်းသည် ချက်ချင်းပင် မင်းသုခထံသို့ ရွှေစင် ပေးထားခဲ့သောစာ လာပေးသည်။

"အစ်ကို ...

အရမ်း ပင်ပန်းတာပဲနော်။

ငွေစုနိုင်ဖို့ အရမ်းကြိုးစားနေသလား အစ်ကို။ သည်လောက်ကြီး ကြိုးစားဖို့ မလိုပါဘူး အစ်ကိုရာ။ တော်ကြာ ကျန်းမာရေး ထိခိုက်နေမှာ ရွှေစင် စိုးရိမ်လွန်းလို့။

ဖေဖေကတော့ အစ်ကိုနဲ့သဘောတူတယ် မတူတယ် မပြောဘူး။ အစ်ကို့ကို ချီးမွမ်းသံတွေ ကြားရတယ်။ ဖေဖေ့ သဘောက ဖြစ်သွားလည်း မကန့်ကွက်ဘူးလို့ ထင်ရတယ်။ ခက်တာက မေမေလေ။

တက္ကသိုလ်ဘွဲ့တို့၊ မိဘကြွယ်ဝချမ်းသာတာတို့ကို မက်မောတယ်။ မပူနဲ့ အစ်ကို။ စိတ်ချ။

ရွှေစင် အစ်ကို့အပေါ် ချစ်တာ ဘယ်တော့မှ မပြောင်းလဲဘူး။ ရွှေစင့် တစ်သက်မှာ တစ်ပွင့်တည်းပန်မယ် အစ်ကို။

အဲသည် တစ်ပွင့်တည်းသောပန်းဟာ အစ်ကိုဆိုမှ အစ်ကိုပဲ။

ရွှေစင့်နှလုံးထဲက ချစ်သူသာလျှင် ရွှေစင် လက်ထပ်သူ ဖြစ်စေရမယ်။ အစ်ကိုသာလျှင်ပေါ့နော်။

အခုတော့ အစ်ကိုလည်း အလုပ်ကြိုးစားပြီး ရွှေစင်လည်း တက္ကသိုလ်သွားချင်တုန်း အချိန်မှာ သည်လိုပဲနေကြတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး အတင်းအကျပ်တွေ ဖြစ်လာရင် ရွှေစင် အစ်ကို့ဆီ အရောက်ပြေးလာခဲ့မယ်။ စိတ်ချ။

ငွေရေးကြေးရေး မပူနဲ့အစ်ကို။ ဘိုးဘိုးဘွားဘွား ပေးခဲ့တဲ့ ဘဏ်ကငွေဟာ ရွှေစင်ကိုယ်တိုင် ထုတ်မှရမှာ။

နောင်ကြုံးမဲ့ ငွေလေ။

အဲသည်အခါကျတော့ ရွှေစင်တို့ရဲ့ မင်းသုခဝပ်ရှော့ကြီး ဟိန်းသွားစေရမှာပေါ့။ အစ်ကို့အေးနားမှာ ရွှေစင်ထိုင်ပြီး ဝက်အူလှည့်တွေ၊ စပါနာတွေ ရွှေစင်ကိုယ်တိုင် ယူပေးမယ်နော်။

အခုတော့ အငွေ့ကိုသာ စားသုံးတဲ့ နတ်တွေလို ရင်ထဲကသာ ချစ်ကြမယ်။ စိတ်ကူးယဉ်ကလေးတွေနဲ့သာ ချစ်ကြမယ်။ အိပ်မက်ကလေးတွေထဲမှာပဲ ချစ်ကြသေးတာပေါ့ အစ်ကို။

အစ်ကို့ကို အရမ်းချစ်တဲ့

ရွှေစင်လေး"

မင်းသုခမှာ ရွှေစင့်ဆီက စာလာတိုင်း ပျော်ရပါ၏။ မျှော်လင့်ချက်တွေ ပိုမိုထားပြီး ပိုမိုအားရှိရပါ၏။

ရွှေစင့်လို မိန်းကလေးသည် သက်ပြီး ပြောသလို ဒုတိယအကြိမ် အသည်းခွဲမည့်မိန်းကလေး ဘယ်နည်းနှင့်မျှမဟုတ်နိုင်ပါလေ။

မင်းသုခ ကျေနပ်လှပါ၏။

* * *



## အခန်း(၂၂)

စိတ်ဝမ်းနှလုံး ကြည်ပြုံးသည်မို့ ကနေ့ည မင်းသုခ ပတ္တလားတီးဖြစ်သည်။ သီချင်းဆိုဖြစ်သည်။

အလွမ်းတေးတွေ၊ ကျန်ရစ်တေးတွေမျိုးကို ရွှေစင်နှင့်စပြီး မေတ္တာရှိကတည်းက မင်းသုခ လုံးဝမတီးတော့၊ မဆိုတော့။

အခုလည်း ချစ်သမျှကိုပတ်ပျိုးသီချင်းကြီးကိုပင် သီဆိုလိုက်၊ တီးလိုက် အရသာတွေ့နေသည်။

ညဆိုလျှင် စံနက်ကျော်၊ အောင်တလှ၊ ရွှေခဲနှင့် အောင်မိုးတို့က အလှည့်ကျ ဝပ်ရှော့ကို ကင်းစောင့်ကြသည်။ သူတို့အချင်းချင်း နားလည်မှုဖြင့် နာရီပိုင်းသာ စောင့်ကြခြင်းဖြစ်သည်။

သူတို့လေးယောက်ကို ဝပ်ရှော့ဂိုဒေါင်ထပ်ခိုးပေါ်မှာပင် အိပ်စေသည်။ အလှည့်နှင့် ကင်းစောင့်သည့်ကြားကပင် အပေါ်မှ(၃)ယောက်သည် တစ်ယောက်မနိုး တစ်ယောက်နိုးလေတိုင်း အောက်ထပ်ဝပ်ရှော့ကို အပေါ်စီးမှ ကြည့်ကြသေးသည်

www.burmeseclassic.com

www.burmeseclassic.com



ည(၁၂)နာရီအထိ မင်းသုခ ပတ္တလားတီးနေစဉ်မှာပင် ...

"အစ်ကိုမင်းသုခ ... အစ်ကိုမင်းသုခ"

ဟု ကင်းစောင့်ချာတိတ်၏ အလန့်တကြား စီခနဲ အသံနှစ်ခွန်း ထွက်လာပြီး ကောင်လေးအသံ ရပ်သွားသည်။

မင်းသုခသည် ခတ်တံနှစ်ခုကို ကိုင်လျက်သားဖြင့်ပင် နေရာမှ ထလိုက်သည်။

နောက်ကျသွားပေပြီ။

ဖေသန်းမောင်သည် ခြောက်လုံးပြူးသေနတ်ကိုင်ပြီး ရှေ့ဆုံးမှဝင်လာရင်း မင်းသုခကို တည့်တည့်ကြီး ချိန်ထားသည်။

ဖေသန်းမောင် နောက်တွင် တပည့်(၄)ယောက်ပါလေသည်။

လေးယောက်စလုံး မောင်းပြန်ဓားတစ်လက်စီ ဓားသွားဖွင့်ပြီးသား ကိုင်ထားကြသည်။

"ဟလို ... ကိုမင်းသုခ၊ သူ့ရဲကောင်းကြီး"

ဖေသန်းမောင်က အမြင်ကတ်ဖွယ်သော အပြုံးဖြင့် ထေ့ပြော ပြောလိုက်သည်။

"ခင်ဗျား ဒီမြို့ဝင်လာကတည်းက ကျုပ်တို့လုပ်ငန်းရော ကျုပ်တို့မိသားစုရော ပြိုကွဲရတယ်၊ ကျုပ်အဖေဟာ ခင်ဗျားပယောဂနဲ့ ထောင်ကျတယ်"

"ကိုယ်ဖြစ် ကိုယ်ခံပါ ဖေသန်းမောင်"



"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမဲ့ ခင်ဗျားသာ ရောက်မလာရင် ကျုပ်တို့ ဒီမြို့မှာ လုပ်ငန်းဆက်ပြီး အောင်မြင်သွားမှာ၊ ဘာသဲလွန်စ ဘာသက်သေမှ ပေါ်လာမှာ မဟုတ်ဘူး"

"ဒါတော့ ဒီခြံနဲ့ ဒီတိုက်မှာ မင်းတို့အဖေက လာလုပ်တာကိုး၊ ဒီခြံနဲ့ ဒီတိုက်ဟာ တို့အပိုင် အမွေဆက်ခံခဲ့တဲ့ တိုက်နဲ့ခြံကိုး"

"ထားပါလေ၊ အဖေလည်း ထောင်ကျသွားပြီပဲဟာ၊ အဲဒါက ကျုပ်အနာကြည်းဆုံး ပထမအချက် ...

"ဒုတိယအချက်က သိင်္ဂီကို ကျုပ် ကားတင်တဲ့ကိစ္စမှာ ခင်ဗျားဝင်ရှုပ်လို့ ကျုပ် မအောင်မြင်သွားဘူး၊ ဒါဟာ ကျုပ်စားမယ့်အစာကို ပုတ်ထုတ်ပစ်တာနဲ့ အတူတူပဲ၊ နောက်တစ်ခုက ခင်ဗျား အထင်ကရမရောက်ခင် ပလတ်တစ်ကောက်သမားလိုလိုနဲ့ မာလာမြိုင်လမ်းကွေ့မှာ ကျုပ်တပည့်တွေကို နာနာကျင်ကျင်ဖြစ်အောင် လုပ်ခဲ့တယ်၊ အခုလို ကျုပ်ပြောနေတာ ခင်ဗျား စာဒကပြန်တက်ပြီး ရှင်းပြနိုင်အောင် ပြောနေတာ မဟုတ်ဘူး၊ ဒီအချက် ဒီအချက်တွေကြောင့် ခင်ဗျားကို ကျုပ်က အသေသတ်တော့မှာပါလားလို့ တစိမ့်စိမ့် တွေးကြောက်နေတာကို ကျုပ်အရသာခံချင်လို့ ပြောနေတာ၊ ခင်ဗျားကို ကျုပ်အနေနဲ့ မသေမချင်း သတ်ကိုသတ်ရမယ်"

"ရပါတယ်၊ တို့ သွေးမကြောင်ပါဘူး ဖေသန်းမောင်၊ အခု ခလုတ်ဆွဲ အခုပစ်လိုက်လဲ ပြီးတာပဲ၊ ဆွဲလိုက်လေ"

"ဘယ်ဆွဲလိမ့်ဦးမလဲ ကိုမင်းသုခရယ်၊ ခင်ဗျားကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ခံရတာတွေ ပြေးရတာတွေများပြီပဲ၊ ဒီတော့ ခင်ဗျားကို တစိမ့်စိမ့် အပြစ်တွေပြောပြပြီးမှ သတိရတာ အရသာပေါ့၊ ဒီတစ်ခါတော့ ခင်ဗျား ခံရပြီလို့မှတ်လိုက်"

"ကဲ … ဒါဖြင့်လည်း ဆက်ပြောကွာ၊ တို့ တစိမ့်စိမ့်နားထောင်ပါ့မယ်"

"တတိယအချက်က သိင်္ဂီဝင်းကို ဒီခြံဝမှာ ကားအပိုပစ္စည်းဆိုင် ဖွင့်ပေးခဲ့တာ ဘာသဘောလဲ၊ ငါးစာကျွေးပြီး မျှားယူနေတာပဲ မဟုတ်လား၊ သိင်္ဂီဝင်းဟာ ကျုပ်ရဲ့အာဟာရဗျ၊ ကျုပ်အာဟာရကို ခင်ဗျားလုစားဖို့ ကြိုးစားနေတယ်"

ဖေသန်းမောင်သည် ရွှေစင်နှင့် မိမိတို့အကြောင်းကို သိဟန်မတူ။

သူ့စိတ်ထဲတွင် သိင်္ဂီဝင်းကို မိမိက လိုချင်နေသည်ဟု ယူဆထားပုံရသည်။

တစ်ချိန်တည်းမှာပင် မင်းသုခ အတွေးဝင်လာသည်မှာ ဖေသန်းမောင် စကားပြောနေလေ မိမိကို ပစ်သတ်ဖို့အချိန်ပိုကြာလေ ဖြစ်သည်ကို အခွင့်အရေးယူရမည်ဟု တွေးမိသည်။

အသက်ရှင်နေသရွေ့ မိမိအနေနှင့် အခြေအနေပေါ်မူတည်ကာ တစ်ခုမဟုတ်တစ်ခု လှုပ်ရှားတုံ့ပြန်နိုင်မည်ကို မျှော်လင့်ရသည်။

နောက်ဆုံး ဖေသန်းမောင် တကယ်ပစ်တော့မည့် လှုပ်ရှားမှု ပြသည်နှင့် သည်အတိုင်း ငုတ်တုတ်တော့မခံ။ တစ်နည်းနည်းဖြင့် ရသလောက် ခုခံမည်ဟုလည်း မင်းသုခ စိတ်ပိုင်းဖြတ်လိုက်သည်။ လောလောဆယ် အချိန်ဆွဲလေ ကောင်းလေပင်။



"မင်းမှားနေပြီ ဖေသန်းမောင်၊ သိင်္ဂီဝင်းကို တို့က ရိုးရိုးသားသား ကူညီတာ၊ သိင်္ဂီဝင်းနဲ့ တကယ်မေတ္တာရှိနေတာက တို့မှမဟုတ်ဘဲ၊ အိမ်ရှေ့အိမ်က စိုးမိုးဖြူလေ၊ သူတို့ စေ့စပ်ကြောင်းလမ်းတာ မင်း မကြားလိုက်ဘူးလား"

"ဘာဗျ"

"မင်း ဒီမြို့နဲ့ ကင်းကွာနေတာ ကြာပြီထင်တယ်။ ဒါကြောင့် ဒါတွေ မသိတာ"

"ဟုတ်တယ်၊ ကားတင်တဲ့ ညကတည်းက ကျုပ် ဒီမြို့က ထွက်သွားတာ၊ အခု ဒီညပဲ ပြန်ရောက်လာတယ်၊ ပြန်ရောက်လာတာလည်း ခင်ဗျားနဲ့ ရဲအုပ်ထိန်ဝင်းကိုသတ်ဖို့ အဓိက ရောက်လာတာပဲ၊ ခင်ဗျားတို့နှစ်ယောက်ကို သတ်ပြီးမှ ကျုပ် နယ်ခြားကူးသွားမယ်၊ ဟိုမှာ ဇိမ်နဲ့သွားနေမယ်"

ဘာပဲပြောပြော သေနတ်ဖြင့် အနီးကပ် အချိန်ခံထားသည့်ကြားက တုံ့ပြန်လှုပ်ရှားဖို့ ဆိုသည်မှာ အင်မတန်မလွယ်သောအလုပ် ဖြစ်ပါ၏။ မင်းသုခသည် သူ့ချာတိတ်(၄)ယောက်ကို အံ့သြနေမိသည်။ ကင်းစောင့် တစ်ယောက်ကတော့ အစ်ကိုမင်းသုခဟု နှစ်ခွန်းခေါ်ပြီး သတင်းပေးစဉ် ဖေသန်းမောင်တို့ လက်ချက်ဖြင့် ဆက်မပြောနိုင်၊ မအော်နိုင် ဖြစ်သွားပုံရသည်။

ကျန်(၃)ယောက်က ဘာလုပ်နေသနည်း။ သည်ချာတိတ်တွေ သည်လောက်အိပ်မောမကျတတ်။ အထူးသဖြင့် စံနက်ကျော်နှင့် အောင်တလှသည် မင်းသုခလေ့ကျင့်ပေးထားသူများမို့ အအိပ်လည်းဆတ်သည်။ တော်ရုံတန်ရုံ သတိပေးမှုလောက်လည်း တတ်နိုင်စွမ်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်ကောင်လေးတွေ ငြိမ်ချက်သား ကောင်းလှသည်။ ဘာလို့ပါလိမ့်။

“ဆရာဖေသန်းမောင် … အချိန်တွေ သိပ်ကြာသွားရင် မကောင်းဘူး၊ လုပ်စရာရှိတာ လုပ်ဖို့ကောင်းပြီ”

သူ့တပည့်တစ်ယောက်က လှမ်းသတိပေးလိုက်သည်။

“အေး”

ဖေသန်းမောင်က အေးဟု ပြန်ပြောသည်နှင့်အတူ သေနတ်ပစ်မကျွမ်းသူတို့ ပစ်လေ့ရှိသည့်အတိုင်း လက်ကိုရှေ့သို့ ဦးစွာ ဆန့်ထုတ်လိုက်သည်။

မင်းသုခက လက်ထဲမှ ပတ္တလားတီးခတ်တံ နှစ်ခုစလုံးဖြင့် ဖေသန်းမောင် လက်ဆန့်သည်နှင့် မျက်ခွက်ကို ပစ်ပေါက်လိုက်သည်။ ပစ်ပေါက်လိုက်သည်နှင့် တစ်ချိန်တည်းမှာပင် ပတ္တလားရှည်ကို အကာအကွယ်ယူကာ အားလျားမှောက်ချလိုက်သည်၊

ဒိုင်းကနဲ ဒိုင်းခနဲ ဆင့်ပစ်သော သေနတ်သံသည် ထွက်ပေါ်လာပါ၏။ သို့သော် လက်ခတ်တံနှစ်ခု အရှိန်ဖြင့်ဝင်လာသည်ကို ဖေသန်းမောင် ရှောင်တိမ်းလိုက်သည့်အချက်ကြောင့်ရော၊ မင်းသုခက အချိန်မီ အားလျားမှောက်သည့်ကြောင့်ရော ကျည်ဆန်များသည် မင်းသုခကို လုံးဝမထိဘဲ လွဲချော်သွားပေသည်။

ဖေသန်းမောင် ပြန်လည်၍ ကိုယ်ဟန်တိမ်းလိုက်ပြီး ဆက်ပစ်ပြန်သည်။



မင်းသုခသည် ပတ္တလားကြီးကို လက်နှစ်ဖက်ဖြင့်မ,ကာ ဒိုင်းသဖွယ် ကာဆီးထားရင်း ရှေ့သို့တိုးလာသည်။ ဖေသန်းမောင် ပစ်သမျှ ကျည်ဆန်တို့သည် ပတ္တလား၏သစ်သားအိမ်ထဲသို့ စိုက်ဝင်သွားတော့သည်။

ဖေသန်းမောင်နှင့် တော်တော်လေး နီးကပ်သည်နှင့် မင်းသုခက ပတ္တလားကြီးကို ဖေသန်းမောင် ကိုယ်ပေါ်သို့ ပစ်ပေါက်လိုက်သည်။

ဖေသန်းမောင်အပေါ် ပတ္တလားကြီးပိပြီး လူရော ပတ္တလားရော ထွေးခနဲ ကြမ်းပြင်ပေါ်သို့ ကျသွားတော့သည်။

ပတ္တလား၏သစ်သားအိမ်ကြီး ထက်ခြမ်းကွဲ ကျိုးသွားပေသည်။

ဖြစ်ရပ်က မြန်ဆန်လွန်းသဖြင့် ဖေသန်းမောင်၏ တပည့် ဓားသမားလေးယောက် ကြောင်နေသည်။ ဖေသန်းမောင်နှင့်ပတ္တလား ဗလုံးဗထွေး လဲကျသွားမှ သူတို့လေးယောက်သည် လှုပ်ရှားတော့သည်။

မင်းသုခကို သူတို့လေးယောက် ဝိုင်းလိုက်ကြသည်။

ထိုအခါကျမှပင် စံနက်ကျော်နှင့် အောင်တလုတို့သည် တုတ်တိုများကိုယ်စီကိုင်ကာ ဝင်ရောက်လာတော့သည်။

စောစောက ချာတိတ်နှစ်ယောက်သည် သူတို့၏အစ်ကိုမင်းသုခ သေနတ်ပြောင်းအောက် ရောက်နေ၍ သူတို့ဝင်လိုက်ပါက မင်းသုခ အပစ်ခံရမည်စိုးပြီး အခြေအနေကိုချောင်းကြည့်စောင့်စားနေခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စံနက်ကျော်နှင့် အောင်တလှုက တုတ်တိုကိုယ်စီဖြင့် ဝင်ရောက်သည်နှင့် ဓားသမားများမှာ ချာတိတ်နှစ်ယောက်ဆီသို့ အာရုံရောက်သွားပြီး တိုက်ခိုက်တော့သည်။

မင်းသုခသည် လဲကျသွားသော ဖေသန်းမောင်ပက်လက်မှမထနိုင်မီ လွှားခနဲခုန်ကာ ဖေသန်းမောင်၏သေနတ်ကိုင်လက်ကို ခြေနင့်နင်းကာ လက်ကိုင်ပြီးသွားသည်နှင့် သေနတ်ကို ကန်ပစ်လိုက်သည်။

ဖေသန်းမောင် လူးလဲထသည်။

ငါးယောက်နှင့်သုံးယောက် သတ်ပုတ်ကြတော့သည်။ ဝုန်းဒိုင်းကြဲနေပါ၏။

ထိုစဉ်မှာပင် ...

ရဲအုပ်ကိုထိန်ဝင်းနှင့် လက်နက်ကိုင်ရဲသားတွေ ကားဖြင့်ရောက်လာသည်။

သေနတ်သံဖြင့် ခြောက်လှန့်ပစ်ဖောက်ရာ သတ်ပုတ်ပွဲရပ်သွားသည်။ ဖေသန်းမောင်နှင့် အပေါင်းပါ(၄)ဦးစလုံးကို လက်ထိတ်ခတ်လိုက်တော့သည်။

ဝင်လာစဉ်က လှမ်းအော်သတိပေးခဲ့သော ရွှေခဲကို ဖေသန်းမောင်၏တပည့်တွေက ဓားနှင့်ထိုးသတ်လိုက်သည်။

သို့သော် မသေပေ။ ချက်ချင်း ဆေးရုံသို့ ရဲအုပ်ကိုထိန်ဝင်းက ပို့စေသည်။

ဖြစ်ပုံမှာ ...

ဖေသန်းမောင်တို့ ဝင်လာရာတွင် ကင်းတာဝန်အလှည့်ကျနေသော ရွှေခဲက မင်းသုခထံ အော်၍သတိပေးသံ



ကြောင့် ဂိုဒေါင်ထပ်ခိုးပေါ်မှ စံနက်ကျော်နှင့် အောင်တလှု၊ အောင်မိုးတို့ နိုးကြသည်။

ရွှေခဲကို ဓားနှင့်ထိုးပြီး တိုက်ထဲသို့ ဖေသန်းမောင်တို့ ဝင်သွားမှ စံနက်ကျော်က အစီအစဉ်ဆွဲသည်။

အောင်မိုးက မှောင်ရိပ်ခိုသွားပြီး အိမ်ရှေ့က ဦးလှထွန်းဖြူအိမ်ကိုနှိုးကာ အကျိုးအကြောင်းပြောပြီး ရဲစခန်းသို့ ဖုန်းဆက်ပေးရန်ဖြစ်သည်။

စံနက်ကျော်နှင့် အောင်တလှုက ထပ်ခိုးပေါ်မှဆင်းကာ သူခိုးပစ်ရန် အသင့်လုပ်ထားသည့် နှစ်ဖက်ချွန်တုတ်တိုများကိုယ်စီကိုင်ကာ အတွင်းမှ အခြေအနေကို ချောင်းကြည့်ကြသည်။

သူတို့အရမ်းဝင်လျှင် ဖေသန်းမောင်က မင်းသုခကိုပစ်လိုက်မည်စိုး၍ အခြေအနေကို ကြည့်နေကြသည်။

မင်းသုခက ပတ္တလားကြီးနှင့် ဖေသန်းမောင်ကိုပစ်ပေါက်ပြီးမှ ချာတိတ်နှစ်ယောက် ဝင်ရဲကြတော့သည်။ ဖေသန်းမောင် လက်ထဲမှ သေနတ်ကို ချာတိတ်နှစ်ယောက်က ကြောက်သည်ဟုဆိုသည်။

ဖေသန်းမောင် ကိုင်ဆိုင်သော သေနတ်နှင့် တပည့်တွေကိုင်ဆောင်သော မောင်းပြန်ဓား(၄)လက်ကို ရဲအုပ်ကိုထိန်ဝင်းက သိမ်းသွားသည်။

ရဲတွေရောက်လာသံကြားမှပင် ခေါင်းရင်းအိမ်မှ သားအမိသားအဖ(၃)ယောက်လုံး၊ ဦးအေးသုန်အိမ်မှ သားအမိသားအဖ(၃)ယောက်လုံးနှင့် ဦးလှထွန်းဖြူအိမ်မှ သားအမိသားအဖ(၄)ယောက်လုံး ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုမင်းသုခ၊ ကျွန်တော် ပြန်လိုက်ဦးမယ်၊ ဒီကောင်တွေ ချက်ချင်း ပူပူနွေးနွေး စစ်ချက်ယူမှဖြစ်မယ်၊ နေ့ကူးသွားရင် ဖေသန်းမောင်ဘက်က အကြံပေးတွေ၊ ဘယ်လိုထွက်ဆိုလို့ သင်ပေးမယ့် ရှေ့နေတွေ ရောက်လာလိမ့်မယ်၊ နောက်ပြီး ဆေးရုံပို့လိုက်တဲ့ ရွှေခဲက သေမယ် ရှင်မယ် မသိသေးဘူး၊ ရွှေခဲဆီက စစ်ချက်အရယူထားဖို့ အရေးကြီးတယ်၊ ကိုမင်းသုခနဲ့ ညီတော်မောင်တွေဆီတော့ မနက်ကျမှ စစ်ချက်ယူတော့မယ်"

ကိုထိန်ဝင်းနှင့်အဖွဲ့သည် တရားခံ(၅)ဦးကို ကားပေါ်တင် ထွက်ခွာသွားတော့သည်။

လူစုံတက်စုံ ရောက်လာရာတွင် ကျိုးပဲ့သွားသော ပတ္တလားကြီးနှင့် လဲပြိုနေသော စားပွဲကုလားထိုင်တို့က ရှုပ်နေသည်။

"ကဲ ... စံနက်ကျော်တို့သုံးယောက် ရှင်းကြကွာ၊ ဧည့်သည်တွေထိုင်ဖို့"

ကောင်လေးသုံးယောက် သွက်လက်စွာ ရှင်းကြသည်။ ပထမဦးစွာ ဧည့်သည်တွေထိုင်ဖို့ ကုလားထိုင်တွေ ပြန်ထူသည်။ ခေါက်ကုလားထိုင်တွေ ချပေးသည်။

"အစ်ကို ... ဘယ်ထိသွားသေးလဲဟင်"

ရွှေစင်က ဖေဖေဦးသင်းမောင်၊ မေမေ ဒေါ်ချိုမာနှင့် လူအများရှေ့မှာပင် မအောင့်နိုင်ဘဲ မေးလိုက်သည်။

"ဘယ်မှမထိဘူး ရွှေစင်၊ အပွန်းရာ အပဲ့ရာလေးတောင် ဖြစ်မသွားဘူး"



"အေးကွာ ... သေနတ်သံတွေက တဒိုင်းဒိုင်းနဲ့၊ အန်ကယ်ကတော့ မောင်မင်းသုခကို မြင်မကောင်း ရှုမကောင်းဖြစ်သွားပြီထင်တာ"

"ဘာမှမလဲ ဘဘ၊ ကျွန်တော့်အစ်ကိုက သိပ်လျင်တာ"

စံနက်ကျော် ပတ္တလားကျိုးကြီးတွေကို မ,ယူရင်း ဝင်ပြောသည်။

"ပြောပါဦး၊ ဘယ်လိုလျင်တာလဲ စံနက်ကျော်ရ"

ရဲအရာရှိဟောင်းကြီးက မှုခင်းကို ဝါသနာမကုန်သည့်အလျှောက် မေးလိုက်သည်။

စံနက်ကျော်က မင်းသုခက ပတ္တလားတီးသော တီးတံနှစ်ခုဖြင့် ပစ်ပေါက်လိုက်သည်မှအစ ပတ္တလားကို ဒိုင်းလိုကာပြီး ဖေသန်းမောင်အပေါ် ပစ်ချသည်ကို အားရပါးရပြောတော့သည်။

ပြောနေစဉ်မှာပင် စံနက်ကျော် ကိုင်ထားသော ပတ္တလားကျိုးကြီးထဲမှ ဒေါက်ခနဲ ကြမ်းပေါ်သို့ တစ်ခုခုကျသွားသဖြင့် စံနက်ကျော်က ငုံ့ကြည့်သည်။

မီးရောင်ဖြင့် တဖျပ်ဖျပ် အရောင်လက်နေသော ပစ္စည်းလေးကို စံနက်ကျော်က ကောက်ယူပြီး ...

"အစ်ကို ... ဒီမှာ ပတ္တလားကျိုးထဲက ထွက်လာတာ"

မင်းသုခက ယူပြီး လက်ဖဝါးပေါ် တင်လိုက်ပြီး မီးရောင်တွင် ကြည့်လိုက်သည်။

"ဟ ... စိန်ကွ ... မောင်မင်းသုခ"

www.burmeseclassic.com

www.burmeseclassic.com



ဦးလုထွန်းဖြူက အံ့သြစွာ ပြောလိုက်ပေသည်။ ဦးလုထွန်းဖြူသည် ကျောက်သံပတ္တမြားအကြောင်းကို ဝါသနာအရ လေ့လာထားပြီး တီးမိခေါက်မိသူဖြစ်သည်။

"မှန်းစမ်း ... မှန်းစမ်း"

ဦးလုထွန်းဖြူ ယူကြည့်သည်။ လက်သည်းခွံအရွယ် လောက်ရှိသည်။

"ဟ ... တကယ့် ထိပ်တန်းအရည်အချင်း စိန်ကွ၊ အန်ကယ် ခန့်မှန်းရရင် ရှစ်ရတီလောက် ရှိမလားပဲ"

အားလုံးဝိုင်းကြည့်ကြသည်။ အထူးသဖြင့် အမျိုးသမီးကြီးများဖြစ်သော ဒေါ်ချိုမာ၊ ဒေါ်ဥမ္မာနှင့် ဒေါ်ရည်မွန်တို့ ပြူးပြူးပျာပျာ ကြည့်ကြပါ၏။

စံနက်ကျော်က ပတ္တလား အပိုင်းကျိုးကို ဆက်လှပ် ကြည့်သည်။

ဒေါက်ဒေါက်နှင့် နောက်ထပ် စိန်(၃)လုံး ကျလာ ပြန်သည်။

"အစ်ကို ... ဒီမှာ ကျလာပြန်ပြီ"

စံနက်ကျော်က ကြမ်းပြင်တွင် လိုက်ကောက်ပြီး မင်းသုခ လက်ထဲသို့ ထည့်ပြန်သည်။

ယခုတစ်ခါတော့ ကုလားပဲခြမ်းအရွယ်(၂)လုံးနှင့် မန်ကျည်းစေ့အရွယ်တစ်လုံး ဖြစ်နေပြန်သည်။

"ဟာ ... ဒီစိန်တွေလည်း ထိပ်တန်းစိန်ပဲ၊ မောင်မင်းသုခ ဒီလိုလုပ်စမ်း၊ ပုဆိုးတစ်ထည်ယူခင်းပြီး ပတ္တလားကြီးကို ပုတ်ကြည့် ခါကြည့်စမ်း၊ ပုဆိုးပေါ်ကျရင် လိမ့်မသွား



စဉ်မသွားဘူးပေါ့၊ ကဲ ... ကဲ ... တို့ မဆိုင်တဲ့သူတွေ ကုလားထိုင်ပေါ်ကပဲ ထိုင်ကြည့်၊ မောင်မင်းသုခ ကိုယ့် ဟာကိုယ်လုပ်စမ်း၊ မဟုတ်မှလွဲရော၊ ငါထင်တယ်၊ အဲဒါ မင်းအဘိုး ဦးဖိုးမှီ ဝှက်ထားခဲ့တာတွေ ဖြစ်ရမယ်ကွ"

"ရပါတယ်၊ အန်ကယ်တို့ အနားကပ်ကြည့်လေ"

"ဟာ ... မကပ်နဲ့၊ ဘယ်သူမှမကပ်နဲ့၊ စိန်တစ်လုံး ပျောက် သွားတယ်ဆို ခုခေတ်မှာ စိန်ဈေးက တောင်းရင်တောင်း သရလောက် တစ်ရတီကို သောင်းနဲ့ချီနေတာ"

မင်းသုခသည် ပတ္တလားကျိုးရှိရာသို့သွားပြီး ကျိုးပုံ ကျိုးနည်းကို ပထမဆုံးကြည့်သည်။

အတွင်းပိုင်းပျဉ်ချပ်တွင် ဖွင်းစာလုံးဖြင့် ရေးထား သောစာတွေ တွေ့ရသဖြင့် အကျိုးနှစ်ခြမ်းကို အရင်ဆက်ကြည့် သည်။

"သား ... ထူး

မြေးသုခအတွက် ငါပေးတဲ့အမွေ။

စိန်အလုံး(၅၀)ကော်ကပ်ထားတယ်။ ခွာပါ။

ဖိုးမှီ"

"အန်ကယ်တို့ ... ဒီမှာ လာကြည့်ပါဦး၊ ဘိုးဘိုးက သစ် သားမှာ ထွင်းရေးခဲ့တဲ့စာ"

အမျိုးသားကြီးသုံးယောက် သွားပြီး စာကိုပြိုင်တူ ဖတ်ကြသည်။

"ကျုပ် မပြောဘူးလား၊ ဒါ ဦးဖိုးမှီ ဝှက်ထားတဲ့စိန်တွေ ပါလို့၊ သူ့စာထဲမှာ စိန်အလုံးငါးဆယ်တဲ့ကွ၊ ခုတွေ့တာ

www.burmeseclassic.com

www.burmeseclassic.com



လေးလုံးပဲ ရှိသေးတယ်၊ ပတ္တလားပျဉ်ကို ကော်ကပ်ထားတာတဲ့၊ ခွာကြည့်တဲ့၊ ကဲ ... မောင်မင်းသုခ၊ ကိုယ့်ဟာကိုယ် ခွာကြည့်စမ်း၊ လာ ... လာ ... ကျုပ်တို့ နောက်ပြန်ဆုတ်ကြစို့"

မင်းသုခသည် ပျဉ်ချပ်၏ကော်ကပ်ရာကို သေချာရှာဖွေကြည့်သည်။ တွေ့ပါ၏။ ဝက်အူလှည့်ဖြင့်ရော၊ ဓားအသွားဖြင့်ရော. သေသေသပ်သပ် ခွာကြည့်သည်။

နှစ်ခြမ်းကွာသွားသည်နှင့် စိန်တွေ အောက်ကပုဆိုးခင်းထားရာကို ကျလာသည်။

မန်ကျည်းစေ့ရွယ်၊ ကုလားပဲခြမ်းအရွယ်၊ လက်သည်းခွံအရွယ်၊ ဆန်စေ့ထက်ပိုင်းကျိုးအရွယ်တွေ အမျိုးမျိုးကို တွေ့ရသည်။

ပုဆိုးပေါ် ကျလာသမျှကို စေ့စေ့စပ်စပ် ရေတွက်သည်။

(၄၆)လုံး ရပါ၏။ ပထမထွက်ကျလာသော (၄) လုံးကို ထည့်ပေါင်းလျှင် စိန်အလုံး(၅၀) ပြည့်သွားသည်။

"ဟား ... ဟား ... မောင်မင်းသုခတို့များတော့ နေ့ချင်းညချင်းကို သူဌေးဖြစ်တာပဲဟေ့၊ အန်ကယ်ထင်တယ်၊ ဒီစိန်အလုံးငါးဆယ်ဟာ ကာလပေါက်ဈေးနဲ့ သိန်းသုံးဆယ်လေးဆယ်ကြားမှာ ရှိမယ်"

ဦးလှထွန်းဖြူက တဟားဟားရယ်ရင်း ပြောလိုက်ပေသည်။

ဒေါ်ချိုမာသည် ပြုံး၍နားထောင်နေပါ၏။



ဦးအေးသုန်က ဖြည့်စွက်၍ ပြောပြန်ပေသည်။

"ကျုပ်လည်း ထင်ပါတယ်၊ မောင်မင်းသုခရဲ့ ဥပဓိရုပ်ကို တွေ့စကတည်းက ဒီသူငယ် ကြီးပွားမယ်၊ ချမ်းသာမယ်လို့၊ ဒါပေမဲ့ ကျုပ်တွက်တာက မောင်မင်းသုခရဲ့စိတ်ဓာတ်၊ သူ့ရဲ့သတ္တိ၊ သူ့ရဲ့အကျင့်စာရိတ္တနဲ့ သူ့ရဲ့လုပ်ငန်းကြိုးစားမှုအပေါ်မှာ မူတည်ပြီး တွက်တာပါ၊ ဒီလို အမွေရတာတွေဘာတွေ မတွက်ပါဘူး"

"ဒါတွေကို မောင်မင်းသုခ ဘယ်လိုထုခွဲမယ်လို့ ရည်ရွယ်လဲ"

"ကျွန်တော် မထုခွဲသေးပါဘူး၊ စိန်အလုံးငါးဆယ်စလုံးကို အန်ကယ်တို့ စုံတွဲသုံးစုံတွဲရှေ့မှာပဲ သက်သေထားပြီး ရဲအုပ်ကိုထိန်ဝင်းဆီမှာ ပုံစံနဲ့ စာရင်းနဲ့ အခိုင်အမာအပ်ချင်တယ်"

"ဟယ် ... မဟုတ်တာ၊ မင်းဟာက"

ဟု ဒေါ်ချိုမာက ဝင်၍ပြောပေသည်။

"ကျွန်တော် စိတ်မသန့်ဘူး အန်တီ၊ ကျွန်တော့်အဘိုးဦးဖိုးမှိုရဲ့ အတိတ်ရာဇဝင်ကလည်း သိပ်ကောင်းခဲ့တာမဟုတ်ဘူး၊ တကယ်လို့ ရာဇဝတ်မကင်းတဲ့စိန်တွေ ဖြစ်နေရင် ကျွန်တော် ထိမ်ချန်ထားမှုနဲ့ အမှုပတ်မှာ စိုးတယ်"

"ဒါတော့ မှန်တယ်၊ အင်မတန် မြင့်မြတ်တဲ့စိတ်နဲ့ အင်မတန်ရိုးသားတဲ့ .သဘောပဲ"

ဟု ရဲအရာရှိဟောင်းကြီး ဦးအေးသုန်က ငဲ့၍ ထောက်ခံလိုက်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"စိန်တွေ ဆုံးကုန်ရင် နမြောစရာ"

ဒေါ်ချိုမာကပင်ဝင်၍ နမြောကြောင်း ပြောပါ၏။ ဦးအေးသုန်က ဆက်လက်ရှင်းပြသည်။

"ဘယ် ... ဒီလိုမဟုတ်မလဲ ဒေါ်ချိုမာ၊ သက်ဆိုင်ရာရဲက ဒီစိန်တွေနဲ့ ပတ်သက်ပြီး တိုင်ချက်ဖွင့်ထားတာတွေ ရှိမရှိ ပြန်လှန်ကြည့်မယ်၊ တိုင်ချက်ဖွင့်ထားတာ မရှိရင် မောင်မင်းသုခကို တိတိကျကျ ပြန်ပေးရမှာပဲ၊ တိုင်ချက်မှာ ပြန်ရှာလည်း ကျုပ်ဝါရင့်ရဲဟောင်းကြီးတစ်ဦး အမြင်နဲ့ ပြောရရင် တိုင်ကြားထားသူ ရှိနိုင်မယ် မထင်ဘူး၊ ဒီစိန်တွေဟာ ဦးဖိုးမှီလက်ထဲ ရောက်လာတုန်းက စိန်ချည်းသက်သက် အခုလို အလုံးလိုက်တွေ ရောက်လာတာ မဟုတ်ဘူးလို့ ကျုပ်ထင်တယ်လေ၊ ရွှေတို့ ပလက်တီနံတို့နဲ့ ကွပ်လုပ်ထားတဲ့ လက်ဝတ်ရတနာတွေပဲ ဖြစ်ရမယ်၊ ဒါကို ဦးဖိုးမှီက စိန်အလုံးလိုက်တွေ ထုတ်ယူထားတာ ဖြစ်မယ်။ တကယ်လို့ တိုင်ချက်ဖွင့်တဲ့လူရှိလည်း သူတို့ရဲ့ လက်ဝတ်ရတနာဟာ ရွှေနဲ့ ပလက်တီနံနဲ့ လုပ်ထားတဲ့ စိန်ဘယ်နလုံးပါတဲ့ လက်ဝတ်ရတနာပါလို့ပဲ တိုင်ကြားမယ်၊ နောက်တစ်ချက်က ဒီစိန်တွေဟာ ဦးဖိုးမှီလက်ထဲရောက်နေတာ နှစ်ပေါင်း ဘယ်လောက်ကြာပြီလဲမှ မသိတာ၊ တိုင်တဲ့သူရှိခဲ့ရင်တောင် အဲဒီလူတွေ သေသူသေ ဖြစ်လောက်ရောပေါ့၊ ကျွန်တော့် အမြင်တော့ သက်ဆိုင်ရာက မောင်မင်းသုခကို အမွေဆက်ခံ ပစ္စည်းအဖြစ်နဲ့ ပြန်ကိုပေးရမယ်၊ အဲ ... ဘယ်လိုပြဋ္ဌာန်းချက်တွေနဲ့ ပြန်ပေးမလဲဆိုတာသာ မသိတာ"



ညတွင်းချင်းပင် ဦးသင်းမောင်၊ ဒေါ်ချိုမာ၊ ဦးလှထွန်းဖြူ၊ ဒေါ်ဥမ္မာနှင့် ဦးအေးသုန်၊ ဒေါ်ရည်မွန်တို့ လူကြီးလူကောင်း သုံးစုံတွဲကို သက်သေထားကာ ရဲအုပ်ကိုထိန်ဝင်းထံ ပုံစံဖယားဖြင့် စနစ်တကျ အပ်နှံလိုက်သည်။

ရဲအုပ်ကိုထိန်ဝင်းကလည်း စိန်တွေကို ပလတ်စတစ်ဘူးနီထဲတွင် ဝွမ်းခံပြီးထည့်သည်။ ကျကျနန အပြင်မှ အညိုရောင် စက္ကူထူနှင့်ထုပ်ပြီး ရဲစခန်း အမှတ်သားကို ချိတ်ဖြင့် လေးနေရာ နှိပ်လိုက်သည်။

ပြီးမှ ကိုယ့်အိမ်ကိုယ် အသီးသီးပြန်ကြပေတော့သည်။

"ဒီကောင်လေးက တကယ်တော့ မဆိုးဘူးနော်"

"ဘယ်ကောင်လေးက ဘာမဆိုးတာလဲ အမာ၊ တို့အိပ်ချင်ပြီ"

"အို ... မအိပ်ချင်ပါနဲ့ဦး၊ အမာပြောတာ မင်းသုခကိုပြောတာပါ၊ ကိုယ့်အမွေရတဲ့ သိန်းသုံးလေးဆယ်ဖိုး စိန်တွေကိုတောင် ရဲကိုအပ်ပစ်တယ်၊ မက်မက်မောမော မရှိသလိုပဲ"

"ဟာ ... ဒါအင်မတန်ရိုးသားတာနဲ့ အင်မတန်မှန်ကန်တဲ့ စိတ်ဓာတ်ပဲ"

"ဆုံးသွားရင် ဘယ့်နယ်လုပ်မလဲ"

"အိုကွာ ... ဦးအေးသုန် ပြောသားပဲ၊ မဆုံးနိုင်ပါဘူးလို့၊ ဦးအေးသုန်က ရဲဥပဒေနဲ့ပတ်သက်လို့ အရည်ရှိသောက်နိုင်တဲ့လူပဲ၊ သူ့အယူအဆဟာ အခုသက်ဆိုင်ရာက လူကြီးတွေရဲ့အယူအဆနဲ့ ကိုက်ညီမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ဒီကောင်လေး သန်းကြွယ်သူဌေးဖြစ်သွားမှာပဲနော် ကိုသင်းမောင်"

"အင်း"

"နောက်ပြီး ဒီကောင်လေး တကယ်သတ္တိကောင်းတယ်နော်၊ ဟိုကလာတာ လူငါးယောက်တောင်၊ ဓာလေးလက်နဲ့ သေနတ်တစ်လက်နဲ့၊ ဒါကို ကောင်လေးခုခံတာ သူ့မှာ အပွန်းအပဲ့တောင် မဖြစ်သွားဘူးနော် ကိုသင်းမောင်"

"အေးပါကွာ ... အိပ်ပါတော့၊ ကိုယ်အိပ်ချင်ပြီ၊ ညဉ့်နက်လှပြီ၊ မနက်ရုံးသွားရမှာ"

"နေပါဦး ကိုသင်းမောင်ရဲ့၊ အမာ လုံးလုံးမအိပ်ချင်လို့၊ နောက်ပြီ၊ ဒီကောင်လေးအကြောင်း ပြောရတာ ခံတွင်းတွေ့လို့ပါ"

"အင်း"

"ဒီကောင်လေးမှာ မိဘလည်းမရှိတော့ဘူး၊ ညီအစ်ကိုမောင်နှမ အရင်းအချာလည်းမရှိဘူး၊ ဒီလိုကောင်လေးမျိုးနဲ့ အိမ်ထောင်ကျတဲ့မိန်းကလေးမှာ ဟိုဘက်အမျိုး ဒီဘက်အမျိုး ပြဿနာမရှိတော့ဘူးပေါ့၊ မိန်းမဘက် သက်သက်ပဲ နေမှာနော် ကိုသင်းမောင်"

"အင်း"

"နောက်ပြီး ဒီနေ့ညမှ သေချာ ဒီကောင်လေးမျက်နှာကို အမာကြည့်မိတယ်၊ ကောင်လေးက တကယ့်ကောင်ချော လေးပဲ၊ မျက်နှာပေါက်ရော ကိုယ်ခန္ဓာ အချိုးအဆက်ရော တကယ်ကြည့်ကောင်းတယ်၊ ဒါကြောင့် သမီးရွှေစင်က



စွဲနေတာနေမှာ၊ အမာတောင် ဒီကောင်လေး ရယ်လိုက်တာကို ကြည့်မိရင် အသည်းကိုအေးသွားတာပဲ၊ ဥပမိရုပ်လေး တော်တော်ကောင်းတယ်နော် ကိုသင်းမောင်"

ဦးသင်းမောင်ထံမှ အင်းလိုက်သံ ပေါ်ထွက်မလာတော့ဘဲ ခူးခနဲ ခေါခနဲ ဟောက်သံထွက်လာပေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၃)

(၇)ရက် ကြာသွားပြီ ဖြစ်ပါ၏။

ရွှေခဲ အသက်မသေပေ။

သို့သော် ဆေးရုံတွင် ဆက်လက်ပြီး အတွင်းလူနာအဖြစ် ကုသဆဲဖြစ်သည်။

ရွှေခဲကို ဓားဖြင့်ထိုးမှု။

တရားမဝင်လက်နက် ကိုင်ဆောင်မှု။

တစ်ပါးသူကို အသေသတ်ရန် ကြိုးစားအားထုတ်မှု၊ ပိုင်နက်ကျူးလွန်မှု။

စသည့် စွဲချက်ပုဒ်မများဖြင့် ရဲအဖွဲ့က တရားခံအဖြစ် ဖေသန်းမောင်တို့အား စွဲချက်တင်သည်။

တရားလိုမှာ မင်းသုခ ဖြစ်ပါ၏။

သက်သေများမှာ ရဲသို့တယ်လီဖုန်းဆက်ပေးသူ ဦးလှထွန်းဖြူနှင့် စံနက်ကျော်၊ အောင်တလှနှင့် အောင်မိုးတို့ ဖြစ်ပေသည်။



အမှုမှာ တရားရုံးတင်ဆဲ၊ စစ်ဆေးဆဲ ဖြစ်စေကာမူ ရဲအရာရှိဟောင်း ဦးအေးသုန်က ...

"အင်း ... တရားရုံးက သက်ညှာဦးတော့ ဒီကောင်တွေ ထောင်ကျမှာ မလွဲပါဘူး၊ မသကာ ထောင်နည်းနည်းပဲ ကျရုံပေါ့၊ ထောင်ကျမှာတော့ သေချာတယ်"

ဟု တင်ကြိုဟောကိန်းထုတ်ပေးသည်။

ယနေ့ ...

ရဲအုပ် ကိုထိန်ဝင်းက ခေါ်သဖြင့် ဦးအေးသုန်စုံတွဲ၊ ဦးလှထွန်းဖြူစုံတွဲ၊ ဦးသင်းမောင်စုံတွဲကို ခေါ်ယူသည်။

ရန်ကုန်ရုံးချုပ်မှ မင်းသုခ၏ အမွေခံစိန်အလုံး(၅၀)ကို ပိုင်ရှင် မင်းသုခသို့ ပြန်အပ်ရမည်ဟု ညွှန်ကြားချက်နှင့် စိန်ထုပ် ပြန်ပို့သဖြင့် အပ်စဉ်က သက်သေများရှေ့မှောက်တွင် မင်းသုခက ပြန်လည်စစ်ဆေး လက်ခံရယူရန် ဖြစ်ပါ၏။

"ကဲ ... သူဌေးလေး၊ အားလုံးစေ့တယ်နော်"

ဦးထိန်ဝင်းက ရယ်မောပြောလိုက်သည်။

မင်းသုခက ခေါင်းညိတ်သည်။

"ကဲ ... သက်သေ လူကြီးမင်းတွေအားလုံး ကျွန်တော်က ပစ္စည်းရှင်ကို ပြန်အပ်တာရော၊ စိန်တွေ အရေအတွက်နဲ့ အရည်အသွေးမှန်ကန်တာရော စောဒကတက်စရာရှိပါသေးလား ခင်ဗျာ"

"မရှိပါဘူး၊ မရှိပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟောဒီမှာ နိုင်ငံတော် ကျောက်မျက်ရတနာအဖွဲ့က ပေးတဲ့စာ၊ ကျွန်တော်တို့ ရန်ကုန်ရုံးချုပ်က ကျောက်မျက်ရတနာအဖွဲ့ကို ဒီစိန်တွေပြလည်းပြတယ်၊ အကျိုးအကြောင်းလည်းပြောတယ်၊ ဒါကြောင့် ကျောက်မျက်ရတနာအဖွဲ့က ကိုမင်းသုခကို ဘိုင်နိမ်း(မ်)အမည်တပ်ပေးတဲ့ တရားဝင်စာပဲ၊ ကိုမင်းသုခ စာရကြောင်း လက်မှတ်ထိုးပြီး ဖတ်ပေတော့"

မင်းသုခက လက်မှတ်ထိုးပြီး စာကိုစားပွဲပေါ်ဖြန့်ကာ သုံးစုံတွဲကြီးပါ ဖတ်စေတော့သည်။

ကျောက်မျက်ရတနာအဖွဲ့၏ စာအတိုချုပ်မှာ ...

၁။ စိန်အားလုံး အလုံး(၅၀)ကို ကျောက်မျက်ရတနာအဖွဲ့သို့ တရားဝင် ရောင်းချပါက (၃၈)သိန်းဖြင့် အဖွဲ့မှ ဝယ်ယူမည်။

၂။ ဝယ်ယူတန်ဖိုးအပေါ်တွင် အကောက်ခွန်ကင်းလွတ်စေရမည်။

၃။ အဖွဲ့ထံ မရောင်းလို၍ ပြင်ပပုဂ္ဂလိကသို့ ရောင်းလိုလျှင် ပြည်တွင်း၌ ရောင်းခွင့်ပြုထားသည်။ ရောင်းရငွေ၏တန်ဖိုးကို ဝင်ငွေခွန်အဖြစ် သက်ဆိုင်ရာသို့ မှန်ကန်စွာ အကြောင်းကြားရမည်။

၄။ ပြည်ပသို့ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ လုံးဝရောင်းခွင့်မရှိ။



အတိုချုပ်အားဖြင့် အရေးကြီးသော အချက်အလက်တို့မှာ ထိုမျှသာဖြစ်သည်။

ကိစ္စအားလုံးပြီးသဖြင့် ကိုထိန်ဝင်းကို နှုတ်ဆက်ပြီး ကိုယ့်ကားနှင့်ကိုယ် ပြန်ကြသည်။

မင်းသုခက မော်တော်ဆိုင်ကယ်ဖြင့် လာခြင်းဖြစ်ပါ၏။

"သြော် ... မောင်မင်းသုခ"

"ဟုတ်ကဲ့ အန်တီ"

ဦးသင်းမောင်က မော်တော်ကားဆီသို့ သွားနေစဉ် ဒေါ်ချိုမာက မင်းသုခနှင့်တွေ့ပြီး ရပ်စကားပြောခြင်းဖြစ်သည်။

"မင်းတို့အန်ကယ်က အန်တီကို အိမ်ပြန်ပို့ပြီး ရုံးပြန်သွားမှာကွယ့်၊ မောင်မင်းသုခ ဒီကအပြန် အိမ်ကိုလာခဲ့ပါလား"

"ဟုတ်ကဲ့၊ လာပါမယ် အန်တီ"

"အေး ... အေး ... အန်တီ စောင့်နေမယ်"

အိမ်ရောက်ပြီးနောက် ဦးသင်းမောင်သည် ချက်ချင်းရုံးသို့ ပြန်ထွက်သွားသည်။

မင်းသုခက သူ့အိမ်ဝင်ပြီး မော်တော်ဆိုင်ကယ်ထားခဲ့ကာ စိန်ထုပ်ကိုပင် မသိမ်းသေးဘဲ လက်တွင်ကိုင်ပြီး ဒေါ်ချိုမာ့အိမ်ဘက်သို့ ကူးခဲ့သည်။

"လာ ... လာ ... မောင်မင်းသုခ"

www.burmeseclassic.com

www.burmeseclassic.com



ညော့်ခန်းတွင် ရွှေစင်လည်း ထိုင်နေပေသည်။ ရွှေစင်က သူမ၏မိခင် အပြုအမူကို သိပ်နှစ်သက်ပုံ မရ၍လားမသိ။ မျက်နှာလေး ညှိုးနေသည်၊

မင်းသုခသည် တစ်ယောက်ထိုင် ဆက်တီဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

"ကဲ ... အန်တီကပဲ စပြောပါ့မယ်၊ မောင်မင်းသုကနဲ့ ရွှေစင်တို့ မေတ္တာရှိနေကြတယ်ဆို"

"မှန်ပါတယ် ခင်ဗျာ"

"သမီးရွှေစင်က အိမ်ရှေ့က ကောနိုင်ဖြူရဲ့မွေးနေ့ပွဲကအပြန် ကတည်းက ဖွင့်ပြောပါတယ်"

မင်းသုခက ရွှေစင့်ကို လှမ်းကြည့်သည်။ ရွှေစင်က မျက်နှာလွှဲနေသည်။

ပြန်မကြည့်။

"အန်တီဟာ မိခင်တစ်ယောက်အနေနဲ့ပေါ့ကွယ်၊ ကိုယ့်သမီး ဆင်စီးမြင်းရံ ဖြစ်စေချင်တာ မိဘတို့ရဲ့ဓမ္မတာမေတ္တာပါလို့ ပြောရင် မောင်မင်းသုခ အန်တီ့ကို အပြစ်တင်မလားဟင်"

"မိဘတိုင်း ဒီလိုပါပဲ ခင်ဗျ၊ အန်တီ့ကို ကျွန်တော် အပြစ်လုံးဝမတင်ပါဘူး၊ ကျွန်တော် အလုပ်ကြိုးစားရင်းနဲ့ အန်တီသဘောတွေ့လာတဲ့အထိ ငွေကြေးအထုပ်အထည်ဖြစ်အောင် စုဆောင်းမယ်လို့ စိတ်ကူးထားပြီးသားပါ ခင်ဗျ"



"အခုတော့ မောင်မင်းသုခမှာ အမွေဆက်ခံရတဲ့ အထုပ်ကြီးမားလွန်းတောင် နေပါပြီကွယ်၊ နောက်တစ်ချက်က ဟိုတစ်နေ့က မောင်စိုးမိုးဖြူပြောမှ သိရတယ်၊ မောင်မင်းသုခဟာ ဘီအက်စ်စီဖော်ရက်စ်တီမှာ ဒုတိယနှစ်အထိ တက်သွားခဲ့တယ်လို့လေ"

"အဲဒါလည်း မှန်ပါတယ် အန်တီ"

"အေး ... သူများပြောမှ မောင်သုခရဲ့ပညာအရည်အချင်းကို သိရတယ်၊ မိရွှေစင်ကိုမေးတာ မသိဘူးတဲ့၊ မေးမိရင် အထင်မှားခံရမှာ စိုးလို့တဲ့လေ"

"ဟုတ်ကဲ့၊ ရွှေစင့်ကို ကျွန်တော်ကလည်း တစ်ခါမှ ကျွန်တော် ဘီအက်စ်စီ ဖော်ရက်စ်တီ တက်ခဲ့တာမပြောမိဘူးခင်ဗျ၊ ရွှေစင်နဲ့ ကျွန်တော့်ကြားမှာ ငွေကြေး ဘယ်လောက်ချမ်းသာလဲ၊ ပညာတွေ ဘယ်လောက်တတ်လဲဆိုတာ ထည့်ပြီးတောင် မစဉ်းစားပါဘူး အန်တီ"

"အေးလေ ... အခု ငွေထုပ်လည်း ဖြစ်နေပြီ၊ မောင်မင်းသုခလည်း ငယ်သေးတာပဲ၊ ဖော်ရက်စ်တီ ဆက်တက်ချင် တက်နိုင်သားပဲ"

"ကျွန်တော် မတက်ပါဘူး ခင်ဗျ၊ အခုလက်ရှိ ငပ်ရှော့နဲ့ပဲ ကြီးပွားအောင် ကျွန်တော် ဆက်ကြိုးစားမှာပါ"

"အို ... ဒါဖြင့် ဒီစိန်တွေကကော"

"ဒီစိန်တွေကိစ္စကို ရွှေစင်နဲ့တိုင်ပင်ပြီးမှ ဘာလုပ်မလဲလို့ ဆုံးဖြတ်ပါမယ် ခင်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်သည် အိအိလေး ထိုင်နေရာမှ ဆတ်ခနဲခါး ဆန့်လိုက်သည်။

"ဒီမယ် ... အစ်ကို၊ ဒီစိန်တွေကိစ္စနဲ့ ပတ်သက်လို့ ရွှေစင့်ကို ဘာမှမပြောနဲ့၊ ဒီစိန်တွေ အစ်ကိုရလိုက်မှ ရွှေစင် စိတ်ဆင်းရဲတယ်၊ စိန်တွေကြောင့် မေမေ ပြောင်းလဲတာလည်း ရွှေစင် ရက်တယ်၊ ရွှေစင့်ရင်ထဲမှာ စိန်လည်းမရှိဘူး၊ ပညာအရည်အချင်းတွေလည်း မရှိဘူး၊ ရွှေစင့်ရင်ထဲမှာ မေတ္တာတစ်ခုပဲ ရှိတယ်၊ ဒီစိန်တွေကြောင့် အစ်ကို စိတ်ပြောင်းသွားမှာတောင် ရွှေစင် စိုးရိမ်နေတာ"

"စိတ်ချ ရွှေစင်၊ မင်းသုခဟာ မင်းသုခပဲ၊ ဘယ်တော့မှ စိန်သုခ မဖြစ်ဘူး၊ ရွှေသုခ မဖြစ်ဘူး၊ ဘယ်တော့မှမပြောင်းလဲဘူး၊ ဒီစိန်တွေ မက်လှတယ် မဟုတ်လို့ သက်ဆိုင်ရာကို ထိုးပြလိုက်တာ ရွှေစင် အသိပါ"

ဒေါ်ချိုမာက ရယ်ရယ်မောမောနှင့် ကြားဝင်လိုက်သည်။

"ဥစ္စာပစ္စည်းဆိုတာ လိုချင်တိုင်းလည်း မရဘူး၊ မလိုချင်ပေမယ့် ခြေထောက်ပေါက်ပြီး အိမ်ပေါ်တက်ချင် တက်လာတာပဲ၊ အခု မောင်မင်းသုခ လုံးဝမမျှော်လင့်ဘဲ ရတာကိုပဲကြည့်၊ အဲဒီတော့ ရွှေစင်ကလည်း ဒီစိန်တွေနဲ့ပတ်သက်လို့ မတိုင်ပင်နဲ့ဆိုတော့ မောင်မင်းသုခ ဒီစိန်တွေကို ဘာလုပ်မယ် စိတ်ကူးလဲ၊ မောင်မင်းသုခမှာ လူကြီးမိဘမရှိဘူး မဟုတ်လား"



"ကျွန်တော် စိတ်ကူးတော့ ရှိတယ်ပါတယ်၊ ဒါပေမဲ့ ရွှေစင်နဲ့ တိုင်ပင်ပြီးမှ ..."

"ဒီမယ် အစ်ကို၊ ဘာမှမတိုင်ပင်နဲ့လို့ ရွှေစင် ပြောပြီးပြီ၊ အစ်ကိုဘာသာ ကြိုက်သလိုလုပ်"

"ကဲပါကွယ် ... ရွှေစင်က ကလေးသာသာပဲဟာ၊ မောင်မင်းသုခ စိတ်ကူးကိုသာပြောပါ"

မင်းသုခက မပြောမီ ရွှေစင့်ကို လှမ်းကြည့်သည်။ ရွှေစင်က ပြန်တော့ကြည့်သည်။ သို့သော် မရယ်မပြုံးဖြင့် ကြည့်ခြင်းမျိုးဖြစ်ပါ၏။ မင်းသုခက ဆက်ပြောသည်။

"ဒီအထဲက ရွှေစင်နဲ့လိုက်မယ့် ဆယ်လုံးကို ရွေးထုတ်မယ်၊ ကျန်တာတွေကို သိမ်းထားဖို့ဆိုတာလည်း ဝပ်ရှော့ကလူစုံတယ်၊ လုပ်ငန်းသဘောအရ ဝပ်ရှော့ဆိုတာ တံခါးအမြဲဖွင့်ထားရတယ်၊ လုံခြုံမှုမရှိဘူး၊ ကျောက်မျက်ရတနာအဖွဲ့ကလည်း ဒီစိန်တွေအကြောင်း သိနေပြီ၊ ဒီတော့ ကျန်တဲ့ အလုံးလေးဆယ်ကို ကျောက်မျက်ရတနာအဖွဲ့ကပေးတဲ့ တန်ဖိုးနဲ့ ရောင်းလိုက်မယ်"

"အာပါးပါး ... ငွေတွေအပုံလိုက်က သာပြီးအထားရခက်မှာပေါ့"

"ဘယ်ဟုတ်မလဲ အန်တီ၊ ရောင်းရငွေအားလုံး မန္တလေး ငွေစုဘဏ်မှာ အကောင့်ဖွင့်ပြီး အပ်လိုက်မယ်၊ သတင်းစာထဲမှာရော၊ တီဗီထဲမှာရော ပါနေသားပဲ၊ ငွေစုဘဏ်မှာ အပ်ထားတာဟာ နှစ်ကာလကြာလေ အဆပွား အတိုးရလေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ ဝပ်ရှော့အတွက်တော့ ငွေသုံးသိန်းလောက် ကျွန်တော် ထုတ်မယ်၊-တွင်ခုံကြီးတွေ ဝယ်ဆင်မယ်၊ ဒီမြို့ကကားတွေ မန္တလေးသွားရတယ်ဆိုတာ မရှိလောက်အောင် ကျွန်တော် လုပ်မလားလို့"

"အဲ ... ကောင်းသားပဲ၊ သိပ်ကိုကောင်းတဲ့ အကြံပဲ၊ အဲဒီ အတိုင်း လုပ်လိုက်ပါလားလို့ပဲ အန်တီက ထောက်ခံတယ် ကွယ်၊ ကဲ ... ကဲ ... မီးဖိုထဲမှာ အားလုံးတန်းလန်းချည်း ပဲ၊ သူ့အဖေပြန်လာရင် ဆာကဆာတတ်နဲ့"

ပြောပြောဆိုဆို ဒေါ်ချို့မှာ ထိုင်ရာမှထပြီး မီးဖိုဘက် သို့ ထွက်သွားပေတော့သည်။

"ရွှေစင်"

မင်းသုခ ခေါ်လိုက်သည်။ ရွှေစင်က ပြန်ထူးသံ ထွက်မလာဘဲ ပြန်ကြည့်သည်။

"အစ်ကိုဟာ ဒီစိန်ထုပ်ရလို့ စိတ်ဓာတ်အရ ဘာမှမပြောင်း လဲပါဘူး ရွှေစင်၊ ဥပမာ ... အခု ဘီလူးကြီးတစ်ကောင် ကောင် ရောက်လာပြီး ရွှေစင့်ကို ကိုက်စားမယ်၊ မကိုက်စား စေချင်ရင် မင်းစိန်ထုပ် ငါ့ပေးလို့ ပြောလာရင် ဟော ... ဘီလူး၊ ရော ... ချက်ချင်း စိန်ထုပ်ယူသွား၊ ငါ့ရွှေစင်လေး ကိုတော့ လက်ဖျားနဲ့တောင် မထိနဲ့လို့ပြောပြီး စိန်ထုပ်ကို ပေါက်ပေးလိုက်မှာ"

"တတ်တယ် ... ထာကယ်"

ရွှေစင် ပြုံးလာသည်။



မျက်စောင်းလေး ထိုးလာသည်။ မျက်နှာလေး ကြည်သွားသည်။

မင်းသုခက ရွှေစင့်လက်ကလေးကို ဆုပ်ကိုင်လိုက် သည်။

"အစ်ကို ရွှေစင့်အပေါ်မှာ ဘာကြီးပဲ ဘယ်လောက်ထိရရ၊ ဘယ်တော့မှ မပြောင်းလဲဘူး ရွှေစင်၊ တကယ်လို့ ရွှေစင် အစ်ကို့ကို စိတ်မချဘူးဆိုရင် အခုပဲ လက်ထပ်လိုက်ပါ လား"

"အမယ် ... အမယ် ... ကိုယ့်ဘက်ယက်တဲ့ ရှူငွလိပ်ကြီး၊ ရွှေစင် ပြောခဲ့ပါတယ်နော်၊ တက္ကသိုလ်တက်မယ် ဘွဲ့ယူ မယ်လို့ ရွှေစင်က ဘယ်တော့မှ မပြောင်းလဲဘူး အစ်ကို"

"ရပါတယ်ဗျာ၊ ရပါတယ်၊ ဒါဆို ဝပ်ရှော့ကြီး ထူထောင်ဖို့ တောင် အချိန်တွေရသေးတယ်၊ ဘဏ်မှာအပ်မယ့် ငွေတွေ လည်း တိုးပွားသေးတယ်၊ နောက်ပြီး တက္ကသိုလ်ဘွဲ့ရ ဟောဒီ အချောအလှ ကောင်မလေးကိုလည်း ရသေး"

ပြောရင်း မင်းသုခ ကဲလာသည်။ ရွှေစင့်ပခုံးကို လှမ်းဖက်သည်။

"ဟွန်း ... ဟွန်း ... မလုပ်နဲ့ အစ်ကို မေမေက ပျော်ဘာ မဟုတ်ဘူး၊ ချောင်းချင်ရင် ချောင်းနေမှာ၊ ရွှေစင် ပြော ထားပါတယ်နော်၊ ဘာမဆို လက်ထပ်ပြီးမှလို့"

မင်းသုခ မဖက်တော့ဘဲ လှော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဗျာ ... အေးပါဗျာ၊ ရွှေစင် တက္ကသိုလ်တက်နေတဲ့ လေးငါးနှစ်အတွင်း အစ်ကိုက ရွှေစင့်ကိုယ်စား ဝပ်ရှော့က ပလာယာတွေ့ စပါနာတွေကိုပဲ ကဲဟယ် ... ကဲဟယ် ... လို့ အော်ပြီး ကိုင်ပါတော့မယ်"

မင်းသုခ ပြောပုံကို ရွှေစင်သည် ခစ်ခစ်တက်အောင် ရယ်လိုက်ပါလေတော့သတည်း။

နားကြပါဦးစို့

တက္ကသိုလ်တင်မြင့်

www.burmeseclassic.com